# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ငြိမ်းချမ်းစွာနေနိုင်အောင် အားထုတ်**

ဤလောက၌ ရန်တုံ့မူခြင်းဖြင့် ထိုရန်တို့သည် မည်သည့်အခါမှ မငြိမ်းကုန်၊ ရန်တုံ့မမူသည်းခံခြင်းဖြင့်သာ ရန်တို့သည် ငြိမ်းကုန်၏။ လူ့ဘောင်လောက၌ ထာဝရမှန်ကန်နေသော ဓမ္မတာသဘော တစ်ခုဖြစ်၍ ဘေးရန်မရှိ နေလိုသူများ၊ ကြုံတွေ့နေရသည့်ရန်ကို ပြေငြိမ်းလိုသူများသည် ရန်မရှိအောင်နေခြင်းဖြင့် ငြိမ်းချမ်းစွာ နေနိုင်အောင် အားထုတ်ကြရမည်ဖြစ်၏။ **ယမကဝဂ်(ဓမ္မပဒ - ၅)**


၁၃၇၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၂ ရက် | ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီ ၂၃ ရက်၊ ကြာသပတေးနေ့၊ | အတွဲ (၅၆)၊ အမှတ်(၁၄၆)


# နိုင်ငံတော်သစ်တည်ဆောက်ရာတွင် ဒေသအားလုံးဖွံ့ဖြိုးတိုးတက်အောင် စီမံချက်များဖြင့် လုပ်ဆောင်နေ

## နိုင်ငံတော်သမ္မတ ဦးထင်ကျော် ချင်းတွင်းတံတား(ကလေးဝ) စီမံကိန်းလုပ်ငန်းပြီးစီးမှုအခြေအနေများအား စစ်ဆေး





နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့ ချင်းတွင်းတံတား(ကလေးဝ) စီမံကိန်းလုပ်ငန်းခွင်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ် (သတင်းစဉ်)

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ချင်းတွင်းတံတား(ကလေးဝ)၊ ကလေးမြို့ သူနာပြုနှင့် သားဖွားသင်တန်းကျောင်းနှင့် ပြည်သူ့ဆေးရုံကြီးတို့အား ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်သည် ပြည်ထောင်စုဝန်ကြီးများ၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ချင်းပြည်နယ်ဝန်ကြီးချုပ်တို့နှင့်အတူ ချင်းတွင်းတံတား (ကလေးဝ)စီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိကြပြီး ရှုရပ်မှ စီမံကိန်းလုပ်ငန်းပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ❂


# ပြည်ပမှ မော်တော်ယာဉ်တင်သွင်းဝယ်ယူသူများအား ထပ်မံအသိပေးနှိုးဆော်

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

ပြည်ပမှတင်သွင်းလာသည့် မော်တော်ယာဉ်များအား ကနဦးယာဉ်စစ်ဆေးရာတွင် ပေါင်အမှတ် ဖောက်ထည့်ထားခြင်း၊ မူလစက်ရုံထုတ်ပုံစံမဟုတ်ဘဲ ပေါင်/ကိုယ်ထည်အမှတ် ပြန်ရိုက်ထားခြင်းများကို စိစစ်တွေ့ရှိပါက ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ လက်ရှိ လုပ်ထုံးလုပ်နည်းအရ ဒဏ်ကြေးငွေကောက်ခံပြီး မှတ်ပုံတင်ခွင့်ပြုခြင်းကို ဖေဖော်ဝါရီ ၂၈ ရက်အထိသာ ဆောင်ရွက်ပေးမည်ဖြစ်ပြီး မတ် ၁ ရက်မှစ၍ လုံးဝခွင့်ပြုဆောင်ရွက်ပေးမည်မဟုတ်ကြောင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ပြည်ပမှ မော်တော်ယာဉ်တင်သွင်းသူများ၊ လုပ်ငန်းဆောင်ရွက်သူများ ကာလကန့်သတ်ချက်အရ နစ်နာမှုမရှိစေရေးအတွက် www.myanmarrtad.com website. Shwe Myin Thar Facebook တို့တွင် ကြေညာခြင်း၊ မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာ၊ ရတနာပုံသတင်းစာများတွင် အများပြည်သူများသိရှိအောင် ထည့်သွင်းဖော်ပြထားသည်ကို တွေ့ရှိရပြီးဖြစ်သည်။

အဆိုပါ Website နှင့် သတင်းစာများတွင် ကြေညာမှုများသည် မော်တော်ယာဉ်တင် သင်္ဘောများဖြင့် ဆိပ်ကမ်းအသီးသီးသို့ ရောက်ရှိလာသည့်ယာဉ်များနှင့် နယ်စပ်ဝင်ပေါက်များမှ ရောက်ရှိပြီးဖြစ်သည့် မော်တော်ယာဉ်များအားလုံး၊ နောက်တင်သွင်းရောက်ရှိလာမည့် မော်တော်ယာဉ်များအားလုံးအတွက် အကျုံးဝင်မည်ဖြစ်၍ မော်တော်ယာဉ်များအနေဖြင့် မူလစက်ရုံထုတ်ပုံစံမဟုတ်ဘဲ ပေါင်/ကိုယ်ထည် အမှတ်ပြန်ရိုက်ထားခြင်း၊ ပေါင်/ကိုယ်ထည်အမှတ် ဖောက်ထည့်ထားခြင်းများကို ကနဦးယာဉ်စစ်ဆေးရာတွင် စိစစ်တွေ့ရှိရပါက ဖေဖော်ဝါရီ ၂၈ ရက်အထိသာ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ အသိပေးနှိုးဆော်ထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုနှင့် မြန်မာနိုင်ငံ**


ဆောင်းပါး စာ ၆





# (၇၂)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

- နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်နှင့် အကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်ရေးနှင့် နိုင်ငံတော်အစိုးရ၏ လုပ်ငန်းတာဝန်အရပ်ရပ်ကို ထိပါးလာမှုများအား တပ်မတော်မှ ကာကွယ်စောင့်ရှောက်ရေး။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူလူထုက ရွေးချယ်သော ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာလျှောက်လှမ်းနိုင်ရန် ထိန်းသိမ်းဆောင်ရွက်ရေးတို့အား တပ်မတော်၏ ရပ်တည်ချက်အဖြစ် မြဲမြံစွာခံယူလုပ်ဆောင်ရေး။
- ထာဝရငြိမ်းချမ်းရေးတည်ဆောက်ရာတွင် ချမှတ်ထားသော တပ်မတော်၏ ငြိမ်းချမ်းရေးမူဝါဒ (၆)ရပ်ဖြင့် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုနှင့်အတူ ပါဝင်ဆောင်ရွက်ရေး။
- နိုင်ငံတော်ကာကွယ်ရေးနှင့် ဘက်စုံလုံခြုံရေးတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရန် စွမ်းရည်ထက်မြက်သည့် တပ်မတော်တည်ဆောက်ရေး။

# မြန်မာ့အလင်း

## အာဆီယံ နှစ် ၅၀ ခရီး

ယခု ၂၀၁၇ ခုနှစ်မှာ အာဆီယံအဖွဲ့ကြီး စတင်ဖွဲ့စည်းခဲ့သော နှစ် ၅၀ မြောက် ရွှေရတုနှစ်ဖြစ်သည်။ အာဆီယံအဖွဲ့ကြီးကို လွန်ခဲ့သောနှစ် ၅၀ (၁၉၆၇ ခုနှစ်)က အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူနှင့် ထိုင်းနိုင်ငံ စသည့် ၅ နိုင်ငံ ကမကထပြု၍ ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါသည်။ ထိုနှစ် ၅၀ ကာလ အတွင်းဘရူနိုင်း(၁၉၈၄)၊ ဗီယက်နမ်(၁၉၉၅)၊ လာအိုနှင့် မြန်မာ(၁၉၉၇)နှင့် ကမ္ဘောဒီးယား(၁၉၉၉)တို့ တဖြည်းဖြည်း ပူးပေါင်းပါဝင်လာကြခြင်းဖြစ်သည်။

ထို့ကြောင့် ယခုအခါအာဆီယံသည် နိုင်ငံပေါင်း ၁၀ နိုင်ငံဖြင့် အရှေ့တောင်အာရှတွင်အရေးပါသော အင်အားစုတစ်ရပ် ဖြစ်လာပါသည်။ စုစုပေါင်းလူဦးရေသန်း ၆၀၀ ကျော်ရှိသော အာဆီယံအသိုက်အဝန်း စသည့် စီးပွားရေးဖွံ့ဖြိုးလာခြင်း၊ ငြိမ်းချမ်းရေးထိန်းသိမ်းနိုင်ခြင်းနှင့် ဒေသတွင်း ဘုံတူညီသောအမြင်များ တည်ဆောက်ရပ်တည်နိုင်ခြင်းတို့ကြောင့် ကမ္ဘာက အသိအမှတ်ပြုလာကြရသည်ဟု ဆိုနိုင်သည်။ စီးပွားရေးအရဆိုလျှင် ၁၉၉၀ ခုနှစ်က အာဆီယံတစ်ခုလုံး၏ ဆင်းရဲမွဲတေမှု ပျမ်းမျှနှုန်းမှာ ၄၀ ရာခိုင်နှုန်းလောက်ရှိရာမှ ၂၀၁၂ ခုနှစ် စာရင်းဇယားများအရ ၈ ရာခိုင်နှုန်းအထိ ကျဆင်းလာသည်။ အာရှတစ်ခုလုံးအချိုးမှာ ၁၅ ရာခိုင်နှုန်းဖြစ်ရာ အာဆီယံအုပ်စုကပို၍ တိုးတက်လာသည်ဟု ဆိုနိုင်သည်။ GDP ဖွံ့ဖြိုးနှုန်းနှင့်ယှဉ်သောတစ်ဦးချင်းဝင်ငွေကို ကြည့်လျှင် ပြီးခဲ့သော ဆယ်စုနှစ်အတွင်း ဒေါ်လာ ၄၀၀၀ ခန့် မြင့်တက်လာခဲ့သည်။ မြန်မာ၊ လာအိုနှင့် ကမ္ဘောဒီးယားတို့မှာ အာဆီယံနိုင်ငံများအတွင်း တစ်ဦးချင်းဝင်ငွေ အနိမ့်ဆုံးတွင်ရှိသော်လည်း စင်ကာပူ၊ ဘရူနိုင်း၊ အင်ဒိုနီးရှား၊ ထိုင်းနိုင်ငံများ၏ တစ်ဦးချင်းဝင်ငွေမြင့်တက်မှုကြောင့် ဤမျှမြင့်တက်ခဲ့ခြင်း ဖြစ်ပေသည်။ ယခုအာဆီယံ ၁၀ နိုင်ငံလုံး၏ GDP စုစုပေါင်းမှာ ဒေါ်လာဘီလီယံ ၂၅၀၀ (၂ ဒသမ ၅ ထရီလီယံ) ရှိရာကမ္ဘာတွင် သတ္တမမြောက် စီးပွားရေးအင်အားကြီးအဆင့်တွင်ရှိပြီး အာရှပစိဖိတ်ဒေသတွင် တရုတ်နှင့် ဂျပန်ပြီးလျှင် တတိယအင်အားအကြီးဆုံး ဖြစ်နေပါသည်။

အာဆီယံအဖွဲ့၏နှစ် ၅၀ ကြာဖြတ်သန်းလာခဲ့သော ခရီးစဉ်အတွင်း မူလတည်ထောင်သူ ၅ နိုင်ငံမှ ခေါင်းဆောင်များ၏မျှော်မှန်းချက်များ ရရှိအောင်မြင်ခြင်းရှိခဲ့သလို မအောင်မြင်မှုများလည်း ရှိနိုင်ပါသည်။ သို့သော် မူလ ၅ နိုင်ငံမှဒေသတွင်း နောက်ထပ် '၅' နိုင်ငံပါ ပါဝင်ပူးပေါင်းလာခြင်းက ကြီးမားသောအောင်မြင်မှုဟုပင် ဆိုရပါမည်။ သက်တမ်းတစ်လျှောက် အာဆီယံအဖွဲ့အပေါ် ဝေဖန်မှုများလည်းရှိခဲ့သည်။ အာဆီယံသည် အပြောသက်သက်ဖြစ်နေသည်။ အာဆီယံသည် ရလဒ်ထက် လုပ်ငန်းစဉ်ကိုသာ ဦးစားပေးမှုများနေသည်။ အားလုံးသဘောတူညီမှုမရှိ သောကြောင့် ဆုံးဖြတ်ချက်များချရာတွင် နှေးကွေးနေသည်။ အာဆီယံသည် လူထုအတွက် လက်ဆုပ်လက်ကိုင်ပြနိုင်သော အကျိုးပြုမှုမရှိသေး စသော ဝေဖန်ချက်များဖြစ်သည်။

သို့သော် အာဆီယံသည် နှစ် ၅၀ တစ်လျှောက်လုံး အာရှပစိဖိတ်ဒေသ စီးပွားရေးနှင့် လူမှုရေးကော်မရှင် (Escap) ၏ မဟာဗျူဟာပါတနာအဖြစ် လက်တွဲဆောင်ရွက်ခဲ့သည်။ အာဆီယံစီးပွားရေးအသိုက်အဝန်းကို ၂၀၂၅ အမီအကောင်အထည်ဖော်ခြင်းအားဖြင့် အာရှဒေသတစ်ခုလုံးသို့ အပေါင်းလက္ခဏာဆောင် သက်ရောက်မှုများပျံ့နှံ့စေမည့် အကျိုးကျေးဇူးများ ရှိလာမည်ဖြစ်သည်။ ပေါ်လစီများကြံ့ခိုင်အောင် ဆက်လက်ပြုလုပ်ခြင်း၊ မက်လုံးရှိသောစီးပွားရေးမူဘောင်များ၊ တီထွင်ဖန်တီးမှုနှင့် ကုန်ထုတ်လုပ်ငန်းတိုးတက်မှုတို့က အာဆီယံစီးပွားရေးကို ၂၀၅၀ ခုနှစ်အရောက်တွင် ၄ ဒသမ ၆ ထရီလီယံ ဒေါ်လာအထိ နှစ်ဆတိုးလာစေမည်ဟု ဆိုသည်။ အာဆီယံသည် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများ စိတ်ဝင်စားရာ ရပ်ဝန်းတစ်ခုဖြစ်လာပြီး ၂၀၁၅ ခု စာရင်းအရ ရင်းနှီးမြှုပ်နှံမှု '၁၂၀' ဘီလီယံ ဒေါ်လာရှိနေခဲ့ပြီဖြစ်သည်။

အာဆီယံအဖွဲ့အနေဖြင့် နယ်စပ်ဖြတ်ကျော်ရာဇဝတ်မှုများ၊ ပင်လယ်ဓားပြနှင့် ရေကြောင်းလုံခြုံမှုများ၊ ဆူနာမီလှိုင်းများ၊ မြေငလျင်လှုပ်ခြင်းများမှအစ ဆားစ်ရောဂါ၊ ကြက်ငှက်တုပ်ကွေး၊ ဇီကာဗိုင်းရပ်စသဖြင့် ကိစ္စရပ်များစွာတွင် ပိုမိုပူးပေါင်းဆောင်ရွက်ရန် လိုအပ်နေသည်။ တစ်ဖက်တွင် မတူကွဲပြားမှု များပြားလှသောအဖွဲ့ဝင်နိုင်ငံများကြားနားလည်မှုတည်ဆောက်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊ နီးကပ်သော ဆက်ဆံရေးများ ပြုစုပျိုးထောင်ခြင်းများ နှစ် ၅၀ ကြာ ပြုလုပ်ခဲ့ပြီး ပြည်သူဗဟိုပြုအသိုက်အဝန်းနှင့် မည်သူကိုမျှ နောက်ကျ မကျန်ရစ်စေသောမူဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ရာ အချို့သူများဝေဖန်သကဲ့သို့ အဆိုးများနေခြင်းမဟုတ်သည်ကို တွေ့နိုင်ပါသည်။

အာဆီယံထူထောင်စဉ်ကရှိခဲ့သော အစိုးရများတာဝန်ခံသည့် နိုင်ငံတကာ အဏုမြူဖျက်သိမ်းရေးဝါဒ၊ ဂလိုဘယ်လ်လိုက်ဇေးရှင်း၊ လွတ်လပ်သော ကုန်သွယ်မှုနှင့် လစ်ဘရယ် ကမ္ဘာ့အစီအစဉ်စသည်တို့မှာ ယခုအခြိမ်းခြောက်ခံလာရသော အခြေအနေဖြစ်သည်။ မည်သို့ဆိုစေ အာဆီယံသည်ဆက်လက်၍ ပူးပေါင်းဆောင်ရွက်နေခြင်းဖြစ်ပြီး ဆက်လက်၍ ချီတက်ရမည်သာဖြစ်သည်။ ထို့ပြင် အာဆီယံသည် ယခုမှပိုမိုကြီးထွားဖွံ့ဖြိုးရန် အစပြုနေသည်ဟူ၍ပင် ဆိုနိုင်ပါသည်။ အချိန်ကာလအားဖြင့် အနှစ် ၅၀ ကာလကို ကျော်လွန်၍လည်းကောင်း၊ နယ်နိမိတ်အားဖြင့် အရှေ့တောင်အာရှကို ကျော်လွန်၍လည်းကောင်း၊ အာဆီယံသည် ဒေသတွင်း ချမ်းသာကြွယ်ဝမှုနှင့် ငြိမ်းချမ်းရေးထိန်းသိမ်းနိုင်မှုတို့ကို တစ်ဆင့်တိုးလုပ်ဆောင်သွားရမည်သာ ဖြစ်ပါသည်။ ။

## စီးပွားရေးလုပ်ငန်းအချို့၏ပစ္စည်းများကြောင့် လမ်းမတော်မြို့နယ်၌ သန့်ရှင်းမှုအားနည်းနေဆဲ

ရန်ကုန် ဖေဖော်ဝါရီ ၂၂

ရန်ကုန်မြို့တွင်း လမ်းမတော်မြို့နယ် အနော်ရထာလမ်းဘေးတစ်လျှောက် ရေမြောင်းများ ဆယ်ယူရှင်းလင်းနေခြင်းကို ဖေဖော်ဝါရီလတတိယပတ်မှစ၍ မြင်တွေ့လာရသည်။

ရန်ကုန်မြို့တွင်း မြို့လယ်များ၌ ကားလမ်းဘေး၊ လမ်းသွယ်ဘေး ရေမြောင်းများနှင့် နောက်ဖေးလမ်းကြား သန့်ရှင်းသယ်ယူရှင်းလင်းခြင်းများ စီမံချက်ဖြင့် ၂၀၁၆ နှစ်လယ်ပိုင်းမှစ၍ လုပ်ဆောင်ပေးခဲ့ပြီးဖြစ်သည်။ သို့သော် လိုက်နာမှုအားနည်းသဖြင့် ကားလမ်းဘေး ရေမြောင်းများ၊ နောက်ဖေးလမ်းကြား ပြန်လည်သန့်ရှင်းရေး လုပ်ငန်းများ ထပ်မံမြင်တွေ့ရသည်။

အထူးသဖြင့် ဖေဖော်ဝါရီ ၂၂ ရက်က ဘုန်းကြီးလမ်းနှင့် ၁၂ လမ်း နောက်ဖေးလမ်းကြား အဝင်ဝအနီး နောက်ဖေးလမ်းကြားတွင် စားသောက်ဆိုင်ကြီးအချို့မှ လုပ်ငန်းခွင်အဖြစ် သုံးစွဲနေခြင်းသာမက စွန့်ပစ်ပစ္စည်းများကိုပါ စုပုံထားခြင်းများ မြင်တွေ့ရကာ ကားလမ်းမဘေး ရေမြောင်းသို့ ထွက်ပေါက်ဝနေရာတွင် ပိတ်ဆို့နေသဖြင့် ရေဆိုးရေညစ်များ လျှံတက်နေသည်ကို မြင်တွေ့ရသည်။ ရေမြောင်းသန့်ရှင်းရေးဝန်ထမ်းများမှ ယင်းပိတ်ဆို့နေမှုများကို ဖယ်ရှားပေး၍ ရေဆိုးများ စီးဆင်းသွားသည်ကို မြင်တွေ့ရကြောင်း ပြောဆိုနေမှုများအရ သိရသည်။

နိုင်ငံတော်မှ ငွေကြေးများစွာ အကုန်အကျခံ ရှင်းလင်းပေးခဲ့ရာ သန့်ရှင်းမှုဆိုင်ရာ စည်းကမ်းများ လိုက်နာမှုအားနည်းခြင်းသဖြင့် တားမြစ်အရေးယူမှုအချို့ရှိခဲ့သော်လည်း ထပ်မံ၍နောက်ဖေးလမ်းကြားများ သန့်ရှင်းရေး ထိခိုက်စေသော စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ခြင်း၊ အနံ့ဆိုးထွက်အညစ်အကြေးမျိုးစုံ စုပုံထားရှိခြင်းအပေါ် ထိရောက်သော အရေးယူမှုများရှိစေလိုသည်ဟု လမ်းသွားလမ်းလာများက ပြောဆိုလာကြကြောင်း သိရသည်။ **ခင်ဆိုင်**



## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၂၂-၂-၂၀၁၇

**ခင်ရတနာ-စုစည်းသည်။**

ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၂၈၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၄၀၃၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၂၅၀၀ |

စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)

| | |
|---|---|
| ဒီဇယ် | ၇၁၀/၇၁၅ ကျပ် |
| အောက်တိန်း ၉၂ | ၇၂၀/၇၃၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၈၀/၆၈၅ ကျပ် |
| ပရီမီယံဒီဇယ် | ၇၃၀/၇၃၅ ကျပ် |

နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၀ ・ ၀ |
| ဥရောပ | တစ်ယူရို | ၁၄၄၀ ・ ၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၅၇ ・ ၂၄ |
| ထိုင်း | တစ်ဘတ် | ၃၈ ・ ၈၁ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ ・ ၃၂ |
| တရုတ် | တစ်ယွမ် | ၁၉၇ ・ ၇၂ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၅ ・ ၀၀ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ (သတင်းထောက်ချုပ်)
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ သက်မွန်ဦး၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

*ရှေ့စာမှ*

### ရှင်းလင်းတင်ပြ

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့အား စီမံကိန်းရှင်းလင်းဆောင်၌ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ချင်းတွင်းတံတား(ကလေးဝ)၏ တံတားဆိုင်ရာအချက်အလက်များ၊ ဆောင်ရွက်မည့် အစီအစဉ်နှင့်ပြီးစီးမှု၊ သံမဏိသံပေါင်များထုတ်လုပ်မှု၊ သံပေါင်တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ပင်မတံတားကြမ်းခင်းလုပ်ငန်း ဆောင်ရွက်မှု၊ ချင်းတွင်းတံတား(ကလေးဝ) တည်ဆောက်မှု မှတ်တမ်းပြတိုက်တည်ဆောက်မည့်အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့သည် ချင်းတွင်းတံတား(ကလေးဝ) တည်ဆောက်ရေး လုပ်ငန်းခွင်အတွင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။



နိုင်ငံတော်သမ္မတ ဦးထင်ကျော် ကလေးမြို့နယ် ပြည်သူလူထုနှင့် တွေ့ဆုံစဉ် (သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့ ကလေးမြို့ ပြည်သူ့ဆေးရုံကြီး၌ လှည့်လည်ကြည့်ရှုစဉ် (သတင်းစဉ်)

ထို့နောက် မြစ်သာတံတား (ကလေးဝ) တည်ဆောက်ထားမှုကို ကြည့်ရှုလေ့လာသည်။

### လူထုနှင့် တွေ့ဆုံ

ယင်းနောက် နိုင်ငံတော်သမ္မတသည် ကလေးမြို့နယ်ခန်းမ၌ ကလေးမြို့နယ် လူထုနှင့် တွေ့ဆုံသည်။

### လိုအပ်ချက်များတင်ပြ

တွေ့ဆုံပွဲတွင် ကလေးခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်ဇော်မိုးက ကလေးမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်း၊ တံတားလိုအပ်ချက်များနှင့် သဘာဝဘေးဒဏ်ကြောင့် ပျက်စီးသွားသော လယ်ယာမြေများ ပြန်လည်ဖော်ပေးမှုနှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းအခြေအနေများကို လည်းကောင်း၊ ကလေးမြို့ မြို့မိ မြို့ဖ ဆရာဦးသောင်းရွှေက ကလေးမြို့၌ ကလေးအထူးကုဆေးရုံနှင့် သားဖွားမီးယပ်အထူးကုဆေးရုံ တည်ဆောက်ပေးရေး၊ ကလေးမြို့ဈေးကြီး တိုးချဲ့ပေးရေး၊ မြို့တွင်းလမ်းတိုးချဲ့ပေးရေး၊ မြို့ရှောင်လမ်းဖောက်လုပ်ပေးရေး၊ မြစ်သာမြစ်နှင့် နေရဥ္စရာမြစ်ရေတိုက်စားမှု ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးရေးတို့ကိုလည်းကောင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်သန့်ဝေကျော်က မြစ်သာမြစ်အရှေ့ဘက် ကျေးရွာများ ရေအရင်းအမြစ်ပျောက်ဆုံးမှုနှင့် ပတ်သက်၍ စနစ်တကျ သုတေသနလုပ်ငန်းများ ဆောင်ရွက်ပေးရေး၊ ကျေးရွာချင်းဆက်လမ်းများနှင့် မြစ်သာမြစ်ကူးတံတားတစ်စင်း ဆောက်လုပ်ပေးရေး၊ လက်ပံချောင်းတိုက်နယ်ဆေးရုံ တည်ဆောက်ပေးရေးနှင့် မြစ်ကြောင်းများ ရေလမ်းကြောင်း ကောင်းမွန်အောင် ဆောင်ရွက်ပေးရေးတို့ကို လည်းကောင်း၊ ဒေသခံပြည်သူများက ဒေသဖွံ့ဖြိုးရေး လိုအပ်ချက်များကို လည်းကောင်း တင်ပြကြသည်။

တင်ပြချက်များနှင့် ပတ်သက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က ကလေးမြို့နယ် ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးမည့် အခြေအနေများနှင့် လိုအပ်ချက်များကို ဖြည့်စွက်တင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ဒေါက်တာအောင်သူ၊ ဦးဝင်းခိုင်နှင့် ဒုတိယဝန်ကြီး ဦးကျော်မျိုးတို့က ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည့်လုပ်ငန်းများနှင့် ပတ်သက်သည့် အစီအမံများကို ရှင်းလင်းပြောကြားကြသည်။

### လာဘ်စားမှုများ မလိုလား

ယင်းနောက် နိုင်ငံတော်သမ္မတက မတရားမှုများကို နိုင်ငံတော်သမ္မတရုံးသို့ လိပ်မူပြီး ပေးပို့တိုင်ကြားနိုင်ပါကြောင်း၊ တတ်နိုင်သည့်ဘက်က တရားဥပဒေနှင့် အညီဖြစ်စေရန် မတရားလုပ်သူများကို ဥပဒေနည်းလမ်းအတိုင်း တရားဥပဒေနှင့်အညီ ထိုက်သင့်သည့် ပြစ်ဒဏ်ရအောင် လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း၊ ယနေ့အချိန်တွင် အဂတိလိုက်စားမှုများ၊ လာဘ်စားမှုများ ရှိနေသေးသည်ကို မလိုလားပါကြောင်း။

### ဆက်လက်ကြိုးစား

နိုင်ငံတော်သစ် တည်ဆောက်သည့်နေရာတွင် ဒေသအားလုံးဖွံ့ဖြိုးတိုးတက်အောင် စီမံချက်များဖြင့် လုပ်ဆောင်နေပါကြောင်း၊ ဆောင်ရွက်ပေးရမည့် လုပ်ငန်းများအားလုံး တစ်ပြိုင်တည်း မလုပ်နိုင်ပါကြောင်း၊ ငွေရေးကြေးရေး အကန့်အသတ်ရှိပါကြောင်း၊ ပြည်သူများအနေဖြင့် သည်းခံစေလိုပါကြောင်း၊ အစိုးရအနေဖြင့် လုပ်သည်၊ မလုပ်သည်ကို ပြည်သူများအနေဖြင့် စောင့်ကြည့်စေလိုပါကြောင်း၊ အစိုးရအနေဖြင့် ချက်ချင်းဆောင်ရွက်ပေးနိုင်သည့် ကိစ္စရပ်များရှိသကဲ့သို့ ဆောင်ရွက်မပေးနိုင်သေးသည့် ကိစ္စရပ်များကိုလည်း ဆက်လက်ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

### ကျရာအလုပ်ကို လုပ်ဆောင်

လုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း ဝန်ထမ်းတိုင်းသည် မိမိကျရာတာဝန်ကို ဖြောင့်ဖြောင့်မတ်မတ် မှန်မှန်ကန်ကန်စေတနာထားပြီး သစ္စာတရားနှင့် အလုပ်လုပ်ကြရန် တိုက်တွန်းပါကြောင်း၊ မိမိကိုယ်တိုင် မှန်ကန်ရုံဖြင့် မပြီးပါကြောင်း၊ မိမိပတ်ဝန်းကျင်ရှိလူများ မှန်ကန်မှု ရှိ၊ မရှိ ကြည့်ပြီး မမှန်ကန်ပါက တတ်နိုင်သမျှ ဝိုင်းဝန်းပြုပြင်ပေးကြရန် လိုအပ်ပါကြောင်း၊ သူတစ်ပါးအကျိုးပျက်စီးအောင် မလုပ်ရန်လိုအပ်ပါကြောင်း၊ သူတစ်ပါးအကျိုးပျက်စီးစေပါက မိမိအတွက်လည်း အကျိုးမဖြစ်နိုင်ပါကြောင်း၊ တိုင်းသူပြည်သားအားလုံး ကျရာအလုပ်ကို လုပ်ဆောင်ကြရာတွင် စေတနာ၊ သစ္စာ၊ ကရုဏာနှင့် လုပ်ဆောင်ကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့သည် ကလေးမြို့သူနာပြုနှင့်သားဖွားသင်တန်းကျောင်းသို့ ရောက်ရှိကြရာ ကျောင်းအုပ်ဆရာမကြီးက သင်တန်းကျောင်းဆိုင်ရာ အချက်အလက်များ၊ တက်ရောက်နေသည့် သင်တန်းသားဦးရေနှင့် ဖြည့်ဆည်းပေးရန်လိုအပ်သည့် လက်တွေ့သရုပ်ပြ သင်ထောက်ကူပစ္စည်း လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက တန်ဖိုးရှိသည့် ဘာသာရပ်များကို သင်ကြားပြီး လက်တွေ့နယ်ပယ်တွင် အကျိုးရှိစွာ အသုံးချနိုင်ရေး ကြိုးစားဆောင်ရွက်သွားကြရန် မှာကြားပြီး သင်တန်းကျောင်းအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။

### လက်တွေ့သရုပ်ပြခန်းများကြည့်ရှု

ယင်းနောက် ကလေးမြို့သူနာပြုနှင့် သားဖွားသင်တန်းကျောင်းရှိ လက်တွေ့သရုပ်ပြခန်းများကို လှည့်လည်ကြည့်ရှုသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့သည် ကလေးမြို့ ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိကြပြီး ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဆေးရုံတက်လူနာများအား ဖြည့်စွက်အာဟာရ ကျွေးမွေးရန်အတွက် အလှူငွေများကို ဆေးရုံအုပ်ကြီးထံ ပေးအပ်သည်။

### နေပြည်တော်သို့ရောက်ရှိ


ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့သည် ကလေးလေဆိပ်မှ တပ်မတော်အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာလာရာ ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

**(သတင်းစဉ်)**



နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့ ကလေးမြို့ သူနာပြုနှင့် သားဖွားသင်တန်းကျောင်း၌ လက်တွေ့သင်ကြားနေမှုကို ကြည့်ရှုစဉ် (သတင်းစဉ်)

# ကြားဖြတ်ရွေးကောက်ပွဲအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများဆွေးနွေး



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့် အမေရိကန်နိုင်ငံ သံအမတ်ကြီး မစ္စတာ စကော့အလန်မာစီရယ်လ်တို့ တွေ့ဆုံဆွေးနွေးစဉ် (သတင်းစဉ်)

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းသည် အမေရိကန်နိုင်ငံ သံအမတ်ကြီး မစ္စတာ စကော့အလန်မာစီရယ်လ်အား ယနေ့မွန်းလွဲ ၁ နာရီက နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌရုံး ဧည့်ခန်းမဆောင်၌ တွေ့ဆုံရာ ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသော ဦးအောင်မြင့်၊ ဦးစိုးရယ်၊ ဦးထွန်းခင်၊ ဦးလှတင့်နှင့် ကော်မရှင်အတွင်းရေးမှူး ဦးတင်ထွန်းတို့ တက်ရောက်ခဲ့ကြသည်။

တွေ့ဆုံစဉ် ၂၀၁၇ ခုနှစ် ဧပြီ ၁ ရက်တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် ပိုမိုကောင်းမွန်သော ရွေးကောက်ပွဲများ ကျင်းပသွားနိုင်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြပြီး အမေရိကန်သံအမတ်ကြီးက အမေရိကန်နိုင်ငံအနေဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အား ဆက်လက်ကူညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။ **(သတင်းစဉ်)**

# ဆွီဒင်နိုင်ငံ လွှတ်တော်ဥက္ကဋ္ဌ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့သို့ရောက်ရှိ



**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၏ ဖိတ်ကြားချက်အရ ဆွီဒင်နိုင်ငံ လွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Urban Ahlin ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက် ၈ နာရီ မိနစ် ၅၀ က ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိလာကြရာ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဆိုင်ရာ ဆွီဒင်နိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(ယာပုံ)**

ဆွီဒင်နိုင်ငံ လွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့သည် မွန်းလွဲ ၂ နာရီခွဲတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ပန်းဝါလမ်း အမှတ် ၃၀ ရှိ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ဦးသန့်၏ နေအိမ်ပြတိုက်သို့ သွားရောက်၍ ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် သမိုင်းဝင်မှတ်တမ်းဓာတ်ပုံများနှင့် အတ္ထုပ္ပတ္တိစာအုပ်များကို ကြည့်ရှုလေ့လာကြရာ ဦးသန့်၏မြေး ဒေါက်တာသန့်မြင့်ဦးက လိုက်လံရှင်းလင်းပြသသည်။

**(သတင်းစဉ်)**

# အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးသို့ ဒုတိယဝန်ကြီး ဦးကျော်တင် တက်ရောက်ခဲ့

နေပြည်တော် ဖေဖော်ဝါရီ ၂၂

**ဖိလစ်ပိုင်သမ္မတနိုင်ငံ ဘိုရကိုင်းကျွန်း၌ ဖေဖော်ဝါရီ ၂၁ ရက်က ကျင်းပခဲ့သည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင် တက်ရောက်ခဲ့သည်။**

အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးသည် ၂၀၁၇ခုနှစ် အာဆီယံအလှည့်ကျဥက္ကဋ္ဌ ဖိလစ်ပိုင်နိုင်ငံက အိမ်ရှင်အဖြစ် ပထမအကြိမ် လက်ခံကျင်းပသည့် ဝန်ကြီးအဆင့် အစည်းအဝေးဖြစ်ပြီး အာဆီယံအနေဖြင့် ယခုနှစ်အတွင်း အလေးထားဆောင်ရွက်သွားမည့် အစီအစဉ်များကို ညှိနှိုင်းဆွေးနွေးရန် ကျင်းပခဲ့ခြင်းဖြစ်သည်။ သီးသန့်အစည်းအဝေးတွင်




ဖိလစ်ပိုင်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ပါဖက်တိုအာရ်ရာလ်စေးဂျူနီယာက သဘာပတိအဖြစ် ဆောင်ရွက်ခဲ့ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများ၊ အာဆီယံ အတွင်းရေးမှူးချုပ်နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ယင်းသီးသန့်အစည်းအဝေးတွင် ၂၀၁၇ ခုနှစ် အာဆီယံဥက္ကဋ္ဌ ဖိလစ်ပိုင်နိုင်ငံက ဦးစားပေးဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်(၆)ရပ်ဖြစ်သည့် ပြည်သူလူထုကို ဦးစားပေးသော၊ ပြည်သူလူထုကို အခြေခံသော အာဆီယံအသိုက်အဝန်း ဖော်ဆောင်ရေး၊ ဒေသတွင်းငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှုရရှိရေး၊ ပင်လယ်ရေကြောင်း လုံခြုံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ အများပါဝင်ပြီး တီထွင်ကြံဆမှုကို အခြေခံသည့် ဖွံ့ဖြိုးတိုးတက်မှုရရှိရေး၊ အာဆီယံကို သဘာဝဘေးအန္တရာယ်အပေါ် ကြံ့ကြံ့ခံနိုင်မှု မြှင့်တင်ရေးနှင့် ကမ္ဘာ့ရေးရာများတွင် တက်ကြွစွာပါဝင်သည့် စံနမူနာပြ ဒေသတွင်းအဖွဲ့အစည်းတစ်ရပ်အဖြစ် ပေါ်ထွက်လာရေးတို့ကို အသိပေးဆွေးနွေးသည်။

ထို့အပြင် (၂၈)ကြိမ်မြောက်နှင့်(၂၉)ကြိမ်မြောက်အာဆီယံ ထိပ်သီးအစည်းအဝေးများ၏ ဆုံးဖြတ်ချက်များ အကောင်အထည်ဖော်မှု တိုးတက်မှုအခြေအနေနှင့် ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် အာဆီယံအသိုက်အဝန်း မျှော်မှန်းချက် ၂၀၂၅ ကို အောင်မြင်စွာ အကောင်အထည်ဖော်ရေး၊ အာဆီယံအသိုက်အဝန်း (၃)ခုအကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်သွားရေးနှင့် အာဆီယံထူထောင်ခြင်း နှစ် ၅၀ ပြည့် အထိမ်းအမှတ်အစီအစဉ်များကို ဆွေးနွေးသည်။

ဆက်လက်၍ နိုင်ငံခြားရေးဝန်ကြီးများသည် အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများအကြား ပူးပေါင်းဆက်ဆံမှု တိုးမြှင့်ဆောင်ရွက်သွားရေး၊ ကမ္ဘာ့နိုင်ငံရေးမျက်နှာစာ၌ မရေရာမှုများ ဖြစ်ပေါ်နေချိန်တွင် အာဆီယံအနေဖြင့် ဒေသတွင်း ဗဟိုအချက်အချာကျမှုနှင့် အာဆီယံစည်းလုံးညီညွတ်မှုကို ထိန်းသိမ်းမြှင့်တင်ရေး၊ ပြည်တွင်းနှင့် ဒေသဆိုင်ရာ စိန်ခေါ်မှုများကို ပူးပေါင်းအဖြေရှာ ဆောင်ရွက်သွားရေးတို့ကိုလည်း ဆွေးနွေးခဲ့ကြသည်။ ထို့နောက် ဒေသတွင်းနှင့် နိုင်ငံတကာရေးရာ ကိစ္စရပ်များဖြစ်သည့် အကြမ်းဖက်မှုတိုက်ဖျက်ရေး၊ ပင်လယ်ဓားပြတားဆီးကာကွယ်ရေး၊ ဆိုက်ဘာလုံခြုံရေး၊ သဘာဝဘေးအန္တရာယ် တားဆီးကာကွယ်ရေး၊ ရာသီဥတုပြောင်းလဲမှု၊ လူကုန်ကူးမှု တိုက်ဖျက်ရေး၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး၊ ပင်လယ်ရေကြောင်းလုံခြုံရေးနှင့် အခြားဒေသများဖြစ်သည့် အရှေ့အလယ်ပိုင်းဒေသ၊ ကိုရီးယားကျွန်းဆွယ်နှင့် တောင်တရုတ်ပင်လယ်တို့၌ ဖြစ်ပေါ်တိုးတက်မှုများကိုလည်း ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# စားနပ်ရိက္ခာဖူလုံရေးဖြေရှင်းပေးနိုင်မည့် ပညာရေးဆိုင်ရာအစီအစဉ်သင်တန်းဖွင့်

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

အရှေ့တောင်အာရှဒေသဆိုင်ရာ ဘွဲ့လွန်သင်တန်းနှင့် စိုက်ပျိုးရေးသုတေသနဌာန (SEARCA)နှင့် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တို့ ပူးပေါင်း၍ ဆရာ ဆရာမများ သင်ကြားမှုစွမ်းရည်တိုးတက်စေရန်၊ ပညာရေးဆိုင်ရာ အတွေးအခေါ်ကောင်းများ ရရှိစေရန်၊ သင်ရိုးညွှန်းတမ်းပြုပြင်ပြောင်းလဲရေးဆွဲရာတွင် အထောက်အကူဖြစ်စေရန်နှင့် စားနပ်ရိက္ခာဖူလုံရေးဖြေရှင်းပေးနိုင်မည့် ပညာရေးဆိုင်ရာ အစီအစဉ်သင်တန်းကို ဖေဖော်ဝါရီ ၂၁ ရက် နံနက် ၈ နာရီခွဲက ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် စိန်ရတုအစည်းအဝေးခန်းမ၌ ဖွင့်လှစ်ပို့ချခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲအခမ်းအနား၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဒေါက်တာတင်ထွဋ် တက်ရောက်အမှာစကားပြောကြားခဲ့ပြီး နည်းပညာပူးပေါင်းဆောင်ရွက်ရေးအစီအစဉ် (JICA – TCP) မှ ပါမောက္ခ Dr. Tanaka၊ အဆင့်မြင့်စိုက်ပျိုးရေးသုတေသနနှင့် ပညာရေးဗဟိုဌာန (ACARE) မှ Resident Advisor Dr. S.L Mehta ၊ Dr. Daylinda Cabanilla (facilitator, retired professor from UPLB)၊ Dr. Maria Cristeta N. Cuaresma(SEARCA)၊Ms. Blessie P. Saez (SEARCA) နှင့် သင်တန်းသား သင်တန်းသူ ကထိက ၂၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ဇူလိုင်မိုး**

# ကျေးလက်ကျောက်ချောလမ်းစစ်ဆေး

**သဲကုန်း ဖေဖော်ဝါရီ ၂၂**

ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးအောင်ဇော်နိုင်နှင့် တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသိန်းလွင်တို့သည် သဲကုန်းမြို့နယ်အတွင်း အင်းမ-အင်ငူလမ်း (၃/၀) မိုင် ကျောက်ချောခင်းခြင်း၊ အင်းမ-အင်ငူလမ်း (၄/၀)မိုင် ကျောက်ချောခင်းခြင်းလုပ်ငန်းတို့ကို ဖေဖော်ဝါရီ ၂၀ ရက် နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးရာ ပြည်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး သဲကုန်းမြို့နယ်အုပ်ချုပ်ရေးမှူး ၊ သဲကုန်းမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက လုပ်ငန်းဆိုင်ရာများ ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ရခိုင်ပြည်နယ် မောင်တောဒေသစုံစမ်းစစ်ဆေးရေးကော်မရှင်ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ အမေရိကန်နိုင်ငံ သံအမတ်ကြီး မစ္စတာ စကော့အလန်မာစီရယ်လ်အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

ရခိုင်ပြည်နယ် မောင်တောဒေသ စုံစမ်းစစ်ဆေးရေးကော်မရှင်ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေသည် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံ သံအမတ်ကြီး မစ္စတာ စကော့အလန်မာစီရယ်လ်အား ယနေ့ နံနက် ၁၀ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် ရခိုင်ပြည်နယ် မောင်တောဒေသ စုံစမ်းစစ်ဆေးရေးကော်မရှင်အနေဖြင့် မြေပြင်သို့ (၃)ကြိမ် သွားရောက်ပြီး စုံစမ်းစစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုနှင့် အစီရင်ခံစာကို ဘက်လိုက်မှုမရှိ၊ အရှိကို အရှိအတိုင်း မှန်ကန်တိကျစွာ ထုတ်ဖော်ရေးသားသွားမည့်အစီအစဉ်၊ နိုင်ငံတော်သမ္မတထံ ရေတို၊ ရေရှည် လုပ်ငန်းများအတွက် အကြံပြုသွားမည့်အခြေအနေတို့ကို ကော်မရှင်ဥက္ကဋ္ဌ ဒုတိယသမ္မတက ရှင်းလင်းပြောကြားပြီး သံအမတ်ကြီးက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးသည်။

တွေ့ဆုံပွဲသို့ စုံစမ်းစစ်ဆေးရေးကော်မရှင် အတွင်းရေးမှူး ဦးဇော်မြင့်ဖေ၊ အဖွဲ့ဝင်များဖြစ်ကြသည့် ဦးထွန်းမြတ်၊ ဒေါက်တာသက်သက်ဇင်၊ ဦးညွန့်ဆွေ၊ ဦးသာညဏ်၊ ဦးစောသလေးစော၊ ဒေါ်ကျိန်ဝိုက်မန်၊ ရဲချုပ်ဇော်ဝင်းနှင့် ဦးအောင်နိုင်တို့ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



ဒုတိယသမ္မတ ဦးမြင့်ဆွေ အမေရိကန်နိုင်ငံ သံအမတ်ကြီး မစ္စတာ စကော့အလန်မာစီရယ်လ်အား လက်ခံတွေ့ဆုံစဉ်

✻ *ကျောဖုံးမှ*

ဆက်လက်၍လည်း ပုဂံယဉ်ကျေးမှု အမွေအနှစ်ဒေသနှင့် မြောက်ဦးယဉ်ကျေးမှု အမွေအနှစ်ဒေသများကိုလည်း ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ရန် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ယဉ်ကျေးမှုတန်ဖိုးကြီးမားသော မြန်မာ့အမွေအနှစ်ဒေသများကို ဆက်တိုက်စာရင်းဝင်ဖြစ်ရန် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ကမ္ဘာ့မှတ်တမ်း အမွေအနှစ်စာရင်းဝင်အဖြစ် တင်သွင်းရန် ကြိုးစားဆောင်ရွက်နေသည့် ပုဂံ ရွှေစည်းခုံဘုရားရှိ ဘုရင့်နောင်ခေါင်းလောင်းစာနှင့် ရခိုင်ပြည်နယ် အာနန္ဒစန္ဒြကျောက်စာတို့မှာလည်း တန်ဖိုးမဖြတ်နိုင်သော ယဉ်ကျေးမှုအမွေအနှစ်များဖြစ်ပါကြောင်း။

တန်ဖိုးကြီးမားသည့် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များကို သုတေသနပြုလေ့လာပါက ရှေးဟောင်းအဆောက်အအုံ၊ ရှေးဟောင်းဝတ္ထုပစ္စည်းများကို ထိတွေ့ကိုင်တွယ်တွေ့မြင်နိုင်သည့် ဒြပ်ရှိယဉ်ကျေးမှုအမွေအနှစ်များကို တွေ့ရမည့်အပြင် နားမျက်စိအာရုံခံစားမှုနှင့် ကြားနိုင်၊ မြင်နိုင်သော်လည်း ရုပ်ဝတ္ထုမတည်မြဲ၍ အမြဲတစေ လက်ဆုပ်လက်ကိုင် မပြနိုင်သည့် ထိတွေ့ကိုင်တွယ်မရနိုင်သော အနုသုခုမဆိုင်ရာ၊ အသိပညာ၊ အတတ်ပညာများနှင့် ဖန်တီးမှုရလဒ်များဖြစ်သည့် ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များကိုလည်း တွေ့ရမည် ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၊ မြန်မာလူမျိုး၊ မြန်မာတိုင်းရင်းသား၊ မြန်မာ့ဓလေ့နှင့် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များကို ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲရန်နှင့် ရေရှည်တည်တံ့အောင်ဆောင်ရွက်ကြရမည်မှာ မြန်မာနိုင်ငံသားအားလုံးတွင် တာဝန်ရှိပါကြောင်း၊ မြန်မာအမျိုးသား ယဉ်ကျေးမှုအမွေအနှစ်များသည် ပြည်ထောင်စုတိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၏ ရိုးရာအစဉ်အလာဓလေ့အလိုက် ဆက်ခံထိန်းသိမ်းလာခဲ့ကြသည့်အတွက် နှစ်ပေါင်းထောင်ချီ တည်တံ့ခဲ့ပြီး မျိုးဆက်သစ်တို့ကို လက်ဆင့်ကမ်းအမွေပေးနိုင်ခြင်းဖြစ်ပါကြောင်း။

ထို့ကြောင့် ရှာဖွေဖော်ထုတ် ထိန်းသိမ်းကာကွယ်စောင့်ရှောက် သုတေသနပြုပြီးဖြစ်သော ယဉ်ကျေးမှုအမွေအနှစ်များသာမက တိမ်မြုပ်နေသေးသည့် ယဉ်ကျေးမှုအမွေအနှစ်များကိုလည်း ရှာဖွေဖော်ထုတ် ထိန်းသိမ်းကာကွယ်စောင့်ရှောက် သုတေသနပြုကြရမည်ဖြစ်ပါကြောင်း။

ယခုအစည်းအဝေးသို့ တက်ရောက်လာကြသည့် ဗဟိုကော်မတီဝင်များအနေဖြင့် ယဉ်ကျေးမှုနယ်မြေများအတွင်း မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ၊ ပြည်ထောင်စုတိုင်းရင်းသားတို့၏ ယဉ်ကျေးမှုဆိုင်ရာ အစဉ်အလာဓလေ့များကို ရှာဖွေဖော်ထုတ်ရေး၊ ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရေး၊ သုတေသနပြုရေးများကို ဒေသခံများ၏ အကျိုးစီးပွားနှင့် ဟန်ချက်ညီရန် ဥပဒေ၊ နည်းဥပဒေများရေးဆွဲနိုင်ရေးအတွက် မူဝါဒများ ချမှတ်ပေးနိုင်ရန်၊ တိုင်းဒေသကြီး ပြည်နယ်များရှိ သမိုင်းဆိုင်ရာ၊ ယဉ်ကျေးမှုဆိုင်ရာလုပ်ငန်းများ တိုးတက်ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းတာဝန်များကို အတူလက်တွဲ ပါဝင်ဆောင်ရွက်ပေးကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသားယဉ်ကျေးမှု ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ကော်မတီ၏ ဖွဲ့စည်းမှုနှင့် လုပ်ငန်းတာဝန်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ငလျင်ဒဏ်နှင့် ရှေးဟောင်းစေတီပုထိုး အဆောက်အအုံများကို ပြန်လည်ပြုပြင် ထိန်းသိမ်းမည့်လုပ်ငန်းများ၊ ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေ(မူကြမ်း) ပြင်ဆင်ရေးဆွဲရေး၊ မြန်မာနိုင်ငံ ပြတိုက်များ ဥပဒေ(မူကြမ်း)ရေးဆွဲပြဋ္ဌာန်းရေး ကိစ္စရပ်များ၊ မြန်မာနိုင်ငံ ယဉ်ကျေးမှုအမွေအနှစ်ဒေသများတွင် သစ်တောကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများ ပါဝင်နေခြင်းတို့နှင့် စပ်လျဉ်းပြီး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက တင်ပြကြသည်။

တင်ပြချက်များအပေါ် ဗဟိုကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ပေါင်းစပ်ညှိနှိုင်းပေးပြီး အစည်းအဝေးကို ကျင်းပခြင်းအားဖြင့် ယဉ်ကျေးမှုနှင့်စပ်လျဉ်း၍ သက်ဆိုင်သော ဌာနများအကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုကောင်းမွန်လာမည်ဖြစ်ပါကြောင်း၊ လာမည့် အစည်းအဝေးများတွင် မြန်မာ့ယဉ်ကျေးမှုကဏ္ဍ တိုးတက်မြင့်မားရေး ယခုလို အားတက်သရော ပါဝင်ဆွေးနွေးပေးကြရန် ပြောကြားသည်။

အစည်းအဝေးသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

■ *ကျောဖုံးမှ*

ရတနာပုံအသင်းသည် ပွဲအစတွင် ကစားကွက်တည်မရသောကြောင့် ရုန်းကန်ခဲ့ရသော်လည်း နောက်ပိုင်းတွင် အချိတ်အဆက်မိမိဖြင့် ဟုမ်းယူနိုက်တက်ဘက်သို့ ဖိကစားနိုင်ခဲ့သည်။ မိနစ် ၂၀ တွင် မျိုးကိုထွန်း၊ ၂၁ မိနစ်တွင် အောင်သူတို့၏ ကန်သွင်းမှုများ ဂိုးမရခဲ့၍ နစ်နာခဲ့ရသည်။ ရတနာပုံအသင်းသည် ပထမပိုင်းပြီးခါနီးတွင် ဂိုးရခဲ့ပြီး တိုက်စစ်မှူး အောင်သူက သွင်းယူခဲ့ခြင်းဖြစ်သည်။ ဒုတိယပိုင်းတွင် ဟုမ်းယူနိုက်တက်အသင်းက ချေပဂိုးရရန် ကြိုးစားလာခဲ့ပြီး ၆၉ မိနစ်တွင် ဖာရစ်၏ ကန်သွင်းချက်ဘားထိထွက်ခဲ့သည်။ ရတနာပုံအသင်းသည် ဒုတိယပိုင်းတွင် အနိုင်ရလဒ်ကို ထိန်းကစားခဲ့ပြီး တန်ပြန်တိုက်စစ်ဖြင့်သာ ကစားခဲ့သည်။ ရတနာပုံအသင်းသည် ဂိုးရနိုင်သည့် အခွင့်အရေးအချို့ ရခဲ့သော်လည်း အသုံးမချနိုင်ခဲ့၍ ပထမပိုင်းတွင် ရရှိသည့် ဂိုးဖြင့်သာ ပြီးဆုံးခဲ့ခြင်းဖြစ်သည်။

အုပ်စု(H) တွင် မြန်မာကလပ် ရတနာပုံအသင်းနှင့်အတူ ထန်ကွမ်နင်(ဗီယက်နမ်)၊ ဟုမ်းယူနိုက်တက်(စင်ကာပူ)တို့ ပါဝင်လျက်ရှိသည်။ ရတနာပုံအသင်းသည် အုပ်စုဒုတိယပွဲအဖြစ် မတ် ၈ ရက်တွင် ထန်ကွမ်နင်အသင်းနှင့် အဝေးကွင်း ကစားရမည်ဖြစ်သည်။

## ဘိန်းစိုက်ခင်းများ ဖျက်ဆီး

**ဒီးမော့ဆို ဖေဖော်ဝါရီ ၂၂**

ကယားပြည်နယ် လွိုင်ကော်ခရိုင် ဒီးမော့ဆိုမြို့နယ် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်မင်း ဦးစီးတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ နယ်မြေခံတပ်မှ ဗိုလ်ကြီးကောင်းခန့်ကို ဦးစီးတပ်ဖွဲ့ဝင်များနှင့် ပြည်သူလူထုများ စုစုပေါင်း ၆၂ ဦးတို့သည် ဖေဖော်ဝါရီ ၂၁ ရက်က ဝါဘန်းပလို ကျေးရွာအုပ်စု လွီးကထိကျေးရွာ၏ အရှေ့ဘက် နှစ်မိုင်ခန့်အကွာ ခန့်မှန်းမြေပုံအညွှန်း(KB-90436540)ရှိ တောင်ကြားအတွင်း ရေသွင်းစိုက်ပျိုးထားသော ဘိန်းစိုက်ခင်း ၅ ဒသမ ၅ ဧကကို သွားရောက်ဖျက်ဆီးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

● *ကျောဖုံးမှ*

ဆီတိုင်ကီပေါက်ကွဲ၍ မီးလောင်မှုဖြစ်ပွားခဲ့သဖြင့် ယာဉ်ပေါ်ပါ အမျိုးသား တစ်ဦး၊ အမျိုးသမီး ခုနစ်ဦး စုစုပေါင်း ရှစ်ဦး မီးလောင်ကျွမ်းသေဆုံးခဲ့ပြီး အဘ ဦးဇော်မိုးကျော်၏ သားဖြစ်သူ ယာဉ်မောင်း အောင်ခန့် (၂၅ နှစ်)အသက်ရှင်ကျန်ရစ်ခဲ့သည့်ဖြစ်စဉ်ကို အမှတ်(၃)လမ်းဆုံ အမြန်လမ်းမကြီးရဲစခန်းက အမှုဖွင့်အရေးယူခဲ့ပြီး မှုခင်းရဲတပ်ဖွဲ့က လွှဲပြောင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

မှုခင်းရဲတပ်ဖွဲ့ အမှုစစ်အဖွဲ့က အဓိကသက်သေ ၂၀ နှင့် ယာဉ်မောင်း အောင်ခန့်ဇွဲမြန်မာ(ခ)အောင်ခန့်တို့အား စစ်ဆေးခဲ့ပြီး သက်သေခံပစ္စည်း(၁၇)မျိုးကို သိမ်းဆည်းခဲ့ကြောင်း၊ စစ်ဆေးချက်များအရ ဇန်နဝါရီ ၁၈ ရက်တွင် ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်ရှိ ဆဌဂံမြန်မာဆောက်လုပ်ရေးကုမ္ပဏီမှ CEO ဦးဝင်းထွန်းသည် 9H/7167 Hiace (အံ့စာတုံး) ယာဉ်အား တစ်ရက်လျှင် ငွေကျပ် ၇၀၀၀၀ ဖြင့် ငှားရမ်းကာ ကုမ္ပဏီမှ ယာဉ်မောင်း အောင်ခန့်ဇွဲမြန်မာ(ခ)အောင်ခန့်အား မောင်းနှင်စေလျက် ကုမ္ပဏီဝန်ထမ်း မမြတ်မြတ်အေး၊ မမေသူကို၊ မခင်သီတာ၊ မခိုင်မြတ်ဦး၊ မသင်းသင်းမော်၊ မယုရတနာလင်း၊ မဝင်းပပဌေးတို့နှင့်အတူ ပုဂံမြို့သို့ ဘုရားဖူးသွားရောက်ခဲ့ကြကြောင်း။

ဖေဖော်ဝါရီ ၂၀ ရက် ညနေပိုင်းတွင် ပုဂံမှ ရန်ကုန်သို့ ပြန်လည်ထွက်ခွာပြီး ယာဉ်အား အောင်ခန့်ဇွဲမြန်မာ(ခ) အောင်ခန့်နှင့် ဦးဝင်းထွန်းတို့ တစ်လှည့်စီမောင်းနှင်ခဲ့ကြောင်း၊ နေပြည်တော်ဟိုတယ်ဇုန်ရှိ Denko ဆီဆိုင်သို့ ည ၁၁ နာရီခွဲခန့် ရောက်ရှိပြီး ကားအား အောက်တိန်း (၉၂)ဆီ အပြည့်ဖြည့်ခဲ့ကြောင်း၊ ဆက်လက်မောင်းနှင်လာပြီး ဖေဖော်ဝါရီ ၂၁ ရက် နံနက် ၃ နာရီ ၁၅ မိနစ်ခန့်တွင် အမြန်လမ်း(တောင်ငူမြို့ဆိုင်းဘုတ်အနီး)လမ်းဘေး၌ ကားရပ်ကာ ကားပေါ်တွင် ခေတ္တအနားယူအိပ်စက်ခဲ့ကြောင်း။

ထို့နောက် ဆက်လက်မောင်းနှင်ခဲ့ရာ (၃၉)မိုင်၊ (၄)ဖာလုံသို့ နံနက်(၇)နာရီခန့် ရောက်ရှိပြီး နီလာရိုးမ စက်သုံးဆီဆိုင်တွင် အောက်တိန်း(၉၂)ဆီအပြည့်ဖြည့်ခဲ့ကြောင်း၊ ပြီးနောက် သပြေရိပ်စားသောက်ဆိုင်တွင် နံနက်စာ စားသုံးခဲ့ကြောင်း၊ နံနက် ၇ နာရီခွဲခန့်တွင် ထွက်ခွာလာရာ အောင်ခန့်ဇွဲမြန်မာ(ခ) အောင်ခန့်က ယာဉ်အား မောင်းနှင်ကာ ယာဉ်မောင်းနေရာ ဝဲဘက်တွင် ဦးဝင်းထွန်းက ထိုင်ခဲ့ပြီး အမျိုးသမီး ခုနစ်ဦးမှာ ယာဉ်နောက်ခန်းတွင် လိုက်ပါစီးနင်းခဲ့ကြောင်း၊ နံနက် ၈ နာရီ ခွဲခန့်တွင် အမြန်လမ်း မိုင်တိုင်အမှတ် (၄/၂)မိုင်အရောက် ယာဉ်တစ်စီးကို ကျော်တက်ရန် ဝဲဘက်ယာဉ်ကြောသို့ ပြောင်းစဉ် အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်းကပ်တုံးအား တိုက်မိပြီး Guard Rail တန်းအရှည် (၉၁)ပေခန့်ကို ယာဉ်၏ ဝဲဘက်အခြမ်းဖြင့် ပြင်းထန်စွာပွတ်တိုက်ခဲ့ကြောင်း၊ ယာဉ်မှာ Guard Rail တန်းနှင့် တိုက်ပြီးနောက် လမ်းလယ်ကျွန်း ကပ်တုံးအား ဆက်လက်တိုက်ကာ ရပ်သွားခဲ့ကြောင်း၊ ယာဉ်တိုက်မှုကြောင့် ဘန်ဘာအတွင်း တပ်ဆင်ထားသည့် ဆင်ဆာစနစ်အရ ကားတံခါးများ လော့ကျသွားခဲ့ကြောင်း။

အောင်ခန့်ဇွဲမြန်မာ(ခ)အောင်ခန့်က ကားတံခါးအား ဖွင့်၍ ဆင်းပြီး ရှေ့ခန်းတွင်လိုက်ပါလာသော ဦးဝင်းထွန်း၏ ကားတံခါး ပွင့်လျက်ရှိသည့်အပြင် ကား၏ Dashboard မှာလည်း အတွင်းသို့ တစ်ပေခန့် ဝင်နေသည်ကို တွေ့ရှိရ၍ ယာဉ်ပေါ်မှ ဆွဲချစဉ် ဦးဝင်းထွန်း၏ ခြေထောက်ညပ်နေသဖြင့် ဆွဲမထုတ်နိုင်ခဲ့ကြောင်း၊ နောက်ခန်း ဝဲဘက်ဘေးလျှောတံခါးအားဖွင့်ရာ ဖွင့်မရဘဲရှိနေစဉ် အခင်းဖြစ်ယာဉ်၏ ရှေ့မှသွားနေသည့် Probox အဖြူရောင် (အငှား)ယာဉ်အမှတ် BB/2656 မှ ယာဉ်မောင်း ဦးဝင်းစိုးအောင်(ခ)ထန်းလျက်က ယာဉ်၏ နောက်ကြည့်မှန်မှ ကြည့်စဉ် နောက်မှပါလာသော Hiace ယာဉ်မှာ လမ်းလယ်ကျွန်းအနီးတွင် ရပ်တန့်လျက် ဖုန်လုံးများထလာသည်ကိုတွေ့ရသဖြင့် ယာဉ်အား(၄)မိုင်(၁)ဖာလုံခန့်တွင် ရပ်ပြီး အကူအညီပေးရန်အတွက် Hiace ယာဉ်ရှိရာသို့ ပြေးလာခဲ့ကြောင်း၊ အောင်ခန့်ဇွဲမြန်မာ(ခ)အောင်ခန့်သည် ယာဉ်၏ ဝဲဘက်ရှိ ဆလိုက်တံခါးကိုဖွင့်နေစဉ် ဦးဝင်းစိုးအောင်(ခ)ထန်းလျက် ရောက်ရှိခဲ့ပြီး နှစ်ယောက်အတူ ယာဉ်အတွင်းမှ လူများအား ကယ်တင်ရရှိရန် ကြိုးပမ်းတံခါးဖွင့်စဉ် ယာဉ်အောက်ပိုင်း ဆီတိုင်ကီအနီးမှ မီးတောက်များထွက်လာ၍ နောက်သို့ ခုန်ရှောင်ခဲ့ရကြောင်း။

ခဏအကြာ ယာဉ်အမှတ် 3D/9984၊ ဆာဖာရီယာဉ်ဖြင့် ရန်ကုန်မှ နေပြည်တော်ဘက်သို့ ခရီးသွားသူ ဦးနေလင်းဦးက ယာဉ်တွင် အသင့်ဆောင်ထားသော မီးသတ်ဆေးဘူးကို ယူဆောင်ပြီး လာရောက်၍ ကူညီမီးငြိမ်းသတ်ပေးခဲ့ကြောင်း၊ ယာဉ်အောက်ပိုင်း၌ မီးစွဲလောင်ကျွမ်းလာသဖြင့် အောင်ခန့်ဇွဲမြန်မာ(ခ)အောင်ခန့်နှင့် ဦးဝင်းစိုးအောင်(ခ)ထန်းလျက်တို့သည် ယာဉ်နောက်မှန်အား အင်္ဂတေခဲဖြင့် ပစ်ပေါက်ထုခွဲခဲ့ကြောင်း၊ ထိုအချိန် ယာဉ်အတွင်းမှ မီးခိုးလုံးများထွက်လာပြီး မီးတောက်များ ပိုမိုလောင်ကျွမ်းခဲ့ကြောင်း၊ Hiace ယာဉ် မီးစွဲလောင်နေစဉ် နံနက် ၈ နာရီ မိနစ် ၄၀ ခန့်တွင် ခွန်ရန်နိုင်ဦး(ခ) ကိုရဲ (ဖေ့စ်ဘုတ်တွင်ယာဉ်ပေါ်မှ နှစ်ဦးဆင်းလာစဉ် တက်တူးပါသော လူငယ်တစ်ဦးဟု မှားယွင်းဖော်ပြခံရသူ)နှင့် မိသားစုများသည် အကူအညီပေးနိုင်ရန်အတွက် ယာဉ်မီးလောင်သည့်နေရာအနီးသို့ ခွန်ရန်နိုင်ဦး(ခ)ကိုရဲက သွားရောက်ခဲ့ကြောင်း။

မီးလောင်မှုဖြစ်သည့်ယာဉ်၏ အနောက်ဘက် မလှမ်းမကမ်းရှိ လမ်းလယ်ကျွန်းသို့ရောက်ရှိစဉ် ခွန်ရန်နိုင်ဦး(ခ)ကိုရဲက အောင်ခန့်ဇွဲမြန်မာ(ခ) အောင်ခန့်အား နေအိမ်သို့ ဖုန်းဆက်အကြောင်းကြားနိုင်ရေးအတွက် ၎င်း၏လက်ကိုင် ဖုန်းကိုပေးခဲ့သဖြင့် အောင်ခန့်ဇွဲမြန်မာ(ခ)အောင်ခန့်က မိခင်ထံသို့ ဖုန်းဆက်ခဲ့ကြောင်း၊ ခွန်ရန်နိုင်ဦး(ခ)ကိုရဲသည် ထိုအချိန်က အခင်းဖြစ်ယာဉ်အနီး အောင်ခန့်နှင့်အတူတွေ့သော ကိုနေလင်းဦးအား မည်သူမည်ဝါဟုမသိဘဲ အခင်းဖြစ်စဉ်ယာဉ်အနီး အမျိုးသား နှစ်ဦးတွေ့သည်ဟု မီဒီယာအားပြောရာမှ သတင်းအမှားများဖြစ်ခဲ့သည့်အတွက် ၎င်းကိုယ်တိုင် ဂျာနယ်တိုက်သို့ သွားရောက်ရှင်းလင်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။

အမှုမှာ မတော်တဆဖြစ်ပွားသည့် ယာဉ်ပေါ့ဆမှုမျိုးဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ပြီး စစ်ဆေးပေါ်ပေါက်မှု အခြေအနေကို သေဆုံးသူတို့၏ မိသားစုများကိုလည်း မှုခင်းရဲတပ်ဖွဲ့ အမှုစစ်အဖွဲ့က ရှင်းလင်းပြောကြားခဲ့ကာ အမှုတွဲကို ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ်ရုံးသို့ ပေးပို့ခဲ့ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ်ရုံး၏ ဥပဒေအကြံပြုချက်အရ ယာဉ်မောင်း အောင်ခန့်ဇွဲမြန်မာ(ခ)အောင်ခန့်အား ရာဇသတ်ကြီး ပုဒ်မ ၃၀၄-က အရ လှည်းကူးမြို့နယ်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**(သတင်းစဉ်)**

# ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုနှင့် မြန်မာနိုင်ငံ

ဦးကြည်သာ(ဂွ)

**၁၉၈၀ ခုနှစ်လောက်ကစပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားတွေ (environmentalist) က လူသားတွေရဲ့လုပ်ဆောင်မှုတွေဟာ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုတွေကို ဖြစ်စေတယ်၊ အထူးသဖြင့် ရုပ်ကြွင်းလောင်စာ (Fossil Fuel) အသုံးပြုမှုများကြောင့် ကာဗွန်ဓာတ်ငွေ့စွန့်ထုတ်မှုများပြားလာတယ်၊ အကျိုးဆက်ကတော့ ကမ္ဘာကြီးပူနွေးလာပြီး ပတ်ဝန်းကျင်ညစ်ညမ်းမှု၊ မြေဆီလွှာအရည်အသွေးတွေကျဆင်းမှု စတဲ့ဆင့်ကဲဖြစ်ရပ်တွေ ဖြစ်လာတယ်တဲ့။ ဒါကြောင့်မို့ ကမ္ဘာကြီးကို ဘယ်သူတွေ ဖျက်ဆီးနေသလဲလို့မေးရင် လူသားတွေပါပဲလို့ ဖြေရမှာပါ။**




(၁၆-၂-၂၀၁၇)ရက်နေ့က သင်္ဂဟဟိုတယ်၌ ပြုလုပ်သော မြန်မာနိုင်ငံအမျိုးသားအဆင့် ရာသီဥတုပြောင်းလဲမှု မူဝါဒရေးဆွဲရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ

ဒီလို ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုကြောင့် မုန်တိုင်းတွေ ပိုမိုဖြစ်လာ၊ ရေခဲတောင်တွေ အရည်ပျော်ကြ၊ ပင်လယ်ရေမျက်နှာပြင်မြင့်တက်၊ ဆားငန်ရေတွေ ကုန်းတွင်းပိုင်းဝင် စတဲ့ စတဲ့ဖြစ်ရပ်တွေကို ကုလသမဂ္ဂလိုအဖွဲ့အစည်းတွေက ဦးဆောင်ပြီး ဘယ်လိုဖြေရှင်းကြမလဲဆိုပြီး ဆွေးနွေးပွဲတွေ လုပ်၊ သဘောတူစာချုပ်တွေချုပ် စသည်ဖြင့် လုပ်လာခဲ့ကြရတယ်။ မြန်မာနိုင်ငံမှာလည်း ယခုနှစ် ဖေဖော်ဝါရီလ ၁၆ ရက်နေ့က ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းများနဲ့ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနတို့ ပူးပေါင်းပြီး "မြန်မာနိုင်ငံအမျိုးသားအဆင့် ရာသီဥတုပြောင်းလဲမှုမူဝါဒရေးဆွဲခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ" ကို နေပြည်တော်ရှိ သင်္ဂဟဟိုတယ်မှာ ပြုလုပ်ခဲ့ပါတယ်။ ဌာနဆိုင်ရာဝန်ထမ်းများ၊ လွှတ်တော်ကော်မရှင်၊ ကော်မတီဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်က သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ဝန်ကြီးများ၊ အရပ်ဘက်အဖွဲ့အစည်းများ စုံလင်စွာ တက်ရောက်ခဲ့ကြတယ်၊ အားတတ်သရော ဆွေးနွေးခဲ့ကြပါတယ်။

ဒီကမ္ဘာ့ရာသီဥတုပြောင်းလဲမှုကြောင့် မြန်မာနိုင်ငံအပေါ် ထိခိုက်သက်ရောက်မှုတွေဖြစ်လာရင် ဆောင်ရွက်ရမယ့်ကိစ္စတွေ၊ စီမံခန့်ခွဲရေးနှင့် ဘဏ္ဍာငွေကြေးပိုင်းဆိုင်ရာတွေကအစ ကမ္ဘာ့အဖွဲ့အစည်းတွေနဲ့ ဆက်သွယ်ရမယ့် မူဝါဒတွေ၊ ဆက်စပ်နေတဲ့ ရေမူဝါဒ၊ မြေမူဝါဒ၊ စွမ်းအင်မူဝါဒ၊ အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒတွေနဲ့ ဆက်စပ်နေတာမို့ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးခဲ့ကြပါတယ်။

လွန်ခဲ့တဲ့ အနှစ်ငါးဆယ်လောက်ကပဲ စက်မှုဖွံ့ဖြိုးပြီးနိုင်ငံတွေက စက်ရုံအလုပ်ရုံတွေကြောင့် ကမ္ဘာကြီးရဲ့ဂေဟစနစ် ချို့ယွင်းလာတာကို ထောက်ပြကန့်ကွက်ရင်းနဲ့ ဂေဟစနစ်နှင့် ဆက်နွှယ်နေသော နိုင်ငံရေး (Political Ecologist) ဆိုတဲ့နိုင်ငံရေးဟာ ၁၉၇၀ ခုနှစ်လောက်မှာ ပေါ်ပေါက်ခဲ့တာမို့ ၁၉၇၉ ခုနှစ်ရောက်တော့ ဂျာမနီနိုင်ငံမှာ ဂျာမန်အစိမ်းရောင်ပါတီ (German Green Party) ဆိုတာ ဖြစ်လာပြီး ၂၀၀၉ ခုနှစ်မှာ ဥရောပပါလီမန်မှာ အစိမ်းရောင်အမတ် ၄၆ ဦးရှိလာတဲ့အထိ ဖြစ်လာတယ်၊ အင်္ဂလန်နိုင်ငံမှာတော့ ၂၀၁၀ ခုနှစ်မှာ ပထမဦးဆုံးအစိမ်းရောင်အမတ် (First Green MP) တစ်ဦး ရွေးချယ်ခံခဲ့ရကြောင်း သိရတယ်၊ ဒါတွေဟာ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်ကနေ နိုင်ငံရေးဘက်ထိ ကူးစက်သွားတဲ့အထိ ကျယ်ပြန့်လာပြီဆိုတာ ပြသနေတဲ့အချက်တွေပါပဲ။

ကုလသမဂ္ဂအဖွဲ့အစည်းတွေရဲ့စီစဉ်ဆောင်ရွက်မှုကြောင့် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုကို အရေးယူဆောင်ရွက်မယ့် ကျိုတိုသဘောတူချက် (Kyoto Protocol) ကို ဂျပန်နိုင်ငံ ကျိုတိုမြို့မှာ ၁၉၉၇ ခုနှစ် ဒီဇင်ဘာ ၁၁ ရက်နေ့မှာ ကျင်းပပြုလုပ်ခဲ့တဲ့ အစည်းအဝေးက ပြုလုပ်နိုင်ခဲ့ပါတယ်၊ ဒီသဘောတူချက်ဟာ ၁၉၉၂ ခုနှစ် ကုလသမဂ္ဂရဲ့ ရာသီဥတုပြောင်းလဲမှုဆိုင်ရာကွန်ဗင်းရှင်း (United Nations Framework Convention on Limited Change- UNFCC) ရဲ့ နိုင်ငံတကာသဘောတူစာချုပ် (International Treaty) အရ ဆောင်ရွက်မှုရဲ့ဆက်စပ်လုပ်ငန်းတွေပါ။

ဒီကျိုတိုသဘောတူချက်စာမှာ အဓိက အချက်နှစ်ချက်ကို အားလုံးသဘောတူဆုံးဖြတ်ခဲ့တယ်၊ (၁) ကမ္ဘာကြီးပူနွေးလာပြီဆိုတာ လက်ခံခြင်း (Global warming exists)၊ (၂) ဒီဖြစ်ရပ်တွေဟာလူသားတွေကြောင့်ဖြစ်လာတဲ့ ကာဗွန်ဓာတ်ငွေ့ထုတ်လုပ်မှုက အဓိကဖြစ်တယ်ဆိုတာပါပဲ၊ ဒါကြောင့် ဒီကာဗွန်ထုတ်လုပ်မှုကို လျှော့ချမယ့်နည်းလမ်းတွေ ရှာဖွေကြရတယ်၊ ကာဗွန်စွန့်ထုတ်ခြင်း၊ အရောင်းအဝယ်ပြုလုပ်ခြင်း (Carbon Emission Trading) ဆိုတာမျိုး တွေးတောလာကြတယ်၊ စက်မှုဖွံ့ဖြိုးတဲ့နိုင်ငံကြီးက စက်ရုံတွေဟာ မိမိတို့စက်ရုံတွေရဲ့ကာဗွန်ထုတ်လုပ်မှုကို လျှော့ချရမယ့်ပမာဏကို မလျှော့ချနိုင်ရင် ပေးဆောင်ရမယ့် ဒဏ်ကြေးငွေကို ကာဗွန်ဓာတ်ငွေ့ကို စုပ်ယူနိုင်တဲ့ ပမာဏရှိတဲ့သစ်တောတွေ၊ ဒီရေတောတွေကို တခြားနိုင်ငံမှာ (ဥပမာ မြန်မာနိုင်ငံ) စိုက်ပျိုးပြီးသတ်မှတ်ထားတဲ့ ငွေပမာဏနဲ့ ပေးရမယ်၊ ဒီလိုဆိုရင် သူတို့လည်း ထုတ်လုပ်မှုလျှော့ချစရာမလိုဘဲ စိုက်ပျိုးပေးရတဲ့ နိုင်ငံလည်း အကျိုးရှိတယ်ပေါ့၊ ဒါပေမယ့် ဒီကာဗွန်အရောင်းအဝယ်ကိစ္စမှာ ဈေးနှုန်းသတ်မှတ်ချက်ကအစ ရှုပ်ထွေးမှုတွေကြောင့် မကျယ်ပြန့်ခဲ့ပါဘူး၊ တရုတ်နိုင်ငံမှာတော့ နိုင်ငံအတွင်းအရောင်းအဝယ်ရှိတယ်၊ အမေရိကန်နှင့် ဥရောပနိုင်ငံတွေမှာ ဒေသအတွင်းမှာသာ အထိုက်အလျောက် အရောင်းအဝယ်ဖြစ်ခဲ့ကြတယ်၊ မြန်မာနိုင်ငံဘက်ကို ဒီစနစ်ရောက်မလာပါဘူး။

ကျိုတိုသဘောတူညီချက်အရ ပထမအဆင့်ဆောင်ရွက်မှုကို ၂၀၀၈ မှာစပြီး ၂၀၁၂ မှာ ပြီးဆုံးပါတယ်။ ၂၀၁၂ ခုနှစ်မှာ ကျိုတိုသဘောတူညီချက်ရဲ့ နောက်ဆက်တွဲ ကာတာ(Qatar)နိုင်ငံ ဒိုဟာမြို့မှာ အဖွဲ့ဝင်နိုင်ငံတွေ စည်းဝေးဆုံးဖြတ်ကြပြီး ဒိုဟာပြင်ဆင်ချက် (Doha amendment ) ဆိုတာ ထပ်လုပ်ကြပါတယ်။ ခြုံပြီးပြောရရင် ကျိုတိုသဘောတူညီချက်ဟာ မပီပြင်ခဲ့ပါဘူး၊ ကနေဒါနိုင်ငံက ၂၀၁၂ ခုနှစ်မှာ အဖွဲ့ဝင်နိုင်ငံက နုတ်ထွက်သွားသလို၊ ကမ္ဘာ့ထိပ်သီး အမေရိကန်နိုင်ငံကလည်း တရားဝင်လက်မှတ်ရေးထိုးခြင်း (Ratification) မလုပ်ခဲ့ဘူးလို့ သိရပါတယ်။

ဒီတော့ နောက်ဆုံး ကျိုတိုသဘောတူချက်ရဲ့နောက်ဆက် ပါရီသဘောတူစာချုပ် (Paris Agreement) ကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၁၂ ရက်နေ့မှာ ပြင်သစ်နိုင်ငံ ပါရီမြို့မှာ ပြုလုပ်ခဲ့ရပါတယ်၊ ဒီနေ့ ကမ္ဘာပေါ်မှာ ကာဗွန်ဓာတ်ငွေ့ထုတ်လုပ်မှုအများဆုံးနိုင်ငံဟာ တရုတ်နိုင်ငံဖြစ်ပြီး ဒုတိယက အမေရိကန်နိုင်ငံပါ၊ ဒီ နှစ်နိုင်ငံရဲ့ကာဗွန်ထုတ်လုပ်မှုက ကမ္ဘာ့ကာဗွန်ထုတ်လုပ်မှု စုစုပေါင်းရဲ့၄၀ ရာခိုင်နှုန်းကျော် ရှိပါတယ်။ ဒီတစ်ကြိမ်မှာတော့ အမေရိကန်သမ္မတ အိုဘားမားနဲ့ တရုတ်နိုင်ငံ သမ္မတကြီး ရှီကျင့်ဖျင်(Xi Jimping) တို့ တက်တက်ကြွကြွ ပါဝင်လာတာမို့ လက်တွေ့ကျတဲ့ လုပ်ငန်းတွေကို လုပ်နိုင်ကောင်းပါရဲ့၊ ဒီပါရီသဘောတူညီချက်အရ (၁) ကမ္ဘာကြီးရဲ့ ပူနွေးမှုကို ၂ ဒီဂရီစင်တီဂရိတ် (၃.၆ ဒီဂရီဖာရင်ဟိုက်) လျှော့ချရန်၊ (၂) ရာသီဥတုပြောင်းလဲမှုဒဏ်ခံနိုင်စွမ်းအား ရှိလာအောင် လုပ်ဆောင်ချက်တွေလုပ်ကြရန် ဒီလိုဆောင်ရွက်ချက်ကြောင့် စွမ်းအင်နှင့် စားသောက်မှုလုပ်ငန်းတွေကို မထိခိုက်ရန်၊ (၃) ဒီလို ကာဗွန်လျှော့ချတဲ့လုပ်ငန်းစဉ်နှင့် ရာသီဥတုပြောင်းလဲမှုခံနိုင်ရည်ရှိအောင်လုပ်မယ့် လုပ်ငန်းတွေအတွက် ဘဏ္ဍာငွေကြေးအစီအစဉ်များချမှတ်ရန် ဆိုတဲ့ လုပ်ငန်းကြီးသုံးခုကို ပါဝင်လက်မှတ်ရေးထိုးတဲ့ နိုင်ငံတွေက ၂၀၂၀ ခုနှစ်ထိ ဆောင်ရွက်ကြရပါမယ်။

ပါရီသဘောတူညီချက်မှာပါဝင်ဖို့ ၂၀၁၆ ခုနှစ် ဧပြီလ ၂၂ ရက်နေ့ကစပြီး ပါဝင်လိုတဲ့နိုင်ငံတွေ လက်မှတ်ရေးထိုးဖို့ ဖွင့်ပေးခဲ့တာ ဒီဇင်ဘာလမှာ နိုင်ငံပေါင်း ၁၃၂ နိုင်ငံ ပါဝင်လက်မှတ်ရေးထိုးပြီး မြန်မာနိုင်ငံအနေနဲ့ ပထမအဆင့် သဘောတူပြီးတာမို့ နောက်ဆုံး သဘောတူလက်မှတ်ရေးထိုးခြင်း (Ratification)ကို မကြာခင် ပါဝင်လက်မှတ်ရေးထိုးတော့မယ်လို့ သိရပါတယ်။

မြန်မာနိုင်ငံဟာ စက်မှုလုပ်ငန်း အလွန်နည်းပါးပါတယ်၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုမှာလည်း ရေအားလျှပ်စစ်က ၇၀ ရာခိုင်နှုန်းလောက်ရှိပြီး၊ ကျောက်မီးသွေးနဲ့ လျှပ်စစ်ထုတ်လုပ်မှုက ၁၂၀ မဂ္ဂါဝပ် စက်ရုံတစ်ရုံပဲရှိတယ်၊ မကြာခဏပျက်နေတဲ့ စက်ရုံမို့ မြန်မာနိုင်ငံရဲ့ ကာဗွန်ထုတ်လုပ်မှုပမာဏဟာ ကမ္ဘာ့အနေနဲ့ဆိုရင် ရာခိုင်နှုန်း ဒသမအနေနဲ့သာ ရှိမှာပါ၊ မြန်မာနိုင်ငံလိုမျိုး ဖွံ့ဖြိုးမှုအနည်းဆုံး L.D.C နိုင်ငံတွေနဲ့ ဖွံ့ဖြိုးမှုနည်းပါး၊ ဖွံ့ဖြိုးဆဲနိုင်ငံတွေဖြစ်တဲ့ အာဖရိက၊ လက်တင်အမေရိကနိုင်ငံတွေက စက်မှုဖွံ့ဖြိုးပြီးနိုင်ငံတွေဟာ သူတို့နိုင်ငံတွေကြီးပွားချမ်းသာအောင် နှစ်ရာစုနဲ့ချီပြီး ကာဗွန်တွေအားရအောင်ထုတ်ခဲ့ပြီး ဆင်းရဲတဲ့ နိုင်ငံငယ်လေးတွေက ခုမှစပြီး ဖွံ့ဖြိုးမှုတွေရအောင်လုပ်မယ့်အချိန်မှာ ကန့်သတ်ချက်တွေဟာ ဖွံ့ဖြိုးတိုးတက်မယ့်လုပ်ငန်းတွေကို အနှောင့်အယှက်ဖြစ်နေတယ်လို့ စောဒကတက်ကြတယ်။

ဒါကြောင့် နိုင်ငံကြီးတွေလုပ်ခဲ့တဲ့လမ်းကြောင်းအတိုင်း နိုင်ငံဖွံ့ဖြိုးအောင် လွတ်လပ်စွာလုပ်ပြီးမှ ဒီသဘောတူညီချက်တွေအတိုင်း လိုက်လုပ်နိုင်မယ် (developing nation should be free to pursue the same economic parts as other have taken previously) ဆိုပြီး ပြောလာကြပါတယ်။ ဒီအချက်ကို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားတွေက လက်မခံနိုင်ကြပါဘူး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးတို့ဟာ ရှုပ်ထွေးနက်နဲစွာ ယှက်နွှယ်နေတာမို့ တသီးတခြားစီခွဲထုတ်လို့မရပါဘူး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်ဖို့ ပျက်ကွက်ခဲ့ရင် ဖွံ့ဖြိုးမှုလည်းခြိမ်းခြောက်ခံရပြီး နိုင်ငံများရဲ့ ပျက်စီးခြင်းလမ်းကြောင်းကိုသာ ရောက်သွားမှာဖြစ်တယ်လို့ ၁၉၈၇ ခုနှစ်က ထုတ်ပြန်တဲ့ (Brundtland Report) ဘရန့်လင်းအစီရင်ခံစာမှာ ဖော်ပြထားပါတယ်။

မြန်မာနိုင်ငံဟာ ကာဗွန်ထုတ်လုပ်မှု အနည်းဆုံးဖြစ်ပေမယ့် ၂၀၀၈ ခုနှစ် မေလကဖြစ်ခဲ့တဲ့ နာဂစ်မုန်တိုင်းကြီးရဲ့ ဒဏ်ကြောင့် လူတစ်သိန်းကျော် သေဆုံးခဲ့ရပါတယ်။ နိုင်ငံကြီးများရဲ့ကာဗွန်ထုတ်လုပ်မှုသားကောင်အဖြစ် ရင်နင့်စွာခံစားခဲ့ရပါတယ်။ ဖွံ့ဖြိုးပြီးနိုင်ငံတွေကတော့ ရာသီဥတုပြောင်းလဲမှုဒဏ်ကိုခံရပေမယ့် သေဆုံးသူက ဆယ်ဂဏန်းပါ၊ အများဆုံး တစ်ရာကျော်ပါ၊ ဒီနေ့ မြန်မာနိုင်ငံဟာ အာဆီယံနိုင်ငံတွေထဲမှာတောင် လျှပ်စစ်ထုတ်လုပ်မှုပမာဏ အနည်းဆုံးနိုင်ငံပါ၊ ချမ်းသာတဲ့ နိုင်ငံကြီးတွေရဲ့ ကာဗွန်စွန့်ထုတ်မှုကြောင့် ဒီလိုမုန်တိုင်းမျိုးအပြင် ပင်လယ်ဆားငန်ရေဝင်လာမယ့်ဒဏ်ကိုလည်း ကမ်းရိုးတန်းဒေသတွေမှာ ဆက်လက်ခံစားရမှာပါ၊ ဒီတော့ ဖွံ့ဖြိုးပြီးနိုင်ငံတွေရဲ့ အကူအညီတွေမရဘဲ ရာသီဥတုပြောင်းလဲမှုနဲ့ပတ်သက်တဲ့ ဥပဒေတွေကိုလိုက်နာဖို့နဲ့ လျှပ်စစ်စွမ်းအင် လုံလောက်အောင်လုပ်ဖို့ဆိုတဲ့ လုပ်ငန်းကြီးနှစ်ခုကြားမှာ အခက်အခဲအကျပ်အတည်းတွေရှိမှာတော့ သေချာပါတယ်။ အမေရိကန်သမ္မတကြီး ဒေါ်နယ်ထရန့်လို ကမ္ဘာ့ထိပ်သီးနိုင်ငံခေါင်းဆောင်ကတောင် အိမ်ဖြူတော်ရောက်ရောက်ချင်း အမေရိကန်ပထမစွမ်းအင်စီမံချက် (America First Energy Plan) ရေးဆွဲရာမှာ အမေရိကန်နိုင်ငံရဲ့ ရာသီဥတုပြောင်းလဲခြင်းအပေါ် ဆောင်ရွက်မယ့်စီမံချက်နဲ့ ရေမူဝါဒနည်းဥပဒေ(Climate Action Plan and The Waters of U.S Rule)တွေဟာ အန္တရာယ်ရှိပြီး မလိုလားအပ်တဲ့ ပေါ်လစီ "harmful and unnecessary policies" များ ဖြစ်တာမို့ ပယ်ဖျက်ပစ်ရမယ်လို့ ပြောလာပါပြီ။

အမေရိကန်သမ္မတ အသစ်စက်စက်ကြီးက ဒီလိုပြောနေချိန်မှာ မြန်မာနိုင်ငံက ပတ်ဝန်းကျင်အတွက် တက်ကြွလှုပ်ရှားသူ (Activists) များရဲ့ လှုပ်ရှားမှုတွေက အားကောင်းနေပါတယ်၊ ကမ္ဘာပေါ်မှာ ၁၉၆၉ ခုနှစ်ကစပြီး ပတ်ဝန်းကျင်ရေးရာနဲ့ဖြစ်စေ၊ အခြားကိစ္စတွေအတွက်ဖြစ်စေ တက်ကြွလှုပ်ရှားသူတွေရဲ့အင်အားတိုးပွားလာတာ ယနေ့ အဖွဲ့အစည်းပေါင်း နှစ်သန်းကျော်ရှိတယ်လို့ သိရပါတယ်၊ မြန်မာနိုင်ငံက တက်ကြွလှုပ်ရှားသူများက ကျောက်မီးသွေးသုံး လျှပ်စစ်ထုတ်လုပ်ခြင်းနှင့် ရေအားလျှပ်စစ်စီမံကိန်းတချို့ကို တက်ကြွစွာကန့်ကွက်နေကြပါတယ်၊ အိမ်နီးချင်းဘင်္ဂလားဒေ့ရှ်နိုင်ငံမှာတော့ မောင်တောက မိုင် ၁၀၀ ကျော်အကွာမှာ ကျောက်မီးသွေးသုံး ၆၀၀ မဂ္ဂါဝပ် စက် နှစ်လုံးတပ်ဆင်မယ့် ၁၂၀၀ မဂ္ဂါဝပ်စက်ရုံတစ်ရုံကို (Clean Coal) နည်းပညာနဲ့ မကြာခင်ဆောင်ရွက်တော့မယ်ဆိုတဲ့ သတင်းကို ကြားနေရပါတယ်။

ဒီတော့ရာသီဥတုပြောင်းလဲမှု သဘောတူစာချုပ်တွေ၊ တက်ကြွလှုပ်ရှားသူတွေရဲ့ကန့်ကွက်မှုတွေကြားမှာ ကာဗွန်စွန့်ထုတ်မှုအနည်းဆုံး မြန်မာနိုင်ငံဟာ နာဂစ်လိုမုန်တိုင်းကြီးရဲ့ဒဏ်ကို ထပ်မံမကြုံအောင် ဝိုင်းဝန်းပြီးအဖြေရှာကြပါစို့ ဟု တိုက်တွန်းလိုက်ရပါကြောင်း။ ။

## ပဲရစ်ကတိကဝတ်နှင့်ကျင့်ဝတ်များအား မြန်မာနိုင်ငံမှ အတည်ပြုလက်မှတ်ရေးထိုး



**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ဖေဖော်ဝါရီ ၂၁ ရက်က ပြင်သစ်နိုင်ငံ ပဲရစ်မြို့တွင် ကျင်းပပြုလုပ်သော ပဲရစ်ကတိကဝတ်များနှင့်ကျင့်ဝတ်များ စတင်အတည်ပြုခြင်း ၁၀ နှစ်ပြည့် ညီလာခံသို့ တက်ရောက်ခဲ့သည်။ အဆိုပါ ညီလာခံ၌ ပြည်ထောင်စုဝန်ကြီးသည် နော်ဝေနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Ms. LAILA BOKHARI နှင့်လည်းကောင်း၊ လက်နက်ကိုင်ပဋိပက္ခအခြေအနေနှင့် ဆက်စပ်နေသောကလေးသူငယ်များဆိုင်ရာ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် Ms. Leila Zerrouguiနှင့် လည်းကောင်း သီးခြားစီတွေ့ဆုံဆွေးနွေးသည်။

ပြည်ထောင်စုဝန်ကြီးသည် ကလေးသူငယ်များအား လက်နက်ကိုင်အဖွဲ့အစည်းများအတွက် စုဆောင်းခြင်းအားတားဆီးခြင်း၊ လက်နက်ကိုင်အဖွဲ့အစည်းများမှ ပြန်လည်နုတ်ထွက်ခွင့်ပေးခြင်း၊ ပြန်လည်ပေါင်းစည်းပေးခြင်းတို့အား ထိရောက်သော အထောက်အကူပေးခြင်း ဆက်စပ်ဆွေးနွေးပွဲသို့တက်ရောက်၍ အဆိုပါအကြောင်းအရာနှင့်ပတ်သက်သော မြန်မာနိုင်ငံမှ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းများအား ရှင်းလင်းဆွေးနွေးသည်။

ထို့အပြင် ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲပိုင်း၌ လက်နက်ကိုင်ပဋိပက္ခအခြေအနေများနှင့်ဆက်စပ်နေသော ကလေးသူငယ်များဆိုင်ရာ ပဲရစ်ကတိကဝတ်နှင့် ကျင့်ဝတ်များအပေါ် မြန်မာနိုင်ငံမှ သဘောတူအတည်ပြုကြောင်း လက်မှတ်ရေးထိုးခဲ့ပြီး အဆိုပါလက်မှတ်ရေးထိုးသည့် အခမ်းအနားသို့ ပြင်သစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး၊ ပြင်သစ်နိုင်ငံဆိုင်ရာမြန်မာသံအမတ်ကြီးနှင့် ယူနီဆက်အမှုဆောင်အရာရှိချုပ်တို့ တက်ရောက်သည်။

အဆိုပါညီလာခံသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်မှူးကြီး ထွန်းထွန်းဝင်းလည်း တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဒုတိယဝန်ကြီး
ဗိုလ်ချုပ် သန်းထွန်း

အစည်းအဝေးတွင် ခန္တီးမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သန်းစိန်၏ **ခန္တီး-ရွှေပြည်သာကျေးရွာ (ကျောက်စိမ်းတွင်းဒေသ) ကားလမ်းအကြားရှိ ချောင်းကြီး၊ ချောင်းငယ်များ၌ အမာခံတံတားများ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ**နှင့်စပ်လျဉ်း၍ မေးမြန်းရာ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် သန်းထွန်းက နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိရာ ခန္တီး-လသာ-ရွှေပြည်သာ-မြကျွန်းသာလမ်း မူလအရှည် ၂၅ မိုင်လမ်းအတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ကျောက်လမ်း ၁၀ မိုင်နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ကျောက်လမ်းငါးမိုင် ဆောင်ရွက်ပေးခဲ့ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ကျောက်လမ်းလေးမိုင်အား အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အဆိုပါလမ်း ၂၅ မိုင်တွင်ဆောင်ရွက်ရန် ကျန်ရှိသော ခြောက်မိုင်အတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ကျောက်လမ်းနှစ်မိုင်နှင့် ၂၀၁၈-၂၀၁၉ ခု ဘဏ္ဍာရေးနှစ်တွင် ကျောက်လမ်းလေးမိုင်အား ထည့်သွင်းလျာထားပေးမည်ဖြစ်ပြီး ရန်ပုံငွေခွင့်ပြုပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ထို့အပြင် ခန္တီး-ရွှေပြည်သာကျေးရွာ (ကျောက်စိမ်းတွင်းဒေသ) ကားလမ်းများအကြားရှိ ချောင်းကြီး၊ ချောင်းငယ်များ၌ အမာခံတံတားများ ဆောက်လုပ်ပေးရန် လိုအပ်မည်ဖြစ်ရာ အဆိုပါလမ်းပေါ်၌ အမာခံတံတားများ၊ Box Culvert များ တည်ဆောက်ခြင်းလုပ်ငန်းများအား ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှစတင်၍ နှစ်အလိုက် ဦးစားပေးအစီအစဉ်အလိုက် ရန်ပုံငွေခွင့်ပြုဝင်ဆံ့မှုနှင့်အညီ ထည့်သွင်းလျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။



ခန္တီးမဲဆန္ဒနယ်မှ လွှတ်တော်
ကိုယ်စားလှယ် ဦးအောင်သန်းစိန်

နန်းယွန်းမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးဝမ်းလှ၏ **နန်းယွန်းမြို့နယ်ရှိ ကျေးရွာချင်းဆက်လမ်းများဖြစ်သော ဖာကျက်-ဆန်းကိုင်-လားဟောင်-ငိုင်မောင်း- လားမား ၂၅ မိုင်၊ ပါပုန်-ချောင်းဆုံ-ကေးဆန်လုံခေါင်းလမ်း ၂၇ မိုင်၊ ယန်းနော်နုတ်ညို -ဆာလင်-ကေးဆန်နုတ်ညို - ဘောက်လွန်းလမ်း ၁၅ မိုင်၊ ကြူယန်းနုတ်ညို-ကျောက်ခေါ်-ဟရိုတ်နုတ်ညို-လုံခေါလမ်း ၁၅ မိုင်၊ နန်းယွန်း-ပန်းဆောင်တပ်ရှောင်လမ်း ရှစ်မိုင်တို့အား ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် တစ်ကြောင်းထိုးမြေသားလမ်း ဖောက်လုပ်ပေးရန်အစီအစဉ် ရှိ၊ မရှိ**နှင့်စပ်လျဉ်း၍မေးမြန်းရာ ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွန်းက လွှတ်တော်ကိုယ်စားလှယ်၏မေးမြန်းချက်ပါ လမ်းများအနက် ယန်းနော်နုတ်ညို-ဆာလင်-ကေးဆန်နုတ်ညို- ဘောက်လွန်းလမ်း ၁၅ မိုင်အတွက် နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် မြေလမ်း ၁၀ မိုင်နှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် မြေလမ်းငါးမိုင် ဆောင်ရွက်ပေးရန် လျာထားပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်၏ မေးမြန်းချက်ပါကျန်ရှိသော တစ်ကြောင်းထိုးလမ်း ဆက်လက်ဖောက်လုပ်ဆောင်ရွက်နိုင်ရန်အတွက် ပြည်နယ်အစိုးရအဖွဲ့၏ သဘောထားမှတ်ချက်၊ အကျိုးပြုကျေးရွာ၊ အိမ်ထောင်စု၊ လူဦးရေ၊ ဒေသပေါက်ဈေးဖြင့် ကုန်ကျမည့် ခန့်မှန်းခြေစာရင်း၊ လုပ်ငန်းဆောင်ရွက်မည့်နေရာ၏ မြေပုံကြမ်းတို့ကို သက်ဆိုင်ရာဒေသတာဝန်ရှိသူများမှ စနစ်တကျကွင်းဆင်းလေ့လာသုံးသပ်တင်ပြစေမည် ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ လွှတ်တော်ကိုယ်စားလှယ်၏မေးမြန်းချက်ပါ ကျန်မြေလမ်းများ ဆက်လက်ဖောက်လုပ်နိုင်ရန်အတွက် လိုအပ်သောအချက်အလက်များအား သက်ဆိုင်ရာဒေသမှ တင်ပြလာပါက နယ်စပ်ရေးရာဝန်ကြီးဌာန၏ ငါးနှစ်စီမံကိန်းတွင် ထည့်သွင်းရေးဆွဲ၍ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှစ၍ ရန်ပုံငွေခွင့်ပြုဝင်ဆံ့မှုနှင့်အတူ လုပ်ငန်းဦးစားပေးအလိုက် စိစစ်လျာထားတင်ပြဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

တန့်ယန်းမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမောင်ပွင့်၏ **မိုင်းကောင်ကျေးရွာအုပ်စု၊ မန်ကျောင်း၊ နောင်အက်၊ ပန်ဟိုက်၊ နမ့်လောင်းရွာချင်းဆက်လမ်း ၁၀ မိုင်အား ကျောက်လမ်းခင်းပေးရန်၊ နားကော်ကျေးရွာအုပ်စု၊ ခိုတုံလမ်းခွဲမှ မန်ပိန်း၊ လုံကျိန်၊ နောင်မိုရွာအထိ မြေသားလမ်းခုနစ်မိုင် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ**နှင့် စပ်လျဉ်း၍ မေးမြန်းရာ ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွန်းက လွှတ်တော်ကိုယ်စားလှယ်တော်ကြီး မေးမြန်းခဲ့သည့် လမ်းနှစ်လမ်းနှင့်ပတ်သက်၍ တန့်ယန်းမြို့နယ်၊ *စာမျက်နှာ ၈ သို့*

# နှစ်အလိုက် ပြဋ္ဌာန်းဥပဒေစာအုပ်များတွင် နည်းဥပဒေပြဋ္ဌာန်းချက်များကို ထည့်သွင်းပုံနှိပ်ထုတ်ဝေခြင်းသည် ယင်းစာအုပ်များကိုထုတ်ဝေသည့် ဌာန၊ အဖွဲ့အစည်း၏အစီအစဉ်ဖြင့် ဆောင်ရွက်ခြင်းဖြစ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

ဥပဒေနှင့် နည်းဥပဒေများ ပူးတွဲပါဝင်သောဥပဒေစာအုပ်များ ပုံနှိပ်ထုတ်ဝေရန် ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာအဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများနှင့် ဆက်သွယ်ညှိနှိုင်းပြီး စိတ်ဝင်စားသူများ၊ ကျွမ်းကျင်သူများအကူအညီဖြင့် ပုံနှိပ်ထုတ်ဝေနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးနိုင်ပါကြောင်း ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့်က ပြောကြားသည်။

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၂)မှ ဦးဌေးဦး၏ **အတည်ပြုပြဋ္ဌာန်းလိုက်သော နည်းဥပဒေများကို အများပြည်သူ ပွင့်လင်းမြင်သာစွာ လိုက်နာစောင့်ကြည့်နိုင်ရန်အတွက် နိုင်ငံတော်မှထုတ်ဝေသော နှစ်အလိုက် ပြဋ္ဌာန်းဥပဒေစာအုပ်များတွင် နည်းဥပဒေပြဋ္ဌာန်းချက်များကိုလည်း ယခင်ခေတ်များအတိုင်း ထည့်သွင်းဖော်ပြပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဖြေကြားရာ၌ အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့အပြင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ခေတ်အဆက်ဆက် ပြဋ္ဌာန်းခဲ့သည့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို နိုင်ငံတော်က ပုံနှိပ်ထုတ်ဝေခြင်းနှင့်ပတ်သက်၍ ယင်းကာလတွင် ဥပဒေပြုရေးတာဝန်ထမ်းဆောင်သည့် နိုင်ငံတော်၏အဖွဲ့အစည်းများက ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း။

ထိုသို့ ဆောင်ရွက်ရာတွင် နှစ်အလိုက် ပုံနှိပ်ထုတ်ဝေခြင်းရှိသကဲ့သို့ ကာလအလိုက် ပုံနှိပ်ထုတ်ဝေခဲ့ခြင်းလည်းရှိပါကြောင်း၊ ထို့အတူ ဥပဒေများကိုသာ ပုံနှိပ်ထုတ်ဝေသကဲ့သို့ ဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်များနှင့် ကြေညာချက်များကို စုပေါင်း၍ ပုံနှိပ်ထုတ်ဝေသည့် ခုနှစ်နှင့်ကာလများလည်းရှိပါကြောင်း၊ ယခုလက်ရှိအခြေအနေတွင် ပြည်ထောင်စုလွှတ်တော်ကပြဋ္ဌာန်းသည့် ဥပဒေများကို ပြည်ထောင်စုလွှတ်တော်ရုံးက နှစ်အလိုက် ပုံနှိပ်ထုတ်ဝေလျက်ရှိပါကြောင်း။

နှစ်အလိုက် ပြဋ္ဌာန်းဥပဒေစာအုပ်များတွင် နည်းဥပဒေပြဋ္ဌာန်းချက်များကို ထည့်သွင်းပုံနှိပ်ထုတ်ဝေခြင်းသည် ယင်းစာအုပ်များကို ထုတ်ဝေသည့် ဌာန၊ အဖွဲ့အစည်း၏အစီအစဉ်ဖြင့် ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးအနေဖြင့် နှစ်အလိုက် ပြဋ္ဌာန်းဥပဒေစာအုပ်များကို ပုံနှိပ်ထုတ်ဝေရာတွင် အဆိုပါနှစ်အတွင်း ပြဋ္ဌာန်း၊ ထုတ်ပြန်ခဲ့သည့် ဥပဒေ၊ နည်းဥပဒေများ၊ အမိန့်များ၊ ကြေညာချက်များနှင့် လုပ်ထုံးလုပ်နည်းများ၏ အရေအတွက်နှင့် ပမာဏကို မူတည်၍ နှစ်အလိုက် ပြဋ္ဌာန်းဥပဒေစာအုပ်များတွင် နည်းဥပဒေများ၊ အမိန့်များ၊ ကြေညာချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ထည့်သွင်းပုံနှိပ်ထုတ်ဝေရန် စိစစ်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ဆက်လက်၍ အတည်ပြုပြဋ္ဌာန်းလိုက်သည့် ဥပဒေ၊ နည်းဥပဒေများကို ဥပဒေရေးဆွဲသည့် သက်ဆိုင်ရာ နိုင်ငံတော်အဖွဲ့အစည်းများနှင့် ဝန်ကြီးဌာနများက ၎င်းတို့၏အစီအစဉ်ဖြင့် ပုံနှိပ်ထုတ်ဝေဖြန့်ချိလျက်ရှိသည်ကို တွေ့ရပါကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် အတည်ပြုထုတ်ပြန်လိုက်သည့် ဥပဒေ၊ နည်းဥပဒေများကို မြန်မာနိုင်ငံတော်ပြန်တမ်းတွင် ဥပဒေ၊ နည်းဥပဒေများထုတ်ပြန်သည့် ကာလအလျောက် ထည့်သွင်းဖော်ပြ ဖြန့်ချိပေးလျက်ရှိပါကြောင်း ပြည်ထောင်စုဝန်ကြီးက ဖြေကြားသည်။



ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်
အမှတ်(၂)မှ ဦးဌေးဦး

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)မှ ဦးဝင်းမောင်၏ **မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ဖောင်းလင်းကျေးရွာအုပ်စု ဖောင်းလင်းမြို့မရွာ၌ မီးသတ်စခန်း အဆောက်အအုံနှင့် မီးသတ်ကားကို နိုင်ငံတော်မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ချထားပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက မကွေးတိုင်းဒေသကြီးအတွင်း နယ်မြေမီးသတ်စခန်း ၆၉ ခု အနက် နယ်မြေမီးသတ်စခန်း ၁၈ ခုတွင် မီးသတ်စခန်းအဆောက်အအုံများ ဆောက်လုပ်ပေးခဲ့ပြီး စခန်း ၅၁ ခုတွင် မီးသတ်စခန်းအဆောက်အအုံ ဆောက်လုပ်ပေးရန် ကျန်ရှိနေပါကြောင်း၊ အလားတူ နယ်မြေမီးသတ်စခန်း ၂၃ ခုတွင် ဖွဲ့စည်းပုံနှင့်အညီ မီးသတ်ယာဉ်များ ဖြည့်တင်းပေးခဲ့ပြီး စခန်း ၄၆ ခုတွင် မီးသတ်ယာဉ်များ ဖြည့်တင်းရန် ကျန်ရှိနေပါကြောင်း။

မကွေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနအနေဖြင့် ဖွဲ့စည်းပုံခွင့်ပြုမိန့်ရရှိပြီးသည့် နယ်မြေမီးသတ်စခန်းများကို ဖွဲ့စည်းပုံနှင့်အညီ အဆောက်အအုံဆောက်လုပ်ခြင်း၊ ဝန်ထမ်းနေအိမ်များဆောက်လုပ်ခြင်း၊ ယာဉ်နှင့် စက်များဖြည့်တင်းပေးခြင်းတို့ကို ဘဏ္ဍာနှစ်အလိုက် ဖြည့်တင်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ဖောင်းလင်းကျေးရွာတွင် နယ်မြေမီးသတ်စခန်းဖွင့်လှစ်ရန် ဖွဲ့စည်းပုံခွင့်ပြုထားခြင်းမရှိသည့်အတွက် လတ်တလောအခြေအနေတွင် မီးသတ်စခန်းအဆောက်အအုံနှင့် မီးသတ်ယာဉ် ဖြည့်တင်းပေးရန် အစီအစဉ်မရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၉)မှ ဦးမြင့်ဆွေ၏ **မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ မြကန်သာပန်းခြံမြေနေရာ ၂၅ ဒသမ ၂၀ ဧကကို အမှတ် (၂၃၅) ခြေလျင်တပ်ရင်းမှ စည်ပင်သာယာရေးအဖွဲ့သို့ လွှဲပြောင်းပေးအပ်နိုင်ခြင်း ရှိ၊ မရှိ သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်က မြကန်သာပန်းခြံမြေ ၂၅ ဒသမ ၂၀ ဧကသည် အမှတ် (၂၃၅) ခြေလျင်တပ်ရင်း၏ တပ်ပိုင်မြေအဖြစ် ပြည်ထဲရေးအမိန့်များ ရှိပြီးဖြစ်ကြောင်း၊ ပခုက္ကူမြို့တွင် အခြားပန်းခြံများရှိပြီးဖြစ်၍ တပ်နယ်ပန်းခြံအဖြစ် ဆက်လက်ထားရှိရန်လိုအပ်ကြောင်း၊ မြေငှားရမ်းခငွေများကို ကာကွယ်ရေးဝန်ကြီးဌာန ရငွေစာရင်းသို့ နှစ်စဉ်ပေးသွင်းလျက်ရှိကြောင်းနှင့် တပ်ရင်း၏လုံခြုံရေးကို ထိခိုက်စေနိုင်ခြင်းတို့ကြောင့် လွှဲပြောင်းပေးအပ်နိုင်ခြင်း မရှိကြောင်း ဖြေကြားသည်။

ယင်းနောက် **“ရေနံလက်ယက်တွင်းဆိုင်ရာဥပဒေကြမ်း”**နှင့် စပ်လျဉ်း၍ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၁)မှ ဦးကျော်ဆွေက မြိုင်မြို့နယ်နှင့် ပေါက်မြို့နယ်တို့တွင် ရေနံတွင်းတိမ်တူးသည့် လုပ်ငန်းများရှိပါကြောင်း၊ ဒီရေနံတွင်းတိမ်တူးသော မဲဆန္ဒရှင်ပြည်သူများနှင့်တွေ့ဆုံပြီး ရေနံတွင်းအနက်ကိုမေးသည့်အခါ ပေ ၁၈၀၀၊ ၁၉၀၀၊ ၂၀၀၀ ရှိသည်ဟု သိရကြောင်း၊ ရေနံတွင်းအနက်ပေကို ၁၀၀၀၊ ၁၂၀၀ သာ အတည်ပြုမည်ဆိုပါက လူဦးရေသိန်းဆယ်ဂဏန်းနှင့်ချီပြီး မှီခိုနေရသည့် ယင်းလုပ်ငန်းကြီး ရပ်ဆိုင်းရတော့မည် ဖြစ်ပါကြောင်း။



ပြည်ထောင်စုဝန်ကြီး
ဒေါက်တာ ဖေမြင့်

လူပေါင်းများစွာ၏ ဘဝကို ပြောင်းလဲသွားစေနိုင်သကဲ့သို့ အဂတိလိုက်စားမှု၊ အလွဲသုံးစားမှု၊ လာဘ်ပေးလာဘ်ယူခြစားမှုများ ဖြစ်ပေါ်လာစေနိုင်သည့်အတွက် အနက်ပေ ၁၀၀၀ ထက်မပိုသော စကားရပ်အစား အနက်ပေ ၂၀၀၀ ထက်မပိုသောဆိုသည့်စကားရပ်နှင့် အစားထိုးပြင်ဆင်သင့်ပါကြောင်း ဆွေးနွေးသည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၀)မှ ဒေါက်တာကျော်ငွေက ရေနံလက်ယက်တွင်းဆိုင်ရာဥပဒေကို အရပ်သား ရေနံထုတ်လုပ်တူးဖော်မှုဆိုင်ရာ ဥပဒေဟုပြောင်းလဲပြင်ဆင်သင့်ပါကြောင်းနှင့် လက်ယက်တွင်းအနက်ကို ပေ ၁၅၀၀နှင့် ၂၀၀၀ ကြားဟု သတ်မှတ်သင့်ပါကြောင်း ဆွေးနွေးသည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၉)မှ ဦးမြင့်ဆွေက ရေနံလက်ယက်တွင်းဆိုင်ရာ ဥပဒေကြမ်း အပိုဒ်(၂) အပိုဒ်ခွဲ(ဂ)တွင်ပါရှိသည့် ရေနံလက်ယက်တွင်းဆိုသည်မှာ လိုင်စင်ပါစည်းကမ်းချက်များနှင့်အညီ လူအင်အား (သို့မဟုတ်) စက်အင်အား (သို့မဟုတ်) အင်အားနှစ်ရပ်လုံးဖြင့် အနက်ပေ ၁၂၀၀ ထက်မပိုသော ရေနံတူးဖော်ထုတ်လုပ်သည့်တွင်းကို ဆိုသည့် အပိုဒ်မှ အနက်ပေ ၁၂၀၀ ထက်မပိုသော စကားရပ်ကို ဖြုတ်သိမ်းသင့်ပါကြောင်း ဆွေးနွေးသည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)မှ ဦးဝင်းမောင်က ဥပဒေဆိုသည်မှာ ပြည်သူ့နယ်ပယ်တွင် လက်တွေ့ကျသည့်၊ ပြည်သူများလိုက်နာနိုင်သည့်၊ ထိရောက်သည့် အပြစ်ပေးအရေးယူမှုများ ပါဝင်သည့်ဥပဒေတစ်ရပ်ဖြစ်ရန် အရေးကြီးပါကြောင်း၊ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်အတိုင်း ရေနံတွင်းတိမ်အနက်ကို ပေ ၁၂၀၀ သာ သတ်မှတ်ပါက လက်တွေ့နှင့် ပေ ၈၀၀ ကွာခြားနေပါကြောင်း၊ ထို့ကြောင့် အမှန်လုပ်ကိုင်နေသူများကို ဥပဒေပြင်ပသို့ တွန်းပို့နေသကဲ့သို့ဖြစ်နေပြီး မလိုလားအပ်သည့်ပြဿနာများ ပေါ်ပေါက်လာနိုင်ပါကြောင်း၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ ရေနံထုတ်လုပ်မှုကို ထိခိုက်မှုမရှိပါက တိုင်းပြည်၏ အခွန်ဘဏ္ဍာတိုးတက်ရေးနှင့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ တိုးတက်ရေးကိုရှေးရှုပြီး ရေနံတွင်းတိမ်အနက်ကို ပေ ၂၀၀၀ ပြင်ဆင်သင့်ပါကြောင်း ဆွေးနွေးသည်။

လွှတ်တော်ဥက္ကဋ္ဌက ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များကို အမျိုးသားလွှတ်တော်ဥပဒေကြမ်း ကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်ရန် ဆုံးဖြတ်သည်။

ဥပဒေကြမ်းကော်မတီဝင် ဦးကျော်ကျော်က **“၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံစာစစ်အဖွဲ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း”**နှင့် စပ်လျဉ်း၍ လေ့လာတွေ့ရှိချက်နှင့် သုံးသပ်ချက်များ ပါဝင်သော ကော်မတီ၏အစီရင်ခံစာကို ဖတ်ကြားသည်။

လွှတ်တော်ဥက္ကဋ္ဌက ယင်းဥပဒေကြမ်းအား လွှတ်တော်၏အဆုံးအဖြတ်ရယူ၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုခဲ့သည်။

**မော်စီ၊ ဝေသူနွယ်၊ မွှေးကြူဇင်**
**(သတင်းစဉ်)**

# ဆုကြေးချီးမြှင့်မှုများကို ပယ်ဖျက်ရန်မသင့်ကြောင်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးပြောကြား

နေပြည်တော် ဖေဖော်ဝါရီ ၂၂

**တရားမဝင် အထူးကုန်စည် ဖမ်းဆီးရမိမှုအပေါ်မှ ဆုကြေးချီးမြှင့်ခြင်းနှင့်ပတ်သက်၍ ဥပဒေကြမ်း၏ အပိုဒ် ၃၈ ကို ပယ်ဖျက်ရန် မသင့်ပါကြောင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ဖေဖော်ဝါရီ ၂၀ ရက်က ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေး၏ ၂၀၁၇ ခုနှစ် အခွန်အကောက်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးမှုများကို ပြန်လည်ရှင်းလင်းစဉ် ထည့်သွင်းပြောကြားခဲ့သည်။**

ထိုသို့ပြောကြားခြင်းမှာ ဖေဖော်ဝါရီ ၁၇ ရက်တွင် ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ၂၀၁၇ ခုနှစ် အခွန်အကောက်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးစဉ် လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးက ဥပဒေကြမ်း၏ အပိုဒ် ၃၈ ကိုပယ်ဖျက်ရန် အဆိုပြုတင်ပြခြင်းကြောင့် ဖြစ်သည်။

၂၀၁၇ ခုနှစ် အခွန်အကောက်ဥပဒေကြမ်း၏ အပိုဒ် ၃၈ တွင် "အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်များ ရရှိပိုင်ဆိုင်ထားခြင်းအတွက် အထူးကုန်စည်ခွန်ဥပဒေပုဒ်မ ၂၂၊ ပုဒ်မခွဲ(ဂ) အရ တပ်ရိုက်သည့် ဒဏ်ငွေအဖြစ် ကောက်ခံရရှိငွေ၏ ၂၀ ရာခိုင်နှုန်းအား သတင်းပေးတင်ပြသူကို လည်းကောင်း၊ ၃၀ ရာခိုင်နှုန်းကို ရှာဖွေဖမ်းဆီးသည့်အဖွဲ့အား လည်းကောင်း ဆုကြေးအဖြစ် ချီးမြှင့်ရမည်။ သတင်းပေးတင်ပြသူ မည်သူမည်ဝါဖြစ်ကြောင်းကို အစိုးရကိစ္စမှတစ်ပါး ဖော်ထုတ်ခြင်းမပြုရ"ဟု ပါရှိသည်။

ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သောဆေးဝါးများဥပဒေအရ ဖမ်းဆီးမှုအပေါ်တွင် လည်းကောင်း၊ တရားမဝင်ပစ္စည်းများ ဖမ်းဆီးရမှုအပေါ်တွင် လည်းကောင်း ဆုကြေးငွေချီးမြှင့်မှုများ ဆောင်ရွက်ပေးလျက်ရှိသည့်နည်းတူ တရားမဝင် အထူးကုန်စည် ဖမ်းဆီးရမိမှုအပေါ်မှ ဆုကြေးချီးမြှင့်ခြင်းနှင့်ပတ်သက်၍ ဥပဒေကြမ်း၏ အပိုဒ် ၃၈ ကို ပယ်ဖျက်ရန်မသင့်ပါကြောင်းနှင့် အတည်ပြုပေးသင့်ပါကြောင်း ပြောကြားသည်။

အထူးကုန်စည်ခွန် ဥပဒေ ၃၃ ပုဒ်မခွဲ(ခ)တွင် အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်များ ရရှိပိုင်ဆိုင်ထားခြင်းအတွက် တပ်ရိုက်သည့်ဒဏ်ငွေ၊ ကောက်ခံရငွေအပေါ် ပြည်ထောင်စုလွှတ်တော်က သတ်မှတ်ပေးသည့် ရာခိုင်နှုန်းအချိုးအတိုင်း ဆုကြေးငွေ ချီးမြှင့်နိုင်သည်ဟု ပြဋ္ဌာန်းထားပြီး ပြဋ္ဌာန်းချက်နှင့်အညီ ချီးမြှင့်နိုင်သည့် ဆုကြေးငွေ ရာခိုင်နှုန်းအချိုးကို ဤအခွန်အကောက်ဥပဒေ၌ သတ်မှတ်ပေးခြင်းဖြစ်သည်။

အထူးကုန်စည်ခွန်ဥပဒေသည် အခြားနိုင်ငံများတွင် ကျင့်သုံးသည့် ယစ်မျိုးခွန်ကဲ့သို့သော သီးခြားသတ်မှတ်သည့် အထူးကုန်စည်အမျိုးအစားအပေါ် ကောက်ခံသည့်အခွန်အမျိုးအစားဖြစ်ပါကြောင်း၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေအရ နှုန်းမြင့် အခွန်နှုန်းများနှင့် ထမ်းဆောင်နေရသည့် အထူးကုန်စည်များကို သီးခြားဥပဒေတစ်ရပ်အဖြစ် ကောက်ခံနိုင်ရေး ဆောင်ရွက်နေခြင်းဖြစ်ကြောင်း ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းထံမှ သိရသည်။

ပြည်ပမှ တရားမဝင် ဝင်ရောက်ပြီး ဈေးကွက်အတွင်း ရောင်းချနေသည့် အထူးကုန်စည်များ၊ ပြည်တွင်းတွင် ထုတ်လုပ်ပြီး ကျသင့်သည့် အထူးကုန်စည်ခွန်မထမ်းဆောင်ရသေးသည့်ကုန်စည်များကို အထူးကုန်စည်ခွန်ဥပဒေနှင့်အညီ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူခြင်း၊ ဒဏ်ငွေတပ်ရိုက်ခြင်းတို့ကို ဆောင်ရွက်ရခြင်းဖြစ်ကြောင်း သိရသည်။

ဥပဒေနှင့်အညီ အထူးကုန်စည်ခွန်ထမ်းဆောင်နေသော ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များကို အကာအကွယ်ပေးနိုင်ရန်နှင့် ဥပဒေ၏သက်ရောက်စိုးမိုးမှုရရှိစေရေးအတွက် အခွန်ပေးဆောင်ခြင်းမရှိသည့် အထူးကုန်စည်များကို ဈေးကွက်အတွင်း ဖော်ထုတ်သိမ်းဆည်းပြီး အဆိုပါ ဖမ်းဆီးရမိမှုအပေါ်မှ ဆုကြေးငွေချီးမြှင့်ခြင်းကို ဆောင်ရွက်ရန် လိုအပ်ခြင်းဖြစ်ပါကြောင်း ဒုတိယဝန်ကြီးက ပြောကြားသည်။

**သူရဇော်(သတင်းစဉ်)**

## သုံးခွမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၏ စီစဉ်မှုဖြင့် သောက်သုံးရေကန် ခုနစ်ကန်တူးဖော်မည်

**သုံးခွ ဖေဖော်ဝါရီ ၂၂**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်ရှိ ကျေးရွာများ၌ နွေရာသီကာလ၌ သောက်သုံးရေအခက်အခဲမရှိစေရန် မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်စုစုလွင်၏ စီစဉ်မှုဖြင့် နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေဖြင့် ပေ ၁၀၀ ပတ်လည် အနက်ခြောက်ပေ မြေသားရေကန်ခုနစ်ကန်တူးဖော်ခြင်းနှင့် ခြံစည်းရိုးခတ်ခြင်း၊ ရေတုံကင်ပြုလုပ်ခြင်းများ ဆောင်ရွက်မည်ဟု သိရသည်။

ယခုလောလောဆယ်တွင် အနောက်တံခွန်တိုင် အိသယျ၊ လက်ပန်၊ လသာကုန်း ကျေးရွာများ၌ ဖေဖော်ဝါရီ ၂၁ ရက်က တူးဖော်ပြီးစီးခဲ့သည်။ ဆက်လက်၍ တမံကြီး၊ ကျွဲခိုးကန်၊ သခွတ်ကုန်းကျေးရွာတို့၌ ဆက်လက်တူးဖော်မည်ဖြစ်ကြောင်း သောက်သုံးရေကန်များ ပြီးစီးသွားပါက နောင်နှစ်များတွင် သောက်သုံးရေအတွက် အဆင်ပြေမည်ဖြစ်ကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

## ဇော်မင်းမင်းဦး၏ ပတ္တမြားကဗျာများ စာအုပ်ထုတ်ဝေဖြန့်ချိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

ကဗျာဆရာ ဇော်မင်းမင်းဦး၏ ပတ္တမြားကဗျာများ စာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရှိရသည်။

ထိုစာအုပ်တွင် စာရေးသူ၏ ၂၀၀၂ ခုနှစ်မှ ၂၀၁၆ ခုနှစ်အတွင်း ရေးသားခဲ့သော ကဗျာများအနက်မှ လက်ရွေးစင်ရွေးချယ်စုစည်းလျက် တတိယမြောက် ကဗျာပေါင်းချုပ်စာအုပ်အဖြစ် ထုတ်ဝေလိုက်ခြင်းဖြစ်ပြီး စုစုပေါင်း ကဗျာ ၇၈ ပုဒ်ပါရှိသည်။

ကဗျာမြတ်နိုးသူတစ်ဦးက "ဤကဗျာစာအုပ်ကို ပြုစုသော ကဗျာရှင်သည် ယခုအခါ၌ ဘဝခရီးကို ဘဝအတွေ့အကြုံများစွာဖြင့် ဖြတ်သန်းလာခဲ့ရသူ ဖြစ်သည်။ သူ၏ ဘဝခရီးလမ်းဝယ် ပန်းတို့လည်း လွှမ်းခဲ့ပေလိမ့်မည်။ ဆူးတို့လည်း ပွေ့မ်းခဲ့ပေလိမ့်မည်။ ပန်းလွှမ်းဆူးလွှမ်း ခရီးလမ်းပေါ်ဝယ် သူကြုံတွေ့ခံစားရသော ဝေဒနာအဆန်းဆန်းသည် ကဗျာပန်းများအဖြစ် ထပ်ဆင့် ပွင့်လန်းလာခဲ့ပေလိမ့်မည်ဟု ယူဆမိသည်တည်း"ဟု နဝရတ် ကိုးသွယ်မြတ်နိုးဖွယ် ခေါင်းစဉ်ဖြင့် ကဗျာစာအုပ်တွင် အမှာစာရေးသားရာ၌ ထည့်သွင်းရေးသားထားသည်။

စာအုပ်ကို နိုင်ငံ့ဂုဏ်ရည်စာပေတိုက်က တစ်အုပ်လျှင် ငွေကျပ် ၂၀၀၀ ဖြင့် ထုတ်ဝေဖြန့်ချိကြောင်း သိရှိရသည်။

**(မြန်မာ့အလင်း)**




*စာမျက်နှာ ၇ မှ*

နားကော်ကျေးရွာအုပ်စု ခိုတုံလမ်းခွဲမှ မန်ပိန်း၊ လုံကျိန်၊ နောင်မိုရွာအထိ မြေသားလမ်းခုနစ်မိုင် ဖောက်လုပ်ခြင်းလုပ်ငန်းအတွက် ငွေကျပ် ၁၅၃ ဒသမ ၅၀၃၀ သန်းနှင့် ယင်းလမ်းပေါ်တွင် ငါးပေ Box Culvert ၁၂ ခု ဆောက်လုပ်ခြင်းအတွက် ငွေကျပ် ၂၅ ဒသမ ၂၀ သန်းတို့အား ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေတွင် လျာထားဆောင်ရွက်ပြီးဖြစ်ကြောင်းကို ဒေသတင်ပြချက်အရ သိရှိရပါကြောင်း၊ မေးခွန်းတွင် ပါဝင်သည့် ကွန်ကရစ်တံတားလေးစင်းမှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဆောင်ရွက်ရန် လျာထားသည့် ခိုတုံလမ်းခွဲမှ နောင်မိုရွာ ခုနစ်မိုင်မြေလမ်းပေါ်တွင်သာ လိုအပ်ကြောင်းနှင့် မန်ကျောင်း-နမ့်လောင်းရွာချင်းဆက်လမ်း ၁၀ မိုင်လမ်းပေါ်တွင် ငါးပေ Box Culvert ငါးခုနှင့် သုံးပေ ကွန်ကရစ်ရေပြွန် ငါးစင်းသာလိုအပ်မည်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ ကျန်ရှိသော မန်ကျောင်း၊ နောင်အက်၊ ပန်ဟိုက်၊ နမ့်လောင်းရွာချင်းဆက် ၁၀ မိုင်လမ်း ကျောက်ခင်းခြင်းနှင့် ယင်းလမ်းပေါ်တွင် လိုအပ်မည့် ငါးပေ Box Culvert ငါးခုနှင့် သုံးပေ ကွန်ကရစ်ရေပြွန် ငါးစင်းတို့အား ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်ပြလာပါက ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ရန်ပုံငွေလျာထားချိန်တွင် အဆိုပြုထည့်သွင်းလျာထားနိုင်ရေး တင်ပြဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ပေါင်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်မိကွန်ချမ်းက **နိုင်ငံတစ်ဝန်းလုံးရှိ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များကို ထိခိုက်နစ်နာစေပြီး ပြည်သူအများသဘောမတွေ့ လက်မခံသော နှစ်ရှည်စီမံကိန်းများနှင့် ခေတ်အဆက်ဆက် အစိုးရမှခွင့်ပြုထားသည့်လုပ်ငန်းများကို ပြန်လည်စိစစ်ပေးပါရန် ပြည်ထောင်စုအစိုးရကို တိုက်တွန်းကြောင်းအဆိုကို**တင်သွင်းရာ တောင်ကုတ်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်နီနီမြေမြင့်က ထောက်ခံဆွေးနွေးပြီး အဆိုနှင့်စပ်လျဉ်း၍ လက်ခံဆွေးနွေးရန် သင့်မသင့်ကို လွှတ်တော်၏ အဆုံးအဖြတ်ကိုရယူရာ လွှတ်တော်၏ ဆုံးဖြတ်ချက်ဖြင့် လက်ခံဆွေးနွေးမည်ဖြစ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာပြီး ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

မိုးမောက်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းအောင် တင်သွင်းသည့် **မြန်မာနိုင်ငံအတွင်းရှိ ထီထိုးသူပြည်သူလူထုများ အဆင်ပြေစေရန်၊ ဆင်းရဲမွဲတေမှုပပျောက်ရေးနှင့် မှုခင်းလျှော့ချရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေသော အောင်ဘာလေထီရောင်းရငွေ၏ အခွန် ၄၀ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းအား အောင်ဘာလေ သိန်းထီဆုအဖြစ် ထည့်သွင်းပေးပြီး ထီရောင်းရငွေမှ အခွန်ငွေ ၃၀ ရာခိုင်နှုန်းသာ ကောက်ခံသင့်ပါကြောင်း ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို** လွှတ်တော်ကိုယ်စားလှယ်လေးဦးက လက်ခံဆွေးနွေးသည်။

စဉ့်ကိုင်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ဒေါ်ကြည်မို့မို့လွင်က မြန်မာနိုင်ငံတွင် အောင်ဘာလေထီမှ အခွန်ရငွေသည် တစ်နှစ်လျှင် ၂၈ ဘီလီယံဖြစ်သည့်အတွက် စုစုပေါင်းရောင်းရငွေမှာ ၆၀ ဘီလီယံ တစ်နည်းအားဖြင့် အမေရိကန်ဒေါ်လာ ၀ ဒသမ ၀၅ ဘီလီယံအထိ ရှိနေပါကြောင်း၊ လူဦးရေကွာခြားမှုမရှိသည့် ထိုင်းနိုင်ငံတွင် ထိုင်းဘတ် ၇၆ ဘီလီယံ တစ်နည်းအားဖြင့် အမေရိကန်ဒေါ်လာ ၂ ဒသမ ၃ ဘီလီယံရရှိသည်ဟု သိရှိရပါကြောင်း၊ အစိုးရထီနှင့်ပတ်သက်ပြီး မြန်မာနှင့် ထိုင်းကို နှိုင်းယှဉ်ကြည့်ပါက ဆုကြေးအဖြစ် ၆၀ ရာခိုင်နှုန်း၊ နိုင်ငံတော်ဘဏ္ဍာအဖြစ် ၄၀ ရာခိုင်နှုန်း ဖြစ်သည့်အတွက် အခွန်ရာခိုင်နှုန်းတွင် ကွာခြားမှုမရှိပါကြောင်း၊ တစ်နှစ်တာ ထီရောင်းရငွေ၏ ဂျီဒီပီအချိုးမှာ ထိုင်းနိုင်ငံက အဆမတန်များပြားသည်ကို တွေ့ရပါကြောင်း၊ ယင်းကို လေ့လာသုံးသပ်ကြည့်သည့်အခါတွင် ထိုင်းနိုင်ငံ၏လူဦးရေ ၆၇ သန်းအနက် ၁၉ ဒသမ ၂ သန်းသည် အစိုးရထီကို ထိုးကြသည်ဟု သိရပါကြောင်း၊ ထိုင်းနိုင်ငံသားသုံးဦးလျှင် တစ်ဦးသည် အစိုးရထီကို ထိုးနေသည်ဟု ယူဆနိုင်ပါကြောင်း၊ ယင်းသည် ထိုင်းနိုင်ငံ၏ ကြီးမားသော စီးပွားရေးလုပ်ငန်းတစ်ရပ်အဖြစ် တင်စားပြောဆိုနေကြပါကြောင်း၊ ပြည်သူများကလည်း ဆင်းရဲမှောင်မိုက်သောညများကို ကျော်ဖြတ်နိုင်မည့် အိပ်မက်တစ်ခုအဖြစ် ယုံကြည်ကြသည်ဟုလည်း သိရပါကြောင်း၊ ယင်းသို့ ပြည်သူအပေါ် လွှမ်းမိုးဆွဲဆောင်နိုင်သည့် ထိုင်းနိုင်ငံ၏ ထီစနစ်ကို လေ့လာအတုယူသင့်ပါကြောင်း၊ အစိုးရကလည်း ပုဂ္ဂလိကများကို ထီရောင်းချခွင့်ပေးထားပုံရပါကြောင်း၊ ယခုဆိုလျှင် ထိုင်းနိုင်ငံ၏ ထီဈေးကွက်ကို ချဲ့ထွင်နိုင်ရန် E-Lottery စနစ်ကို အကောင်အထည်ဖော်ရန် ဥပဒေတွေကိုပြင်ဆင်ရန် လုပ်ဆောင်နေကြောင်းကိုလည်း တွေ့ရှိရပါကြောင်း၊ မြန်မာနိုင်ငံ၏ အောင်ဘာလေထီသမိုင်းကို လေ့လာကြည့်မည်ဆိုပါက ၁၈၇၈ ခုနှစ် သီပေါမင်းလက်ထက်တွင် ယောအတွင်းဝန် ဦးဘိုးလှိုင်က ပြင်သစ်ထီကိုနမူနာယူပြီး စတင်အကောင်အထည်ဖော်ခဲ့သည်ဟု သိရှိရပါကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် အောင်မြင်မှု မရဘဲ ၁၈၈၀ ပြည့်နှစ်တွင် ရပ်ဆိုင်းခဲ့သည်ဟု သိရပါကြောင်း၊ ၁၉၃၈ ခုနှစ်မှ ပြန်လည်စတင်နိုင်ခဲ့သည်ဟု သိရှိရပါကြောင်း၊ ပြုပြင်ပြောင်းလဲမှုများကိုလေ့လာကြည့်ပါက ၁၉၃၈ ခုနှစ်မှ ယနေ့ ၂၀၁၇ ခုနှစ်အထိ ကာလများတွင် ထီလက်မှတ်တန်ဖိုး တိုးမြှင့်ရောင်းချခြင်း၊ အမြင့်ဆုံးဆုနှင့် အနိမ့်ဆုံးဆုများ ပြောင်းလဲသတ်မှတ်ခြင်း၊ အကျွရာအရေအတွက် အတိုးအလျှော့ပြုလုပ်ခြင်း အစရှိသည့် ပြောင်းလဲမှုများသာ ရှိသည့်အတွက် ထူးခြားသည့် ထီစနစ်ပြောင်းလဲမှုမျိုးကို မတွေ့ရပါကြောင်း၊ ထို့အတွက် ပြည်သူ များကို ပိုမိုဆွဲဆောင်နိုင်စေမည့် ပြောင်းလဲမှုများကို လုပ်ဆောင်ရာတွင် ပြည်သူ့ဆန္ဒ၊ ပြည်သူ့အသံများကို အလေးထားလုပ်ဆောင်သင့်ပါကြောင်း၊ အစိုးရအနေဖြင့် ပြည်သူကို အခွန်ယဉ်ကျေးမှုနှင့် ယဉ်ပါးလာစေရန် စည်းရုံးဆွဲဆောင်နေသည့်ကာလမျိုးတွင် ပြည်သူကို ဝန်ထုပ်ဝန်ပိုးဖြစ်စေသည့် အခွန်များကိုသာ လျှော့ပေါ့ပေးပြီး အောင်ဘာလေထီကဲ့သို့သော် လုပ်ငန်းမျိုးကို အောင်မြင်စွာ လုပ်ခြင်းဖြင့် အခွန်ပိုမို ရှာဖွေနိုင်မည်ဖြစ်ပါကြောင်း၊ ပြည်သူကို အမှန်တကယ်ဆွဲဆောင်နိုင်ပါက တရားမဝင် လောင်းကစားများ ပပျောက်ရေးအတွက်လည်း အထောက်အကူပြုစေမည်ဖြစ်ပြီး နိုင်ငံ၏ဝင်ငွေလည်း အများအပြား ရရှိနိုင်သည့်အတွက် နိုင်ငံ၏ကြီးမားသော စီးပွားရေးလုပ်ငန်းတစ်ခုအဖြစ်တောင် ရပ်တည်လာနိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

ဘီးလင်းမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးတင်ကိုကိုဦးက ဤနေရာတွင် မိမိတို့ဆွေးနွေးကြသည်မှာ ၁၀ ရာခိုင်နှုန်းကိစ္စဖြစ်ပါကြောင်း၊ ပုံမှန်အားဖြင့် ယင်း ၁၀ ရာခိုင်နှုန်းသည် နိုင်ငံတော်၏ အခွန်အကောက်ဖြစ်သည့်အတွက် တံတား၊ ဆေးရုံ၊ ကျောင်းများသို့ ရောက်ရှိသည့် အခွန်များပင် ဖြစ်ပါကြောင်း၊ အဆိုရှင်က ထီထိုးကံစမ်းကြသည့် ပြည်သူများကို လူမှုစီးပွားဘဝ အဆင်ပြေစေချင်သည့် ဆန္ဒရှိသော်လည်း လက်ရှိကာလဈေးကွက်တွင် ထီတစ်စောင်ဈေးနှုန်းမှာ မူလတန်ဖိုးငွေကျပ် ၂၀၀ မဟုတ်ဘဲ ငွေကျပ် ၃၀၀ အထက်တွင်သာ ဖြစ်နေပါကြောင်း၊ ထီထိုးသည့် ပြည်သူက ထီပေါက်သည့်အခါ ၆၀ ရာခိုင်နှုန်း အရင်းအနှီးရရှိမည်ဖြစ်ပြီး နိုင်ငံတော်က ၄၀ ရာခိုင်နှုန်းကို လမ်း တံတားအဖြစ် ရရှိမည်ဖြစ်ကာ ကျန်သည့် ၅၀ ရာခိုင်နှုန်းကို မည်သူမှန်းမသိ ရရှိခံစားလျက် ဖြစ်နေပါကြောင်း၊ ယင်းအချက်သည် ကံစမ်းခြင်းလော၊ ဉာဏ်စမ်းခြင်းလော ဟူသည့်အတွေးကို ဖြစ်ပေါ်စေပါကြောင်း၊ ဉာဏ်အစမ်းခံရခြင်းလော၊ အဂတိတရားများ လိုက်စားမှုများ ဖြစ်နေသလောဟု တွေးမိသကဲ့သို့ ဥပဒေက မခိုင်မာခြင်းလော၊ အကောင်အထည်ဖော်ခြင်းက ချို့ယွင်းနေသလော ဆိုသည့် အချက်များကို ပြန်လှန်သုံးသပ်ရန် လိုအပ်နေပါကြောင်း၊ နိုင်ငံတော်နှင့် ပြည်သူအကြား အဆိုပါ ၁၀၀ ရာခိုင်နှုန်းကို ကြည်ဖြူ ညီမျှစွာ မျှဝေသုံးစွဲနေသည့်ကာလတွင် အထက်ပါ ၅၀ ရာခိုင်နှုန်းဟူသည့် ပမာဏသည် အလဟဿဖြစ်နေသည့်အတွက် ပြည်သူများအနေဖြင့် အစိုးရအပေါ် ယုံကြည်အားကိုးမှု ပျက်ပြားစေပါကြောင်း၊ ယင်းအချက်သည် အဆင်မပြေသည့် စီမံခန့်ခွဲမှုများကို ထင်ရှားစေပါကြောင်း၊ မိမိတို့အနေဖြင့် ငွေကျပ် ၂၀၀ တန် ထီလက်မှတ်တွင် ဆုံးရှုံးမှုများဖြစ်ပေါ်ပြီးသကဲ့သို့ ငွေကျပ် ၅၀၀ တန် ထီလက်မှတ်တွင်လည်း မည်သို့သော ထပ်မံဆုံးရှုံးမှုမျိုး ပေါ်ပေါက်လာမည်နည်း ဟူသည့်အချက်ကို စဉ်းစားစရာဖြစ်လာပါကြောင်း၊ ပြည်သူများ စိတ်နှလုံးချမ်းမြေ့စွာဖြင့် နိုင်ငံတော်မှ ဖွင့်လှစ်သည့်ထီကို ကံစမ်းကစားကြရာ၌ ဝန်ကြီးဌာနအနေဖြင့် စိတ်ကောင်းစေတနာ ဖြင့် ဆောင်ရွက်ပေးစေလိုပါကြောင်း၊ တရားမဝင်သည့် လောင်းကစားထီများ လျော့ပါးစေရေးအတွက် တရားဝင်ထီများကို ချဲ့ထွင်ဆောင်ရွက်ရန် လိုအပ်သည်ဟု အကြံပြုလိုပါကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းအဆိုအပေါ် တွံတေးမဲဆန္ဒနယ်မှ ဦးမြင့်လွင်နှင့် ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးမြင့်လွင်တို့ကလည်း ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။

အဆိုနှင့်စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ပြန်လည်ရှင်းလင်းဆွေးနွေးပြီး အဆိုကို မှတ်တမ်းအဖြစ်ထားရှိရန် လွှတ်တော်သို့တင်ပြရာ လွှတ်တော်၏ သဘောတူညီမှုဖြင့် မှတ်တမ်းအဖြစ်ထားရှိရန်အတွက် လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ယင်းနောက် ပြည်ထဲရေးဝန်ကြီးဌာနက တင်သွင်းသည့် တရားခံလွှဲပြောင်းရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအပေါ် အပိုဒ်၊ အပိုဒ်ခွဲများအလိုက် လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ အတည်ပြုနိုင်ရန် တင်ပြခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူခြင်းများကို ဆောင်ရွက်ကြသည်။

**အောင်နိုင်၊ အေးအေးသန့်၊ မိမိဖြိုး (သတင်းစဉ်)**

# တပ်မတော်(ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲများကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

၂၀၁၆-၂၀၁၇ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများကို နေပြည်တော် ဇေယျာသီရိမြို့နယ်ရှိ ဇေယျာသီရိအားကစားကွင်း၌ ကျင်းပလျက်ရှိသည်။

ကွင်းသွင်း ခြင်းခတ်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၁ ရက်က ကျင်းပရာ ပြိုင်ပွဲတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)အသင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ)အသင်း၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်အသင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်း၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်အသင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်အသင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းနှင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းတို့ ပါဝင်ယှဉ်ပြိုင်ကစားကြကြောင်း သိရသည်။

"ကွင်းသွင်း ခြင်းခတ်ပြိုင်ပွဲမှာ စုစုပေါင်းကိုးသင်း ယှဉ်ပြိုင်ပြီး တစ်သင်းကို ၁၅ မိနစ် စံချိန်ယူ ခတ်ကစားတာဖြစ်ပါတယ်။ အဲဒီထဲကမှ ရမှတ်အများဆုံးအသင်းလေးသင်းကို ရွေးချယ်ကာ မိနစ် ၃၀ စံချိန်ယူခတ်ကစားပြီး ပထမ၊ ဒုတိယ၊ တတိယ ရွေးချယ်သွားမှာဖြစ်ပါတယ်။ တပ်မတော်လက်ရွေးစင်အားကစားသမားတွေကနေ နိုင်ငံ့လက်ရွေးစင်တွေအထိ ဖြစ်ဖို့၊ ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်ဖို့ ရည်ရွယ်ပါတယ်" ဟု လေ့ယာဉ်ထုတ်လုပ်ပြင်ဆင်ရေးဌာနချုပ်မှ ဗိုလ်ကြီးကောင်းထက်က ပြောပြသည်။

ကွင်းသွင်းခြင်းခတ်ပြိုင်ပွဲဗိုလ်လုပွဲတွင် အသင်းကိုးသင်းအနက်မှ ရမှတ်အများဆုံးရရှိကြသည့် ကာကွယ်ရေးဦးစီးချုပ်(ရေ)အသင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ)အသင်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းနှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကာကွယ်ရေးဦးစီးချုပ်(ရေ)အသင်းက ရမှတ် ၆၃၀ ဖြင့် ပထမ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)အသင်းက ရမှတ် ၆၀၀ ဖြင့် ဒုတိယရရှိကာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းက ရမှတ် ၄၉၀ ဖြင့် တတိယရရှိခဲ့ကြောင်း သိရသည်။

**သတင်း-သိမ့်သိမ့်မိုး(မြန်မာ့အလင်း)**
**ဓာတ်ပုံ-သိခ်**




ပထမဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်(ရေ)အသင်း ယှဉ်ပြိုင်ကစားစဉ်

# မလေးရှားနိုင်ငံမှလှူဒါန်းသည့် လူသားချင်းစာနာမှု အထောက်အပံ့ပစ္စည်းများ စစ်တွေသို့ရောက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

ရခိုင်ပြည်နယ်အတွက် မလေးရှားနိုင်ငံမှ လှူဒါန်းသည့် လူသားချင်းစာနာမှု အထောက်အပံ့ပစ္စည်းများ တင်ဆောင်လာသည့် စစ်ရေယာဉ်-ပြည်တော်အေး(၂)သင်္ဘောသည် ဖေဖော်ဝါရီ ၂၁ ရက် မွန်းလွဲပိုင်းတွင် စစ်တွေမြို့ဖောင်တော်ကြီးဆိပ်ခံတံတားသို့ ရောက်ရှိခဲ့ပြီးမောင်တောသို့ ဆက်လက်ပို့ဆောင်နိုင်ရေးစီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လှူဒါန်းသည့် လူသားချင်းစာနာမှု အထောက်အပံ့ပစ္စည်းများကို ရခိုင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဦးစီး၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန ခရိုင်စီမံခန့်ခွဲမှုကော်မတီတို့မှ တာဝန်ရှိသူများနှင့်အတူ မောင်တောမြို့ရှိ နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်သည့်အဖွဲ့များမှ ထောက်ပံ့ပစ္စည်းများကို ကျေးရွာပေါင်း ၁၉၀ ရွာရှိ နှစ်ဖက် အဖွဲ့အစည်းများသို့ ဖေဖော်ဝါရီ ၂၅ ရက်နေ့အပြီး ဖြန့်ဝေသွားမည်ဖြစ်ကြောင်းနှင့် စစ်တွေမြို့ရှိ IDP စခန်းများအား ရခိုင်ပြည်နယ် လူမှုရေးဝန်ကြီး ဦးစီး၍ ဖြန့်ဝေသွားမည်ဖြစ်ကြောင်း သိရှိရသည်။

## မလေးရှားနိုင်ငံမှ လှူဒါန်းသည့်ထောက်ပံ့ပစ္စည်းဖြန့်ဝေမှုစာရင်း

| စဉ် | မြို့နယ် | ဆန် (အိတ်) | ခေါက်ဆွဲ | | ရေသန့် | | သွားတိုက်ဆေး | | သွားတိုက်တံ | | တဘက် | | ပရုတ်ဆီ | | ဆပ်ပြာမှုန့် | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | ဘူး | ဗာ | ဘူး | ဗာ | ဘူး | ဗာ | ချောင်း | ဗာ | ထည် | ထုပ် | ဘူး | ဗာ | ထုပ် | ဗာ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၃၀ |
| ၁ | မောင်တော ခရိုင် | ၄၀၀၀ | ၃၀၀၀၀ | ၂၄ (၁၂၅၀) | ၁၅၆၀၀ | ၆၅၀ | ၆၆၀၀ | ၆၆ | ၆၃၃၆ | ၂၂ | ၅၃၉၈ | ၉၆ (၅၁) ၇၂(၅) ၆၉(၁) ၅၃(၁) ၂၀(၁) | ၆၃၃၆ | ၂၂ | ၆၇၀၀ | ၂၀ (၂၈၃) ၁၆ (၆၅) | |
| ၂ | စစ်တွေ | ၁၅၀၀ | ၇၇၇၆ | ၂၄ (၂၄၄) ၄၈(၄၀) | ၃၈၈၈ | ၁၆၂ | ၁၇၀၀ | ၁၇ | ၂၃၀၄ | ၈ | ၂၃၀၄ | ၁၄၄(၁၆) | ၂၀၁၆ | ၇ | ၁၇၁၂ | ၁၆ (၁၀၇) | |
| ၃ | ပေါက်တော | ၂၅၀ | ၃၇၄၄ | ၂၄ (၁၅၆) | ၁၉၄၄ | ၈၁ | ၉၀၀ | ၉ | ၈၆၄ | ၃ | ၁၂၉၆ | ၁၄၄(၉) | ၈၆၄ | ၃ | ၈၄၈ | ၁၆(၅၃) | |
| ၄ | မြေပုံ | ၂၅၀ | ၃၇၄၄ | ၂၄ (၁၅၆) | ၁၉၆၈ | ၈၂ | ၈၀၀ | ၈ | ၈၆၄ | ၃ | ၁၂၀၀ | ၁၄၄(၃) ၉၆(၈) | ၈၆၄ | ၃ | ၈၆၄ | ၁၆(၅၄) | |
| စုစုပေါင်း | | ၆၀၀၀ | ၄၅၂၆၄ | ၁၈၄၆ | ၂၃၄၀၀ | ၉၇၅ | ၁၀၀၀၀ | ၁၀၀ | ၁၀၃၆၈ | ၃၆ | ၁၀၁၉၈ | | ၁၀၀၈၀ | ၃၅ | ၁၀၁၂၄ | ၅၆၂ | |

## မလေးရှားနိုင်ငံမှ လှူဒါန်းသည့်ထောက်ပံ့ပစ္စည်းဖြန့်ဝေမှုစာရင်း

| စဉ် | မြို့နယ် | ဆပ်ပြာခဲ | | ဘီး | | အမျိုးသမီး လစဉ်သုံးပစ္စည်း | | မုတ်ဆိတ် ရိတ်ဓား | | လက်သည်း ညှပ် | | ဖိနပ် | | မှတ် ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ခဲ | ဗာ | ချောင်း | ဗာ | ထုပ် | ဗာ | ချောင်း | ဗာ | ခု | ဗာ | ရန် | ထုပ် | |
| ၁ | ၂ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ | ၂၅ | ၂၆ | ၂၇ | ၂၀ | ၂၉ | ၃၀ |
| ၁ | မောင်တော ခရိုင် | ၇၀၀၀ | ၅၀၀(၁၄) | ၇၇၇၆ | ၃၀၂၄ (၁) ၈၆၄ (၁) ၃၃၁၂ (၁) ၅၇၆ (၁) | - | ၉၂ | - | ၃၃ | ၆၀၀၀ | ၅ | ၅၁၁၅ | ၇၂(၈) ၄၈(၁) ၈၄(၁) ၁၄၀(၁) ၁၁၅(၁) ၁၅၆(၁) ၁၈၀(၂၀) ၉၆(၁) ၁၂၀(၁) | |
| ၂ | စစ်တွေ | ၁၉၀၀ | ၅၀၀(၁) ၄၀၀(၁) | ၂၈၈၀ | ၂၈၈၀ (၁) | - | ၂၃ | - | ၉ | ၂၄၀၀ | ၂ | ၁၂၆၀ | ၁၈၀(၇) | |
| ၃ | ပေါက်တော | ၉၀၀ | ၅၀၀(၁) ၄၀၀(၁) | ၁၇၂၈ | ၁၇၂၈ (၁) | - | ၁၂ | - | ၄ | ၁၂၀၀ | ၁ | ၇၂၀ | ၁၈၀(၄) | |
| ၄ | မြေပုံ | ၉၀၀ | ၅၀၀(၁) ၄၀၀(၁) | ၁၈၇၂ | ၁၀၀၈ (၁) ၈၆၄ (၁) | - | ၁၂ | - | ၄ | ၁၂၀၀ | ၁ | ၅၄၀ | ၁၈၀(၃) | |
| စုစုပေါင်း | | ၁၀၇၀၀ | ၂၂ | ၁၄၂၅၆ | ၈ | - | ၁၃၉ | - | ၅၀ | ၁၀၈၀၀ | ၉ | ၇၆၃၅ | ၅၀ | |

| စဉ် | ပစ္စည်း | အရေအတွက် | | | | |
|---|---|---|---|---|---|---|
| | | ရေတွက်ပုံ | | ပေါင်း | | မှတ်ချက် |
| ၁။ | ဆန်(အိတ်) | ၆၀၀၀ | အိတ် | ၆၀၀၀ | အိတ် | |
| ၂။ | ခေါက်ဆွဲ | ၁၈၄၆ | ဗာ | ၄၅၂၆၄ | ထုပ် | |
| ၃။ | ရေသန့် | ၉၇၅ | ဗာ | ၂၃၄၀၀ | ဘူး | |
| ၄။ | သွားတိုက်ဆေး | ၁၀၀ | ဗာ | ၁၀၀၀၀ | ဘူး | |
| ၅။ | သွားတိုက်တံ | ၃၆ | ဗာ | ၁၀၃၆၈ | ချောင်း | |
| ၆။ | တဘက် | ၉၅ | ထုပ် | ၁၀၁၉၈ | ထည် | |
| ၇။ | ပရုတ်ဆီ | ၃၅ | ဗာ | ၁၀၀၈၀ | ဘူး | |
| ၈။ | ဆပ်ပြာမှုန့် | ၅၆၂ | ဗာ | ၁၀၁၂၄ | ထုပ် | |
| ၉။ | ဆပ်ပြာခဲ | ၂၂ | ဗာ | ၁၀၇၀၀ | ခဲ | |
| ၁၀။ | ဘီး | ၈ | ဗာ | ၁၄၂၅၆ | ချောင်း | |
| ၁၁။ | အမျိုးသမီး လစဉ်သုံးပစ္စည်း | ၁၃၉ | ဗာ | - | | |
| ၁၂။ | မုတ်ဆိတ်ရိတ်ဓား | ၅၀ | ဗာ | - | | |
| ၁၃။ | လက်သည်းညှပ် | ၉ | ဗာ | ၁၀၈၀၀ | ခု | |
| ၁၄။ | ဖိနပ် | ၅၀ | ထုပ် | ၇၆၃၅ | ရန် | |

**(သတင်းစဉ်)**

# မောင်တောမြို့နယ်ရှိ ကျေးရွာများသို့ စားသောက်ကုန်များလှူဒါန်း

**မောင်တော ဖေဖော်ဝါရီ ၂၂**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်းရှိ ကျေးရွာများသို့ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် UNICEF တို့မှ ပေးပို့သည့် စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများအား ယနေ့နံနက်ပိုင်းက ကျေးရွာများအရောက် သွားရောက်ပေးအပ်လှူဒါန်းခဲ့ကြသည်။

သွားရောက် လှူဒါန်းရာတွင် မောင်တောခရိုင်နှင့် မြို့နယ်စီမံခန့်ခွဲရေးကော်မတီမှတာဝန်ရှိသူများ၊ UNICEFမှ WASH Specialist Basilius Kris Cahyanto နှင့် ဒေသဆိုင်ရာ တာဝန်ရှိသူများ၊ UNHCR မှ တာဝန်ရှိသူများက သူဦးလာကျေးရွာ၊ ဒါးကြီးဇားကျေးရွာနှင့် ကျားခေါင်းတောင်ကျေးရွာများသို့ အရောက်သွားပြီး ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ရပ်မိရပ်ဖများထံ လက်ရောက်ပေးအပ်လှူဒါန်းခဲ့ခြင်းဖြစ်သည်။

ယခု အစီအစဉ်တွင် မောင်တောမြို့နယ်အတွင်းရှိ ကျေးရွာ ၂၀ မှ အိမ်ထောင်စုပေါင်း ၃၂၀၀ အတွက် နယ်စပ်ရေးရာဝန်ကြီးဌာနမှ ပေးပို့လှူဒါန်းသည့် ၂၄ ပြည်ဝင် ဆန်အိတ် ၈၀၀၊ ဆီ ၁၉၆၈ လီတာ၊ ဆားပိသာ ၂၅၀၀ နှင့် UNICEF မှ ပေးပို့လှူဒါန်းသည့် ၂၀ လီတာဆံ့ရေပုံး၊ ၁၀ လီတာဆံ့ ရေပုံး၊ တစ်လီတာဆံ့ ရေခွက်၊ ကိုယ်တိုက်ဆပ်ပြာ ခုနစ်ခဲ၊ အဝတ်လျှော်ဆပ်ပြာ ခုနစ်ခဲ၊ အမျိုးသမီးလစဉ်သုံးပစ္စည်း တစ်ပါကင်၊ ရေသန့်ဆေးဝါးများပါဝင်သည့် ပစ္စည်းအစုံ ၁၃၁၃ စုံတို့ကို ခွဲဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနေ့ လာရောက်လှူဒါန်းတဲ့ပစ္စည်းတွေရော အရင်ကလာရောက်လှူဒါန်းတဲ့ပစ္စည်းတွေပါ ရွာသူရွာသားတွေအတွက် များစွာအကျိုးရှိပါတယ်။ ဒါပေမယ့် ပြည့်စုံလုံလောက်မှုတော့ မရှိသေးပါဘူး။ ဒေသတွင်းမှာ အေးချမ်းသာယာမှုတော့ ရှိနေပါပြီ။ ဒါပေမယ့် အရင်ကလို ကိုယ့်အလုပ်ကို အေးအေးချမ်းချမ်းဆောင်ရွက်နိုင်ဖို့ လုံခြုံစိတ်ချရတဲ့အုပ်ချုပ်မှုနဲ့ လုံခြုံရေးစနစ်ကို ရချင်ပါတယ်"ဟု ကျားခေါင်းတောင်ကျေးရွာမှ ကျေးရွာအုပ်ချုပ်ရေးမှူး ဆွေတာမိန်က ပြောသည်။

**(သတင်းစဉ်)**

# ကမ္ဘာ့ကျန်းမာရေးနေ့အတွက် "စိတ်ကျဝေဒနာပြောဆိုတိုင်ပင်ဆွေးနွေးပါ" ဆောင်ပုဒ်အတည်ပြုရွေးချယ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

၂၀၁၇ ခုနှစ် ဧပြီ ၇ ရက်တွင် ကျရောက်မည့် ကမ္ဘာ့ကျန်းမာရေးနေ့အတွက် ထုတ်ဝေမည့် ၂၀၁၇ ခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့မဂ္ဂဇင်းတွင် ယခုနှစ်ဆောင်ပုဒ်ဖြစ်သော "Depression: Let's talk" ကို မြန်မာပြန်ဆိုထားသည့် ဆောင်ပုဒ်များအနက်မှ "စိတ်ကျဝေဒနာပြောဆိုတိုင်ပင်ဆွေးနွေးပါ" ဆောင်ပုဒ်ကို အတည်ပြုရွေးချယ်ထားပြီးဖြစ်သည်။ သို့ဖြစ်၍ အဆိုပါဆောင်ပုဒ်နှင့် သက်ဆိုင်သော ဆောင်းပါး၊ ဝတ္ထုတို၊ ကဗျာ၊ ကာတွန်းစာမူများကို ၂၀၁၇ ခုနှစ် မတ်လ ၁၅ ရက်နောက်ဆုံးထားပြီး စာတည်းအဖွဲ့ ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ရုံးအမှတ် (၄၇) နေပြည်တော်သို့ ဆက်သွယ်ပေးပို့နိုင်ပါရန်နှင့် အသေးစိတ်သိရှိလိုပါက ဖုန်း ၀၆၇-၄၃၁၄၄၂ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

**သန်းဦး(သတင်းစဉ်)**

# ရုရှားသို့ ရေနံစည်ပေါင်း ၁၀၀၀၀၀ အီရန်တင်ပို့မည်



**တီဟီရန် ဖေဖော်ဝါရီ ၂၂**

အီရန်နိုင်ငံသည် ရုရှားနိုင်ငံသို့ နေ့စဉ် ရေနံစည်ပေါင်း ၁၀၀၀၀၀ တင်ပို့ရောင်းချရန် သဘောတူညီချက်စာချုပ် ချုပ်ဆိုသွားမည်ဟု အီရန်နိုင်ငံရေနံဝန်ကြီး၏ ပြောကြားချက်ကို ကိုးကားကာ သတင်းဌာနများတွင် ဖော်ပြခဲ့သည်။

လာမည့် ရက်အနည်းငယ်အတွင်း စာချုပ်ချုပ်ဆိုသွားမည်ဖြစ်ပြီး ယင်းစာချုပ်သည် အီရန်နိုင်ငံအတွက် ဖောက်သည်အသစ်များရရန် အခွင့်အလမ်းကောင်းတစ်ရပ် ထောက်ပံ့ပေးနိုင်မည်ဖြစ်ကြောင်း ဝန်ကြီး ဘီဂျန် နမ်ဒါ ဇန်ဂါနေးက ရုရှားနိုင်ငံ စွမ်းအင်ဝန်ကြီး အလက်ဇန်ဒါ နိုဗခ်နှင့် အစည်းအဝေးပြုလုပ်စဉ် ပြောကြားခဲ့ကြောင်း သိရသည်။

ရုရှားနိုင်ငံသည် နိုင်ငံ၏ ရေနံဈေးကွက် ရေရှည်ခိုင်မာစေရန်အတွက် အီရန်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်သွားရန် ဆန္ဒရှိကြောင်း သိရသည်။

**(ဆင်ဟွာ)**

# ဟောင်ကောင်အကြီးအကဲဟောင်းတစ်ဦးအား အကျင့်ပျက်မှုဖြင့် ထောင်ဒဏ်ချမှတ်

**ဟောင်ကောင် ဖေဖော်ဝါရီ ၂၂**

ဟောင်ကောင်အကြီးအကဲဟောင်းတစ်ဦးဖြစ်သည့် ဒေါ်နယ်လ်ဆန်သည် ထိပ်တန်းခေါင်းဆောင်တစ်ဦးအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့စဉ်အတွင်း ရာထူးနှင့်မလျော်ညီစွာ ပြုမူဆောင်ရွက်ခဲ့မှုကြောင့် ဟောင်ကောင်ခုံရုံးက ၎င်းအား ထောင်ဒဏ်လနှစ်ဆယ်ကျခံစေရန် အမိန့်ချမှတ်လိုက်ကြောင်း သိရသည်။

ဒေါ်နယ်လ်ဆန်သည် ၂၀၁၂ခုနှစ်မှစတင်ကာ နယ်မြေဆိုင်ရာအမှုဆောင်အရာရှိအကြီးအကဲအဖြစ် ခုနစ်နှစ်ကြာအောင် တာဝန်ထမ်းဆောင်ခဲ့သည်။ ဆန်သည် အိမ်နီးချင်း ကွမ်တုံပြည်နယ်တွင် ဇိမ်ခံတိုက်ခန်းတစ်ခုငှားရမ်းမှုကို ချိတ်ဆက်ပေးကာ ကုမ္ပဏီအမှုဆောင်အရာရှိတစ်ဦးထံမှ အကျိုးအမြတ်ရယူခဲ့ပြီးနောက် ယင်းကိစ္စကို ဖုံးကွယ်ထားခဲ့သည်ဟုဆိုကာ ၂၀၁၅ခုနှစ်တွင် ၎င်းအားဖမ်းဆီးခဲ့သည်။

ဆန်သည် အပြစ်မရှိကြောင်း ငြင်းဆန်ခဲ့သော်လည်း ဂျူရီလူကြီးမင်းများက ၎င်းအား သောကြာနေ့တွင် အပြစ်ရှိကြောင်းဆုံးဖြတ်ကာ ထောင်ဒဏ်ချမှတ်ခဲ့ကြသည်။ ဆန်သည် လာဘ်ပေးလာဘ်ယူပြုလုပ်မှုဖြင့်လည်း တရားစွဲဆိုခြင်းခံထားရသည်။ ၎င်းသည် တိုက်ခန်းတစ်ခုကိုအခမဲ့ပြုပြင်ခွင့်ရရှိရန် ကုမ္ပဏီတစ်ခုထံမှ လာဘ်ထိုးခြင်းကို လက်ခံရယူခဲ့သည်ဟုဆိုကာ စွပ်စွဲခဲ့ခြင်းဖြစ်သည်။

ဆန်၏ယင်းလာဘ်ပေးလာဘ်ယူပြုလုပ်မှုကို ဂျူရီလူကြီးများ စီရင်ဆုံးဖြတ်မှု ပြုလုပ်ရခြင်း မရှိသေးပေ။ ယင်းအမှုကို စက်တင်ဘာလတွင် ဆက်လက်ကြားနာစစ်ဆေးမည်ဖြစ်သည်ဟု သိရသည်။ **(အင်န်အိတ်ချ်ကေ)**

# အိန္ဒိယနိုင်ငံ ဟိုက်ဒရာဘတ်မြို့ရှိ လေအေးပေးစက် စက်ရုံ မီးလောင်



**နယူးဒေလီ ဖေဖော်ဝါရီ ၂၂**

အိန္ဒိယနိုင်ငံတောင်ပိုင်း ဟိုက်ဒရာဘတ်မြို့ရှိ လေအေးပေးစက် စက်ရုံတစ်ရုံ၌ ဖေဖော်ဝါရီ ၂၂ ရက်က မီးလောင်မှုဖြစ်ပွားခဲ့ရာ အနည်းဆုံး လူခြောက်ဦး သေဆုံးခဲ့ကြောင်း အဆင့်မြင့် ရဲအရာရှိတစ်ဦးက ပြောသည်။

မီးလောင်မှုသည် ဒေသစံတော်ချိန် နံနက် ၅ နာရီခန့် အလုပ်သမားများ အိပ်ပျော်နေချိန်တွင် လောင်ခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းတို့အားလုံး မီးလောင်သေဆုံးခဲ့ကြောင်း ရဲအရာရှိက ပြောခဲ့သည်။

သေဆုံးသူများ အားလုံးသည် အိန္ဒိယနိုင်ငံအရှေ့ပိုင်း ဩဒိဿပြည်နယ် အနီးဝန်းကျင်မှ ဖြစ်ကြောင်း၊ မီးလောင်မှုအား မီးသတ်ယာဉ်ခြောက်စီးဖြင့် ငြိမ်းသတ်ခဲ့ရကြောင်း၊ နောက်ဆုံး သုံးနာရီကြာပြီးနောက် မီးကိုထိန်းသိမ်းနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကနဦးတွေ့ရှိချက်အရ လေအေးပေးစက်အတွင်းပိုင်း ဆားကစ်လောင်ကျွမ်းခြင်းဖြစ်ကြောင်း၊ မီးလောင်မှုဖြစ်ပွားနေစဉ် အခန်းတံခါးကို အတွင်းမှ ပိတ်ထားသဖြင့် ထွက်ပြေးရာတွင် ကြန့်ကြာခဲ့ကြောင်း တာဝန်ရှိသူများက ပြောသည်။

မီးလောင်မှုဖြစ်ပွားမှုကြောင့် စက်ရုံပိုင်ရှင်အား ဖမ်းဆီးခဲ့ပြီး မီးလောင်ရသည့်အကြောင်းရင်းကို စုံစမ်းလျက်ရှိကြောင်း သိရသည်။

**(ဆင်ဟွာ)**

# ဘိုလီးဗီးယားအလယ်ပိုင်းတွင် အင်အားပြင်းငလျင်တစ်ခုလှုပ်ခတ်

**လီမာ ဖေဖော်ဝါရီ ၂၂**

ဘိုလီးဗီးယားနိုင်ငံအလယ်ပိုင်းတွင် ယမန်နေ့က အင်အား ၆ ဒသမ ၇ အဆင့်ရှိ ငလျင်တစ်ခု လှုပ်ခတ်ခဲ့ပြီး လတ်တလောတွင် သေဆုံးဒဏ်ရာရရှိမှုနှင့် ပျက်စီးဆုံးရှုံးမှုစာရင်းကို ထုတ်ပြန်နိုင်ခြင်းမရှိသေးချေ။

ဘိုလီးဗီးယားနိုင်ငံ အမျိုးသားငလျင်ဗဟိုဌာန၏ ပြောကြားချက်အရ ငလျင်သည် ဒေသစံတော်ချိန် နံနက် ၁၀ နာရီ မိနစ် ၂၀ တွင် လှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ငလျင်သည် မြို့တော် ဆူခရီ၏ အရှေ့ဘက် ကီလိုမီတာ ၁၄၁ အကွာ မြေအောက်အနက် ၅၉၆ ကို ဗဟိုပြုကာလှုပ်ခတ်ခဲ့ကြောင်း သိရသည်။

ဘိုလီးဗီးယားနိုင်ငံ အမျိုးသားငလျင်ဗဟိုဌာနက ငလျင်လှုပ်ခတ်မှုကြောင့် ဆိုးရွားသည့် ထိခိုက်ပျက်စီးမှု မဖြစ်ပွားနိုင်ကြောင်း ပြောခဲ့သည်။

**(ဆင်ဟွာ)**




# အာဖဂန်မြောက်ပိုင်းတွင် ရဲတပ်ဖွဲ့ဝင်ဟောင်းနှစ်ဦးကို တာလီဘန်တို့ကပစ်သတ်

**ကဘူးလ် ဖေဖော်ဝါရီ ၂၂**

အာဖဂန်မြောက်ပိုင်း ဘက်ဂလန်ပြည်နယ်တွင် ဗုဒ္ဓဟူးနေ့က ရဲတပ်ဖွဲ့ဝင်အမှုထမ်းဟောင်းနှစ်ဦးကို တာလီဘန်တို့က သေနတ်ဖြင့်ပစ်သတ်ခဲ့ကြောင်း ရဲတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူ မာဖိုဇူလက် အက်ကဘာဇီက ပြောကြားခဲ့သည်။

အာဏာပိုင်များ၏ ပြောပြချက်အရ သေဆုံးသွားသည့် ရဲတပ်ဖွဲ့ဝင်ဟောင်းနှစ်ဦးသည် ဒေသရဲတပ်ဖွဲ့ဝင်များအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးပြီး ဘက်ဂလန်ပြည်နယ်ခါလိုဖိုင်ဒေသအတွင်း၌ နံနက်စောစောအချိန်တွင် တာလီဘန်များ၏ ပစ်သတ်မှုကြောင့် သေဆုံးသွားခဲ့သည်ဟု ဆိုသည်။

ကဘူးလ်မြို့မြောက်ဘက်မှ ၁၆၀ ကီလိုမီတာအကွာ ဘက်ဂလန်ပြည်နယ်ရှိ ဒေသအချို့တွင် တာလီဘန်စစ်သွေးကြွများ ထကြွသောင်းကျန်းလျက်ရှိရာ ရဲတပ်ဖွဲ့ဝင်ဟောင်းနှစ်ဦးကို ပစ်သတ်ခဲ့သည်မှာ ၎င်းတို့၏လက်ချက်ဖြစ်ကြောင်း ရဲတပ်ဖွဲ့က အခိုင်အမာပြောကြားခဲ့သည်။

**(ဆင်ဟွာ)**

# လစ်ဗျားကမ်းခြေ၌ ဒုက္ခသည်လှေနစ်မြုပ်ရာမှ သေဆုံးသူများ၏ ရုပ်အလောင်းများကိုတွေ့ရှိ

**ထရီပိုလီ ဖေဖော်ဝါရီ ၂၂**

လစ်ဗျားကမ်းခြေတွင် လှေနစ်မြုပ်ရာမှရောက်ရှိလာသည့် ရုပ်အလောင်း ၇၄ လောင်းခန့်ကို တွေ့ရှိခဲ့ရကြောင်း သိရသည်။ ဒေသဆိုင်ရာ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးအဖွဲ့များက ဒုက္ခသည်များအား တင်ဆောင်လာသည့် လှေနစ်မြုပ်ရာမှ သေဆုံးသွားသူများဖြစ်နိုင်ကြောင်း ပြောဆိုခဲ့ကြသည်။

လစ်ဗျားလခြမ်းနီအဖွဲ့က ဇာဝီယာမြို့တွင် ၎င်း၏ကယ်ဆယ်ရေးလုပ်သားများက လူသေအလောင်းများအား စုစည်းနေသည့်ဓာတ်ပုံများကို ဖော်ပြခဲ့သည်။ သေဆုံးသူများ၏ အသေးစိတ်အချက်အလက်များကို ဖော်ထုတ်နိုင်ခြင်းမရှိသေးကြောင်း အဆိုပါအဖွဲ့က ပြောကြားခဲ့သည်။သို့သော် သေဆုံးသွားသူများသည် ဥရောပသို့ဦးတည်ထွက်ခွာလာသည်မှာ ဖြစ်နိုင်ခြေများစွာရှိကြောင်း၊ သေဆုံးသူများအား တွေ့ရှိရသည့် ပတ်ဝန်းကျင်အနီးအနားတွင် ရော်ဘာလှေတစ်စင်းကိုတွေ့ခဲ့ရသည်ဟု သတင်းပေးပို့မှုများရရှိခဲ့ကြောင်း သိရသည်။

အာဏာပိုင်များက ပြောကြားသည်မှာ အသက်ရှင်လွတ်မြောက်သူတစ်ဦးကို စစ်ဆေးမေးမြန်းကာ အကြောင်းရင်းကိုဖော်ထုတ်နိုင်လိမ့်မည်ဟု မျှော်လင့်ကြောင်း ပြောကြားခဲ့သည်။ လွတ်မြောက်လာသူမှာ ဆေးရုံ၌ကုသမှုခံယူနေဆဲဖြစ်ကြောင်း သိရသည်။ နှစ်စဉ်နှစ်တိုင်း အရှေ့အလယ်ပိုင်းဒေသနှင့် အာဖရိကမြောက်ပိုင်းနိုင်ငံများမှ လူပေါင်းများစွာသည် မြေထဲပင်လယ်မှတစ်ဆင့် ဥရောပသို့ဖြတ်ကျော်ရန် ကြိုးပမ်းလျက်ရှိသည်။ **(အင်န်အိတ်ချ်ကေ)**



# “ဝ” လစ်ဘရယ်ဒီမိုကရက်တစ် တိုးတက်ဖွံ့ဖြိုးရေးပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် ဖေဖော်ဝါရီ ၂၂

**“ဝ” လစ်ဘရယ်ဒီမိုကရက်တစ် တိုးတက်ဖွံ့ဖြိုးရေးပါတီ ဥက္ကဋ္ဌ ဦးဆိုင်ပေါင်းနပ်က ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို ဖေဖော်ဝါရီ ၂၂ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြား အစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**




**လေးစားအပ်ပါသော မိဘပြည်သူ သွေးချင်းညီအစ်ကိုမောင်နှမများခင်ဗျား -**

ကိုယ်စိတ်နှစ်ဖြာ ရွှင်လန်းချမ်းမြေ့ကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

ကျွန်တော်သည် “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းမှ “ဝ” လစ်ဘရယ်ဒီမိုကရက်တစ်တိုးတက်ဖွံ့ဖြိုးရေးပါတီ ဥက္ကဋ္ဌ ဦးဆိုင်ပေါင်းနပ် ဖြစ်ပါသည်။

ယခုလို ကျွန်တော်တို့ပါတီ၏ မူဝါဒ၊ သဘောတရားများနှင့်စပ်လျဉ်းသည့် ပါတီ၏ နိုင်ငံရေးမူဝါဒ၊ သဘောတရားနှင့် လုပ်ငန်းစဉ်များကို မိဘပြည်သူများ ရှေ့မှောက်တွင် ရှင်းလင်းတင်ပြခွင့်ရသည့်အတွက် ကျေးဇူးဥပကာရတင်ရှိပါကြောင်း ကျွန်တော်တို့၏ ပါတီဝင်များကိုယ်စား ဂါရဝတရားနှင့် ဖော်ပြအပ်ပါသည်။

**ချစ်ခင်လေးစားအပ်ပါသော မိဘပြည်သူ သွေးချင်းညီအစ်ကိုမောင်နှမများ ခင်ဗျား-**

အတိတ်ကာလမှ ယနေ့မျက်မှောက်ကာလအထိ ဖြတ်သန်းတွေ့ကြုံလာခဲ့ရသော မြန်မာနိုင်ငံရေးဖြစ်တည်မှုအပေါ်အခြေခံပြီး ကျွန်တော်တို့“ဝ” လစ်ဘရယ်ဒီမိုကရက်တစ်တိုးတက်ဖွံ့ဖြိုးရေးပါတီ၏သဘောတရားနှင့် လုပ်ငန်းစဉ်ကို လက်ရှိလူနေမှုသဘောသဘာဝနှင့် သဟဇာတဖြစ်သော နိုင်ငံရေးမူဝါဒ ချမှတ်ဆောင်ရွက်ရမည်ဟု အလေးအနက်ခံယူပါသည်။

ထို့ကြောင့် ကျွန်တော်တို့အနေဖြင့် မိမိတို့၏ နိုင်ငံရေးရည်မှန်းချက် ရည်ရွယ်ချက်၊ ယုံကြည်ချက်များကိုလည်း ခံယူချက်နှင့်အညီ သန္နိဋ္ဌာန်ပြု၍ချမှတ်ဆောင်ရွက်ခြင်းဖြစ်ပါသည်။

ကျွန်တော်တို့ပါတီ၏ ရည်မှန်းချက်သည် တည်ငြိမ်အေးချမ်းသာယာဝပြောပြီး နိုင်ငံတော်တွင်း တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စည်းလုံးညီညွတ်သော စွမ်းအားဖြင့် နယ်မြေဒေသ၏ လူမှုစီးပွားရေးဘဝ ဘက်စုံတစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်လာရန်နှင့် တိုင်းရင်းသားပြည်သူအများ လိုလားနှစ်သက်တောင့်တကြသည့် အခြေခံလူ့အခွင့်အရေးများကို အာမခံသည့် စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပေါ်ပေါက်လာရေးနှင့် ဒီမိုကရေစီစနစ် အစဉ်ထာဝရဖြစ်ထွန်းရှင်သန်လာရေး ဆောင်ရွက်သွားရန် ချမှတ်ပါသည်။

ချမှတ်ထားသော ရည်မှန်းချက်အတိုင်း အောင်မြင်စေရန် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး တည်ဆောက်ထိန်းသိမ်းဖော်ဆောင်ရေး၊ အခြေခံလူ့အခွင့်အရေးများကို အာမခံမည့် စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံစနစ်ပေါ်ထွန်းလာရေး၊ ဒီမိုကရေစီစနစ်နှင့် ဒီမိုကရေစီအလေ့အကျင့်အစဉ်ရှင်သန်လာရေး၊ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ တန်းတူညီမျှခြင်းအခွင့်အရေးများ အပြည့်အဝရရှိခံစားရေး၊ ကိုယ်ကျိုးအလို့ငှာ မသိနားမလည်သော ပြည်သူများအပေါ် ပဒေသရာဇ်အာဏာရှင်ဆန်ဆန် မလျော်ညြဇာသုံးပြီး ဖိစီးနှိပ်စက်ခြင်းများ အပြီးသတ်ချုပ်ငြိမ်းအောင် ဆောင်ရွက်သွားရေး၊ တိုင်းရင်းသားလူမျိုးများအားလုံး၏ ဘာသာ၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုများ အပါအဝင် လူမှုစီးပွားရေးဘဝလုပ်ငန်းများတွင် ပါဝင်သော ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားရေး၊ တိုင်းရင်းသားလူမျိုးများအားလုံးအပါအဝင် လူငယ်၊ အမျိုးသမီးများနှင့် မည်သည့်လူထုလူတန်းစားကိုမဆို နိုးကြားတက်ကြွသော အသိစိတ်ဓာတ်ဖြင့် ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် စည်းရုံးလှုံ့ဆော်သွားရန် ဆောင်ရွက်ရေးတို့ဖြစ်ပါသည်။

ကျွန်တော်တို့၏ ရည်မှန်းချက်အတိုင်း ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ပါတီဝင်လူအင်အားများနှင့် တိုင်းရင်းသားလူမျိုးများ၏ စည်းလုံးညီညွတ်သောအင်အားဖြင့် နိုးကြားတက်ကြွသော အသိစိတ်ဓာတ်၊ မှန်ကန်သည့်အတွေးအခေါ် မြော်မြင်ခြင်း၏ ဆင်ခြင်မှုအသိဉာဏ်များနှင့်အတူ မူလဗီဇစိတ်စေတနာ ရှေးရှုမှုအားတို့သည် အဓိကပဓာနကျသည်ဟု အလေးအနက်ခံယူပါသည်။

သို့ဖြစ်၍ မိမိပါတီ၏ခံယူချက်၊ ရည်မှန်းချက်၊ ရည်ရွယ်ချက်နှင့် ယုံကြည်ချက်အတိုင်း မလျှော့သော ဇွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် လေးနက်တည်ကြည်စွာ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဟု ကတိသစ္စာပြုလျက် သန္နိဋ္ဌာန်ချမှတ်ပါသည်။

**လေးစားအပ်ပါသော မိဘပြည်သူ သွေးချင်းညီအစ်ကိုမောင်နှမများ ခင်ဗျား -**

ကျွန်တော်တို့ပါတီ၏ အမည်နှင့် ဌာနချုပ်တည်နေရာအပြင် အလံ၊ အထိမ်းအမှတ်တံဆိပ်များကို ဆက်လက်၍ မိတ်ဆက်ဖော်ပြ လိုပါသည်။


| | | |
|---|---|---|
| ကျွန်တော်တို့ပါတီ၏အမည်သည် | - | “ဝ” လစ်ဘရယ်ဒီမိုကရက်တစ် တိုးတက်ဖွံ့ဖြိုးရေးပါတီဟု ခေါ်သည်။ |
| အတိုကောက်မှာ | - | “ဝ” လစ်ဘရယ်ပါတီဟုလည်း ခေါ်ဆိုနိုင်ပါသည်။ |
| ပါတီဌာနချုပ်သည် | - | အမှတ်(၁/က)၊ တက္ကသိုလ် ရိပ်သာလမ်းသွယ်၊ ဗျူဟာလမ်း၊ နယ်မြေ(၂)၊ ရပ်ကွက်(၁)၊ လားရှိုးမြို့။ |
| ဆက်သွယ်ရန်ရုံးဖုန်းနံပါတ်မှာ | - | ဝ၈၂-၃ဝ၆ဝ၄ ဖြစ်ပါသည်။ |
| ပါတီအလံသည် | - | အလျားငါးပေ၊ အနံသုံးပေအရွယ်အစားရှိ ပိတ်စပေါ်တွင် အဖြူ၊ အနီ၊ အပြာရောင်တို့ပါဝင်ပြီး အပြာရောင်ပေါ်တွင် “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းအတွင်းရှိ တိုင်းရင်းသားလူမျိုး ၁၆ မျိုးကို ကိုယ်စားပြုသည့် ကြယ်ဖြူ ၁၆ လုံးနှင့် “ဝ” တို့၏ အထင်ကရဖြစ်သော လွယ်မူးတောင်ပုံတို့ပါရှိသည်။ |
| ပါတီ၏အထိမ်းအမှတ်တံဆိပ်မှာ | - | “ဝ” တိုင်းရင်းသားလူမျိုးများအနေဖြင့် လူအများစုစည်းရန် တီးခေါက်ဖိတ်ခေါ်သည့် ကုလားတက်သဏ္ဍာန်တုံးမောင်းနှင့်တီးခတ်ရန် မောင်းတံနှင့်အတူ ရိုးရာအသုံးအဆောင်ဖြစ်သော ဓားနှင့် လှံတစ်စုံစီ ထည့်သွင်းပါဝင်ပါသည်။ |

**ချစ်ခင်လေးစားအပ်ပါသော မိဘပြည်သူသွေးချင်းညီအစ်ကိုမောင်နှမများခင်ဗျား -**

ပါတီ၏ နိုင်ငံရေးမူဝါဒ၊ သဘောတရားနှင့် လုပ်ငန်းစဉ်များကို ဆက်လက်ဖော်ပြရမည်ဆိုလျှင် တိုင်းရင်းသားလူမျိုးများ၏ စည်းလုံးညီညွတ်ရေးကို ဦးထိပ်ပန်ဆင်ပြီး ဥမကွဲ သိုက်မပျက်အတူတကွ အစဉ်ထာဝရညီရင်းအစ်ကိုကဲ့သို့ ချစ်ကြည်ရင်းနှီးစွာနှင့် အချင်းချင်း အပြန်အလှန်လေးစားရေး၊ အတူတကွ လက်တွဲနေထိုင်ရေး၊ တိုင်းရင်းသားလူမျိုးစုများ၏ ထူးခြားသည့်လူမှုဝိသေသလက္ခဏာအရ ကိုယ်ပိုင် ထင်ရှားတည်ရှိမှုကို အသိအမှတ်ပြုရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိရေး၊ အခြေခံလူ့အခွင့်အရေး ရပိုင်ခွင့်များနှင့် ရရန်ပိုင်ခွင့်များ ရရှိခံစားနိုင်ရန် အားပေးကူညီရေး၊ သဘာဝသယံဇာတအရင်းအမြစ်များအား မျှဝေခံစားရေး၊ တောင်သူလယ်သမား၊ အလုပ်သမားတို့၏ လူမှုစီးပွားရေးဘဝတိုးတက်ဖွံ့ဖြိုးစေရန်နှင့် အခြေခံအခွင့်အရေးတို့ကို မှန်ကန်စွာရရှိရေး၊ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လက်နက်ကိုင်ပဋိပက္ခ ချုပ်ငြိမ်းရေး၊ နယ်မြေဒေသအတွင်း လူမှုစီးပွားရေးဘဝဘက်စုံတိုးတက်ဖွံ့ဖြိုး အောင်ဆောင်ရွက်ပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးလုပ်ငန်းများတွင် အမျိုးသမီးများနှင့် လူငယ်များ အင်တိုက်အားတိုက်ပါဝင်လာရေးမူဝါဒနှင့် လုပ်ငန်းစဉ်တူညီသော မည်သည့်ပါတီအဖွဲ့အစည်းပုဂ္ဂိုလ်များနှင့်မဆို လုပ်ဖော်ကိုင်ဖက်အဖြစ် အသိအမှတ်ပြု၍ မဟာမိတ်အဖြစ်ခံယူကာ သင့်လျော်သောလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်သွားမည်။

ပါတီစုံဒီမိုကရေစီအစဉ်ကြီးထွားရန် ရှင်သန်ထွန်းကားလာရေးနှင့် အခြေခံလူ့အခွင့်အရေးများကို အာမခံမည့်စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံစနစ်ပေါ်ထွန်းရေး အစဉ်ထောက်ခံကြိုးပမ်းဆောင်ရွက်သွားမည်။

နိုင်ငံတကာဆက်ဆံရေးမှာ မူဝါဒအတွင်း နိုင်ငံအချင်းချင်းအကြား ပူးပေါင်းဆောင်ရွက်ကြမည်။ ဒေသ၏အကျိုးကို ဦးတည်၍ အကျိုးပြုသည့် စီမံကိန်းစနစ်များ လက်တွဲဆောင်ရွက်မည်။ လူထုအခြေပြုအဖွဲ့အစည်းများ၏ ဆက်သွယ်ရေးကဏ္ဍကို ကြိုဆိုအားပေးထောက်ခံမည်။



စီးပွားရေး လုပ်ငန်းရှင်များအား ဒေသအတွင်းရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို အားပေးကူညီမည်။

ဗဟိုချုပ်ကိုင်မှုများ လျှော့ချခြင်းနှင့် ပုဂ္ဂလိက ကဏ္ဍများကို အားပေးကူညီမည်။

နိုင်ငံ့ဝန်ထမ်းများသည် လုပ်ငန်းခွင်၌ မွန်မြတ်သော စိတ်စေတနာမှန်ကန်မှုများ ရှေးရှုခြင်း၊ ရိုးသားတည်ကြည်ခြင်းနှင့် တာဝန်ကျေပွန်စွာဖြင့် ဝိုင်းဝန်းပူးပေါင်းလုပ်ကိုင်တတ်သည့် စိတ်ဓာတ်များရရှိရေး၊ ၎င်းတို့၏ လုပ်ငန်းခွင်သာယာရေးနှင့် လုပ်ငန်းခံစားခွင့် အပြည့်အဝရရှိရေးတို့ကို လည်းကောင်း၊ ကလေးသူငယ်များ၏ ကျန်းမာရေးစောင့်ရှောက်မှုများ၊ မသန်စွမ်းသူများ၏ လူ့အခွင့်အရေးအပြည့်အဝခံစားရရှိရန် ကူညီဆောင်ရွက်မည်ဖြစ်ပါသည်။

နိုင်ငံတော်၏ ကာကွယ်ရေးအင်အားနှင့် စပ်လျဉ်း၍ တပ်မတော်သည် နိုင်ငံတော်၏ ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်ရသည့် မရှိမဖြစ်လိုအပ်သော အဖွဲ့အစည်းတစ်ရပ်ဖြစ်သည်ဟု ခံယူပါသည်။

ဒီမိုကရေစီစနစ် ဖြစ်ထွန်းရှင်သန်ရေးနှင့် ဖက်ဒရယ်ပြည်ထောင်စုစနစ်အပါအဝင် ပြည်သူတို့စည်းစိမ်ဥစ္စာများကို ဥပဒေနှင့်အညီ ကာကွယ်ပေးသည့် အင်အားစုကြီးဖြစ်သည်ဟုလည်း ခံယူပါသည်။

ကိုးကွယ်ယုံကြည်မှု ၊ ဘာသာတရားနှင့် စပ်လျဉ်း၍ တိုင်းရင်းသားပြည်သူများက မိမိနှစ်သက်ရာဘာသာကို လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့်ရရှိရေးနှင့် သတင်းမီဒီယာနှင့် အနုပညာရှင်များတို့သည်လည်း ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးတွင် ပြည်သူတစ်ရပ်လုံး၏ နိုးကြားသောအသိရှိလာရေး အမြင်ဖွင့်ပေးသည့် လူမှုအဖွဲ့အစည်းအဖြစ် အသိအမှတ်ပြုသည်။

**လေးစားအပ်ပါသော မိဘပြည်သူ သွေးချင်းညီအစ်ကိုမောင်နှမများခင်ဗျား -**

နိဂုံးချုပ်အနေဖြင့်တင်ပြလိုသည်မှာ ကျွန်တော်တို့ “ဝ” လစ်ဘရယ်ဒီမိုကရက်တစ် တိုးတက်ဖွံ့ဖြိုးရေးပါတီသည် မြန်မာနိုင်ငံတော် တည်ငြိမ်အေးချမ်းပြီး သာယာဝပြောပျော်ရွှင်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးအဖြစ် တည်ဆောက်နိုင်ရန် -

(၁) တိုင်းရင်းသားလူမျိုးများအားလုံးတို့သည် တစ်အူထုံ့ဆင်းညီအစ်ကိုမောင်နှမများဖြစ်သည့် အားလျော်စွာ တစ်ဦးပေါ်တစ်ဦး ချစ်ခင်ကြင်နာခြင်း၊ စာနာထောက်ထားခြင်း၊ နားလည်သည်းခံခွင့်လွှတ်ခြင်း၊ အနစ်နာခံခြင်း၊ ကူညီရိုင်းပင်းခြင်း၊ သဘောထားကြီးခြင်းနှင့်အတူ ပြည့်ဝသော လစ်ဘရယ်သဘောဆောင်သည့် တိုင်းရင်းသားလူမျိုးများ၏ စည်းလုံးညီညွတ်မှုကို စုစည်းဖော်ဆောင်ကြရမည်ဟု အလေးအနက် ယုံကြည်ပါသည်။

(၂) အခြေခံလူ့အခွင့်အရေးများကို အာမခံမည့် စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော်ကြီး ဖြစ်ထွန်းလာမှသာလျှင် အစဉ်ထာဝရတည်တံ့သော တိုင်းရင်းသားလူမျိုးများ၏ စည်းလုံးညီညွတ်မှုကို ဖော်ဆောင်နိုင်မည်ဟု ယုံကြည်ပါသည်။

(၃) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် လက်တွေ့ကျသော ဒီမိုကရေစီစနစ်နှင့် ဒီမိုကရေစီအလေ့အကျင့် အစဉ်ခိုင်မာစွာ ဖြစ်ထွန်းရှင်သန်လာရေးသည် အဓိက အခြေခံကျသည်ဟု ခံယူပါသည်။

(၄) တရားမျှတခြင်း ၊လွတ်လပ်ခြင်း၊ တန်းတူညီမျှခြင်းများနှင့် တိုင်းရင်းသားလူမျိုးများ၏ မူလဗီဇရပိုင်ခွင့်နှင့် ရရန်ပိုင်ခွင့်တို့ကို အသိအမှတ်ပြုပြီး လက်တွေ့ဖော်ဆောင်ပေးခြင်းသည် အခြေခံကျသော ဆောင်ရွက်ချက်ဖြစ်သည်ဟု ခံယူပါသည်။

(၅) တိုင်းရင်းသားပြည်သူ ညီအစ်ကိုမောင်နှမများနှင့် နိုင်ငံတော်တွင် နိုင်ငံတော်၏ အရေးအရာတို့ကို ဦးဆောင်ဦးရွက်ပြုကြသော လုပ်ဖော်ကိုင်ဖက်များနှင့် အလုပ်အကျွေးပြုကြသည့် ပြည်သူ့ဝန်ထမ်းအပေါင်းတို့က တိုင်းပြည်အပေါ်တွင် မှန်ကန်သော စိတ်စေတနာရှေးရှုမှုနှင့်အတူ ရိုးသားတည်ကြည်ပြီး သစ္စာရှိစွာ ပြည်သူ့အကျိုးသယ်ပိုးကြမည်ဆိုပါက တည်ငြိမ်အေးချမ်းပြီး တိုးတက်ဖွံ့ဖြိုးသော သာယာဝပြောသည့် အမိနိုင်ငံတော်ကြီးအစဉ်ထာဝရ တည်တံ့ခိုင်မြဲနေမည်ဟု ကျွန်တော်တို့ “ဝ” လစ်ဘရယ်ဒီမိုကရက်တစ်တိုးတက်ဖွံ့ဖြိုးရေးပါတီမှ အလေးအနက် ယုံကြည်ပါကြောင်းပြောကြားရင်း နိဂုံးချုပ်အပ်ပါသည်။

## တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကာလ လျှပ်စစ်မီးများပြတ်တောက်မှုမဖြစ်ပေါ်စေရေး ကြိုတင်ဆောင်ရွက်

**ဒလ ဖေဖော်ဝါရီ ၂၂**

၂၀၁၇ ခုနှစ် မတ်လတွင်ကျင်းပမည့် တက္ကသိုလ်ဝင် စာမေးပွဲတွင် ဝင်ရောက်ဖြေဆိုကြမည့် ဒလမြို့နယ်မှ ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းစွာ စာကျက်နိုင်ရေးအတွက် လျှပ်စစ်မီးများ ပြတ်တောက်မှုမဖြစ်ပေါ်စေရန် ကြိုတင်ဆောင်ရွက်ထားကြောင်း မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ သိရသည်။

ဒလမြို့နယ်၌ တက္ကသိုလ်ဝင် စာမေးပွဲ မဖြေဆိုမီနှင့် စာမေးပွဲဖြေဆိုနေဆဲကာလတွင် လျှပ်စစ်မီးများ ပြတ်တောက်မှုမဖြစ်ပေါ်စေရန် မြို့တွင်းလျှပ်စစ်ကြိုးလိုင်းများနှင့် မလွတ်ကင်းသည့် သစ်ကိုင်း၊ သစ်ခက်များကို ခုတ်ထွင်ရှင်းလင်းခြင်းနှင့် မြို့တွင်းလျှပ်စစ်မီးကြိုးလိုင်းများအား အသစ်လဲလှယ် ဆောင်ရွက်ထားကြောင်း သိရသည်။

“မြို့တွင်းမှာ လျှပ်စစ်မီးပြတ်တောက်ရခြင်းရဲ့အဓိကက လျှပ်စစ်ကြိုးလိုင်းတွေပူးတာ၊ ဖျူးပြတ်ထွက်တာ၊ လျှပ်စစ်ကြိုးလိုင်းတွေပေါ် သစ်ကိုင်း၊ သစ်ခက်တို့ ကျိုးကျခြင်းတွေကြောင့်ပါ။ အဲဒါတွေကိုပြုပြင်ပြီးပါပြီ။ လျှပ်စစ်ဝန်ထမ်းတွေကလည်း ရပ်ကွက်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးလျက်ရှိပါတယ်” ဟု မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်ကျော်ထွန်းက ပြောပြသည်။

မြို့နယ်တွင်းသို့ ပြင်ပဓာတ်အားလိုင်းမှ သွယ်တန်းထားသော ယခင်လျှပ်စစ်ကြိုးများနေရာတွင် လျှပ်ကာပစ္စည်းပါသည့် ၃၃ ကေဗွီ ဓာတ်အားလိုင်းများ၊ မြို့တွင်းရှိ ထရန်စဖော်မာများသို့ အဝင်သွယ်တန်းထားသည့် ယခင်လျှပ်စစ်ကြိုးများနေရာတွင် လျှပ်ကာပစ္စည်းပါ ၆ ဒသမ ၆ ကေဗွီ ဓာတ်အားလိုင်းကြိုးများ၊ လျှပ်စစ်ဓာတ်အားသုံးစွဲသူများအိမ်သို့ ထရန်စဖော်မာမှ လျှပ်စစ်အထွက် သွယ်တန်းထားသော လျှပ်စစ်ကြိုးများနေရာတွင် ဝ ဒသမ ၄ ကေဗွီ လျှပ်စစ်ကြိုးများဖြင့် လဲလှယ်တပ်ဆင်ထားကြောင်း၊ လူစည်ကားရာ စာသင်ကျောင်းများ၊ သမ္မန်ဆိပ်များနှင့် ဈေးများရှေ့ရှိ ယခင်လျှပ်စစ်ကြိုးဟောင်းများနေရာတွင် လျှပ်ကာပစ္စည်းပါ လျှပ်စစ်ကြိုးများဖြင့် လဲလှယ်တပ်ဆင်လျက်ရှိကြောင်း သိရသည်။

**မောင်ယဉ်ဦး(ဒလ)**

# အလုပ်သမားရေးရာ အငြင်းပွားမှုပြဿနာဖြေရှင်းရာတွင် ပွင့်လင်းမြင်သာမှုနှင့် ရှေ့နောက်ညီညွတ်သမာသမတ်ဖြစ်လိုကြောင်း ပြည်ထောင်စုဝန်ကြီးပြောကြား

**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာနက ကျင်းပသော အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေး လုပ်ငန်းနှီးနှောဖလှယ်ပွဲတွင် အလုပ်သမားရေးရာအငြင်းပွားမှုပြဿနာများကိုဖြေရှင်းရာ၌ ပွင့်လင်းမြင်သာမှုနှင့် ရှေ့နောက်ညီညွတ်သမာသမတ်ဖြစ်စေလိုကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေကပြောကြားသည်။

အဆိုပါ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ပန်ဒါဟိုတယ်၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက အလုပ်သမားရေးရာအငြင်းပွားမှုများကို ဖြေရှင်းတဲ့နေရာမှာပွင့်လင်းမြင်သာမှုရှိခြင်း၊ ရှေ့နောက်ညီညွတ်ခြင်း၊ အလုပ်ရှင် အလုပ်သမားကြား ဘက်လိုက်မှုကင်း၍ လူမှုရေးရာတရားမျှတမှုအပေါ် အခြေခံဆုံးဖြတ်ချက် ချမှတ်ရမည်ဖြစ်ကြောင်း၊ ဖြေရှင်းတဲ့အခါ အများပြည်သူလက်ခံနိုင်ရန် အလုပ်သမားရေးရာညှိနှိုင်းဖျန်ဖြေရေး ပုဂ္ဂိုလ်များဖြစ်တာနဲ့အညီ ဥပဒေရေးရာကျွမ်းကျင်မှုနှင့် အတွေ့အကြုံရှိခြင်း၊ ကိုယ်ကျင့်တရားကောင်းမွန်ခြင်း၊ ဘက်လိုက်မှုကင်းခြင်း စသည့်ကိုယ်ရည်ကိုယ်သွေးများရှိရန် လိုကြောင်း၊ အလုပ်သမားရေးရာ အငြင်းပွားမှုများကို



အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးလုပ်ငန်းဆိုင်ရာနှီးနှောဖလှယ်ပွဲတွင် ပြည်ထောင်စုဝန်ကြီး ပြောကြားစဉ်

စက်ရုံတွင်းဖွဲ့စည်းထားတဲ့ အလုပ်သမားရေးရာလုပ်ငန်းညှိနှိုင်းရေးရာ လုပ်ငန်းကော်မတီနှင့်မြို့နယ် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့တို့က တည်ဆဲဥပဒေများနှင့် ဖြေရှင်းရန်လိုပြီးခုံသမာဓိအဆင့်သို့ မလိုအပ်ဘဲ တက်ရောက်ခြင်းမဖြစ်ပေါ်ရေး အလေးထားဆောင်ရွက်လိုကြောင်းနှင့် နှစ်ဖက်ဖြေရှင်းပြီး စာချုပ်ပါအချက်များကို ရှင်းလင်းပြတ်သားစွာရေးရန် လိုကြောင်း စသည်ဖြင့် ပြောကြားသည်။

အခမ်းအနားသို့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး ဦးဇော်အေးမောင်၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီး ဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန်၊ ILO မှ ကိုယ်စားလှယ်များ၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကွပ်ကဲမှုအောက်မှ ဦးစီးဌာန / အဖွဲ့ရုံးများ၏ တိုင်းဒေသကြီး အဆင့်တာဝန်ခံများ၊ ခုံသမာဓိကောင်စီဝင်များ၊ တိုင်းဒေသကြီးများနှင့် ပြည်နယ်များမှ ခုံသမာဓိအဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ ကိုယ်စားလှယ်များနှင့် အလုပ်သမားသမဂ္ဂအဖွဲ့ချုပ်များမှ ကိုယ်စားလှယ်များ တက်ရောက်သည်။

တက်ရောက်လာသော မြို့နယ် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ဝင်များ၊ ခုံသမာဓိအဖွဲ့ဝင်များ၊ ခုံသမာဓိကောင်စီဝင်များက အလုပ်သမားရေးရာ အငြင်းပွားမှုကိစ္စရပ်များနှင့်စပ်လျဉ်း၍ ၂၀၁၂ ခုနှစ် အလုပ်သမားရေးရာအငြင်းပွားမှု ဖြေရှင်းရေးဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်ခဲ့သည့် အတွေ့အကြုံများ၊ အားသာချက်၊ အားနည်းချက်များနှင့် စိန်ခေါ်မှုများကို အချင်းချင်းရင်းနှီးပွင့်လင်းစွာဆွေးနွေးပြီး အမြင်ချင်းဖလှယ်ခဲ့ကြောင်း သိရသည်။

**သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ- မင်းထက်**

## ယာဉ်တိမ်းမှောက်မှုတွင် ဒဏ်ရာရသူများအား ထောက်ပံ့

**တောင်ကြီး ဖေဖော်ဝါရီ ၂၂**

ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်ခရိုင် မိုင်းကိုင်မြို့နယ် အလက(ခွဲ)ဟမ်းငိုင်းမှ မိုင်းကိုင်မြို့သို့ စာမေးပွဲဖြေဆိုရန် ကျောင်းသား ကျောင်းသူများစီးနင်းလိုက်ပါလာသော မော်တော်ယာဉ်သည် ဖေဖော်ဝါရီ ၂၀ရက်က မိုင်းကိုင်မြို့သို့လာသည့် လမ်းတွင် တိမ်းမှောက်ပြီး ယာဉ်မောင်းအပါအဝင် ငါးဦးသေဆုံးခဲ့ပြီး ဒဏ်ရာရရှိသူများကို မိုင်းကိုင်ဆေးရုံတွင် သုံးဦး၊ လွိုင်လင်ဆေးရုံတွင် ၁၀ ဦး၊ စဝ်စံထွန်း ဆေးရုံ တွင် လေးဦး တက်ရောက် ဆေးကုသပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါယာဉ်တိမ်းမှောက်မှုကြောင့် ရှမ်းပြည်နယ် ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းနှင့် စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးစိုးညွှန့်လွင်တို့မှ လွိုင်လင်ဆေးရုံနှင့် စဝ်စံထွန်းဆေးရုံကြီးတို့တွင် တက်ရောက်ကုသနေသည့် ကျောင်းသားကျောင်းသူများကို သွားရောက်တွေ့ဆုံပြီး လိုအပ်သည်များ စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ သေဆုံးသူ ငါးဦးအား တစ်ဦးလျှင် ငွေကျပ်နှစ်သိန်းနှုန်း ဖြင့် ငွေကျပ် ၁၀သိန်း၊ ဒဏ်ရာရရှိသူ ၁၇ ဦးအား တစ်ဦးလျှင် ငွေကျပ်တစ်သိန်း နှုန်းဖြင့် ငွေကျပ် ၁၇သိန်း စုစုပေါင်းငွေကျပ် ၂၇ သိန်းအား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

## ပရိယတ္တိစာမေးပွဲစာအောင်ဘွဲ့နှင်းသဘင်ကျင်းပ

**သထုံ ဖေဖော်ဝါရီ ၂၂**

မွန်ပြည်နယ် သထုံမြို့ သုဝဏ္ဏဘူမိပရိယတ္တိသာသနာ့ဟိတအသင်းမှ ဦးဆောင်ကာ နှစ်စဉ် ကျင်းပခဲ့သည့် သုဝဏ္ဏဘူမိပရိယတ္တိစာမေးပွဲကြီး အကြိမ် (၉၀) မြောက် မဟာဓမ္မပူဇာ စာအောင် ဘွဲ့နှင်းသဘင်ကို ဖေဖော်ဝါရီ ၂၁ ရက်က မြသပိတ်တောင်ခြေရှိ သာသနာ့ဟိတ ဘွဲ့နှင်းဓမ္မာရုံ၌ ဆင်ယင်ကျင်းပခဲ့သည်။

ဘွဲ့နှင်းသဘင်အခမ်းအနားတွင် သထုံမြို့ဓမ္မမေဒနီကျောင်းတိုက် ပဓာနနာယကဆရာတော်ထံမှ ၈ ပါးသီလနှင့် ဩဝါဒတရားနာယူကြပြီး သုဝဏ္ဏဘူမိပရိယတ္တိသာသနာ့ဟိတအသင်းဥက္ကဋ္ဌ ဦးကျော်လှိုင်နှင့် အသင်းမှ တာဝန်ရှိသူတို့က အသင်းကြီး၏ ဆောင်ရွက်ချက်များကို တင်ပြလျှောက်ထားကာ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် သထုံမြို့သဒ္ဓမ္မဇောတိကာရာမ ကျောင်းဆရာတော် ပိဋကတ္တယ ပါရဂူ အရှင်သုမနထံမှ အနုမောဒနာတရား နာယူကြသည်။ ထို့နောက် အကြိမ် (၉၀) မြောက် သုဝဏ္ဏဘူမိ ပရိယတ္တိ စာမေးပွဲကြီးမှ သက်ဆိုင်ရာအဆင့်အလိုက် ဖြေဆိုအောင်မြင်တော်မူကြသော သံဃာတော်နှင့် သီလရှင် ၃၅ ပါးတို့အား ဘွဲ့တံဆိပ်၊ ဘွဲ့လက်မှတ်များနှင့် လှူဖွယ်ဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

**သက်ဦး(သထုံ)**

## သင်္ကြန်ပိတ်ရက် ယာဉ်စီးခနှုန်းထားနှစ်စဉ်ပိုပေးနေရမှုများ ယခုနှစ်တွင် ဖြေလျှော့ပေးစေလို

**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

သာမန်ရုံးပိတ်ရက် စနေ၊ တနင်္ဂနွေ နှစ်ရက်နှင့် သင်္ကြန် ပိတ်ရက် ၁၀ ရက်တို့တွင် ဆက်တိုက်ဖြစ်နေသော ၂၀၁၇ သင်္ကြန်ပွဲတော်ရက်အတွင်း ဌာနေပြန်ကြမည့် ခရီးသွားများ၊ ယခင်နှစ်များထက် ပိုမိုများပြားနိုင်သည်။ နှစ်စဉ် အဝေးပြေးခရီးသည်တင်ယာဉ်များ ပြေးဆွဲနေသော ကားလမ်း၊ ရေလမ်းခရီးစဉ်များတွင် ခရီးသွားများ ယာဉ်စီးခနှုန်း ပုံမှန်ထက်ပိုမိုပေး၍ သွားလာနေ ရဆဲဖြစ်သည်။

၂၀၁၇ သင်္ကြန်ပိတ်ရက်မတိုင်မီကာလနှင့် သင်္ကြန် ပိတ်ရက်အလွန် ရုံးဖွင့်ရက်မတိုင်မီကာလတို့တွင် ဌာနေပြန်ခရီးသွားများ နှစ်စဉ်ကြုံတွေ့နေရဆဲဖြစ်သော စီးပွားရေးအကျိုးအမြတ်ရရှိရေး အလေးထား ဆောင်ရွက်မှုမျိုးမှ ဖြေလျှော့ပေးမှုများ သက်ဆိုင်ရာမှ ပြုလုပ်ပေးရန် မျှော်လင့်မှုများရှိနေသည်ဟု ဌာနေပြန် မည့် ခရီးသွားများက ပြောဆိုမှုရှိလာသည်။

နှစ်စဉ် သင်္ကြန်ကာလမတိုင်မီ ဌာနေပြန် ခရီးသွားများအဆင်ပြေစေရန် ယာဉ်လိုင်းအဖွဲ့အစည်းများနှင့် သက်ဆိုင်ရာတို့မှ ဆောင်ရွက်ပေးနေခြင်း၊ သတ်မှတ်ယာဉ်စီးခနှုန်းထားထက် ပိုမိုကောက်ခံရောင်းချခြင်းများကို လာရောက်တိုင်ကြားအရေးယူသည့်သတင်းများ မီဒီယာများတွင် ဖတ်ရှုရသည်။

သို့သော် ဌာနေပြန်ခရီးသွားအများစုမှာ နှစ်စဉ် ထုံးစံမပျက် ကားခ၊ ရေယာဉ်ခ ပိုမိုပေး၍ သွားလာရခြင်း၊ ယာဉ်များပေါ်တွင် ဒုက္ခခံစီးနင်းရဆဲဖြစ်သည်ဟု ဆိုကြသည်။

ပုံမှန်ကားခငွေကျပ် ၅၅၀၀ ရှိသော မကွေးတိုင်းဒေသကြီးသို့ပြေးဆွဲနေသည့် ခရီးစဉ်ယာဉ်လိုင်း တွင် သင်္ကြန်မတိုင်မီကာလ ဌာနေပြန်ချိန်နှင့် သင်္ကြန်ပိတ်ရက်အလွန် ရန်ကုန်ပြန်မည့်ကာလတို့တွင် ကားခငွေကျပ် တစ်သောင်းစီဖြင့် ဝယ်ယူစီးနင်းခဲ့ရသည်ဟု ရန်ကုန်တွင် လာရောက်အလုပ်လုပ်နေသည့် မနီနီက ပြောသည်။

ယခုနှစ်တွင်လည်း ယင်းသို့ဖြစ်စဉ်မျိုးနှင့် မကြုံတွေ့ရန် ကားဂိတ်သို့ ကြိုတင်လက်မှတ်ဝယ်ယူရန် ဖေဖော်ဝါရီ ၁၉ ရက်တွင် စုံစမ်းရာ မရောင်းချသေးကြောင်း၊ ဧပြီလဆန်းမှ သိရမည်ဟု ပြန်လည်ပြောကြားကြောင်း သိရသည်။

ကြိုတင်လက်မှတ် ဝယ်ယူရောင်းချခြင်းနှင့် ပတ်သက်၍ ပွင့်လင်းမြင်သာမှုရှိရန်နှင့် လုပ်ငန်းခွင်တွင် အလုပ်လုပ်ချိန်ဝယ်ယူရန်အခက် အခဲများရှိနေသဖြင့် ကားခနှုန်းထားများ ဈေးနှုန်းများစွာ ပိုပေးဝယ်ယူ ရခြင်းမျိုး ပြန်လည်ခံစားရမည်ကို စိုးရိမ်ပူပန်မှုများ ရှိသည်ဟု လုပ်ငန်းခွင်တူ အလုပ်လုပ်နေသော မညိမ်းညိမ်းကိုက ပြောပြသည်။

အဝေးပြေးခရီးသည်တင်ယာဉ်လိုင်း ကားဂိတ်ဝင်းများတွင် သာမကဆိပ်ကမ်းများတွင်လည်း အလားတူဖြစ်စဉ်များ နှစ်စဉ်တွေ့ကြုံရသည်။ အဝေးပြေးကားမျိုးစုံသည်လည်း သင်္ဘောဆိပ်တွင်ဂိတ်ထိုး၍ နယ်များသို့ ကားခနှုန်းအမြင့်ဖြင့် ပြေးဆွဲမှုများလည်း ရှိခဲ့သည်ဟု ရန်ကုန်ဆိပ်ကမ်းတွင် နယ်ပို့ကုန်ပစ္စည်းများတင်ပို့ရောင်းချနေသူ ကိုသက်လွင်က ပြောပြသည်။

နှစ်စဉ်ဌာနေပြန်ခရီးသည် အရေအတွက် အများအပြား ကားခနှုန်းထား ပိုမိုကုန်ကျနေခြင်းနှင့် ယာဉ်ပေါ်တွင် ဒုက္ခခံစီးနေရခြင်းများကို ယခုနှစ်တွင် သက်ဆိုင်ရာမှ ဖြေလျှော့လုပ်ဆောင်ပေးရန် ခရီးသွားများက မျှော်လင့်ပြောကြားမှုများ ရှိနေသည်။

**ခင်ဆိုင်**

**မွေးသက္ကရာဇ်အမှန်**

နေပြည်တော်၊ အထက-၉ ဒုတိယတန်း(ခ)မှ မောင်ဉာဏ်လင်းကျော်၏ မွေးသက္ကရာဇ်အမှန်မှာ ၂၃-၅-၂၀၀၉ ဖြစ်ပါကြောင်း။

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၆က/၅၅၆၄ Toyota Hilux YN 105 P/U (4x4) ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဟွမ်ဆိုက်လင်း ၁၃/ကခန(နိုင်)၀၂၆၉၁၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး(မူဆယ်)၊ (မူဆယ်မြို့)**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 2E/8541၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

**ကြိုတင်မှာပါ**
မှာသူများလို့ ချက်ချင်းမရောက်ရင် စိတ်မဆိုးကြပါနဲ့
09 5095 095, ☎ 01-682844
စိတ်ကောင်းကြည်လင် ချန်ပီယံပေါ်ဆန်းမွှေး

**သက်ဆိုင်သူများနှင့်အများသိစေရန်ကြေညာခြင်း**

ကျွန်ုပ်မိတ်ဆွေဒေါ်တင်နု(၁၂/စခန(နိုင်)၀၂၃၈၂၀)၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သံတံတားရပ်ကွက်၊ သံတံတားလမ်း၊ အမှတ်(၅၇) မြေကွက်ပေါ်တွင်ဆောက်လုပ်ထားသည့် ၂-ခန်းတွဲ(၈)ထပ်တိုက်၏ တရားဝင်မြေပိုင်ရှင်မှာ ကျွန်ုပ်မိတ်ဆွေဒေါ်တင်နု(၁၂/စခန(နိုင်)၀၂၃၈၂၀)ဖြစ်ပါသည်။ ယခုအခါ အမည်ပေါက် မြေပိုင်ရှင်မှ အဆောက်အဦးတွင် လူနေထိုင်ခွင့်(BCC)ရရှိပြီးဖြစ်ပါသဖြင့် တိုက်ခန်းတွင် နေထိုင်သူများ၊ သက်ဆိုင်သူများသည်တိုက်ပိုင်ရှင်(မြေပိုင်ရှင်)နှင့်(၈-၃-၂၀၁၇)ရက်နေ့ နောက်ဆုံးထား၍ လာရောက်ဆက်သွယ်ဆောင်ရွက်ကြရန်နှင့် မိမိတို့ဘက်မှ ဆက်သွယ်ဆောင်ရွက်ရန်ပျက်ကွက်ပါကမိမိတို့၏ တာဝန်သာဖြစ်ကြောင်း သက်ဆိုင်သူများနှင့် အများသိစေရန်ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ

မြေပိုင်ရှင် ဒေါ်တင်နု အမှတ်(၅၇)ပ-ထပ်၊ ပကြိုကြီးလယ်ကျွန်းပြောက်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
ဦးသန်းညွန့်(LL,B) တရားလွှတ်တော်ရှေ့နေ(၅၅၂၇)
ဦးနိုင်ထွန်းလင်း(LL,B) အထက်တန်းရှေ့နေ(၃၅၄၅)
Welcome Law Farm
အမှတ်(၉၉)၊ ၃-ထပ်၊ ၃၉လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉၃၁၁၁၆၄၄၄

**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊**
**ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊**
**ဒေသ(၅)မန္တလေးတိုင်းဒေသကြီးရုံး၊**
**ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများအတွက် လုပ်ငန်းသုံးပစ္စည်း**
**တင်ဒါခေါ်ယူခြင်း**

၁။ ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်၊ မန္တလေးတိုင်းဒေသကြီးအတွင်း ဆောင်ရွက်မည့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများအတွက် လုပ်ငန်းသုံးပစ္စည်းတင်ဒါပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။
၂။ (က) **တင်ဒါစတင်ရောင်းချမည့်ရက်**-၂၄-၂-၂၀၁၇ရက်(သောကြာနေ့)
(ခ) **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** -၃-၃-၂၀၁၇ရက်(သောကြာနေ့)
၃။ လုပ်ငန်းသုံးပစ္စည်းတင်ဒါများအတွက် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၅)မန္တလေးတိုင်းဒေသကြီးရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၂-၆၀၂၃၇ သို့ဖြစ်စေ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ကန့်ကွက်နိုင်ပါသည်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၁)ရပ်ကွက်၊ နောင်ရိုး(၁)လမ်း၊ အမှတ် ၁၆၅ ပေ(၄၀×၆၀)ရှိ မြေငှားဂရန်မြေကိုလက်ရှိ အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်မြမြညွှန့် ၁၂/ဗဟန(နိုင်)၀၅၄၅၄၂ထံမှ ကျွန်ုပ်ကအပြီးအပိုင်ဝယ်ယူရန်တန်ဖိုးငွေ အချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသဖြင့် အဆိုပါမြေကွက်နှင့် အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော အထောက်အထားနှင့်တကွ ကျွန်ုပ်ထံသို့ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ယင်းနေ့ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးပြတ်အောင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။
**ဦးရဲသီဟ ၁၂/ဒဂရ(နိုင်)၀၀၂၈၄၀**
**ဖုန်း-၀၉-၅၁၇၆၇၄၈**

**လစ်လပ်ဝန်ထမ်းခေါ်ယူခြင်း**

Global New Light of Myanmar နေ့စဉ် အင်္ဂလိပ်စာသတင်းစာပုံနှိပ်ဌာနတွင် လစ်လပ်လျက်ရှိသော PLC(Programmable Logic Controller)ဝန်ထမ်းအတွက် အောက်ပါအရည်အချင်းများနှင့် ကိုက်ညီသော အမျိုးသားဝန်ထမ်းနှစ်ဦး ၂၈-၂-၂၀၁၇ရက် နောက်ဆုံးထား၍ လျှောက်လွှာလိုင်စင်ဓာတ်ပုံကပ်လျက် လျှောက်ထားနိုင်ပါသည်-
(၁) ပညာအရည်အချင်း BE,B.Tech,AGTI(MP,EP,EC,IT,MC) (သို့မဟုတ်)Bc.Sc (Computer)(သို့မဟုတ်)PLCအထူးကျွမ်းကျင်၍ တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရထားသူ။
(၂) အထူးသဖြင့် PLC(Mitsubishi),(HMI Operation, Inverter Motor Drive,Servo Motor Drive,Pemumatic Controls, High Speed Counter/Timer,Encoder) ဘာသာရပ်များ ကျွမ်းကျင်သူ။
(၃) PLC ဆိုင်ရာ အတွေ့အကြုံသက် နှစ်နှစ်အထက်ရှိ၍ PLCဆိုင်ရာ Certificate ပြနိုင်သူ။
(၄) အခြေခံအင်္ဂလိပ်စာ အတန်အသင့်ကျွမ်းကျင်သူ။
(၅) အသက်အရွယ်(၂၃)နှစ်နှင့်အထက်
(၆) ညပိုင်းလုပ်ကိုင်နိုင်သူ။
(၇) လစာညှိနှိုင်းသတ်မှတ်ပေးပါမည်။
**ဆက်သွယ်ရန်-အမှတ်(၁၅၀)၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၈၆၀၄၅၃၀၊ ၀၉-၇၇၀၆၇၇၅၁၃၊ Fax-၀၁-၈၆၀၄၅၃၃ ဖြစ်ပါသည်။**

**ပျောက်ဆုံးကြောင်း**
ဦးကွေဋ္ဌေး၏သား ဦးဇာနည်ဋ္ဌေးအောင် ၄/ဟခန(နိုင်)၀၂၅၇၉၇၏ မြန်မာနိုင်ငံကူးလက်မှတ်(နံပါတ်မမှတ်မိ)မှာ ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၀၀၃၀၃၀၃၉**

# ဓာတ်တိုင်ပေါ်တက်ပြီး ဓာတ်ကြိုးနှစ်ဖက်ကိုကိုင်ခုန်ချသူ အချိန်မီကယ်တင်နိုင်၍ သေဘေးမှလွတ်မြောက်ခဲ့

**တာချီလိတ် ဖေဖော်ဝါရီ ၂၂**

တာချီလိတ်မြို့ မကာဟိုခမ်းရပ်ကွက် ဗိုလ်ချုပ်လမ်းမ အာရှစိမ်းလန်းဖွံ့ဖြိုးမှုဘဏ် (AGD Bank) ရှေ့ရှိ လျှပ်စစ်မီးတိုင် ထရန်စဖော်မာထိပ်သို့ ဖေဖော်ဝါရီ ၂၁ ရက် ည ၈ နာရီခန့်က တက်ရောက်ခဲ့သည့် ဝမ်လုံးကျေးရွာ၌နေထိုင်သော စိုင်းမောင် (၃၅ နှစ်)သည် မူးယစ်ဆေးဝါးသုံးစွဲပြီး စိတ်ကြောင်နေသည်ဟု ခန့်မှန်းရပြီး နာရီဝက်ကျော်ကြာထိုင်နေခဲ့ပြီးမှ ခုန်ချရာ ထိခိုက်ဒဏ်ရာ ရရှိမှုမရှိစေဘဲ ကယ်ဆယ်ရေးအဖွဲ့က ၎င်းအား ကယ်တင်နိုင်ခဲ့ကြောင်း သိရသည်။

ထိုအဖြစ်အပျက်ကို တာဝန်ရှိသူများက သိရှိရသည်နှင့်တစ်ပြိုင်နက် လျှပ်စစ်အန္တရာယ် မဖြစ်ပေါ်စေရေးအတွက် ဓာတ်အားပေးမှု ဖြတ်တောက်လိုက်ရသည်။ ထို့နောက် ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ပြည်သူများက စုပေါင်းကာ ကယ်ဆယ်ရေးလုပ်ငန်းများအား အလျင်အမြန်ဆောင်ရွက်ခဲ့ကြရာ ဓာတ်တိုင်ပေါ်မှ ခုန်ချချိန်တွင် အောက်မှမွေ့ရာများဖြင့် ၎င်းကျနိုင်သည့် နေရာများသို့ အချိန်မီ ချထားလိုက်နိုင်သည့်အတွက် အသက်ဘေးမှ လွတ်မြောက်သွားခဲ့ကြောင်း သိရသည်။

ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ ဓာတ်တိုင်ပေါ်မှခုန်ချသူ စိုင်းမောင်ကို တာချီလိတ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်းသိရသည်။

**မောင်ယဉ်ကျေး**



# လုယက်မှုကျူးလွန်သူများကို ဖမ်းဆီးရမိ စစ်ဆေးရာမှ အခြားအမှုများထပ်မံပေါ်ပေါက်

**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်နေ မ--သည် ဖေဖော်ဝါရီလ ဒုတိယပတ်က မင်္ဂလာဒုံမြို့နယ်ရှိ အထည်ချုပ်စက်ရုံမှ နေအိမ်သို့ စက်ဘီးစီး၍ ဇေကမ္ဘာဝင်း R-6 လမ်းအတိုင်းပြန်လာစဉ် အမျိုးသား သုံးဦးစီးနင်းလာသော ဆိုင်ကယ်က နောက်မှ လိုက်လာပြီး နောက်ဆုံးမှထိုင်စီးလာသူ အမျိုးသားက အမျိုးသမီး၏ စက်ဘီးရှေ့ခြင်းအတွင်း ထည့်ထားသော HUAWEI အမျိုးအစားလက်ကိုင်ဖုန်း တစ်လုံးအား လုယူ မောင်းနှင်ထွက်ပြေးသွားသဖြင့် ပတ်ဝန်းကျင်ရှိ ပြည်သူများနှင့် လှည့်ကင်းရဲတပ်ဖွဲ့ဝင်များက အဆိုပါ အမျိုးသားသုံးဦးအား လက်ကိုင်ဖုန်းနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။ ၎င်းတို့အား စစ်ဆေးရာ မင်္ဂလာဒုံမြို့နယ်နေ အာကာ(ခ) အောင်မင်းခန့် (၂၁နှစ်)၊ အောင်သက်ပိုင် (၂၃နှစ်)နှင့် ကိုမောင် (၁၉နှစ်)တို့ဖြစ်ပြီး လက်ကိုင်ဖုန်းနှင့် ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့် ဆိုင်ကယ်တို့အား သိမ်းဆည်းကာ မင်္ဂလာဒုံမြို့မရဲစခန်း၌ အမှုဖွင့်စစ်ဆေးဆောင်ရွက်ခဲ့သည်။

စစ်ဆေးချက်အရ ၎င်းတို့သုံးဦးသည် မင်္ဂလာဒုံမြို့နယ်နေသူ အငယ်ကောင်(ခ)အောင်ကျော်သူ၊ အင်းခွေး(ခ)နိုင်လင်းထွေးတို့နှင့်အတူ ၂၀၁၆ ခုနှစ် ဧပြီလ၊ ဇွန်လနှင့် ၂၀၁၇ ခုနှစ် ဇန်နဝါရီလ၊ ဖေဖော်ဝါရီလများက မင်္ဂလာဒုံ၊ အင်းစိန်နှင့် မြောက်ဥက္ကလာပမြို့နယ်များအတွင်း ဆိုင်ကယ်ဖြင့် လှည့်လည်ကာ စက်ဘီးစီးနင်းသူများနှင့် လမ်းလျှောက်နေသူများထံမှ ပိုက်ဆံအိတ်နှင့် လက်ကိုင်ဖုန်း ၁၀ လုံးတို့ကို လုယက်ခဲ့ကြောင်း ပေါ်ပေါက်ခဲ့သည်။

### ပြန်လည်သိမ်းဆည်းနိုင်

စစ်ဆေးပေါ်ပေါက်ချက်များအရ သက်ဆိုင်ရာမြို့မရဲစခန်းများ၌ အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်းနှင့် သက်သေခံပစ္စည်းများ ပြန်လည်သိမ်းဆည်းနိုင်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မူးယစ်ဆေးဝါးနှင့် တူမီးသေနတ် သိမ်းဆည်းရမိ

**ရွှေကူ ဖေဖော်ဝါရီ ၂၂**

ကချင်ပြည်နယ် ရွှေကူမြို့၌ အမျိုးသားနှစ်ဦးထံမှ မူးယစ်ဆေးဝါးများနှင့် တူမီးသေနတ် သိမ်းဆည်းရခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရွှေကူမြို့မရဲစခန်းမှူး ဒုရဲမှူးမြင့်ဆွေ ဦးစီးသည့်အဖွဲ့သည် ဖေဖော်ဝါရီ ၂၁ ရက် နံနက် ၆ နာရီခန့်က နော်လွန်း၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စုစုပေါင်း စိတ်ကြွရူးသွပ် ဆေးပြား၄၂၅ ပြားနှင့် အရှည်လေးပေခန့် ခဲယမ်းပါ တူမီးသေနတ် တစ်လက်တို့ကို တွေ့ရှိသဖြင့် စစ်ဆေးအရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဆီမီးခုံ-နန်းရီ**

# ကျောက်ဖြူမြို့၌ မီးလောင်မှုဖြစ်ပွား



**ကျောက်ဖြူ ဖေဖော်ဝါရီ ၂၂**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ အလယ်ပိုင်းရပ်ကွက် နာရီစင်အနီး ပရိဘောဂဆိုင်၌ ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၂ နာရီခန့်က လျှပ်စစ်ဝိုင်ယာရှော့ဖြစ်ရာမှ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း ပြည်နယ်မီးသတ်တပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ အလယ်ပိုင်းရပ်ကွက်နေ ဦးစောရန်အောင် (၄၁နှစ်)၏ ပရိဘောဂဆိုင်အတွင်း၌ လျှပ်စစ်ဝိုင်ယာရှော့ဖြစ်ရာမှတစ်ဆင့် မီးကူးစက်လောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး မီးလောင်မှုကြောင့် ပရိဘောဂဆိုင်နှင့် အနီးရှိ နှစ်ထပ်လူနေအိမ်နှစ်လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

မီးလောင်မှုအား ကျောက်ဖြူမြို့နယ်မှ မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ယာဉ်ငါးစီးဖြင့်ငြိမ်းသတ်ခဲ့ရာ နံနက် ၃ နာရီခန့်တွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။ ထို့အတူ ရခိုင်ပြည်နယ် မင်းပြားမြို့ ဆပ်ကျာကျေးရွာ၌ ဖေဖော်ဝါရီ ၂၁ ရက် ညနေ ၅နာရီက ဒေါ်မူတာဟပ်၏ နေအိမ်မီးဖိုခန်းရှိ မီးကြွင်းမီးကျန်မှတစ်ဆင့်အနီးရှိ ဝါးထရံသို့ ကူးစက်ကာ နေအိမ်တစ်လုံး မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

**မြတ်ဝေ**

# ယာဉ်ပေါ်မှပြုတ်ကျသည့် ယာဉ်နောက်လိုက် ဒဏ်ရာရရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ဆတ်သွားနယ်မြေ ရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၂၁ ရက်က လူတစ်ဦးယာဉ်ပေါ်မှ ပြုတ်ကျ၍ ဒဏ်ရာရရှိမှုဖြစ်ပွားကြောင်း သတင်းအရ သွားရောက်စစ်ဆေးခဲ့ရာ ဦးတင်ထွန်းနိုင် (၅၃ နှစ်)မောင်းနှင်ပြီး ယာဉ်နောက်လိုက်ဖြစ်သူ ထွန်းထွန်း(၄၅ နှစ်)လိုက်ပါလာသော အောင်လံမိုး ခရီးသည်တင်ယာဉ်သည် ခရီးသည်များတင်ဆောင်၍ တောင်တွင်းကြီးဘက်မှ ပြည်မြို့ဘက်သို့ မောင်းနှင်လာစဉ် မိုင်တိုင်အမှတ်(၁၇၆/၁) အောင်သုခကျေးရွာအနီးအရောက်တွင် ထွန်းထွန်းမှာ ယာဉ်ပေါ်မှ ပြုတ်ကျ၍ ဒဏ်ရာများရရှိခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးသိရှိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း ဦးတင်ထွန်းနိုင်အား ဆတ်သွားနယ်မြေ ရဲစခန်းက အရေးယူထား ကြောင်း သိရသည်။

**ကိုရဲ**


ဆရာအာသာ SUCCESS Language Academy (မြို့လယ်ကျောင်း) အမှတ်(၁၁၉)၊ Y.W.C.A ဘိုကလေးဈေးလမ်း၊ ဗိုလ်တထောင်၊ 202046,392048

လှည်းတန်းကျောင်းခွဲ ဦးထွန်းလင်းခြံလမ်း၊ အမှတ် ၅ (B-3) ဒုတိယထပ်၊ (လှဆန်းယဉ်တိုက်) Ph: 01-503472, 09 73001453

ကလေးများအတွက် နွေရာသီအင်္ဂလိပ်စာ
သူငယ်တန်းဖြေမှ (၉)တန်းဖြေအတွက် 4-Skill English (Level 1 to 5)
Morning : 10 to 12 a.m.
Evening : 3 to 5 p.m.
Mon to Thurs (တစ်ပါတ် ၄ ရက်)
March 13 စမည်။
သင်တန်းကြေး-၇၀၀၀၀/
ကျောင်းကားစုံစမ်းနိုင်ပါသည်။

(၆+၇)တန်း ဖြေထားသူများအတွက် ၈ တန်းအထောက်အကူပြု Grammar သင်တန်းများ
သင်တန်းကြေး-၄၅၀၀၀/
7:30 - 9 (Mon to Thurs) Mar 13
1 - 2:30 (Mon to Thurs) Mar 13

တက္ကသိုလ်ဝင်တန်းအထောက်အကူပြု Letter Writing + Essay
(၆+၇)တန်းဖြေ - Level 1
(၈+၉)တန်းဖြေ - Level 2
သင်တန်းကြေး-၄၅၀၀၀/
7:30-10:30 (Sat+Sun) Mar 18 } စပါမည်
12 - 3:00 (Sat+Sun) Mar 18

လုပ်ငန်းခွင်ဝင်၊ နိုင်ငံခြားသွားလိုသူနှင့်အလုပ်ကောင်းရလိုသူများအတွက်

BASIC ENGLISH SPEAKING
3:30 - 5 (Mon~Thurs) 20 Feb
1 - 2:30 (Mon~Thurs) 6 Mar
3:30 - 5 (Mon~Thurs) 6 Mar
7:30 - 9 (Mon~Thurs) 13 Mar

BASIC FOUR SKILLS ENGLISH
3:30 - 5 (Mon~Thurs) 20 Feb
9 - 12:00 (Sat + Sun) 25 Feb
1 - 4:00 (Sat + Sun) 26 Feb
1 - 3:00 (Mon~Thurs) 27 Feb
7:30 - 9 (Mon~Thurs) 6 Mar
9 - 12:00 (Sat + Sun) 18 Mar

BASIC GRAMMAR
10-11:30 (Mon~Thurs) 27 Feb

BASIC WRITING
10-12:00 (Mon~Thurs) 20 Feb

VOCAB ENRICHMENT
9 - 12:00 (Sat+Sun) 26 Feb
7:30 - 9 (Mon~Thurs) 27 Feb

PRE-INTERMEDIATE (4-SKILL ENGLISH)
9 - 12:00 (Sat + Sun) 25 Feb
10-11:30 (Mon~Thurs) 27 Feb
1 - 2:30 (Mon~Thurs) 13 Mar
9:30-12:30 (Sat+Sun) 18 Mar

INTERMEDIATE (ACADEMIC ENGLISH)
9:30-12:30 (Sat+Sun) 4 Mar
7:30 - 9 (Mon~Thurs) 28 Mar

IELTS (Preparation)
7:30-9:30 (Mon~Thurs) 24 Apr

IELTS (Speaking + Vocab)
7:30 - 9 (Mon~Thurs) 13 Mar

IELTS (Reading + Vocab)
10-12:00 (Mon~Thurs) 13 Mar

IELTS (Writing + Grammar)
7:30 - 9 (Mon~Thurs) 28 Mar

IELTS (Grammar + Vocab)
10-11:30 (Mon~Thurs) 13 Mar

BASIC ENGLISH SPEAKING
7:30 - 9 (Mon~Thurs) 20 Feb
1 - 2:30 (Mon~Thurs) 22 Feb
12 - 3:00 (Sat + Sun) 19 Mar
10-11:30 (Mon~Thurs) 20 Mar

BASIC FOUR SKILLS ENGLISH
10-11:30 (Mon~Thurs) 6 Mar
1 - 2:30 (Mon~Thurs) 13 Mar
6 - 7:30 (Mon~Thurs) 13 Mar
7:30 - 9 (Mon~Thurs) 15 Mar

BASIC GRAMMAR
1 - 2:30 (Mon~Thurs) 13 Mar

PRE-INTERMEDIATE (4-SKILL ENGLISH)
9 - 12:00 (Sat + Sun) 26 Feb
10-11:30 (Mon~Thurs) 13 Mar

INTERMEDIATE (ACADEMIC ENGLISH)
7:30 - 9 (Mon~Thurs) 20 Mar

IELTS (Writing+Grammar)
12:30-3:30 (Sat+Sun) 25 Mar

(၈+၉)တန်းဖြေထားသူများအတွက် တက္ကသိုလ်ဝင်တန်းအထောက်အကူပြု Letter Writing + Essay သင်တန်းများ ၄၅၀၀၀/
7:30-10:30 (Sat + Sun) 18 Mar
7:30-9:00 (Mon to Thurs) 13 Mar

(၆+၇)တန်း ဖြေထားသူများအတွက် ၈ တန်းအထောက်အကူပြု Grammar သင်တန်း
1 - 4:00 (Sat + Sun)
March 18 ၄၅၀၀၀/



**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၆ယ/၉၄၄၄၅ Kenbo 110 M/C အမည်ပေါက်သူ ဦးအောင်ကိုမင်း ၁၄/ကပန(နိုင်)၁၇၄၅၈၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက် ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

**ကန့်ကွက်နိုင်ပါကြောင်း**

ကန်ကြီးထောင့်မြို့နယ်၊ ချောင်းစောက်ကျေးရွာအုပ်စု၊ အကွက်အမှတ် (၆၅-ခ၊ ၆၇၊၆၈)၊ ဦးပိုင်အမှတ်(၁၀၊၁၀၉၊၈၀၊၁၃)၊ ဧရိယာ ၉၇၈ဒသမ၄၄ ဧကရှိ ပုသိမ်စက်မှုမြို့တော်တည်ဆောက်မည့် ရုံ(A) မြေနေရာအား (ဘ)ဦးခင်မောင်စိုး၏သား ဦးစည်သူစိုး ၉/မမန(နိုင်)၀၁၃၀၇၈ အမည်ဖြင့် စက်မှုမြေငှားဂရန်လျှောက်ထားမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားများ ယူဆောင်လာ၍ ကန်ကြီးထောင့်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ကန်ကြီးထောင့်မြို့နယ်**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် ၅ဂ/ ၆၃၉၆ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန (ရွှာသာကြီး)**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် ၅ဂ/၆၄၀၉ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန (ရွှာသာကြီး)**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် ၅ဂ/ ၆၄၂၂ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန (ရွှာသာကြီး)**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 5C/6418 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန (ရွှာသာကြီး)**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 5C/6436 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန (ရွှာသာကြီး)**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 5H/7253 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ခရိုင်ရုံး)ရန်ကုန်အနောက်ပိုင်း**

# အင်္ဂလန်မြေ၌ ပြင်သစ်ကလပ်ရှုံးနိမ့်ပြီး စပိန်ကလပ်အသင်း ဂျာမန်မြေ၌ နိုင်ပွဲရ

■ သီဟ

ယူအီးအက်ဖ်အေချန်ပီယံလိဂ် ၁၆သင်းအဆင့် ဒုတိယပတ်အဖြစ် ဖေဖော်ဝါရီ ၂၂ ရက်နံနက်ပိုင်းက ပထမအကျော့ပွဲစဉ်များ ဆက်လက် ယှဉ်ပြိုင်ကစားခဲ့ရာ မန်စီးတီးက မိုနာကိုအား ငါးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိပြီး လေဗာကူဆင်က အက်သလက်တီကိုအား လေးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

မန်စီးတီးနှင့် မိုနာကို ပွဲစဉ်ကို အင်္ဂလန်မြေ၌ယှဉ်ပြိုင်ခဲ့ပြီး အိမ်ရှင်မန်စီးတီးသည် ၄-၁-၄-၁ ပုံစံဖြင့်လည်းကောင်း၊ မိုနာကိုသည် ၄-၄-၂ ပုံစံဖြင့်လည်းကောင်း ပွဲထွက်ခဲ့သည်။ ပွဲချိန် ၂၆ မိနစ်တွင် စတားလင်း အနီးကပ် ပိတ်သွင်းသောဂိုးဖြင့် မန်စီးတီးတို့ ဦးဆောင်ဂိုးရရှိခဲ့သည်။ ပွဲချိန်၃၂ မိနစ်တွင် တိုက်စစ်မှူး ဖယ်လ်ကာအိုက မိုနာကိုအတွက် ချေပဂိုးသွင်းယူခဲ့ပြီး မိနစ် ၄၀ တွင် အမ်ဘက်ပီက မိုနာကိုအတွက် ဦးဆောင်ဂိုး ပြန်လည်သွင်းယူခဲ့သည်။ ဒုတိယပိုင်း မိနစ် ၅၀ တွင် မိုနာကိုအသင်း ပယ်နယ်တီကန်ခွင့်ရပြီး ဖယ်လ်ကာအိုက ကန်သွင်းခဲ့ရာ မန်စီးတီးဂိုးသမား ကာဘယ်လာရို လက်စွမ်းပြကာကွယ်နိုင်ခဲ့သည်။ ပွဲချိန် ၅၈ မိနစ်တွင် အဂူရိုက မန်စီးတီးအတွက် ဒုတိယချေပဂိုးသွင်းယူခဲ့ပြီး ၆၁ မိနစ်တွင် ဖယ်လ်ကာအိုက မိုနာကိုအတွက် ဦးဆောင်ဂိုးထပ်မံသွင်းယူခဲ့သည်။ ပွဲချိန် ၇၁ မိနစ်တွင် အဂူရိုက တတိယချေပဂိုး ထပ်မံသွင်းယူပေးခဲ့ပြီး မန်စီးတီးအတွက် အနိုင်ဂိုးများကို ပွဲချိန် ၇၇ မိနစ်တွင် ဂျွန်စတုန်းက စတုတ္ထဂိုးနှင့် ၈၂ မိနစ်တွင် ဆာနေးက ပဉ္စမမြောက်ဂိုး သွင်းယူခဲ့သည်။

ယင်းပွဲသည် တောင်အမေရိကတိုက်စစ်မှူးနှစ်ဦးဖြစ်သော အဂူရိုနှင့် ဖယ်လ်ကာအိုတို့ အားပြိုင်သည့်ပွဲဖြစ်ခဲ့ပြီး ပရိသတ်အကြိုက် အပြန်အလှန်ဂိုးများသွင်းယူခဲ့ရာ အကောင်းဆုံး ဖျော်ဖြေခဲ့သည့်ပွဲဖြစ်သည်။ ပွဲပြီးချိန်တွင် မန်စီးတီးက ငါးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး နှစ်သင်းပေါင်းရှစ်ဂိုးရလဒ်သည် ၁၉၉၃ ခုနှစ်နောက်ပိုင်းချန်ပီယံလိဂ် ၁၆ သင်းအဆင့် ပထမအကျော့ ပွဲစဉ်တိုင်းတွင် ဂိုးအများဆုံး စံချိန်သစ်တင်နိုင်ခဲ့သည်။

တစ်ချိန်တည်းယှဉ်ပြိုင်ခဲ့သောအခြားပွဲစဉ်အဖြစ် ဂျာမန်မြေ၌ လေဗာကူဆင်နှင့် စပိန်ကလပ်အက်သလက်တီကိုတို့ပွဲစဉ်တွင် ပထမပိုင်းပွဲချိန် ၁၇ မိနစ်တွင်ဆောနီဂက်ဇ်နှင့် ၂၅ မိနစ်တွင် ဂရေဇ်မန်းတို့၏သွင်းဂိုးများဖြင့် အက်သလက်တီကိုတို့ ဦးဆောင်ခဲ့သည်။ ဒုတိယပိုင်း ၄၈ မိနစ်တွင် ဘယ်လာရာဘီက လေဗာကူဆင်အတွက် ချေပဂိုးတစ်ဂိုးသွင်းယူနိုင်ခဲ့ပြီး ၅၉ မိနစ်တွင် အက်သလက်တီကိုအသင်း ပယ်နယ်တီကန်ခွင့်ရကာ ဂါမီရိုက တတိယဂိုးအဖြစ် ပြောင်းလဲနိုင်ခဲ့သည်။ ပွဲချိန် ၆၈ မိနစ်တွင် အက်သလက်တီကို နောက်တန်းကစားသမား စတီဖန်ဆာဗစ် ကိုယ့်ဂိုးကိုယ်သွင်းမိခဲ့သဖြင့် လေဗာကူဆင်တို့ ဒုတိယဂိုးရရှိခဲ့ပြီး ပွဲချိန် ၈၆ မိနစ်တွင် လူစားဝင်လာသော အက်သလက်တီကို ဝါရင့်တိုက်စစ်မှူး တောရက်စ်က စတုတ္ထမြောက်ဂိုးကို သွင်းယူပေးခဲ့သည်။ ပွဲပြီးချိန်တွင် အက်သလက်တီကိုအသင်း အဝေးကွင်း၌ လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ဒုတိယအကျော့ပွဲစဉ်များကို မတ် ၁၆ ရက် (ကြာသပတေးနေ့)နံနက်ပိုင်းတွင် ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

# ကျေးဇူးတင်ဂုဏ်ပြုမှတ်တမ်းလွှာ

မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ်ကြီး၏မဟာနာယက နိုင်ငံတော်သြဝါဒါစရိယ ရွှေကျင်သာသနာပိုင် အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဝါဆိုဆရာတော်ကြီး၏ ကျန်းမာရေးကို အမြဲစောင့်ရှောက်ပေးသော ဒေါက်တာ ဦးသန်းညွန့်(နီလာဆေးခန်း)၊ မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး၌ တက်ရောက်ကုသစဉ် ကျန်းမာရေးစောင့်ရှောက်ပေးကြသည့် ဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်တင်တင်မိုး၊ ပါမောက္ခ ဦးဌေးဦး(ခွဲစိတ်)၊ ပါမောက္ခဦးရဲထွန်း(ရင်ခေါင်းဆေးပညာဌာန)၊ ပါမောက္ခဒေါ်သန်းသန်းကြိုင်၊ ပါမောက္ခဦးကျော်စိုးဝင်း၊ တွဲဖက်ပါမောက္ခဦးမြင့်ဌေ(နှလုံးဆေးပညာဌာန)၊ ပါမောက္ခဒေါ်နွယ်နီ(အစာအိမ်နှင့်အူလမ်းကြောင်းဆေးပညာဌာန)၊ ပါမောက္ခဒေါ်ရီစန္ဒာသိန်း(မေ့ဆေးပညာဌာန)၊ ပါမောက္ခ ဒေါ်တင်တင်ခိုင်(ဓာတ်မှန်ပညာဌာန)၊ ပါမောက္ခဒေါ်အေးအေးအောင်(ဆေးပညာဌာန)၊ တွဲဖက်ပါမောက္ခ ဒေါ်ထားကြည်ဆွေ(ဆီးနှင့်ကျောက်ကပ်ဆေးပညာဌာန)၊ သမားတော်ကြီးဒေါက်တာဦးမြင့်ဦး(ဦးနှောက်နှင့်အာရုံကြောဆေးပညာဌာန)၊ လိုအပ်ရာကိစ္စများကို ဖြည့်ဆည်းပေးသည့် အာယုသုခအထူးကုဆေးခန်းမှ ဒေါက်တာဝင်းဇော်အောင်၊ ဒေါက်တာခင်ယုဝေ၊ ဒေါက်တာသာထက်အောင်၊ ဒေါက်တာဟိန်းထက်၊ ညိမ်းနှင့် မြို့တော်ဆေးရုံပိုင်ရှင် ဒေါက်တာဦးကြည်ရှင်၊ မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး အထူးကြပ်မတ်ကုသဆောင်(ICU)မှ ဝန်ထမ်းများကိုလည်းကောင်း။

ဆရာတော်ကြီး၏ကျန်းမာရေးကို လာရောက်မေးမြန်းကြသည့် ဆရာတော်သံဃာတော်များ၊ နိုင်ငံတော်သမ္မတကြီး ဦးထင်ကျော်နှင့် ဇနီးဒေါ်စုစုလွင်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီးဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်နှင့်ဇနီး ဒေါ်နီလာစိန်၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် ဇနီးဒေါက်တာဒေါ်ယုယုမေနှင့်ဝန်ကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝင်းဗိုလ်ရှိန်နှင့်တပ်မှူးများ၊ ဒါယကာ၊ ဒါယိကာမများ၊

ဆရာတော်ကြီး၏သာဓုကီဠနပူဇော်ပွဲ၊ အဂ္ဂိဈာပနပူဇော်ပွဲ၊ ဥဒကဝါဟနပူဇော်ပွဲ၊ မဟာထေရဂုဏပူဇာပွဲတို့၌ ပါဝင်လှူဒါန်းကြသည့် ဆရာတော်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမများ၊ အချိန်တိုအတွင်း ဒေါင်းယာဉ်ပျံကိုစီစဉ်ပေးသည့် သီတဂူဆရာတော်နှင့် တမ္ပဝတီ ဦးဝင်းမောင်၊ အဂ္ဂိဈာပနဌာန ရွှေမန်းတောင်အားကစားကွင်း၌ အဂ္ဂိဈာပနလောင်တိုက်နှင့်တကွ မဏ္ဍပ်အဆောက်အအုံများကို အချိန်မီပြီးစီးအောင် နေ့မနားညမနား စီမံဆောင်ရွက်ပေးခဲ့ကြသည့် ကုသိုလ်တော်ရိပ်သာပရိယတ္တိစာသင်တိုက် ပဓာနနာယကအရှင်ဇဋိလနှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝင်းဗိုလ်ရှိန်၊ မန်းမြေရာဇာကုမ္ပဏီပိုင်ရှင် သုဓမ္မာဒေါက်တာဦးကျော်ဝင်းနှင့်ဇနီး ဒေါက်တာမြင့်မြင့်သန်းနှင့် မန္တလေးစည်ပင်သာယာရေးဝန်ထမ်းများကိုလည်းကောင်း။

အရိုးဓာတ်ပြာတို့ကို ရေမျှောပူဇော်သည့် ဥဒကဝါဟနပူဇာပွဲအတွက် စီမံဆောင်ရွက်ပေးသည့် ဓမ္မဒူတဆရာတော် ဒေါက်တာအရှင်ဆေကိန္ဒနှင့် ရေကြောင်းဌာနမှပုဂ္ဂိုလ်များ၊ ဓမ္မပူဇာကုသိုလ်ရှင်များ၊ ဆွမ်းအလှူရှင်များ၊ မဏ္ဍပ်၊ လျှပ်စစ်မီးစသည်နှင့် နဝကမ္မအလှူတော်ငွေများကို လှူဒါန်းကြသည့် ကုသိုလ်ရှင်များ၊

အန္တိမဈာပနပွဲသို့ ကိုယ်တိုင်တက်ရောက်ကြည်ညိုကြသည့်အပြင် ပွဲတော်ကြီးလေးရပ်စလုံး ပြီးစီးအောင်ဆောင်ရွက်ပေးသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ မြို့တော်ဝန်ဒေါက်တာရဲလွင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးစသော စစ်ဘက်နယ်ဘက်မှ ပုဂ္ဂိုလ်များ၊ အငြိမ်းစားနိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့်ကျောင်းဒကာ၊ ကျောင်းအမများ၊ ဝေယျာဝစ္စကိစ္စတို့ကို ဆောင်ရွက်ပေးကြသည့် ရပ်ကွက်လူမှုရေးအသင်းများ၊ နာမှုကူညီရေးအသင်းများ၊ ဂါရဝပြုပန်းခြင်းပန်းခွေများပေးပို့ပြီး ဝမ်းနည်းကြောင်းသဝဏ်လွှာများ ကိုယ်တိုင်ဖတ်ကြားခဲ့ကြသည့် အမျိုးဘာသာသာသနာ စောင့်ရှောက်ရေး(ဗဟို)အဖွဲ့ဥက္ကဋ္ဌ အင်းစိန်ရွာမဆရာတော်ကြီး ဘဒ္ဒန္တတိလောကာဘိဝံသအမှူးပြုသော ဆရာတော်များ၊ ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာ၊ ဟိန္ဒူဘာသာရေးအဖွဲ့များ၊ တက်ရောက်ကြည်ညိုပူဇော်ကြသည့် သံဃာတော်များနှင့် ဒကာ၊ ဒကာမများ၊ ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်ကို လိုက်ပါပို့ဆောင်ကြသည့် သံဃာတော်များနှင့် ဒကာ၊ ဒကာမများ၊ လမ်းတစ်လျှောက် စောင့်ကြိုကြည်ညိုပူဇော်၍ ဖျော်ရည်စသည် လှူဒါန်းကြသည့် ဒကာ၊ ဒကာမများ၊ ဒေါ်မော်မော်ဦးဆောင်သော ဝင်းလေးဝင်းအဖွဲ့သားများ၊ မီးပုံးပျံများ လွှတ်တင်ပူဇော်ခဲ့ကြသည့် မန္တလေးနည်းပညာတက္ကသိုလ်မှ ဆရာ၊ ဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ ဓမ္မဒူတဝေယျာဝစ္စမောင်/မယ်များ၊ ပွဲတော်လေးရပ်လုံးကို တိုက်ရိုက်ရိုက်ကူးထုတ်လွှင့်ပေးသည့် SKYNETရုပ်သံမိသားစုများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့ကို အထူးကျေးဇူးတင်ဂုဏ်ပြုကြောင်း မှတ်တမ်းတင်ပါသည်။

**ဈာပနပွဲတော်ကျင်းပရေးကော်မတီ**
**မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ မန္တလေး။**

## အဆိုပြုတင်ဒါခေါ်ယူခြင်း

ပဲခူးတိုင်းဒေသကြီး၊ သဲကုန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အင်းမမြို့တွင် အင်းမဈေးသစ် ပြန်လည်တည်ဆောက်မည်ဖြစ်၍ ဈေးသစ်ဆောက်လုပ်ရန် ဆောင်ရွက်လိုသူများသည် ၂၃-၂-၂၀၁၇ရက်မှ ၂၄-၃-၂၀၁၇ရက်အထိ ရက်ပေါင်း ၃၀အတွင်း အောက်ဖော်ပြပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

**မြို့နယ်စည်ပင်သာယာရေးအဖွဲ့**
**သဲကုန်းမြို့**
**ဖုန်း-၀၅၃-၆၂၀၃၀**

**တစ်ဦးတည်းဖြစ်ပါကြောင်း**

ဦးသန်းမြိုင်(၄၈၀၄)ယန္တရားမောင်း(၃)၏ဇနီး စက်ကြီးဆည်မြောင်းဝင်း ပြည်မြို့နေ ဒေါ်ယဉ်ယဉ်မြင့် ၇/ပမန(နိုင်)၁၂၅၀၄၂နှင့် ဒေါ်ရင်ရင်မြသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မြဝတီမြို့၊ အထက(၂) နဝမတန်း(C)မှ မသန်းသန်းရီ၏ ဖခင်အမည်မှန်မှာ ဦးအရှောင် ဖြစ်ပါကြောင်း။

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

မရမ်းကုန်းမြို့နယ်ရှိ အမျိုးသားပြန်လည်သန်စွမ်းရေးဆေးရုံတွင် ဝန်ထမ်းအိမ်ရာအရှေ့ဘက်ပေ(၄၂၀)RCနှင့် နောက်ကျောဘက်ပေ(၄၅၀)RC ခြံစည်းရိုးအုတ်တံတိုင်းကာရံခြင်းလုပ်ငန်းအတွက် လုပ်ကိုင်ဆောင်ရွက်လိုသူ(ပြည်ထောင်စုမြန်မာနိုင်ငံသားများ)ထံမှ အိတ်ဖွင့်တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

တင်ဒါပုံစံများကို တစ်စုံလျှင်-၅၀၀၀ိ/(ကျပ်ငါးထောင်)နှုန်းဖြင့် ဆေးရုံအုပ်ကြီး(ရုံးခန်း)တွင် ဝယ်ယူနိုင်ပါသည်။

**တင်ဒါစတင်လက်ခံမည့်ရက်** -၂၄-၂-၂၀၁၇ရက်(သောကြာနေ့)
**တင်ဒါပိတ်မည့်ရက်** -၃-၃-၂၀၁၇ရက်(သောကြာနေ့)ညနေ ၄နာရီ
**တင်ဒါဖွင့်မည့်ရက်/အချိန်** -၆-၃-၂၀၁၇ရက်(တနင်္လာနေ့)မွန်းလွဲ ၁နာရီ

အိတ်ဖွင့်တင်ဒါပုံစံများအား သတ်မှတ်ကာလ(ရုံးချိန်အတွင်းဆေးရုံအုပ်ကြီးရုံးခန်း)သို့ အရောက်ပေးပို့ရမည်။ တင်ဒါစည်းကမ်းချက်များနှင့် ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဆေးရုံအုပ်ကြီးရုံးတွင်(ရုံးချိန်အတွင်း)စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီး**
**အမျိုးသားပြန်လည်သန်စွမ်းရေးဆေးရုံ**
**ဖုန်း-၀၁-၆၆၀၇၁၅**
**ဖုန်း-၀၉-၄၅၇၇၅၈၅၇၆**

## ကန့်ကွက်နိုင်ပါသည်

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပြည်မြို့၊ နဝင်းတိုးချဲ့ကွက်သစ်၊ ဦးပိုင်အမှတ်(၈၈)၊ အကွက်အမှတ်(၄)၊ နဝင်းတိုးချဲ့ကွက်သစ်ရှိ ဦးတင်အောင်သိန်း ဝယ်ယူအကျိုးခံစားလျက်ရှိသော မြေဧရိယာ ၀ဒသမ၁၁၀ဧကရှိ စလစ်မြေနှင့်ပတ်သက်၍ ဦးတင်အောင်သိန်းမှ ဂရန်အမည်ထွက်လျှောက်ထားမည်ဖြစ်၍ ကန့်ကွက်လိုသူများပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်းများ အပြည့်အစုံနှင့်တကွ ယနေ့မှ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဦးတင်အောင်သိန်း၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်လင်း(စဉ်-၁၀၁၃၄)**
**တရားလွှတ်တော်ရှေ့နေ**

**ဖခင်အမည်မှန်**

ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်၊ ယင်ရဲကန်ကျေးရွာအုပ်စု အုန်းနံ့ချောင်းကျေးရွာနေ ဦးလှမောင်သိန်း၏ နိုင်ငံသားစိစစ်ရေးကတ်နှင့်အိမ်ထောင်စုစာရင်းတွင် ပါရှိသောအမည်မှန်မှာ ဦးလှသိန်းမောင် ဖြစ်ပါကြောင်း။ **ဦးလှသိန်းမောင်**

**Y.E.S.** Since 1994
ကျောင်းခွဲမရှိပါ။
ဆရာဦးမြင့်အောင် B.A.(Hons.)(English), M.A.(ESL)(Hawaii, USA) ဦးစီးသော
International English Language Centre
တက္ကသိုလ်ဝင်တန်း ဖြေဆိုထားသူများ၊အောင်မြင်ပြီးသူများ နှင့် ဘွဲ့ကြို ဘွဲ့ရများအတွက်

**Basic Spoken English**
Sat & Sun-12:30-3:30pm 4,25 Feb
Mon to Thurs-10:00-12:00am 6,27 Feb
Mon to Thurs-3:00-5:00pm 6 Feb
Mon to Thurs-7:30-9:30am 13 Feb
Mon to Thurs-5:30-7:00pm 13 Feb
Sat & Sun-3:45-6:45pm 25 Feb
Mon to Thurs-1:00-3:00pm 27 Feb

**Pre-Intermediate English**
Mon to Thurs-7:30-9:30am 13 Feb
Mon to Thurs-10:00-12:00am 13 Feb
Mon to Thurs-1:00-3:00pm 13 Feb
Mon to Thurs-10:30-12:30am 27 Feb
Mon to Thurs-5:30-7:00pm 27 Feb

**Grammar Foundation Course**
Sat & Sun - 9:00-12:00 am 11 Feb
Mon to Thurs-10:00-12:00am 13 Feb
Mon to Thurs-3:30-5:00pm 27 Feb

**Structure & Written Expression**
Sat & Sun - 3:30-6:30pm 11 Feb
Mon to Thurs-1:00-3:00pm 13 Feb
Sat & Sun - 9:00-12:00am 25 Feb
Sat & Sun - 12:30-3:30pm 25 Feb

**Vocabulary Enrichment Course**
Sat & Sun - 10:00-12:00am 25 Feb

**Intermediate English**
Mon to Thurs-1:00-3:00 pm 13 Feb

**Academic Preparation For IELTS (API)**
Mon to Thurs - 10:30 - 12:30am 13 Feb

**IELTS**(Foundation) Mon to Thurs 5 :30 to 7pm 13 Feb
**IELTS**(Test Practice) Sat&Sun 10:30 to12:30am 11Feb
**IELTS(Speaking)** Sat&Sun 1:00to3:30pm 11 Feb

**Academic Writing Course**
Sat & Sun - 5:00 - 7:00 pm 11 Feb

**NEW SAT** Sat & Sun -5:00-7:00pm11 Feb
**TOEFL** Mon to Thurs-3:30-5:00pm 13 Feb

**နွေရာသီကလေးများအတွက် အင်္ဂလိပ်စကားပြော သင်တန်းများ**
Level I G - 5 & 6 Mon to Thurs : 8-10am 6 Mar
Level II G - 7 & 8 Mon to Thurs : 8-10am13 Mar
Level III G - 9 & 10 Mon toThurs:8-10am 6 Mar

No.190, 2nd Flr.,28th St.(Upper), Pabedan Tsp. Ph: 01-243950, 246910

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄/ဆင်ဖြူရှင်ရပ်၊ ဆင်ဖြူရှင်ရပ်ကွက်ရှိ မြေကွက်အမှတ် ပစ(A)-၈၄၊ ပါမစ်မြေကွက်၏ မြေကွက်အမည်ပေါက် ဒုတိယဗိုလ်မှူးကြီးအောင်နိုင်ဦး ကွယ်လွန်သဖြင့် တရားဝင်အမွေခံဇနီးဖြစ်သူ ဒေါ်နွယ်နီစိုး ၁၀/မဒန(နိုင်)၁၁၇၈၂၄ (ဘ)ဦးစိုးမြင့်မှ ဒုတိယဗိုလ်မှူးကြီးအောင်နိုင်ဦး သေဆုံးခြင်းလက်မှတ်၊ တရားဝင်အမွေခံဇနီးဖြစ်ကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ မြေကွက်ဖိုးသွင်းချလန်မိတ္တူ၊ ကာကွယ်ရေးဝန်ကြီးဌာန၏ထောက်ခံချက်မူရင်း တင်ပြ၍ ၎င်း၏အမည်ဖြင့် မြေငှားစာချုပ်ချုထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## မြေပေးမိန့်လျှောက်ထားခြင်းအတွက် ကန့်ကွက်ရန်ရှိ/မရှိ ကြော်ငြာစာ

မြောင်းမြမြို့၊ ကံ့ကော်မြိုင်ရပ်ကွက်၊ ကွင်းအမှတ် ၂၆၇-ခ၊ ခနုံးချောင်းအရှေ့ကွင်း၊ ဦးပိုင်အမှတ် ၁၀၅၊ ၁၀၆၊ ၁၀၇၊ ၁၀၈ ဧရိယာ ၀ဒသမ၂၂ဧကရှိ မြေပေါ်၌ ကျွန်တော်ဦးသိန်းလင်းဇော်မှ လူနေထိုင်ရန်မြေပေးမိန့်လျှောက်ထားခြင်းအတွက် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း နောက်ဆုံးထား၍ ကန့်ကွက်နိုင်ပါကြောင်း။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြောင်းမြမြို့**

## ဖောင်းကြွပျောက်ဆုံးလျှောက်ထားခြင်း

ယာဉ်အမှတ် 4A/3673၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## တစ်ဦးတည်းဖြစ်ပါကြောင်း

တောင်ကြီးမြို့၊ အထက(၁)၊ အလယ်တန်းပြဆရာမ ဒေါ်ခင်မာကြည် ၁၃/တကန(နိုင်)၀၆၇၉၉၈ နှင့် ဒေါ်ခိုင်လွန်းမှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဒေါ်ခင်မာကြည်(ခ)ဒေါ်ခိုင်လွန်း**

# လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေးဥပဒေကြမ်း

**အများပြည်သူသိရှိလေ့လာအကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်။**

**လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဥပဒေကြမ်း**

**( ၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်  )**

**၁၃၇၈ ခုနှစ်၊  လ  ရက်**

**( ၂၀၁၇ ခုနှစ်၊  လ  ရက်)**

**အခန်း(၁)**

**အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ (က) ဤဥပဒေကို **လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး ဥပဒေ** ဟုခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်သည့် နေ့ရက်တွင် စတင်အာဏာ တည်ရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်-

(က) **အလုပ်သမား** ဆိုသည်မှာ ဤဥပဒေနှင့် သက်ဆိုင်သော လုပ်ငန်းနှင့် ယင်းလုပ်ငန်း၏ လုပ်ငန်းခွင် တစ်ခုခုတွင် ကာယအား၊ ဉာဏအားကို အသုံးပြု၍ လုပ်ကိုင်၍ ရရှိသော လုပ်ခဖြင့် အသက်မွေးဝမ်းကျောင်းမှု ပြုသူကိုဆိုသည်။

(ခ) **အလုပ်ရှင်** ဆိုသည်မှာ ဤဥပဒေနှင့် သက်ဆိုင်သော လုပ်ငန်းနှင့် ယင်း လုပ်ငန်း၏ လုပ်ငန်းခွင်တစ်ခုခုတွင် အလုပ်လုပ်ကိုင်သည့် အလုပ် သမားအား လုပ်ခပေးရန်လည်းကောင်း၊ ဤဥပဒေအရ အလုပ်သမား များအတွက် ခွင့်ပြုထားသော ခံစားခွင့်နှင့် အလုပ်ရှင်အတွက် သတ်မှတ်ထားသော တာဝန်များကို ဆောင်ရွက်ပေးရန် လည်းကောင်း တာဝန်ရှိသူ သို့မဟုတ် ကုမ္ပဏီအဖွဲ့အစည်းကို ဆိုသည်။ ယင်း စကား ရပ်တွင် အလုပ်ရှင်၏တရားဝင်စီမံခန့်ခွဲမှုဆိုင်ရာ ကိုယ်စားလှယ်၊ အလုပ်ရှင်ကိုယ်စား အလုပ်သမားအား စီမံအုပ်ချုပ်ရန် တာဝန်ရှိသူ၊ အလုပ်ရှင်သေဆုံးပါက ယင်း၏အမွေဆက်ခံသူ၊ အစုရှယ်ယာတရားဝင် လက်ခံရရှိသူ၊ ပင်မကန်ထရိုက်တာနှင့် တစ်ဆင့်ခံ ကန်ထရိုက်တာတို့ ပါဝင်သည်။

(ဂ) **လုပ်ငန်းခွင်** ဆိုသည်မှာ အခန်း(၃) ပါ လုပ်ငန်းတစ်ခုခု၏ မည်သည့် လုပ်ငန်းစဉ်ကိုမဆို လုပ်ကိုင်ဆောင်ရွက်သည့် နေရာ၊ အဆောက် အအုံနှင့် အောက်ပါနေရာများ ပါဝင်သည်-

(၁) မြေ၊ အဆောက်အအုံ သို့မဟုတ် အဆောက်အအုံ၏ အစိတ် အပိုင်း တစ်ခုခု၊

(၂) မော်တော်ယာဉ်၊ ရထား၊ ရေယာဉ် သို့မဟုတ် လေယာဉ် တစ်စီးစီး၊

(၃) ကုန်းတွင်းတွင် ဖြစ်စေ၊ ကမ်းလွန် ရေပေါ်ရေအောက်တွင် ဖြစ်စေ ယာယီ သို့မဟုတ် ပုံသေတပ်ဆင်တည်ဆောက်မှု တစ်ခုခု၊

(၄) စခန်း သို့မဟုတ် ရွှေ့ပြောင်းနိုင်သော တည်ဆောက်ထားမှု တစ်ခုခု။

(ဃ) **လုပ်ငန်းခွင် မတော်တဆထိခိုက်မှု** ဆိုသည်မှာ လုပ်ငန်းကြောင့် လည်း ကောင်း၊ လုပ်ငန်း ဆောင်ရွက်နေစဉ် ပေါ်ပေါက်သည့် မတော်တဆမှု ကြောင့် လည်းကောင်း သေဆုံးမှု သို့မဟုတ် ထိခိုက်ဒဏ်ရာ ရရှိစေမှုကို ဆိုသည်။

(င) **အမျိုးသားကောင်စီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် အမျိုးသား လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကောင်စီ ကို ဆိုသည်။

(စ) **လုပ်ငန်းခွင်ဆိုင်ရာရောဂါ** ဆိုသည်မှာ လုပ်ငန်းဆောင်ရွက်နေစဉ် အတွင်း အန္တရာယ်ရှိသည့် အခြေအနေများနှင့် ထိတွေ့ခြင်းကြောင့် စွဲကပ်သည့်ရောဂါအဖြစ် အမျိုးသားကောင်စီက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့်ညှိနှိုင်း၍ အမိန့်ကြော်ငြာစာ ထုတ်ပြန် သတ်မှတ်သည့် ရောဂါတစ်မျိုးမျိုးကို ဆိုသည်။

(ဆ) **အန္တရာယ်ရှိသောဖြစ်ရပ်** ဆိုသည်မှာ လုပ်ငန်းခွင်အတွင်း ရှိနေသူများ ကို ဖြစ်စေ၊ အများပြည်သူကိုဖြစ်စေ ရောဂါရရှိစေခြင်းသော်လည်း ကောင်း၊ ထိခိုက်ဒဏ်ရာ ရရှိစေခြင်းသော်လည်းကောင်း ဖြစ်တန်ရာ ရှိသည်ဟု အမျိုးသားကောင်စီက အမိန့်ကြော်ငြာစာ ထုတ်ပြန် သတ်မှတ်သည့် ဖြစ်ရပ်တစ်မျိုးမျိုးကို ဆိုသည်။

(ဇ) **ဘေးအန္တရာယ်ဖြစ်စေသော ပစ္စည်းနှင့် စက်ပစ္စည်းကိရိယာ** ဆိုသည်မှာ ဤဥပဒေအရ အမျိုးသားကောင်စီက ဘေးအန္တရာယ်ဖြစ်စေသော ပစ္စည်းနှင့်စက်ကိရိယာအဖြစ် အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ် သည့်ပစ္စည်းနှင့် စက်ကိရိယာတစ်မျိုးမျိုးကို ဆိုသည်။

(ဈ) **အန္တရာယ်ရှိသောလုပ်ငန်း** ဆိုသည်မှာ ဤဥပဒေအရ အမျိုးသားကောင်စီ က အန္တရာယ်ရှိသောလုပ်ငန်းအဖြစ် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်သည့် လုပ်ငန်းတစ်မျိုးမျိုးကို ဆိုသည်။

(ည) **ကြီးမားပြင်းထန်သော လုပ်ငန်းခွင် မတော်တဆထိခိုက်မှု** ဆိုသည်မှာ အန္တရာယ်ရှိသော လုပ်ငန်းစဉ်ကြောင့်ဖြစ်စေ၊ အန္တရာယ်ရှိသော လုပ်ငန်းစဉ်သုံး အရာဝတ္ထုများကြောင့်ဖြစ်စေ လုပ်ငန်းခွင်အတွင်း ရှိနေသူများ၊ ပတ်ဝန်းကျင်နှင့် အများပြည်သူတို့ကို ချက်ချင်း သို့မဟုတ် အချိန်ကာလတစ်ခုအတွင်း ဆိုးရွားပြင်းထန်သော အန္တရာယ်ဖြစ်ပေါ်စေ နိုင်သည့် ပေါက်ကွဲမှု၊ လွင့်စင်မှု၊ ယိုစိမ့်မှု ၊ မီးလောင်မှု စသည့် ဖြစ်ရပ် တစ်ခုခုကို ဆိုသည်။

(ဋ) **ဝန်ကြီးဌာန** ဆိုသည်မှာ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အား ဝန်ကြီးဌာနကို ဆိုသည်။

(ဌ) **ဦးစီးဌာန** ဆိုသည်မှာ အလုပ်ရုံနှင့် အလုပ်သမား ဥပဒေစစ်ဆေးရေး ဦးစီးဌာနကို ဆိုသည်။

(ဍ) **ညွှန်ကြားရေးမှူးချုပ်** ဆိုသည်မှာ အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။

(ဎ) **စစ်ဆေးရေးအရာရှိချုပ်** ဆိုသည်မှာ အလုပ်ရုံနှင့် အလုပ်သမား ဥပဒေ စစ်ဆေးရေး ဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။

(ဏ) **စစ်ဆေးရေးအရာရှိ** ဆိုသည်မှာ အလုပ်ရုံနှင့် အလုပ်သမား ဥပဒေ စစ်ဆေးရေးဦးစီးဌာနမှ အလုပ်ရုံစစ်ဆေးရေးအရာရှိကို ဆိုသည်။

(တ) **လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအရာရှိ** ဆိုသည်မှာ လုပ်ငန်းခွင်အလိုက် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအတွက် အလုပ်ရှင်က ဤဥပဒေအရ တာဝန်ပေးအပ်ခြင်း ခံရသည့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး အရာရှိကို ဆိုသည်။

(ထ) **လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကော်မတီ** ဆိုသည်မှာ လုပ်ငန်းခွင်အလိုက် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအတွက် အလုပ်ရှင်က ဤဥပဒေအရ ဖွဲ့စည်းသည့် လုပ်ငန်း ခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး ကော်မတီအသီးသီးကို ဆိုသည်။

(ဒ) **အသိအမှတ်ပြုဆရာဝန်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ တော် ဆေးကောင်စီ သို့မဟုတ် သွားနှင့် ခံတွင်းဆိုင်ရာ ဆေးကောင်စီ က ထုတ်ပေးသော မှတ်ပုံတင်လက်မှတ် သို့မဟုတ် ဆေးကုသခွင့်လိုင်စင် ရရှိပြီး ဝန်ကြီးဌာနမှ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ကျွမ်းကျင်သူအဖြစ် အသိအမှတ်ပြုထားသော ဆရာဝန် သို့မဟုတ် သွားနှင့် ခံတွင်းဆိုင်ရာဆရာဝန်ကို ဆိုသည်။

(ဓ) **စမ်းသပ်စစ်ဆေးပိုင်ခွင့်ရှိသူ** ဆိုသည်မှာ ဤဥပဒေနှင့် သက်ဆိုင်သည့် လုပ်ငန်းနှင့် ယင်းလုပ်ငန်း၏ လုပ်ငန်းခွင်များရှိ ဘေးအန္တရာယ်ဖြစ်စေ နိုင်သော ပစ္စည်း၊ စက်ကိရိယာများနှင့် စပ်လျဉ်း၍ လုပ်ငန်းခွင် ဘေး အန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များကို အခ ဖြင့်ဖြစ်စေ၊ အခမဲ့ဖြစ်စေ အန္တရာယ်ကင်းရှင်းကြောင်း စမ်းသပ်စစ်ဆေး ပိုင်ခွင့်ရှိသူအဖြစ် ညွှန်ကြားရေးမှူးချုပ်က အသိအမှတ်ပြုထားသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကို ဆိုသည်။

(န) **ကြိုတင်ခွင့်ပြုချက်** ဆိုသည်မှာ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်း ရေးနှင့် ကျန်းမာရေးအတွက် လုပ်ငန်းဆောင်ရွက်နိုင်ရန် ဤဥပဒေအရ ကြိုတင်ထုတ်ပေးသည့် ခွင့်ပြုချက်ကို ဆိုသည်။

(ပ) **လုပ်ငန်းလိုင်စင်** ဆိုသည်မှာ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး နှင့် ကျန်းမာရေးဆိုင်ရာ ဆောင်ရွက်ချက်အတွက် ထုတ်ပေးသော လိုင်စင်ကို ဆိုသည်။

(ဖ) **အသိအမှတ်ပြုလက်မှတ်** ဆိုသည်မှာ ဤဥပဒေပါ ကိစ္စရပ်တစ်ခုခု ဆောင်ရွက်ရန်အလို့ငှာ သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီ သည့် လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းအား ညွှန်ကြားရေးမှူးချုပ်က ထုတ်ပေးသည့် လက်မှတ်ကို ဆိုသည်။

(ဗ) **သင်တန်းပေးသူ** ဆိုသည်မှာ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး နှင့်ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များကို အခကြေးငွေဖြင့်ဖြစ်စေ၊ အခကြေးငွေမပါဘဲဖြစ်စေ သင်တန်းပို့ချရန် ညွှန်ကြားရေးမှူးချုပ်က အသိအမှတ်ပြု လက်မှတ်ထုတ်ပေးထားသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့ အစည်းကို ဆိုသည်။

(ဘ) **လုပ်ငန်းစဉ်** ဆိုသည်မှာ ဤဥပဒေနှင့် အကျုံးဝင်သော လုပ်ငန်းခွင် တစ်ခုခု၌ လုပ်ကိုင်သည့် မည်သည့် လုပ်ငန်းစဉ်ကို မဆို ဆိုသည်။

**အခန်း (၂)**

**ရည်ရွယ်ချက်များ**

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) လုပ်ငန်းကဏ္ဍအသီးသီး၌ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များကို ထိရောက်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရန်၊

(ခ) လုပ်ငန်းခွင် မတော်တဆထိခိုက်မှု၊ လုပ်ငန်းခွင်ဆိုင်ရာ ရောဂါခံစား ရမှုများ လျော့နည်းပပျောက်စေရန် အလုပ်ရှင်နှင့် အလုပ်သမား အပါ အဝင် ဤဥပဒေပါ သက်ဆိုင်သူများ၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးရန်၊

(ဂ) စီးပွားရေးဖွံ့ဖြိုးမှုကြောင့် ပေါ်ပေါက်လာနိုင်သည့် လုပ်ငန်းခွင်အန္တရာယ် များ၊ လုပ်ငန်းခွင်ဆိုင်ရာ ရောဂါများအပေါ် အလုပ်ရှင်၊ အလုပ်သမား များနှင့် ဤဥပဒေပါ သက်ဆိုင်သူများက ကြိုတင်တားဆီး ကာကွယ်မှု ပြုနိုင်ရန်၊

(ဃ) လုပ်ငန်းခွင် မတော်တဆထိခိုက်မှုများ၊ လုပ်ငန်းခွင်ဆိုင်ရာ ရောဂါများ မဖြစ်ပွားစေရန် ကာကွယ်တားဆီးခြင်းဖြင့် အလုပ်သမားများ လုပ်ငန်း ခွင် ဘေးအန္တရာယ်ကင်းရှင်းပြီး ကျန်းမာစွာ လုပ်ကိုင်နိုင်စေရန်နှင့် ကုန်ထုတ်စွမ်းအား တိုးတက်လာစေရန်၊

(င) လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ စံချိန်စံညွှန်းများအား နိုင်ငံတကာနှင့် ဒေသဆိုင်ရာ စံနှုန်းများနှင့်အညီ မိမိနိုင်ငံအခြေအနေနှင့် သင့်လျော်သော စံချိန်စံညွှန်းသတ်မှတ်ပြီး ဘေးအန္တရာယ်ကင်းရှင်း၍ ကျန်းမာရေးနှင့် ညီညွတ်သော လုပ်ငန်းခွင် ဖန်တီးပေးရန်။

**အခန်း (၃)**

**အကျုံးဝင်သက်ဆိုင်သည့် လုပ်ငန်းများ သတ်မှတ်ခြင်းနှင့် ပယ်ဖျက်ခြင်း**

၄။ ဤဥပဒေသည် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အစိုးရဌာန၊ အဖွဲ့အစည်း၊ သမဝါယမ၊ ပုဂ္ဂလိက၊ ဖက်စပ်လုပ်ငန်းများရှိ နိုင်ငံသား၊ နိုင်ငံခြားသားပိုင် အောက်ဖော်ပြပါ လုပ်ငန်းများ၊ ယင်းလုပ်ငန်းများ၏ လုပ်ငန်းခွဲများ၊ လုပ်ငန်းခွင်များအားလုံးနှင့် သက်ဆိုင်စေရမည် -

(က) စက်ရုံ၊ အလုပ်ရုံများနှင့် သိုလှောင်ရုံများ၊

(ခ) ဆောက်လုပ်ရေး လုပ်ငန်းများ၊

(ဂ) အင်ဂျင်နီယာ လုပ်ငန်းများ၊

(ဃ) သတ္တုတူးဖော်ရေးလုပ်ငန်းနှင့် ထပ်ဆင့်ပြုပြင်ခြင်းလုပ်ငန်း၊ ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ရေးနှင့် ထပ်ဆင့်ပြုပြင်ခြင်း လုပ်ငန်းများ၊

(င) ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်းများ၊

(စ) ဓာတုဗေဒလုပ်ငန်းများ၊

(ဆ) ဆိပ်ကမ်းလုပ်ငန်း၊ ပုံမှန်လုပ်ကိုင်သည့် ကုန်တင်ကုန်ချ လုပ်ငန်းများ၊

(ဇ) စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများ၊

(ဈ) ပညာရေးဝန်ဆောင်မှုလုပ်ငန်းနှင့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်း များ၊

(ည) ဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၊

(ဋ) ဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤဥပဒေနှင့် သက်ဆိုင်သည့် လုပ်ငန်းများအဖြစ် အခါအားလျော်စွာ အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်သည့် လုပ်ငန်းနှင့် ယင်း လုပ်ငန်း၏ လုပ်ငန်းခွင်များ။

၅။ ဝန်ကြီးဌာနသည်-

(က) ပုဒ်မ ၄ ပါ လုပ်ငန်းနှင့်လုပ်ငန်းခွင်အလိုက် အသေးစိတ်စာရင်းကို လိုအပ်ပါက အမိန့်ကြော်ငြာစာ ထုတ်ပြန်ကြေညာနိုင်သည်။

(ခ) ပုဒ်မ ၄ ပါ လုပ်ငန်းနှင့်လုပ်ငန်းခွင်ကို ပြောင်းလဲလာသော အခြေအနေ များနှင့်အညီ သက်ဆိုင်ရာ အလုပ်ရှင်နှင့် အလုပ်သမားအဖွဲ့အစည်း များ၏ ကိုယ်စားလှယ်များနှင့်ညှိနှိုင်းပြီး ပြင်ဆင်သတ်မှတ်ခြင်း၊ ဖြည့်စွက်ခြင်းနှင့် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

**အခန်း (၄)**

**အမျိုးသား လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေးကောင်စီ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ**

၆။ ပြည်ထောင်စုအစိုးရအဖွဲ့သည်-

(က) နိုင်ငံတော် ဒုတိယသမ္မတက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး အဖွဲ့ဝင် အဖြစ် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ အစိုးရဌာန၊ အဖွဲ့ အစည်းများမှ သင့်လျော်သော ပုဂ္ဂိုလ်များ၊ အလုပ်ရှင်နှင့် အလုပ်သမား တို့၏ ကိုယ်စားလှယ်များ၊ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ကျွမ်းကျင်သူများပါဝင်သည့် အမျိုးသားကောင်စီ ကို ဖွဲ့စည်းရမည်။

(ခ) အဖွဲ့ဝင်များအနက်မှ ဒုတိယဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ကို သတ်မှတ် နိုင်သည်။

(ဂ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းထားသော အမျိုးသားကောင်စီကို လိုအပ် ပါက ပြင်ဆင် ဖွဲ့စည်းနိုင်သည်။

၇။ အမျိုးသားကောင်စီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ် သည် -

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အမျိုးသားအဆင့် မူဝါဒများနှင့် လုပ်ငန်း စဉ်များချမှတ်ခြင်း၊ ကာလအပိုင်းအခြားအလိုက် အကဲဖြတ်ခြင်း၊ ပြန်လည်သုံးသပ်ခြင်းနှင့် ပြင်ဆင်ခြင်း၊

(ခ) လုပ်ငန်းခွင်အခြေအနေ တိုးတက်ကောင်းမွန်ရေး၊ လုပ်ငန်းခွင်ဘေး အန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးတို့အတွက် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရ အဖွဲ့အစည်း၊ ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများ နှင့်ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်း၊

(ဂ) လိုအပ်သော လုပ်ငန်းကော်မတီများ ဖွဲ့စည်းခြင်းနှင့် ယင်းလုပ်ငန်း ကော်မတီများ၏ လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း၊

(ဃ) လုပ်ငန်းခွင်ဆိုင်ရာ ကျင့်ထုံးများသတ်မှတ်ရန်နှင့် ကျင့်ထုံးများကို ထုတ်ပြန်ကြေညာရန် အတည်ပြုပေးခြင်း၊

(င) ကျန်းမာရေးအန္တရာယ် ထိခိုက်စေနိုင်သော လုပ်ငန်းစဉ်နှင့် ဇီဝပစ္စည်း များ၊ ဓာတုပစ္စည်းများနှင့် ဓာတ်ရောင်ခြည်သင့်စေနိုင်သော ပစ္စည်း များ စသည့်ပစ္စည်းများအသုံးပြုမှုကို ကန့်သတ်ခြင်း သို့မဟုတ် တားမြစ် ပိတ်ပင်ခြင်း၊

(စ) အန္တရာယ်ရှိသော ဖြစ်ရပ်များနှင့် ယင်းဖြစ်ရပ်များ မဖြစ်ပွားစေရန် ကာကွယ်ဆောင်ရွက်ထားမှုများကို အခါအားလျော်စွာ အများပြည်သူ သိရှိရန် ထုတ်ပြန်ကြေညာခြင်း၊

(ဆ) အဆင့်မြင့် နည်းပညာ၊ ဆေးဘက်ဆိုင်ရာနှင့် အသက်မွေးဝမ်းကျောင်း ပညာ အပါအဝင် ပညာရေးနှင့် လေ့ကျင့်သင်ကြားရေး ကဏ္ဍအသီးသီး တွင် လုပ်ငန်းခွင်နှင့် ပတ်ဝန်းကျင် ဘေးအန္တရာယ်ကင်းရှင်းရေး သင်ခန်းစာများ ပို့ချနိုင်ရန် စီမံဆောင်ရွက်ခြင်း၊

(ဇ) အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား အရေးအတွက် တူညီစွာပါဝင်သည့် နည်းပညာရပ် လုပ်ငန်းအဖွဲ့များကို လိုအပ်သလို ဖွဲ့စည်းခြင်း၊

(ဈ) ပုဒ်မ ၄၆ နှင့် ပုဒ်မ ၄၇ တို့ အရ တင်သွင်းသည့် အယူခံမှုများအား ကြားနာစစ်ဆေးရန် အယူခံကော်မတီအား ဖွဲ့စည်းခြင်း၊


(ည) မိမိ၏လုပ်ငန်းတာဝန်များ ဆောင်ရွက်ချက်အစီရင်ခံစာကို ပြည်ထောင်စု အစိုးရအဖွဲ့ထံ တင်ပြခြင်း၊

*(ဆက်လက်ဖော်ပြပါမည်)*

# အင်္ဂါဂြိုဟ်စီမံကိန်းဟာ စိတ်ကူးယဉ်သက်သက်ပဲလား

(အပိုင်း-၁)

● သိပ္ပံစာရေးဆရာကိုကိုအောင်



လူသားတို့နှင့်တကွ ဇီဝမျိုးစုံမျိုးကွဲတို့ ရှင်သန်ရပ်တည် နေထိုင်လျက်ရှိသော ဤမြေကမ္ဘာကြီးသည် နေစကြဝဠာ အတွင်းရှိ ဂြိုဟ်ကြီးကိုးလုံးအနက် တစ်လုံးအပါအဝင်ဖြစ်သည်။ ကမ္ဘာဂြိုဟ်ကြီးနှင့်အတူ မားစ် (Mars)၊ ဂျူပီတာ(Jupiter)၊ စေတန် (Saturn)၊ ယူရေးနပ်စ်(Uranus)၊ နတ် (ပ) ကျွန်း (Neptune)၊ ဗီးနပ်စ်(Venus)၊ မာကျူရီ(Mercury)၊ ပလူတို(Pluto) ဂြိုဟ်များသည် နေလုံးကြီးကို ဗဟိုပြု၍ စကြဝဠာကြီးအတွင်း၌ လှည့်ပတ်လျက်ရှိနေကြသည်။

မျက်မှောက်ကာလ၏ ခေတ်အမီဆုံးသော သိပ္ပံပညာရပ်များဖြင့် စူးစမ်းထောက်လှမ်းလေ့လာချက်များအရ နေစကြဝဠာ အဖွဲ့အစည်းထဲတွင် ဤမြေကမ္ဘာကြီးမှတစ်ပါး အခြား မည်သည့်ဂြိုဟ်တွင်မျှ သက်ရှိတို့ ရှင်သန်နေထိုင်နိုင်ခြင်း မရှိကြောင်း တွေ့ရှိဖော်ထုတ်ခဲ့ကြပြီးဖြစ်သည်။ ဂြိုဟ်တစ်လုံးတွင် သက်ရှိတို့ ရှင်သန်ပေါက်ပွားနေထိုင်နိုင်ရန်အတွက် အခြေခံလိုအပ်ချက်ကြီးလေးရပ်ဖြစ်သော နေရောင်ခြည်၊ အောက်ဆီဂျင်၊ ကာဗွန်ဒိုင်အောက်ဆိုက်နှင့် ရေတို့သဘာဝ အလျောက် အပြည့်အစုံ ရှိနေသည်မှာ ဤမြေကမ္ဘာကြီးသာလျှင် ဖြစ်သောကြောင့်၊ လတ်တလောတွင် ဤမြေကမ္ဘာကြီးသည် သက်ရှိများ ဖြစ်ကြသော ဇီဝရုပ်နှင့် အဏုဇီဝရုပ်တို့ ရှင်သန်ပေါက်ပွား နေထိုင်ခွင့်ရနေသည့် တစ်ခုတည်းသောဂြိုဟ် ဖြစ်နေရခြင်း ဖြစ်သည်။

လူသားတို့သည် အသိဉာဏ်မြင့်မားလှသော နို့တိုက်သတ္တဝါများ ဖြစ်ကြသည်နှင့်အညီ မိမိတို့ မှီတင်းနေထိုင်လျက်ရှိကြသော ဤမြေကမ္ဘာကြီး၏ အကြောင်းခြင်းရာ အစုံအလင်ကို သာမက၊ ကမ္ဘာကြီးတည်ရှိရာ နေစကြဝဠာ အဖွဲ့အစည်းအတွင်းရှိ အခြားသောဂြိုဟ်များ၏ အကြောင်းကိုလည်း မျက်ခြည်မပြတ် လေ့လာထောက်လှမ်း စူးစမ်းဖော်ထုတ်လျက်ရှိနေကြသည်။ ထိုကဲ့သို့ ကြိုးပမ်းအားထုတ် စူးစမ်းလေ့လာ ဖော်ထုတ်မှုများအရ နေစကြဝဠာ အဖွဲ့အစည်းအတွင်း၌ နေကိုဗဟိုပြု၍ လှည့်ပတ်လျက် ရှိနေကြသော ဂြိုဟ်များအနက် ကမ္ဘာဂြိုဟ်နှင့် အနီးဆုံးဖြစ်သည့် အင်္ဂါဂြိုဟ် (Mars) သည် လူတို့အခြေချနေထိုင်ခွင့် ရရှိနိုင်သော ဂြိုဟ်ကြီးတစ်လုံးဖြစ်ကြောင်း သိရှိလာခဲ့ကြသည်။

စဉ်ဆက်မပြတ် စူးစမ်းရှာဖွေ လေ့လာဖော်ထုတ်မှုများနှင့် အောင်မြင်မှုများကို အကြောင်းပြုလျက် အင်္ဂါဂြိုဟ်သည် လူသားတို့အတွက် ဒုတိယကမ္ဘာဖြစ်လာနိုင်သည်ကို နားလည်လာကြသလို အကယ်၍ အင်္ဂါဂြိုဟ်ကြီးပေါ်၌ လူသားတို့ အခြေချနေထိုင်ခွင့်ရအောင် မဆုတ်မနစ်သော ဇွဲ၊လုံ့လတို့ဖြင့် ကြိုးပမ်းအားထုတ်သွားကြသည့်အခါ သာမန် အရပ်သူအရပ်သားတို့ထက် နှစ်ပေါင်းများစွာစော၍ သိပ္ပံပညာရှင်များချည်း သီးသီးသန့်သန့် စမ်းသပ်နေထိုင်ခွင့် ရအောင်ကိုပင် နှစ်ပေါင်းရာနှင့်ချီ၍ ကြိုးပမ်းရမည်ဖြစ်ကြောင်းကိုလည်း သဘောပေါက်ခဲ့ကြသည်။

သို့ဖြစ်၍ အမေရိကန်ပြည်ထောင်စု နာဆာ(NASA) အဖွဲ့အစည်းသည် အင်္ဂါဂြိုဟ်ပေါ်၌ လူသားများအခြေချနေထိုင်ခွင့်ရရှိရေးအတွက် နှစ်ပေါင်းရာနှင့်ချီ၍ ကြာမြင့်မည့် အင်္ဂါဂြိုဟ်စီမံကိန်းကို ၂၀ ရာစုမကုန်မီကတည်းက အစပျိုး လုပ်ဆောင်ခဲ့ရာ၊ မျက်မှောက်ကာလ ရောက်သည့်တိုင်အောင်ပင်ဖြစ်သည်။ အင်္ဂါဂြိုဟ်ပေါ်၌ အခြေချနေထိုင်ခြင်းမပြုမီ ဤကမ္ဘာမြေမှ အင်္ဂါဂြိုဟ်ဆီသို့ အရောက်သွားရေးကိုပင် အဆင့်ပေါင်းများစွာ ကျော်ဖြတ်ရဦးမည်ဖြစ်ရာ ထိုမျှနက်နဲလှသည့် အဆင့်အမြင့်ဆုံးသော အာကာသသိပ္ပံပညာရပ်များကို သာမန်အရပ်သူအရပ်သားတို့က နားလည်ရန်ခက်ခဲသည့်အတွက် အင်္ဂါဂြိုဟ်စီမံကိန်းမှာ မဖြစ်နိုင်သောစီမံကိန်းဖြစ်သည်ဟူ၍ လည်းကောင်း၊ စိတ်ကူးယဉ်သက်သက်မျှသာ ဖြစ်သည်ဟူ၍လည်းကောင်း ကမ္ဘာ့နိုင်ငံအချို့၏ လူမှုပတ်ဝန်းကျင်များ၌ ဝေဖန်ပြောဆိုလျက် ရှိနေကြသည်။

> **အင်္ဂါဂြိုဟ်ပေါ်၌ အခြေချနေထိုင်ခြင်းမပြုမီ ဤကမ္ဘာမြေမှ အင်္ဂါဂြိုဟ်ဆီသို့ အရောက်သွားရေးကိုပင် အဆင့်ပေါင်းများစွာ ကျော်ဖြတ်ရဦးမည်ဖြစ်ရာ ထိုမျှနက်နဲလှသည့် အဆင့်အမြင့်ဆုံးသော အာကာသသိပ္ပံပညာရပ်များကို သာမန်အရပ်သူအရပ်သားတို့က နားလည်ရန်ခက်ခဲသည့်အတွက် အင်္ဂါဂြိုဟ်စီမံကိန်းမှာ မဖြစ်နိုင်သောစီမံကိန်းဖြစ်သည်ဟူ၍လည်းကောင်း၊ စိတ်ကူးယဉ်သက်သက်မျှသာ ဖြစ်သည်ဟူ၍လည်းကောင်း ကမ္ဘာ့နိုင်ငံအချို့၏ လူမှုပတ်ဝန်းကျင်များ၌ဝေဖန်ပြောဆိုလျက်ရှိနေ**

တကယ့် ပကတိအခြေအနေ၌မူ အင်္ဂါဂြိုဟ်စီမံကိန်းကြီးသည် စိတ်ကူးယဉ် သက်သက်မျှသာမဟုတ်ဘဲ ငွေကြေး၊ အတတ်ပညာ၊ ဇွဲ၊လုံ့လနှင့် အချိန်တို့ ကိန်းဂဏန်းပမာဏ အလွန်ကြီးမားစွာ ရင်းနှီးမြှုပ်နှံရမည့်လူ့သမိုင်း၏ အကြီးကျယ်ဆုံးသော မဟာစီမံကိန်းကြီးပင်ဖြစ်သည်။ ထို့ပြင် လူတို့အပါအဝင် သက်ရှိလောကတစ်ရပ်လုံး၏ အနာဂတ်ကံကြမ္မာကို တစ်ဆစ်ချိုး ပြောင်းလဲပစ်မည့် စီမံကိန်းကြီးလည်းဖြစ်သည်။

လူသားတို့သည် မိမိတို့ကို မွေးဖွားသန့်စင်ခဲ့ရာ ဤမြေကမ္ဘာမှ ကီလိုမီတာ သန်းပေါင်းများစွာ ကွာဝေးသော အခြားဂြိုဟ်တစ်ခုဆီသို့ အာကာသခရီးနှင်ကာ ခြေဆန့်အရောက်သွားပြီး ပြောင်းရွှေ့နေထိုင်နိုင်ရန် ကြံစည်နေကြခြင်းလည်း ဖြစ်ရာ၊ ဤမြေကမ္ဘာကြီးအပါအဝင် နေစကြဝဠာကြီး စတင်ဖြစ်တည်ခဲ့သည့် နှစ်သန်းပေါင်း ၄၆၀၀ အတွင်း ပထမဦးဆုံးသော ကမ္ဘာ့သစ်တည်မည့် ရှေ့ဆောင်စီမံကိန်းကြီး တစ်ရပ်လည်း ဖြစ်သည်။

အင်္ဂါဂြိုဟ်စီမံကိန်းသည် အချို့ကထင်မြင်ယူဆနေကြသကဲ့သို့ စိတ်ကူးယဉ် ဇာတ်လမ်းတစ်ပုဒ် မဟုတ်သော်လည်း၊ အင်္ဂါဂြိုဟ်စီမံကိန်းပါ အဆင့်တစ်ဆင့်ချင်းတို့သည် အလွန်ပင် ခက်ခဲနက်နဲ ရှုပ်ထွေးလှသည့်အတွက် ထိုကဲ့သို့သော အဆင့်ပေါင်းများစွာကို ခြုံငုံ၍ ယေဘုယျသဘောမျှ သိရှိထားနိုင်ကြစေရန်အလို့ငှာ အာကာသသိပ္ပံပညာ တဖြည်းဖြည်း တိုးတက်ထွန်းကားလာသည်မှ အစပြု၍ အင်္ဂါဂြိုဟ် စီမံကိန်း အဖြစ် ရည်မှန်းလုပ်ဆောင်လာနိုင်မှုများကို လေ့လာနိုင်ရန် အတွက် အကျဉ်းမျှဖော်ပြပါမည်။

သိပ္ပံပညာရှင်တို့သည် အာကာသ စူးစမ်းလေ့လာမှုများကို လွန်ခဲ့သော နှစ်ပေါင်း ၅၀ ကျော်ကတည်းကပင် စိုက်လိုက်မတ်တတ် လုပ်ဆောင်လာခဲ့ကြရာ ၁၉၆၂ ခုနှစ် ဇူလိုင်လအတွင်းက ကမ္ဘာ့ ပထမဦးဆုံးသော ဆက်သွယ်ရေးဂြိုဟ်တုကို ကမ္ဘာပတ်လမ်းကြောင်းအတွင်း၌ အောင်မြင်စွာဖြင့် နေရာချထားနိုင်ခဲ့ကြသည်။ ကမ္ဘာပတ်လမ်းကြောင်းထဲရှိ ဆက်သွယ်ရေးဂြိုဟ်တုများ၏ စွမ်းရည်ကြောင့် နိုင်ငံတစ်နိုင်ငံ၊ ဒေသတစ်ခုတွင် ဖြစ်ပွားနေသော ဖြစ်ရပ်များကို ကမ္ဘာအရပ်ရပ်ရှိ ပြည်သူများက ရုပ်မြင်သံကြားမှတစ်ဆင့် မျက်ဝါးထင်ထင် ကြည့်ရှုနိုင်ခဲ့ကြသည်။

ထိုစဉ်ကာလကတည်းက အာကာသစူးစမ်းလေ့လာရေး သိပ္ပံပညာရှင်တို့သည် ကမ္ဘာကြီးကိုလှည့်ပတ်လျက်ရှိနေသော လပေါ်သို့ အရောက်သွားနိုင်ရန် ကြံဆခဲ့ကြသလို အင်္ဂါဂြိုဟ်၊ ကြာသပတေးဂြိုဟ်၊ စနေဂြိုဟ်အစရှိသော ဂြိုဟ်များ၏ အကြောင်းကိုလည်း စိတ်ဝင်တစားဖြင့် စဉ်ဆက်မပြတ် စူးစမ်းလေ့လာခဲ့ကြသည်။

ဤသို့ဖြင့် ၁၉၆၉ ခုနှစ် ဇူလိုင်လ ၂၀ ရက်က အပိုလို ၁၁ အာကာသယာဉ်ဖြင့် လိုက်ပါသွားသော အမေရိကန် အာကာသယာဉ်မှူး နီးလ်အမ်းစထရောင်းနှင့် အော်လ်ဒရင်တို့က လမျက်နှာပြင်ပေါ်သို့ ကမ္ဘာ့ပထမဦးဆုံးသော လူသားများအဖြစ် ဆင်းသက်ခြေချနိုင်ခဲ့ကြသည်။ ကမ္ဘာ့လူသားတို့က လမျက်နှာပြင်ပေါ်သို့ ပထမဦးဆုံးအကြိမ် ဆင်းသက်ခြေချပြီး လမ်းလျှောက်နေသည်ကို ဆက်သွယ်ရေးဂြိုဟ်တုနှင့် ရုပ်မြင်သံကြားစက်များ၏ အကူအညီဖြင့် ကမ္ဘာတစ်ဝန်းရှိ သန်းပေါင်းများစွာသော ပြည်သူတို့က စိတ်လှုပ်ရှားစွာဖြင့် တအံ့တသြ ကြည့်ရှုနိုင်ခဲ့ကြသည်။

ယင်းကဲ့သို့ လမျက်နှာပြင်ပေါ် ဆင်းသက်ခြေချနိုင်သော အောင်မြင်မှုကြီးသည် အာကာသစူးစမ်းလေ့လာရေး ဘက်စုံလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်သွားရန် အဓိကတွန်းအားကြီးတစ်ရပ် ဖြစ်ခဲ့သည်။ ကမ္ဘာ့လူသားတို့က လမျက်နှာပြင်ပေါ်သို့ ဆင်းသက်ခြေချခဲ့ပြီးနောက် နှစ်ပေါင်း ၃၀ကျော်အကြာတွင် အင်္ဂါဂြိုဟ်စူးစမ်းလေ့လာရေး သိပ္ပံဆိုင်ရာ လုပ်ငန်းများသည် ပိုမိုလေးနက် ကျယ်ပြန့်လာကာ၊ တစ်နေ့နေ့ တစ်ချိန်ချိန်တွင် အင်္ဂါဂြိုဟ်ပေါ်သို့ အရောက်သွားပြီး အခြေချနေထိုင်နိုင်အောင် စီမံကိန်းများချမှတ်၍ လုပ်ဆောင်လာသည် အထိ ရှေ့တန်းသို့ ရောက်ရှိခဲ့သည်။

အဘယ်ကြောင့်ဆိုသော် အာကာသစူးစမ်းလေ့လာရေး လုပ်ငန်းများထဲတွင် အဓိကအခန်းကဏ္ဍက ပါဝင်ခဲ့သော အင်္ဂါဂြိုဟ်သည် နေစကြဝဠာအတွင်းရှိ ဂြိုဟ်များအားလုံးထဲတွင် ကမ္ဘာမြေနှင့် နီးစပ်ဆင်တူသော ဂြိုဟ်ကြီးတစ်လုံး ဖြစ်ကြောင်း သိရှိလာခဲ့ကြသောကြောင့်ပင် ဖြစ်သည်။ လူတို့နေထိုင်ရာ ကမ္ဘာကြီးသည် မိမိ၏ဝင်ရိုးပေါ်တွင် လည်ပတ်ရင်း နေလုံးကြီးကိုလည်း မှန်မှန်လှည့်ပတ်လျက် ရှိနေသလို အင်္ဂါဂြိုဟ်ကြီးကလည်း မိမိဝင်ရိုးပေါ်တွင် လည်ပတ်နေရင်း နေလုံးကြီးကို ပုံမှန်လှည့်ပတ်လျက်ရှိနေသည်။

ကမ္ဘာက မိမိ၏ဝင်ရိုးပေါ်တွင် တစ်ပတ်ပြည့်အောင် လည်ပတ်ရန် ၂၄ နာရီကြာမြင့်ပြီး အင်္ဂါဂြိုဟ်ကမူ မိမိ၏ဝင်ရိုးပေါ်တွင် တစ်ပတ်ပြည့်အောင် လည်ပတ်ရန်အတွက် ၂၄ နာရီနှင့် ၃၇ မိနစ် ကြာမြင့်သည်။ ကမ္ဘာကနေကို တစ်ပတ်ပတ်ရန် ၃၆၅ ရက်သာကြာမြင့်ပြီး၊ အင်္ဂါဂြိုဟ်ကမူ နေလုံးကြီးကို တစ်ပတ်ပြည့်အောင် လှည့်ပတ်ရန် ရက်ပေါင်း ၆၈၇ ရက် ကြာမြင့်သည်။

ကမ္ဘာမြေ၏ မိုးကောင်းကင်က အပြာရောင်သမ်းနေသော်လည်း မီးတောင်များဖြင့် ပြည့်နှက်နေသည့်အင်္ဂါဂြိုဟ်၏ မိုးကောင်းကင်ကမူ ပန်းရောင်သမ်းလျက်ရှိနေသည်။ အင်္ဂါဂြိုဟ်ကို အလွန်ပါးလွှာသော လေထုကဖုံးလွှမ်းရစ်ခြုံထားပြီး ယင်းလေထုထဲတွင် ကာဗွန်ဒိုင်အောက်ဆိုက်က ၉၅ ရာခိုင်နှုန်း ပါဝင်လျက်ရှိနေသည်။

လူတို့၏ မြေကမ္ဘာကြီး၌ မြစ်၊ ချောင်း၊ အင်း၊ အိုင်နှင့် ပင်လယ်၊သမုဒ္ဒရာများ ပေါများကြွယ်ဝသော်လည်း အင်္ဂါဂြိုဟ်၌မူ မြစ်၊ချောင်း၊ပင်လယ်များ လုံးဝမရှိပေ။ သို့ရာတွင် အင်္ဂါဂြိုဟ်ပေါ်၌ ရေရှိနေသည့် အထောက်အထားများကို အာကာသသိပ္ပံပညာရှင်တို့က တွေ့ရှိထားကြသလို အဆိုပါရေများသည် ရေအသွင်ဖြင့် လည်းကောင်း၊ ရေခဲအသွင်ဖြင့် လည်းကောင်း အင်္ဂါဂြိုဟ်၏ အလွန်နက်ရှိုင်းသော မြေလွှာအောက်နှင့် တောင်ဝင်ရိုးစွန်း၊ မြောက်ဝင်ရိုးစွန်းများတွင် ရှိနေသည်ဟု ယုံကြည်ထားကြသည်။

ဤသို့အားဖြင့် အင်္ဂါဂြိုဟ်သည် အနာဂတ်ကာလတွင် ကမ္ဘာ့လူသားတို့ ပြောင်းရွှေ့အခြေချနေထိုင်ခွင့်ရနိုင်ဖွယ်ရှိသော ဂြိုဟ်ကြီးတစ်လုံးအဖြစ် အာကာသသိပ္ပံနယ်ပယ်ကြီးထဲတွင် ထင်ရှားပေါ်လွင်လာခဲ့သည်။ တစ်နည်းဆိုရသော် အင်္ဂါဂြိုဟ်သည် လူသားတို့ ရှင်သန်နေထိုင်မှုအတွက် မျှော်လင့်အားထားရာ ဒုတိယကမ္ဘာ ဖြစ်လာခဲ့သည်။

သံနှင့် သံချေးများ ၁၃ ရာခိုင်နှုန်းအထိ ပါဝင်နေသော အင်္ဂါဂြိုဟ်၏ မြေမျက်နှာပြင်သည် ပန်းဆီရောင်နှင့် နီညိုရောင်များ သမ်းနေသော သဲပြင်ကျယ်ကြီးများဖြင့် ပြည့်နှက်နေပြီး ယင်းအပေါ်တွင် ကာဗွန်နိုတ် ကျောက်တုံးကျောက်ဆိုင်ကြီးများက နေရာအနှံ့ပြန့်ကျဲလျက်ရှိနေသည်။ အင်္ဂါဂြိုဟ်၏ လေထုသည် အလွန်ပါးလွှာလွန်းသည့်အတွက် လတ်တလော အခြေအနေတွင် အင်္ဂါဂြိုဟ်ပေါ်၌ တစ်ဦးနှင့်တစ်ဦးစကားစမြည် ပြောခဲ့လျှင်လည်း ကမ္ဘာမြေပေါ်မှာကဲ့သို့ ကြားရမည်မဟုတ်ပေ။ ပါးလွှာလွန်းသော လေထုသည် စကားသံများကို သယ်ဆောင်သွားနိုင်ခြင်း မရှိသောကြောင့်ပင် ဖြစ်သည်။ ■

# ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဖြစ်ထိုက်သည့် မြန်မာတို့၏ပုဂံ

**မင်းဘူးအောင်ကြိုင်၊**

**ဓာတ်ပုံ-ဇင်ဦး**



ယခုအခါ ကမ္ဘာပေါ်တွင် ယူနက်စကို အဖွဲ့ကြီးက ၁၆၇ နိုင်ငံအတွင်းရှိ ရှေးဟောင်းအဆောက်အအုံပေါင်း၊ နေရာဒေသပေါင်း ၉၃၆ ခုကို ကမ္ဘာ့စာရင်းဝင်ပြီး အသိအမှတ်ပြုပြီးဖြစ်ပါသည်။ ယူနက်စကိုက ၁၉၇၂ ခုနှစ်ကစပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါ ၉၃၆ ခုအနက် ၇၂၃ ခုမှာ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များဖြစ်ပြီး ၁၈၃ ခုမှာ သဘာဝအမွေအနှစ် အနေအထားများဖြစ်ပါသည်။ ယဉ်ကျေးမှုနှင့် သဘာဝ ရောထွေးနေသည့် အမွေအနှစ်ဒေသများမှာ ၂၈ ခုရှိပါသည်။

အရှေ့တောင်အာရှတွင် အင်ဒိုနီးရှားနိုင်ငံ၌ ယဉ်ကျေးမှုအမွေအနှစ် သုံးခုနှင့် သဘာဝအမွေအနှစ် လေးခု စုစုပေါင်း ခုနစ်ခုရရှိပြီး ဖြစ်ပါသည်။ မိမိတို့နှင့် အိမ်နီးချင်းနိုင်ငံဖြစ်သော ထိုင်းနိုင်ငံတွင် ၁၉၈၇ ခုနှစ် ကတည်းက ယဉ်ကျေးမှုအမွေအနှစ် သုံးခု၊ သဘာဝအမွေအနှစ် နှစ်ခု၊ စုစုပေါင်းငါးခုကို ရရှိပြီးဖြစ်ပါသည်။ ဗီယက်နမ် နိုင်ငံတွင် ယဉ်ကျေးမှုအမွေအနှစ် လေးခု၊ သဘာဝအမွေအနှစ် နှစ်ခု စုစုပေါင်း ခြောက်ခုရှိနေပြီး ဖြစ်ပါသည်။

**မြန်မာနိုင်ငံတွင် ပျူသုံးမြို့ဖြစ်သော သရေခေတ္တရာမြို့ဟောင်း၊ ဗိဿနိုး၊ ပျူမြို့ဟောင်းနှင့် ဟန်လင်း ပျူမြို့ဟောင်းတို့ကို ၂၀၁၄ ခုနှစ်တွင် ကမ္ဘာ့အမွေအနှစ် စာရင်းဝင်ဖြစ်ခဲ့**

မလေးရှားနိုင်ငံ၌ ယဉ်ကျေးမှုအမွေအနှစ် တစ်ခု၊ သဘာဝအမွေအနှစ် နှစ်ခု၊ စုစုပေါင်းသုံးခုကို ၁၉၈၈ ခုနှစ်ကတည်းက လည်းကောင်း၊ ဖိလစ်ပိုင်နိုင်ငံတွင် ယဉ်ကျေးမှုအမွေအနှစ် သုံးခု၊ သဘာဝအမွေအနှစ်နှစ်ခု စုစုပေါင်းငါးခုကို ၁၉၈၅ ခုနှစ်ကတည်းက လည်းကောင်း၊ လာအိုနိုင်ငံတွင် ယဉ်ကျေးမှုအမွေအနှစ် နှစ်ခုကို ၁၉၈၇ ခုနှစ်ကတည်းက လည်းကောင်း ရရှိခဲ့ပြီးဖြစ်ပါသည်။ ကမ္ဘောဒီးယားနိုင်ငံတွင် ယဉ်ကျေးမှုအမွေအနှစ် နှစ်ခုရှိပါသည်။ မြန်မာနိုင်ငံတွင် ပျူသုံးမြို့ဖြစ်သော သရေခေတ္တရာမြို့ဟောင်း၊ ဗိဿနိုး၊ ပျူမြို့ဟောင်းနှင့် ဟန်လင်း ပျူမြို့ဟောင်းတို့ကို ၂၀၁၄ ခုနှစ်တွင် ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ခဲ့ပါသည်။

ပုဂံကိုလည်း ကမ္ဘာ့အမွေအနှစ် စာရင်းဝင်အဖြစ် ဖြစ်သင့်ပါသည်။ အမှန်မှာ ၁၉၉၄ ခုနှစ်ကတည်းက ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရန် မြန်မာနိုင်ငံတော်အစိုးရ ယဉ်ကျေးမှုဝန်ကြီးဌာနမှ ယူနက်စကို ဌာနချုပ်သို့ တင်သွင်းခဲ့ပြီးဖြစ်ပါသည်။ Nomination Dossier အချက်အလက်၊ စံများနှင့် အပြည့်အစုံ တင်သွင်းခဲ့ပြီးဖြစ်ပါသည်။

သို့ရာတွင် အကြောင်းအမျိုးမျိုးကြောင့် ယူနက်စကိုမှ ပယ်ချခံခဲ့ရပါသည်။ အမှန်က ပုဂံကို အစောကြီးကတည်းက ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်သင့်ပါသည်။

၁။ ပုဂံတွင် အစုလိုက် အပြုံလိုက် လက်ညှိုးထိုးမလွဲ များပြားလှသော ရှေးဟောင်းအဆောက်အအုံများ တစ်နေရာတည်းတွင် တည်ရှိနေခြင်း၊

၂။ နံရံဆေးရေးပန်းချီရှိသော ဂူဘုရားများ ၄၀၀ ကျော် ရှိနေခြင်း၊

၃။ ရှေးဟောင်းလက်ရာများဖြစ်သော ဗိသုကာလက်ရာများနှင့် အနုပညာလက်ရာ၊ ပန်းဆယ်မျိုးနှင့် စဉ့်လက်ရာများရှိနေခြင်း၊

၄။ ကျောက်စာ မင်စာများဖြစ်သော ပျူဘာသာ မွန်၊ ပါဠိ၊မြန်မာဘာသာ၊ ထိုင်းဘာသာ၊ တမီလ်ဘာသာ၊ ရှမ်းဘာသာ၊ သသ်ကရိုက်ဘာသာ၊ ပျူဘာသာစသည်ဖြင့် ပုဂံတွင် စာပေအထောက်အထားများစွာရှိခြင်း၊

၅။ တစ်ချိန်က ပုဂံခေတ်ကာလ မြန်မာနိုင်ငံတော်၏ မြို့တော်ဖြစ်ခဲ့ခြင်း တို့ကြောင့် ကမ္ဘာ့အမွေအနှစ်ကို စောစီးစွာ ရရှိသင့်ပါသည်။

ဖော်ပြပါ အိမ်နီးချင်းနိုင်ငံများမှာ ၁၉၈၇ ခုနှစ်ကတည်းက ကမ္ဘာ့အမွေအနှစ် စာရင်းဝင်များ ဖြစ်ခဲ့ပါသည်။

မြန်မာနိုင်ငံတွင် ယဉ်ကျေးမှု အမွေအနှစ်များသာကမကဘဲ ပုပ္ပားတောင်ကဲ့သို့သော အိုအေစစ်ဒေသမျိုး၊ မိုးယွန်းကြီး၊ အင်းတော်ကြီး၊ နတ်မတောင် (ချင်းပြည်နယ်)တို့ကဲ့သို့ သဘာဝတောတောင်အလှအပရှုခင်းများလည်း ရှိပါသည်။

ဤစာရေးသူအနေဖြင့် ၂၀၀၃ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံ စူလာဝီစီမြို့၌ ကမ္ဘာ့နိုင်ငံအသီးသီးရှိ ယဉ်ကျေးမှုအမွေအနှစ်ဒေသများနှင့် သဘာဝအလှအပရှိရာဒေသများကို စာရင်းပေးခဲ့သည်။

ထိုစဉ်က ပုဂံနှင့်ပတ်သက်၍ ဆလိုက်ရိုးပြရာ တက်ရောက်လာသော နိုင်ငံတော်တော်များများမှ ကိုယ်စားလှယ်များက ပုဂံ၏မြင်ကွင်း၊ ရှေးဟောင်းအဆောက်အအုံများနှင့် အနုပညာလက်ရာများကို အလွန်သဘောကျကြပါသည်။ ကမ္ဘာ့အမွေအနှစ် ဖြစ်ထိုက်ကြောင်း ချီးမွမ်းကြပါသည်။

ထိုနှစ်တွင် ပျူသုံးမြို့ကို စာရင်းဝင်မဖြစ်သေးပါ။ အခြားနိုင်ငံအသီးသီးက ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဒေသများကို ဖတ်ကြားကြသောအခါ မြန်မာနိုင်ငံအနေဖြင့် ထိုစဉ်က ကမ္ဘာ့အမွေအနှစ်စာရင်း မတင်ပြနိုင်ခဲ့ပါ။

သို့ရာတွင် စာရေးသူအနေဖြင့် မြန်မာနိုင်ငံရှိ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်သင့်ဝင်ထိုက်သည့်နေရာ ရှစ်ခုကို တင်ပြခဲ့ပါသည်။

(၁) ပုဂံ၊ (၂) အင်းဝ၊ (၃) မြောက်ဦး၊ (၄)မန္တလေး၊ (၅) သရေခေတ္တရာ၊ (၆)ဗိဿနိုး၊ (၇)ဟန်လင်း၊ (၈) ပုပ္ပားတောင် တို့ဖြစ်သည်။

ပုဂံသည် Criteria ခေါ်စံခြောက်ခုနှင့်ပြည့်စုံသော ရှေးဟောင်းယဉ်ကျေးမှုများ ရှိနေခြင်းက ကမ္ဘာ့အမွေအနှစ်ဖြစ်သင့်ဖြစ်ထိုက်သော ဒေသဖြစ်ကြောင်း တင်ပြအပ်ပါကြောင်း၊ ပုဂံသည် မြန်မာတစ်မျိုးသားလုံး၏ အသည်းနှလုံးလည်းဖြစ်ပါကြောင်း၊ တာဝန်ရှိသူများကလည်း Nomination Dossier များ အချက်အလက်များတင်သွင်းရန် ရေးသားပြုစုလျက်ရှိပါကြောင်း တင်ပြလိုက်ရပေသည်။



# ကုန်းမဟတ်ချောင်းကူး အာစီတံတားသစ် စတင်ဆောက်လုပ်

**ဗန်းမော် ဖေဖော်ဝါရီ ၂၂**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ဗန်းမော်မြို့နယ်တွင် (၇၅ × ၁၄ × ၁၅) ပေရှိ ကုန်းမဟတ်ချောင်းကူး အာစီတံတား စတင်ဆောက်လုပ်လျက်ရှိသောကြောင့် ဒေသခံများ လမ်းပန်းဆက်သွယ်ရေး ယခင်ကထက်ပိုမို အဆင်ပြေတော့မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ တံတားတည်ဆောက်မှုကို ခရိုင် အုပ်ချုပ်ရေးမှူး ဦးစိန်မြင့်၊ နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်မှူး ဦးစိုးနိုင်နှင့် တာဝန်ယူတည်ဆောက်မည့် ကုမ္ပဏီတာဝန်ရှိသူ ဦးဇော်ဝင်းအောင်တို့က ဖေဖော်ဝါရီ ၁၆ ရက်က ပန္နက်ရိုက်ပြီး တည်ဆောက်ရေးလုပ်ငန်းများ စတင်ခဲ့ကြောင်း သိရသည်။

အဆိုပါတံတားနှင့် ပေ ၁၀၀၀ ခန့်ကွာဝေးသောနေရာအနီးတွင် ( ၆၀ × ၁၈× ၁၂ ) ပေရှိ အာစီတံတား တစ်စင်းကိုလည်း ဘတ်ဂျက်ငွေကျပ် သန်း ၁၀၀ ကျော်ဖြင့် ဆောက်လုပ်လျက်ရှိရာ အဆိုပါ တံတားကို ဂျပန်နိုင်ငံအကူအညီဖြင့် ဆောက်လုပ်ခြင်းဖြစ်ကြောင်း သိရသည်။

"ဒီတံတားကို ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ် နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၈၉ ဒသမ ၅၁၅ သန်းနဲ့ ကျွန်တော်တို့ တာဝန်ယူတည်ဆောက်တာပါ။ ခွင့်ပြုပေးတဲ့ ဘတ်ဂျက်က နည်းနေတယ်။ တံတား အရည်အသွေးကောင်းမွန်ဖို့အတွက် အမြတ်အစွန်းကိုမကြည့်ဘဲ ခွင့်ပြုပေးထားတဲ့ ဘတ်ဂျက်ငွေ အပြည့်အဝသုံးပြီး ဆောက်လုပ်သွားမှာပါ။ ဖြစ်နိုင်ရင်တော့ သက်ဆိုင်ရာဌာနဆိုင်ရာများက ပူးပေါင်း ကူညီ ဆောင်ရွက်ပေးလိုအပ်မှာဖြစ်ပါ တယ်" ဟု တာဝန်ယူ ဆောက်လုပ်မည့် အောင်မြင်အေးချမ်းသာ ဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ရှိသူ ဦးဇော်ဝင်းအောင်က ပြောသည်။

ဗန်းမော်၊ စာဝတီး၊ ကောင်းတုံ လမ်းကြောင်းရှိ လမ်းတံတားများကို နယ်စပ်ရေးရာဝန်ကြီးဌာနမှ အဆင့်မြှင့်တင်နိုင်ရေး စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါလမ်းတွင် တံတားများ ဖောက်လုပ်ပြီးစီးပါက ဗန်းမော်မှ မန္တလေးသို့ သွားလာရာတွင် ၁၈ မိုင်ခန့်ခရီးလမ်း တိုတောင်းသွားမည့်အပြင် မံစီတောင်ကြောအား ရှောင်ကွင်းခြင်းဖြစ်၍ ယင်းဒေသကျေးရွာများမှ တိုင်းရင်းသားများ သွားလမ်းသာ၍ လာလမ်းဖြောင့်ဖြူးတော့မည် ဖြစ်ကြောင်း သိရသည်။ **မောင်မွေး**

# မန္တလေးမြို့ ဇီဝိတဒါန သံဃာ့အထူးကုဆေးရုံကြီးသို့ အလှူငွေပေးအပ်

**မန္တလေး ဖေဖော်ဝါရီ ၂၂**

မန္တလေး အောင်မြေသာစံမြို့နယ် ၆၂ လမ်း နန်းရှေ့ရှိ ဇီဝိတဒါန သံဃာ့အထူးကုဆေးရုံကြီးသို့ အလှူငွေပေးအပ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၀ ရက်က အဆိုပါဆေးရုံကြီး၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် တက်ရောက်အားပေးချီးမြှင့်ခဲ့သည်။

အဆိုပါ အလှူငွေပေးအပ်လှူဒါန်းပွဲသို့ တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဒေါက်တာစိုးသန်း၊ လျှပ်စစ်၊ စွမ်းအင်နှင့်ဆောက်လုပ်ရေးဝန်ကြီး ဦးဇာနည်အောင်နှင့် တာဝန်ရှိသူများ၊ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ သုဓမ္မဇောတိကဓဇ ဦးခင်မောင်လှနှင့် အဖွဲ့ဝင်များ၊ အလှူရှင်မိသားစုနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ ရှေးဦးစွာ မိသားစုတို့က အလှူငွေကျပ်သိန်း ၅၀၀ လှူဒါန်းရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

**မန္တလေးတိုင်းဒေသကြီး တိုင်းရဲတပ်ဖွဲ့မှူး၏အစီအစဉ်ဖြင့် ဖေဖော်ဝါရီလ တတိယပတ်က ရမည်းသင်းမြို့နယ် သီလဝခန်းမသို့ မှုခင်းအသိပညာပေးယာဉ်ရောက်ရှိရာ ဆရာ၊ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများ ကြည့်ရှုလေ့လာစဉ်**

အတ်ကလေး(ရမည်းသင်း)



# ကော့သောင်းမြို့၌ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ စကားဝိုင်းဆွေးနွေးပွဲပြုလုပ်

**ကော့သောင်း ဖေဖော်ဝါရီ ၂၂**

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးအဖွဲ့မှ ကြီးမှူးကျင်းပသည့် လူကုန်ကူးမှုနှင့် အမျိုးသမီးများအား အကြမ်းဖက်မှုမှ တားဆီးကာကွယ်ရေးဆိုင်ရာ စကားဝိုင်းဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၀ ရက်က ကော့သောင်းမြို့ ရွှေပြည်စိုးကျေးရွာ၌ ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲသို့ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၏ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ဒေါ်ဝင်းဝင်းမော်၊ တနင်္သာရီတိုင်းဒေသကြီး၊ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နီလာအေး၊ ကော့သောင်းခရိုင်၊ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စံထားဖြူနှင့် ကော့သောင်းမြို့နယ် ရပ်ကွက်နှင့်ကျေးရွာများမှ အမျိုးသမီးရေးရာအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ဒေါ်ဝင်းဝင်းမော်က ကမ္ဘာနှင့်အဝန်း ရင်ဆိုင်ကြုံတွေ့နေရသည့် လူကုန်ကူးမှုနှင့် လူမှောင်ခိုမှုဖြစ်စဉ်နှင့် သက်ဆိုင်သည်များ၊ မြန်မာနိုင်ငံရှိ အမျိုးသမီးထုနှင့် ကလေးသူငယ်ထုအတွင်း ကြုံတွေ့ခံစားနေရသည့် လူကုန်ကူးမှု၊ လူမှောင်ခိုမှု၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု၊ လုပ်အားခေါင်းပုံဖြတ်မှုနှင့် စပ်လျဉ်းသည်များ၊ အမျိုးသမီးများ၏ အခွင့်အရေးနှင့် ရပိုင်ခွင့်ဆိုင်ရာ သိကောင်းစရာများ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ အမျိုးသမီးထုအပေါ် အဆိုပါဖြစ်စဉ်များမှ တားဆီးကာကာကွယ်မှုနှင့် ပြန်လည်ပြုစုပျိုးထောင်မှုလုပ်ငန်းများကို ဆွေးနွေးပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌက မြန်မာ-ထိုင်းနယ်စပ်မြို့ဖြစ်သည့် ကော့သောင်းမြို့ရှိ အမျိုးသမီးများ လူကုန်ကူးမှုနှင့် လူမှောင်ခိုမှုဘေးအန္တရာယ်မှ ကင်းဝေးစေရေး သိသင့်သိထိုက်သည်များကို ရှင်းလင်းဆွေးနွေးရာ တက်ရောက်လာသည့် ခရိုင်နှင့် မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများမှ အမျိုးသမီးရေးရာအဖွဲ့ဝင်များက သိလိုသည်များ အပြန်အလှန် မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**



# မလှိုင်၌ တိုင်ထောင်ခရမ်းချဉ်သီးစိုက်ပျိုးသည့်တောင်သူများ ဈေးကောင်းရသဖြင့်အဆင်ပြေ

**မလှိုင် ဖေဖော်ဝါရီ ၂၂**

မလှိုင်မြို့နယ်သည် မြို့ပေါ်လေးရပ်ကွက်၊ ကျေးရွာအုပ်စု ၅၂ အုပ်စု၊ ကျေးရွာပေါင်း ၂၄၇ ရွာလူဦးရေ နှစ်သိန်းဝန်းကျင်ခန့်ရှိရာ ကျေးလက်များတွင် အများစုသည် စိုက်ပျိုးသီးနှံများစိုက်ပျိုးကြပြီး တစ်ပိုင်တစ်နိုင်မွေးမြူရေးကိုပါ တွဲဖက်လုပ်ကိုင်ကြသဖြင့် အဆင်ပြေကြောင်း သိရသည်။ ကျေးလက်နေတောင်သူများစိုက်ပျိုးကြသည့်သီးနှံများအနက် ယခုလတွင် တိုင်ထောင် (ထိုင်ဝမ်) ခရမ်းချဉ်သီးများ ထွက်ရှိသည့်လတွင် ယခင်နှစ်များထက် ဈေးကောင်းရသဖြင့် အဆင်ပြေကြောင်း သိရသည်။

“ဒီဒေသက မိုးခေါင်ရပ်ဝန်းဒေသဖြစ်တာကြောင့် အခြားသီးနှံတွေထက် အခုလို ရာသီပေါ်သီးနှံတွေကိုသာ စိုက်ပျိုးကြသူများတာပါ။ တိုင်ထောင်ခရမ်းချဉ်သီးကို နယုန်လပြည့်က စတင်စိုက်ပျိုးပြီး တော်သလင်းလပြည့်ကျော်မှာ ရောင်းတန်းဝင်အသီးရပါတယ်။ အရင်နှစ်ကဆိုရင် ရန်ကုန်စတဲ့ မြို့ကြီးတွေရဲ့ ဈေးကွက်မှာ တစ်ပိဿာကို ငွေကျပ် ၁၅၀ သာ ရှိပေမယ့် အခုနှစ်မှာ ၂၅၀ အထိ ရရှိပါတယ်။ မလှိုင်မြို့နယ်မှာ တိုင်ထောင် (ထိုင်ဝမ်) ခရမ်းချဉ်စိုက်ပျိုးတောင်သူတစ်ဦးကို တစ်ကေမှ ခြောက်ကေအထိ စိုက်ပျိုးကြပါတယ်။ တစ်ကေစိုက်ပျိုးရင် အလုပ်သမားသုံးဦးလုပ်ကိုင်ကြရတာဖြစ်ပြီး အလုပ်သမားတစ်ဦးကို ယခုနှစ်ထမင်းကျွေးငွေကျပ် ၃၀၀၀ ပေးရပါတယ်။ ထိုင်ဝမ်ခရမ်းချဉ်သီးအပြင် ဗမာခရမ်းချဉ်သီးကိုလည်း စိုက်ပျိုးကြပါတယ်။ ဗမာခရမ်းချဉ်သီးရဲ့ ယခုလဈေးကွက်မှာ တစ်ပိဿာကို ငွေကျပ် ၅၀၀ ရှိပါတယ်။ ရန်ကုန်စတဲ့ မြို့ကြီးတွေကို တင်ပို့ရောင်းချရသလို ခရမ်းချဉ်အခင်းအထိ ပွဲစားတွေကပါ လာရောက်ဝယ်ယူကြပါတယ်”ဟု ခရမ်းချဉ်သီးစိုက်ပျိုးသော တောင်သူတစ်ဦးက ပြောသည်။ ထို့ကြောင့် ယခုနှစ်တွင် တိုင်ထောင်(ထိုင်ဝမ်) ခရမ်းချဉ်သီးများ ဈေးကောင်းရသဖြင့် ခရမ်းချဉ်သီးစိုက်တောင်သူများ အဆင်ပြေကြကြောင်း သိရသည်။

**ကျော်ကျော်(မလှိုင်)**

# လမ်းခင်းခြင်းနှင့် စက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်

**ပုလဲ ဖေဖော်ဝါရီ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ်အတွင်းရှိ သပြေရေ-ပေါက်သဖ ကျေးရွာချင်းဆက် မြေသားလမ်းအရှည် လေးမိုင်အကျယ် ၁၂ ပေ၊ ၉ လက်မ ကျောက်ချောလမ်း အဆင့်မြှင့်တင်ခင်းခြင်းလုပ်ငန်းကို ၂၀၁၆- ၂၀၁၇ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေကျပ် ၂၀၆ သန်းဖြင့် ဆောင်ရွက်လျက်ရှိသည်။

ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်ထက်နှင့်အဖွဲ့သည် ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးသန့်စင်စိုးနှင့် တာဝန်ရှိသူတို့က လမ်းခင်းကျင်း မှုနှင့် စက်ရေတွင်း တူးဖော်ပြီးစီးမှု အခြေအနေများကို ဖေဖော်ဝါရီ ၁၈ ရက်က ကြည့်ရှုစစ်ဆေးခဲ့ပြီး ရေစင်နှင့် ရေစက်ရုံဆောက်ခြင်းလုပ်ငန်း ကျန်ရှိနေသည့်အတွက် ဘဏ္ဍာနှစ်မကုန်မီ လုပ်ငန်းအရည်အသွေးပြည့်မီစွာဖြင့် စေတနာထားဆောင်ရွက်ပေးစေလိုကြောင်း လုပ်ငန်းဆောင်ရွက်ခွင့်ရ ကုမ္ပဏီမှတာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ရမည်းသင်းမြို့တွင် စက်မှုလယ်ယာဦးစီးဌာနမှ ကောက်စိုက်စက်ဖြင့် သရုပ်ပြစိုက်ပျိုး

**မန္တလေး ဖေဖော်ဝါရီ ၂၂**

မန္တလေးတိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာနမှ ကောက်စိုက်စက်ဖြင့် သရုပ်ပြစိုက်ပျိုးခြင်းကို ဖေဖော်ဝါရီ ၂၁ ရက်က ဆည်ကြီးကွင်း ကွင်းအမှတ် (၁၁၆၂) တောင်သူဦးသံချောင်း၏ လယ်ယာမြေ၌ ကျင်းပခဲ့သည်။

အဆိုပါ ကောက်စိုက်စက်ဖြင့် သရုပ်ပြစိုက်ပျိုးခြင်းသို့ ရမည်းသင်းခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်စိုးနှင့် ဌာနဆိုင်ရာများ၊ ဒေသခံတောင်သူများ တက်ရောက်ကြသည်။

ထို့နောက် ခရိုင်စက်မှုလယ်ယာဦးစီးဌာန ဦးစီးမှူး ဦးအောင်ကျော်သန်းက ပျိုးထောင်စနစ်၊ စိုက်ပျိုးစနစ်၊ စက်အသုံးပြုပုံနည်းစနစ်များကို ရှင်းလင်းပြသခဲ့သည်။



ထို့နောက် စက်မှုလယ်ယာဦးစီးဌာနမှ ထွန်စက်များဖြင့် ထွန်ယက်ခြင်း၊ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်း၊ ရိတ်သိမ်းခြွေလှေ့စက်ဖြင့် ခြွေလှေ့ခြင်း အစရှိသော လုပ်ငန်းများကို စိုက်ပျိုးတောင်သူများ အဆင်ပြေချောမွေ့စေရန် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**အတ်ကလေး(ရမည်းသင်း)**

# တိုက်ပွဲရှောင်ပြည်သူများအား ပစ္စည်းများထောက်ပံ့ပေးအပ်

**ဖေဖော်ဝါရီ ၂၂**

ကချင်ပြည်နယ် လူမှုရေးဝန်ကြီးဒေါက်တာသင်းလွင်၊ ပြည်နယ်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ ပြည်သူ့ဆေးရုံကုသရေးဌာနမှ ဒုတိယဆေးရုံအုပ်ကြီး ဒေါက်တာအောင်နိုင်ဝင်း၊ UNICEF အဖွဲ့မှတာဝန်ခံ ဒေါက်တာ ထက်အောင်၊ UNOCHA အဖွဲ့မှ ညှိနှိုင်းရေးအရာရှိ ဦးကျော်ဝင်းနိုင်၊ ပြည်နယ်ကြက်ခြေနီကြီးကြပ်မှုကော်မတီအတွင်းရေးမှူး ဦးစီးမှူး ပထမတန်း ဦးဒေါင်ဟောင်းတို့သည် ဖေဖော်ဝါရီ ၂၀ ရက် မွန်းလွဲပိုင်းက ဗန်းမော်မြို့ အေဒီ ၂၀၀၀ ကယ်ဆယ်ရေးစခန်း၌ ပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့သော ငွေနှင့် ဆန်၊ ပစ္စည်းများအား စစ်ဘေးရှောင်ပြည်သူများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပြည်နယ်လူမှုရေးဝန်ကြီးက အမှာစကားပြောကြားပြီး အေဒီ၂၀၀၀ နှင့် ရောဘတ် ကယ်ဆယ်ရေးစခန်းတို့အား အရင်းမပျောက်မတည်ထောက်ပံ့ငွေကျပ် ၇၅ သိန်းစီနှင့် ဖန်းခါးကုန်း ကယ်ဆယ်ရေးစခန်းအား ငွေကျပ်သိန်း ၅၀၊ အေဒီ ၂၀၀၀ စခန်း၊ တံခွန်တိုင်စခန်း၊ ရိုးကြီးစခန်း၊ နန့်လိုင်စခန်း၊ ဖန်းခါးကုန်းကယ်ဆယ်ရေးစခန်များကို ဆန်အိတ် အလုံး ၂၀၊ မန်စီမြို့နယ် မိုင်းခေါင်ကျေးရွာ KBC နှင့် RC ကယ်ဆယ်ရေးစခန်းတို့အား ၃၂ မျိုးပါ Family Kit ၄၂ လုံး၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ထောက်ပံ့သည့် ပစ္စည်းလေးမျိုးပါ ၄၂ စုံတို့အား ပေးအပ်ခဲ့ကြရာ စခန်းတာဝန်ရှိသူများက လက်ခံယူခဲ့ကြကြောင်း သိရသည်။

**ဆီမီးခုံ-နန်းရီ**

# သန်လျင်ဆေးရုံကြီးသို့ ဆေးရုံသုံးပစ္စည်းများ ပေးအပ်လှူဒါန်း

**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ရှိ ခုတင် ၂၀၀ ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးသို့ ဆေးရုံသုံးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၂၁ ရက်က သန်လျင်မြို့ရှိ ရန်ကုန်တောင်ပိုင်းခရိုင် ဖွံ့ဖြိုးရေးဇုန် ရတနာရှင်းသန့် အများပိုင်လီမိတက်၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင် ဦးတင်ဝင်းက လှူဒါန်းမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် အလှူရှင် ဦးစိန်လွင်-ဒေါ်ဖြူဖြူခိုင် မိသားစုမှ ငွေကျပ် ၂၆၇ သိန်းကျော် တန်ဖိုးရှိ ခုတင် ၁၂၀ အပါအဝင် ဆေးရုံသုံးပစ္စည်းများကို ဆေးရုံအုပ်ကြီး ဒေါက်တာချိုချိုလွင်ထံ ပေးအပ်လှူဒါန်းသည်။

သန်လျင်ခုတင် ၂၀၀ ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးသည် တောင်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်များမှ ပြည်သူများ အားထားရာ ဆေးရုံကြီးဖြစ်သည့်အတွက် မကြာမီ ရန်ကုန်ပြည်သူ့ဆေးရုံကြီးကဲ့သို့ အပြည့်အဝဝန်ဆောင်မှုပေးရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**



# အောင်ပွဲခံတေးဟစ်ကြွေးမယ့် ဆီဗီလာ၊ အဝေးကွင်းမှာ ခြေစွမ်းပြမယ့် ဗလင်စီယာတို့ရဲ့ လာလီဂါပွဲစဉ်(၂၄)



ဒီတစ်ပတ် စနေ၊ တနင်္ဂနွေဖြစ်တဲ့ ဖေဖော်ဝါရီ ၂၅ ရက်နဲ့ ၂၆ ရက်တွေမှာတော့ စပိန်မြေက လာလီဂါပွဲစဉ် (၂၄)ကို ကစားဖို့ရှိနေပါတယ်။ ယူရိုပါလိဂ်၊ ချန်ပီယံလိဂ်တွေနဲ့ ပွဲဆက်များနေတဲ့ ထိပ်တန်းအသင်းတွေကတော့ ဒီတစ်ပတ်မှာလည်း နိုင်ပွဲတွေ ဆက်တိုက်ရရှိရေး ကြိုးစားကြဦးမှာဖြစ်ပါတယ်။ တစ်ဦးချင်းရော၊ အသင်းလိုက်ပါ စွမ်းရည်ကောင်း ပိုင်ဆိုင်ထားတဲ့အသင်းတွေဟာ ဒီပွဲစဉ်မှာ အပြိုင်အဆိုင်နဲ့ ဆင်နွှဲကြရင်း အောင်ပွဲတွေကို ရယူခံစားနိုင်ရေး ကြိုးစားကြဦးမှာဖြစ်ပါတယ်။

**ဘက်တစ်နှင့် ဆီဗီလာ**

အိမ်ကွင်းမှာ သရေပွဲတွေများနေတဲ့ ဘက်တစ်တို့ကတော့ တိုက်စစ်ရော၊ ခံစစ်ပါအားရစရာတော့ မရှိပါဘူး။ ဘက်တစ်ရဲ့ အားသာချက်က ခံစစ်ပိုင်းဖြစ်ပြီး ပြိုင်ဘက်တိုက်စစ်မှူးတွေကို ကောင်းကောင်းဟန့်တားနိုင်ပါတယ်။ ဆီဗီလာတို့က ဒီနှစ်လာလီဂါမှာ အိမ်ကွင်း၊ အဝေးကွင်းတွေမှာ အမှတ်မဆုံးရှုံးအောင် အားထုတ်နိုင်နေပါတယ်။ ဆီဗီလာရဲ့ အားနည်းချက်က အဝေးကွင်းမှာ တိုက်စစ်အား ကျဆင်းတတ်သလို ခံစစ်မှူးတွေကလည်း အမှားလုပ်တတ်တာမို့ သတိပြုရမှာပါ။ ဒီနှစ်သင်းရဲ့နောက်ဆုံးတွေ့ဆုံခဲ့တဲ့ သုံးပွဲရလဒ်ကိုကြည့်ရင် ဆီဗီလာတို့ကချည်းနိုင်ပွဲတွေ ရယူခဲ့တာမို့ အခုပွဲမှာလည်း အဝေးကွင်းဆိုပေမယ့် ဆီဗီလာတို့ အောင်ပွဲခံပါလိမ့်မယ်။

**လက်စ်ပယ်မက်စ်နှင့် ဆိုစီဒက်**

ဆိုစီဒက်တို့က အဝေးကွင်းမှာဆိုရင် စွမ်းရည်အပြည့်ကစားသမားတွေ ရွေးထုတ်ပြီး ယှဉ်ပြိုင်တတ်တာမို့ လက်စ်ပယ်မက်စ်တို့ သတိပြုရပါလိမ့်မယ်။ ဆိုစီဒက်တို့က အဝေးကွင်းမှာ တိုက်စစ်မှူးတွေ ဂိုးပေါက်ပျောက်နေတတ်တာမို့ အလေးထားကစားမှ ရပါလိမ့်မယ်။ ဒီနှစ်သင်းရဲ့ နောက်ဆုံးတွေ့ဆုံခဲ့တဲ့ သုံးပွဲရလဒ်ကိုကြည့်ရင်တော့ တစ်ပွဲစီနိုင်ပြီး သရေတစ်ပွဲဖြစ်ထားပါတယ်။ ရှုံးပွဲဆက်နေတဲ့ လက်စ်ပယ်မက်စ်တို့အတွက် အခုပွဲမှာလည်း ရလဒ်မကောင်းနိုင်ပါဘူး။

**လီဂါနက်စ်နှင့် ဒီပိုတီဗို**

တန်းဆင်းဇုန်နားရစ်ဝဲနေတဲ့အသင်းတွေဖြစ်တာမို့ အနိုင်ရလဒ်ကို အပြင်းအထန် ရှာဖွေပါလိမ့်မယ်။ ဒီပိုတီဗိုရဲ့ အားနည်းချက်က ဒီနှစ်လာလီဂါအဝေးကွင်းမှာ နိုင်ပွဲမရသေးတာမို့ သိပ်အရေးကြီးတဲ့ပွဲပါပဲ။ လောလောဆယ်မှာတော့ နှစ်သင်းစလုံးရှုံးပွဲတွေ ကြုံတွေ့ထားပါတယ်။ ဒီနှစ်သင်းရဲ့ နောက်ဆုံးတွေ့ဆုံခဲ့တဲ့ပွဲမှာ လီဂါနက်စ်တို့က နှစ်ဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရခဲ့တာမို့ အခုပွဲမှာလည်း လီဂါနက်စ်တို့ပဲ အောင်ပွဲခံတေးကို ဟစ်ကြွေးပါလိမ့်မယ်။

**အီဘာနှင့် မာလာဂါ**

အိမ်ကွင်းမှာ ခြေစွမ်းမာကျောတဲ့ အီဘာတို့အတွက်ကတော့ ဒီပွဲဟာ အခွင့်အရေးကောင်းတစ်ရပ်အဖြစ် အသုံးချနိုင်မလားကြည့်ရမှာဖြစ်ပါတယ်။ အသင်းလိုက် ကစားအားကောင်းတဲ့ အီဘာတို့က အိမ်ကွင်းမှာ ရှုံးပွဲနည်းအောင် အားထုတ်နိုင်တာမို့ အခုပွဲမှာ မာလာဂါတို့ သိပ်တော့ မလွယ်ပါဘူး။ မာလာဂါတို့က ဒီနှစ် လာလီဂါမှာ အဝေးကွင်းတစ်ပွဲမှ မနိုင်သေးတာမို့ ဒီပွဲမှာလည်း ဈေးဦးပေါက်ဖို့မလွယ်ပါဘူး။ အီဘာတို့ပဲ နိုင်ပွဲရသွားပါလိမ့်မယ်။

**အလာဗက်စ်နှင့် ဗလင်စီယာ**

အခုလောလောဆယ်မှာ ခြေစွမ်းကျဆင်းနေတဲ့ ဗလင်စီယာတို့က တိုက်စစ်အားမကောင်းသလို ခံစစ်ပိုင်းကလည်း အားနည်းမှုရှိနေပါတယ်။ အထူးသဖြင့် ခံစစ်ပိုင်း ယိုယွင်းမှုကို ဗလင်စီယာတို့ မပြုပြင်နိုင်ရင် မျှော်လင့်ချက်တွေ ပျက်ပြယ်သွားပါလိမ့်မယ်။ အခုတလော ခြေစွမ်းကောင်းပြသနေတဲ့ အလာဗက်စ်တို့က ပွဲတိုင်းအမှတ်ပြည့်ရယူနိုင်နေပါတယ်။ ဒီနှစ်သင်းရဲ့နောက်ဆုံးသုံးပွဲ ကစားခဲ့တဲ့ ခြေစွမ်းကိုကြည့်ရင်တော့ အလာဗက်စ်တို့ တစ်ပွဲမှ မနိုင်ခဲ့ပါဘူး။ အခုပွဲမှာလည်း ဗလင်စီယာတို့က ခြေကုန်ထုတ်ပြီး ကစားမှာမို့ သရေပွဲလည်း ဖြစ်သွားနိုင်သလို အနိုင်ဆိုရင်လည်း ဗလင်စီယာတို့ပဲ ဖြစ်သွားနိုင်ပါတယ်။ ။

**❑ မိုးမြင့်လင်းလက် ❑**

## အာဆင်နယ်အတွက် ဂိုး ၁၀၀ မြောက် သွင်းယူပေးခဲ့တဲ့ ဝေါလ်ကော့



အာဆင်နယ်အသင်းရဲ့အဓိက တိုက်စစ်မှူးဖြစ်တဲ့ သီယိုဝေါလ်ကော့ဟာ အက်ဖ်အေဖလား ပဉ္စမဆင့်ပြိုင်ပွဲမှာ ဆွပ်တန်အသင်းကို နှစ်ဂိုးပြတ် အနိုင်ရတဲ့ပွဲမှာ ဂိုးပေါင်း ၁၀၀ မြောက်အဖြစ် သွင်းယူပေးခဲ့ပါတယ်။ အာဆင်နယ်အသင်းဟာ ဒီပွဲအနိုင်ရလိုက်တဲ့အတွက် အက်ဖ်အေဖလား ကွာတားဖိုင်နယ်မှာ လိဂ်မဟုတ်တဲ့ လင်ကွန်းစီးတီးအသင်းနဲ့ တွေ့ရမှာဖြစ်ပါတယ်။ ဒီ့အတွက် အာဆင်နယ်အသင်းဟာ အက်ဖ်အေဖလား မျှော်လင့်ချက် အတော်လေး ကောင်းမွန်တဲ့ အနေအထားဖြစ်ပါတယ်။

တိုက်စစ်မှူး ဝေါလ်ကော့ဟာ အာဆင်နယ်အသင်းမှာ အဓိကဂိုးသွင်းနေတဲ့ တိုက်စစ်မှူးဖြစ်ပါတယ်။ အာဆင်နယ်ကစားသမား သက်တမ်းတစ်လျှောက် ဂိုးပေါင်း ၁၀၀ မြောက်အဖြစ် သွင်းယူနိုင်ပြီဖြစ်ပါတယ်။ အက်ဖ်အေဖလား ကွာတားဖိုင်နယ်ပွဲများအဖြစ် ချယ်လ်ဆီးနဲ့မန်ယူ၊ စပါးနဲ့ မီဝေါလ်၊ အာဆင်နယ်နှင့် လင်ကွန်းစီးတီးတို့တွေ့မှာ ဖြစ်ပါတယ်။ မစ်ဒယ်ဘရော့ကတော့ မန်စီးတီး သို့မဟုတ် ဟက်ဒါဖီးအသင်းနဲ့ ကစားရမှာဖြစ်ပါတယ်။ အက်ဖ်အေဖလား ကွာတားဖိုင်နယ်ပွဲစဉ်တွေကို လာမယ့် မတ် ၁၀ ရက်မှ ၁၃ ရက်အတွင်းမှာ ကစားရဖို့ ရှိပါတယ်။

## အကောင်းဆုံး တောင်ပံတိုက်စစ်မှူး ဖြစ်လာမယ်ဆိုတဲ့ စတာလင်း

ရာဟင်း စတာလင်းဟာ နည်းပြ ဂွာဒီယိုလာလက်ထက်မှာ ကမ္ဘာ့အကောင်းဆုံး တောင်ပံတိုက်စစ်မှူးဖြစ်လာလိမ့်မယ်လို့ ယာယာတိုရေးက ပြောဆိုလိုက်ပါတယ်။ အင်္ဂလန်တောင်ပံတိုက်စစ်မှူး စတာလင်းဟာ မန်စီးတီးအသင်းကို ၂၀၁၅ ခုနှစ် က ပေါင် ၄၄ သန်းနဲ့ ပြောင်းရွှေ့လာခဲ့တာဖြစ်ပါတယ်။

ဂွာဒီယိုလာ လက်ထက်မှာ အကောင်းဆုံး ခြေစွမ်းပြကစားလာသူလည်း ဖြစ်ပါတယ်။ အသက် ၂၂ နှစ်အရွယ်ရှိတဲ့ စတာလင်းဟာ မကြာသေးမီက လီယိုရီဆာနီနဲ့ ဂါဘရီရယ်ဂျီးဆက်တို့နဲ့အတူ အတွဲညီတဲ့ တိုက်စစ်အဖြစ် တွေ့မြင်လာရပါတယ်။ သို့ပေမယ့် ဂွာဒီယိုလာရဲ့ မန်စီးတီးအသင်းဟာ ပရီမီယာလိဂ်မှာ ဦးဆောင်နေတဲ့ ချယ်လ်ဆီးနောက်မှ ရှစ်မှတ်ခွာပြီး လိုက်နေရပါတယ်။ မန်စီးတီးအသင်းအနေနဲ့ ဒီနှစ်ထဲမှာ ဆုဖလားတစ်လုံးတော့ ရလိမ့်မယ်လို့ ယာယာတိုရေးက ဆိုပါတယ်။ တိုရေးဟာ မန်စီးတီးရဲ့ အဓိကအားထားရတဲ့ ကွင်းလယ်ကစားသမားတစ်ဦးလည်း ဖြစ်ပါတယ်။

**ကောင်းမြတ်သူ စုစည်းသည်။**

## ချန်ပီယံရှစ်မှာ ထိပ်ဆုံးနေရာ တက်လာတဲ့ နယူးကာဆယ်



နယူးကာဆယ်အသင်းဟာ အက်စ်တွန်ဗီလာအသင်းကို နှစ်ဂိုးပြတ်နဲ့ အနိုင်ရပြီးနောက် ထိပ်ဆုံးနေရာကို တက်လာခဲ့ပါတယ်။ ဒီပွဲမှာ နယူးကာဆယ်အသင်းရဲ့ ထိပ်တန်း ဂိုးသွင်းသူအဖြစ် ဒွိုက်ဂေလီက ဂိုးသွင်းယူပေးသွားခဲ့တာပါ။ သူဟာ ဒီနှစ်ရာသီမှာ ဂိုး ၂၀ အထိ သွင်းယူသူဖြစ်လာခဲ့ပါတယ်။ နယူးကာဆယ်အသင်းကို လက်ရှိနည်းပြအဖြစ် ဘင်နီတက်ဇ်က ကိုင်တွယ်နေတာဖြစ်ပါတယ်။ ဘင်နီတက်ဇ်ဟာ လီဗာပူးအသင်းနဲ့အတူ ချန်ပီယံလိဂ်ဖလားရတဲ့အထိ အောင်မြင်ခဲ့တဲ့ နည်းပြတစ်ဦးဖြစ်ပါတယ်။ ချန်ပီယံရှစ်မှာ ပွဲပေါင်း ၃၂ ပွဲ ကစားပြီးတဲ့အထိ နယူးကာဆယ်အသင်းဟာ ၆၉ မှတ်နဲ့ ထိပ်ဆုံးမှ ဦးဆောင်နေပါတယ်။ ဘရိုက်တန်အသင်းကတော့ ၆၈ မှတ်နဲ့ ဒုတိယနေရာလိုက်နေပါတယ်။ ဟက်ဒါဖီးကတော့ ၆၁ မှတ်နဲ့ တတိယနေရာမှာ ရောက်နေပါတယ်။ ရက်ဒင်း၊ နော့ဝှစ်ချ်၊ ဖူလ်ဟမ်အသင်းတွေ အပါအဝင် လာမယ့်ရာသီမှာတော့ တန်းတက်လာဖို့ ရှိနေတဲ့အသင်းတွေဖြစ်ပါတယ်။ ဘင်နီတက်ဇ်ရဲ့ ကြိုးပမ်းမှုနဲ့အတူ နယူးကာဆယ်ကတော့ ပရီမီယာလိဂ်ကို တန်းတက်လာဖွယ်ရှိနေပါတယ်။

# လယ်ယာမြေများအား စက်မှုလယ်ယာစနစ်ကူးပြောင်းနိုင်ရေး မြေယာများပြုပြင်

**မြစ်သား ဖေဖော်ဝါရီ ၂၂**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် လွန်ကျော်ကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမဦးစီးဌာနကကြီးမှူး၍ လွန်ကျော် စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းပိုင် လယ်ယာမြေများအား စက်မှုလယ်ယာစနစ် ကူးပြောင်းနိုင်ရေး မြေယာများ ပြုပြင်ဆောင်ရွက်ခြင်း အခမ်းအနားကို ဖေဖော်ဝါရီ၂၁ရက်က ကျင်းပသည်။



အခမ်းအနားတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်သင်းမြမြသင်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးနိုင်တို့က အမှာစကားပြောကြားကြပြီး မြို့နယ်သမဝါယမဦးစီးဌာနဦးစီးအရာရှိနှင့် မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှူးတို့က လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းကာ လွန်ကျော် စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းဥက္ကဋ္ဌ ဦးသိန်းဝင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာသော တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဒေသခံတောင်သူများက လွန်ကျော်စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းသား တောင်သူငါးဦးပိုင် လယ်ယာမြေ ၂၈ ဒသမ ၈၂ ဧကအား စက်မှုလယ်ယာဦးစီးဌာနမှ ကျွမ်းကျင်ပညာရှင်များက ထွန်စက်များဖြင့် မြေယာပြုပြင်ခြင်းများကို ကြည့်ရှုခဲ့ကြောင်း သိရသည်။

**ရဲဝင်းထွန်း(မြစ်သား)**

# ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးတွင် အရေးပေါ်သုံးရန် လူနာတင်ယာဉ် သုံးစီးဝယ်ယူထား

**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

မန္တလေးတိုင်းဒေသကြီး ယာဉ်လုပ်ငန်းများကြီးကြပ်မှုကော်မတီ (ယကက-အဝေးပြေး)မှ ယာဉ်မတော်တဆဖြစ်စဉ်များတွင် အရေးပေါ်ကယ်ဆယ်ရေး ဆောင်ရွက်နိုင်ရန် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးတွင် နေရာသုံးနေရာ၌ လူနာတင်ယာဉ်များနှင့် ပြုစုစောင့်ရှောက်မှုစခန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ယင်းဌာနမှ ဥက္ကဋ္ဌ ဦးအောင်ကျော်လင်းက ပြောသည်။

ယင်းသို့ထားရှိရန် တိုင်းဒေသကြီးအစိုးရအဖွဲ့ကလည်း ခွင့်ပြုချက်ရရှိသဖြင့် လူနာတင်ယာဉ် သုံးစီးကို ဝယ်ယူပြီးဖြစ်၍ တာဝန်ထမ်းဆောင်သူများနှင့် ပရဟိတကူညီသူအဖွဲ့ဝင်များ စီစဉ်နေပြီး မန္တလေး-နေပြည်တော် လမ်းပိုင်းအတွင်းထားရှိမည်ဖြစ်သည်။

"အမြန်လမ်းမှာ ယာဉ်မတော်တဆမှုဖြစ်လာရင် အချိန်မီကယ်ဆယ်ရေး လုပ်နိုင်မယ်။ ယကက-ဆိုတာက ယာဉ်လုပ်သားတွေပါဝင်တဲ့ အဖွဲ့အစည်းဖြစ်သလို ခရီးသည်တွေဆိုတာကလည်း ကျေးဇူးရှင်တွေပါပဲ။ တတ်နိုင်တဲ့ဘက်ကနေ ကူညီဖို့ပါ" ဟု ဥက္ကဋ္ဌက ပြောသည်။

အမြန်လမ်း မိုင်တိုင် (၃၆၆) တွင် လည်းကောင်း၊ သာစည်လမ်းခွဲနှင့် မလှိုင်လမ်းခွဲတို့တွင် လည်းကောင်း အရေးပေါ်ကယ်ဆယ်ရေးစခန်းနှင့် လူနာတင်ယာဉ် နှစ်စီးစီ ထားရှိသွားမည်ဖြစ်ပြီး ယာဉ်မတော်တဆဖြစ်စဉ်များကြောင့် ခရီးသွားပြည်သူများ အသက်ဆုံးရှုံးမှုမရှိစေရန် ကူညီသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ဒဂုံ-ရေးအဝေးပြေးယာဉ်ရပ်နားဝင်း၌ မှုခင်းအသိပညာပေးယာဉ်ဖြင့် အသိပညာပေး

**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်ရှိ ဒဂုံ-ရေးအဝေးပြေး ယာဉ်ရပ်နားဝင်း၌ ဖေဖော်ဝါရီ ၂၁ရက် က ခရီးသွားပြည်သူများ လူကုန် ကူးမှု၊ မူးယစ်ဆေးဝါး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများသိရှိစေရန်နှင့် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ပြည်သူများပူးပေါင်းကူညီပါဝင်နိုင်စေရန် ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှ မှုခင်းအသိပညာပေးယာဉ်ဖြင့် အသိပညာပေးခဲ့ပြီး ပြည်သူများသိရှိစေရန် မြို့နယ်အတွင်းအရေးပေါ်ကြုံတွေ့ပါက ရဲတပ်ဖွဲ့မှူးနှင့်ရဲစခန်းတို့၏ ဖုန်းနံပါတ်များသိရှိစေရန် လက်ကမ်းစာစောင်များကို ဖြန့်ဝေခဲ့ကြောင်း သိရသည်။

"ပြည်သူတွေအများဆုံးအကူအညီအမြဲလိုတဲ့နေရာက ကားဝင်း၊ သင်္ဘောဆိပ်နဲ့ လေယာဉ်ကွင်းတွေပဲ။ ဒီလိုကားဝင်းနေရာမှာ မူးယစ်ဆေးနဲ့လူကုန်ကူးမှုကို အသိပညာပေးယာဉ်ဖြစ်စေ၊ တစ်ပတ်နှစ်ကြိမ်လက်ကမ်းစာစောင်ဖြန့်တာဖြစ်စေ ရဲတပ်ဖွဲ့က လုပ်ဆောင်နိုင်မယ်ဆိုရင် နယ်ဒေသ၊ ကျေးလက်ဒေသက ပြည်သူတွေလည်း ဒုစရိုက်မှုအတွက် ကာကွယ်နိုင်မှာပါ။ ခရီးသွားတွေအတွက် မှုခင်းအသိပညာပေးလုပ်ဆောင်တာကို ကြိုဆိုပါတယ်၊ အားလည်းပေးတယ်၊ အစီအစဉ်ကိုလည်း ကြိုက်တယ်"ဟု ခရီးသွား အငြိမ်းစားကျောင်းဆရာတစ်ဦးက ပြောသည်။

ဒဂုံ-ရေးအဝေးပြေးယာဉ်ရပ်နားဝင်းသည် နေ့စဉ်ခရီးသွားများဖြင့် စည်ကားသော ပို့ဆောင်ရေးနေရာတစ်ခုဖြစ်ပြီး ကျူးကျော်တဲများနှင့် နီးသောကြောင့် ခရီးသွားများ၏ လုံခြုံရေးကိုဆောင်ရွက်ထားကာ ယနေ့မှုခင်းအသိပညာပေး ဆောင်ရွက်ရာ၌ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ ကုလားကြီးစု ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ် မိရပ်ဖများက ခရီးသွားပြည်သူများအား တရားဥပဒေစိုးမိုးရေးအတွက် မှုခင်းအသိပညာပေးယာဉ်ဖြင့်ပြသခြင်းကို ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သန်းထိုက်(လှိုင်သာယာ)**



# ကျောက်တော်မြို့နယ်၌ လူငယ်နှင့် ငြိမ်းချမ်းရေးဖိုရမ်ကျင်းပ

**ကျောက်တော် ဖေဖော်ဝါရီ ၂၂**

မြောက်ဦးခရိုင် ကျောက်တော်မြို့နယ်တွင် လူငယ်နှင့်ငြိမ်းချမ်းရေးဖိုရမ်ဆွေးနွေးပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ကစ္ဆပနဒီခန်းမ၌ ဖေဖော်ဝါရီ ၁၈ ရက်က ကျင်းပသည်။

လူငယ်နှင့်ငြိမ်းချမ်းရေးဖိုရမ်ဆွေးနွေးပွဲကို CDNH မှ ဒေါက်တာကျော်ရင်လှိုင်က အဓိကကူညီပြီး မြို့နယ်အမျိုးသမီးကွန်ရက်အဖွဲ့က ပံ့ပိုးကာ ဖေဖော်ဝါရီ ၁၈ ရက်မှ ၂၀ ရက်အထိ ကျင်းပခဲ့သည်။ ယင်းဆွေးနွေးပွဲသို့ လူငယ်မောင်မယ် ၁၆၀ ခန့် တက်ရောက်ကြပြီး ဒေါက်တာကျော်ရင်လှိုင်က ငြိမ်းချမ်းရေးနှင့် အသိအမြင်ကဏ္ဍ ဆွေးနွေးသည်။ ထို့နောက် CDNH မှ ဆရာဇင်မောင်လေးက လူငယ်နှင့် ငြိမ်းချမ်းရေးအခန်းကဏ္ဍ၊ မြို့နယ်အမျိုးသမီးကွန်ရက်ဥက္ကဋ္ဌ ဒေါ်အလှမေက လူငယ်မောင်မယ်များ၏ ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးအခန်းကဏ္ဍများ၌ အားနည်းချက်များကို သိရသည့်အတွက် ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရာတွင် အခက်အခဲရှိကြောင်း စသည်တို့ကို ဆွေးနွေးခဲ့သည်။

**(မြို့နယ် ပြန်/ဆက်)**

# ဂန့်ဂေါမြို့နယ်ရှိ ကျေးရွာများတွင် ဖရဲသီးခင်းများစိုက်ပျိုးရာ အောင်မြင်မှုများရှိလာ

**ဂန့်ဂေါ ဖေဖော်ဝါရီ ၂၂**

ဂန့်ဂေါမြို့နယ် ကျေးရွာများရှိ တောင်သူများသည် ရေမြေ သင့်တော်သည့်နေရာများ၌ ဆောင်းရာသီတွင် ဖရဲပင်များ စိုက်ပျိုးရာ အောင်မြင်ဖြစ်ထွန်း၍ ဒေသတွင်း ဖရဲသီးများ ရောင်းဝယ်မှု ဈေးကွက်ရှိလာသည်။



အဆိုပါ ဖရဲသီးမျိုးများကို မန္တလေးမြို့ရှိ မျိုးစေ့ဆိုင်များတွင် ဂန့်ဂေါ- မန္တလေး လိုင်းကားများဖြင့် မှာကြားဝယ်ယူရကြောင်းနှင့် အဆိုပါဖရဲမျိုးမှာ ဒေသတွင် ကလေးကြီးတံဆိပ်ဟု ခေါ်တွင်နေသည့် ကလေးပုံပါ ဖရဲသီးမျိုး သံဘူးဟု မှာယူရကြောင်း ကျွန်းဒတ်ကျေးရွာမှ ဖရဲစိုက်တောင်သူတစ်ဦးက ပြောသည်။

ခြံထွက် ဖရဲသီးများကို စစ်ကိုင်းတိုင်း ကလေးမြို့သို့ ပေးပို့ရောင်းဝယ်ကြသူများရှိလာ၍ အများစုမှာ ဒေသတွင်း ရောင်းချကြပြီး ဖရဲသီးသုံးလုံးကို ငွေကျပ် ၂၀၀၀ ဖြင့် ရောင်းချလျက်ရှိသည်။ ဖရဲခင်းကိုစိုက်ပျိုးရာတွင် ရေ၊ မြေ အဆင်သင့်ရှိရန်လိုကြောင်း၊ စိုက်ပျိုးမြေ တစ်ဧကအတွက် မျိုးစေ့တန်ဖိုး၊ ထွန်ယက်ခ၊ ရေသွင်းစရိတ် စသည်ဖြင့် ကုန်ကျငွေကျပ် နှစ်သိန်းခွဲခန့်ကျ၍ ဖရဲသီး ရောင်းရငွေ တစ်ဧကတွင် ငွေကျပ် ငါးသိန်းခန့်ရရှိသဖြင့် စိုက်ပျိုးသူများအနေဖြင့် တွက်ခြေကိုက်ကြောင်း တောင်သူတစ်ဦး၏ ပြောပြချက်အရ သိရသည်။ **(၁၀၁)**

# ချောင်းဦးမြို့မြို့မဈေး၌ မီးငြိမ်းသတ်နည်းသရုပ်ပြ

**ချောင်းဦး ဖေဖော်ဝါရီ ၂၂**

ခြောက်သွေ့ရာသီ ရောက်ရှိလာပြီဖြစ်၍ စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းဦးမြို့ မြို့မဈေး၌ မီးဘေးကြိုတင်ကာကွယ်ရေး မီးငြိမ်းသတ်နည်း သရုပ်ပြပွဲကို ဖေဖော်ဝါရီ ၂၀ ရက်က ကျင်းပသည်။

သရုပ်ပြပွဲ၌ မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်နည်း သရုပ်ပြပြီး မြို့မဈေးအတွင်းရှိ တပ်ဆင်ထားသော လျှပ်စစ်ဝိုင်ယာကြိုးများ အန္တရာယ်မဖြစ်စေရေးနှင့် မီးချိတ်၊ မီးကပ်၊ သဲများ၊ မီးသတ်ဆေးဘူးများ စီမံဆောင်ရွက်ထားရှိမှုတို့ကို မြို့မဈေး တာဝန်ရှိသူများက လိုက်လံပြသကြ သည်။ မီးငြိမ်းသတ်နည်း သရုပ်ပြပွဲသို့ ချောင်းဦးမြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ် စားလှယ် ဦးဝင်းမြင့်ခင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းမြင့်နှင့် တာဝန်ရှိသူများ၊ ဈေးသူ၊ ဈေးသားများတက်ရောက်ကြပြီး မီးဘေးကြိုတင်ကာကွယ်ရေးအတွက်မီးငြိမ်းသတ် နည်းသရုပ်ပြမှုကို ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# အပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေးသုတေသန ဗဟိုဌာနမှ စစ်တမ်းကောက်ယူ

**ကျောင်းကုန်း ဖေဖော်ဝါရီ ၂၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနနှင့် ဩစတြေးလျနိုင်ငံ အပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေးသုတေသနဗဟိုဌာနတို့သည် အပူပိုင်းဇုန်ဒေသနှင့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသများရှိ တောင်သူများ၏ လူမှုစီးပွားဘဝမြင့်မားလာစေရေးအတွက် စိုက်ပျိုးပညာပေးရေးလုပ်ငန်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ခြင်း စီမံကိန်းကို (၂၀၁၄ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ) ဖော်ဆောင်လျက်ရှိရာ စစ်တမ်းကောက်ယူမှုကို ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် လှည်းဆိပ်အုပ်စု လှည်းဆိပ်စံပြကျေးရွာသို့ ဖေဖော်ဝါရီ ၂၁ ရက်က ရောက်ရှိခဲ့ကြသည်။

အဆိုပါ ACIAR project မှ Dr. Clemens. M. Grunbuhel. (Austria) Adjunct. Professor ;Asian. Institute of Technology Thailand နှင့်အတူ တွဲဖက်သုတေသနဌာနမှူး ဒေါ်စိုးစိုးထွေးနှင့် ဒေါ်အေးစန္ဒာဖြိုး၊ မုံရွာမြို့ မြန်မာ့စိုက်ပျိုးရေးဘဏ် မြို့နယ်မန်နေဂျာ ဒေါက်တာဝါဝါထွန်းတို့က လှည်းဆိပ်ကျေးရွာနေ ဦးစန်းဝင်း+ဒေါ်လှသိန်း၏ငါးပိ၊ ငါးခြောက်လုပ်ငန်းကို စစ်တမ်းကောက်ယူခဲ့ကြရာ လှည်းဆိပ်အုပ်ချုပ်ရေးမှူး ဦးဌေးပိုင်က လုပ်ငန်းအဆင်ပြေစေရေး ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ကျောက်ဆည်၌ ကျန်းမာရေးအသိပညာပေး ဆွေးနွေး

**ကျောက်ဆည် ဖေဖော်ဝါရီ ၂၂**

ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူဆက်ဆံရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျန်းမာရေးအသိပညာပေးဆွေးနွေးပွဲကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးဦးအောင်ချိုက အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဒေါ်ကျော့မြတ်ခိုင်က ဆွေးနွေးပွဲကျင်းပရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ခရိုင်ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာယုဝေက ကျန်းမာရေးနှင့်ပတ်သက်ပြီး ကြိုတင်ဆောင်ရွက်ရမည့်နည်းလမ်းများနှင့်ကုသရမည့်အပိုင်းတို့ကို ရှင်းလင်းဆွေးနွေးရာ တက်ရောက်လာသူများက သိလိုသည့်အကြောင်းအရာများကို ပြန်လည်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

## ဆည်မြောင်းလက်တံများ တူးဖော်ရာတွင်ပါဝင်သည့် လယ်ယာများအတွက် လျော်ကြေးပေး

**ကန့်ဘလူ ဖေဖော်ဝါရီ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်တွင် မုံရွာမြို့ တည်ဆောက်ရေး(၄)မှ တာဝန်ယူတည်ဆောက်လျက်ရှိသည့် မင်းမြင်ဆည် မြောင်းလက်တံများ တူးဖော်ရာတွင် ပါဝင်သွားသည့် တည်ပင်(ပင့်သာ)ကျေးရွာအုပ်စုနှင့် အင်းမကျေးရွာအုပ်စုတို့မှ တောင်သူများ၏ လယ်ယာမြေများအတွက် လျော်ကြေးငွေများကို ဖေဖော်ဝါရီ ၁၈ ရက်က ပေးအပ်ခဲ့ကြောင်း သိရသည်။

ကန့်ဘလူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် လျော်ကြေးငွေပေးအပ်ပွဲတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ကျော်သူဟန်ထွန်းနှင့် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးတို့က အမှာစကား ပြောကြားပြီး တာဝန်ရှိသူများက ဒေသခံတောင်သူများအား မြေယာလျော်ကြေးငွေများ ပေးအပ်ခဲ့သည်။ လျော်ကြေးငွေပေးအပ်ပွဲတွင် ကန့်ဘလူမြို့နယ် တည်ပင်ကျေးရွာအုပ်စုနှင့် အင်းမကျေးရွာအုပ်စုတို့မှ တောင်သူ ၁၉၅ ဦး၏ လယ်မြေ ၆၉ ဒသမ ၉၅ ဧကအတွက် တစ်ဧကလျှင် ကျပ် ၁၅ သိန်းနှုန်းဖြင့် စုစုပေါင်း ကျပ် ၁၀၄၉ သိန်းကျော်ကိုလည်းကောင်း၊ ယာမြေ ၁၆ ဒသမ ၈၇ ဧကအတွက် တစ်ဧကလျှင် ကျပ် ၁၀ သိန်းနှုန်းဖြင့် စုစုပေါင်း ၁၆၈ သိန်းကျော်ကိုလည်းကောင်း ပေးအပ်ခဲ့ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**



## ထိုင်းနိုင်ငံတွင် ဖမ်းဆီးခံရသည့်အမျိုးသမီးကို ကယ်တင်နိုင်ခဲ့

**တာချီလိတ် ဖေဖော်ဝါရီ ၂၂**




ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ Lotus ကုန်တိုက်သို့ သွားရောက်ဈေးဝယ်ပြီး ငွေမရှင်းနိုင်သော စိတ်ကစဉ့်ကလျားဖြစ်နေသည့် မြန်မာအမျိုးသမီးတစ်ဦးအား ထိုင်းနိုင်ငံ တာဝန်ရှိသူများက ဖမ်းဆီးထားမှုကို ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ရောက် မြန်မာနိုင်ငံသားများအား ကူညီစောင့်ရှောက်ရေးနှင့် စေ့စပ်ညှိနှိုင်းရေးကော်မတီ (CNCMC)က ဖေဖော်ဝါရီ ၁၆ ရက်က ကူညီကယ်တင်နိုင်ခဲ့ကြောင်း သိရသည်။

တာချီလိတ်မြို့ပါလျံရပ်နေ မ----သည် လွန်ခဲ့သည့်နှစ်လခန့်က မီးဖွားခဲ့ပြီးနောက် စိတ်ကစဉ့်ကလျားဖြစ်သည့် ဝေဒနာ ခံစားနေရကာ ဖေဖော်ဝါရီ ၁၅ ရက်က နေအိမ်မှ တစ်ဦးတည်းထွက်သွားပြီး မယ်ဆိုင်မြို့ Lotus ကုန်တိုက်၌ ဈေးသွားဝယ်ရာတွင် စိတ်ကူးပေါက်ရာ ပစ္စည်းများအား ယူဆောင်လာခဲ့ရာ ငွေရှင်းကောင်တာအရောက်တွင် ပါလာသည့်ငွေနှင့် ဝယ်ယူသည့်ပစ္စည်းတန်ဖိုးမှာ များစွာကွာခြားနေသည့်အတွက် ထိုင်းနိုင်ငံ တာဝန်ရှိသူများက စိတ်ဝေဒနာရှင်မှန်းမသိဘဲ ဖမ်းဆီးအရေးယူထားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ ခင်ပွန်းဖြစ်သူ ကို----က ဇနီးအတွက် ကူညီပေးပါရန်နှင့် နေအိမ်တွင်ကျန်နေခဲ့သော လသားအရွယ် ကလေးငယ်မှာလည်း မိခင်နို့ မသောက်သုံးရသဖြင့် အခက်အခဲဖြစ်နေကြောင်း ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ရောက် မြန်မာနိုင်ငံသားများအား ကူညီစောင့်ရှောက်ရေးနှင့် စေ့စပ်ညှိနှိုင်းရေး ကော်မတီ(CNCMC)သို့ ညတွင်းချင်း အကူအညီတောင်းခံခဲ့ခြင်းဖြစ်သည်။

CNCMC ကော်မတီဝင်များက ဖေဖော်ဝါရီ ၁၆ ရက် နံနက်ပိုင်းတွင် မယ်ဆိုင်မြို့ ရဲတပ်ဖွဲ့စခန်းသို့သွားရောက်၍ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ မ----၏ ကျန်းမာရေးအခြေအနေများကို ရှင်းပြညှိနှိုင်းရာ မယ်ဆိုင်ရဲတပ်ဖွဲ့စခန်းက ထိုင်းနိုင်ငံဥပဒေအရ အဆိုပါဖြစ်စဉ်သည် ထောင်ဒဏ်သုံးလ ချမှတ်ခံရမည်ဖြစ်ကြောင်း၊ အမှုကို ပိတ်သိမ်း၍ ရမည် မဟုတ်သော်လည်း မ----၏ စိတ်ကျန်းမာရေးအခြေအနေအရ ဒဏ်ငွေပေးဆောင်စေခြင်းဖြင့် သက်ညှာစွာပြစ်ဒဏ် ချမှတ်ပေးရန် ချင်းရိုင်းခရိုင် တရားရုံးသို့အစီရင်ခံပေးမည်ဖြစ်ကြောင်း ပြန်လည်ဆွေးနွေးခဲ့သည်။

ဆွေးနွေးညှိနှိုင်းချက်အရ မ----အနေဖြင့် ဒဏ်ငွေ ဘတ် ၁၂၀၀၀ ပေးဆောင်ရန် ပြစ်ဒဏ်ကျခဲ့ပြီး ကာယကံရှင်မိသားစုမှာ ဆင်းရဲချို့တဲ့သည့်အတွက် ဘတ်ငွေ ၆၀၀၀ သာရှိရာ ကျန်ဘတ်ငွေ ၆၀၀၀ ကိုလည်း CNCMC ၏ စီမံပေးမှုဖြင့် အလှူရှင်များက ဝိုင်းဝန်းလှူဒါန်းပေးခဲ့ကြသည့်အတွက် ချင်းရိုင်းခရိုင် တရားရုံးတွင် ဒဏ်ငွေပေးဆောင်နိုင်ခဲ့ကြောင်း သိရသည်။ ဒဏ်ငွေဆောင်ပြီးနောက် မယ်ဆိုင်မြို့ရဲတပ်ဖွဲ့နှင့် လူဝင်မှုကြီးကြပ်ရေးဌာန တာဝန်ရှိသူများက ဖေဖော်ဝါရီ ၁၆ ရက် ညပိုင်းတွင် မ----အား CNCMC သို့ လွှဲပြောင်းပေးခဲ့ကာ CNCMC တာဝန်ရှိသူများက မ----၏ မိသားစုထံသို့ ပြန်လည် လွှဲပြောင်းပေးနိုင်ခဲ့ကြောင်း သိရသည်။

**မောင်ယဉ်ကျေး**

## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အိမ်အရောက် လိုက်လံပညာပေး

**စစ်ကိုင်း ဖေဖော်ဝါရီ ၂၂**

စစ်ကိုင်းမြို့၌ ဒေသခံပြည်သူများအား အိမ်အရောက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဆိုင်ရာများ ပညာပေးဟောပြောခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းတို့ကို မြို့ပေါ်ရပ်ကွက်တစ်ခုဖြစ်သည့် တကောင်းရပ်ကွက်၌ ဖေဖော်ဝါရီ ၂၀ ရက်မှစ၍ လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

အမှတ်(၁၀၅) ယာဉ်ထိန်းတပ်စုမှူးရုံးမှ ဒုရဲမှူးရဲလွင်နှင့် တပ်ဖွဲ့ဝင်များ၊ စစ်ကိုင်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များနှင့်အတူ တကောင်းရပ်ကွက်အတွင်း တစ်အိမ်တက်ဆင်း သွားရောက်၍ ယာဉ်စည်းကမ်း၊ လမ်းစည်း ကမ်းဆိုင်ရာများ ပညာပေးဟောပြောခဲ့ကြခြင်းဖြစ်သည်။

အိမ်အရောက် ယာဉ်စည်းကမ်း ပညာပေးမှုများကို စစ်ကိုင်းမြို့မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများအထိ လိုက်လံဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပထမဆုံးအကြိမ်အဖြစ် ဖေဖော်ဝါရီ ၂၀ ရက်မှစ၍ တကောင်းရပ်ကွက်အတွင်း စတင်ပညာပေးရာတွင် ရပ်ကွက်အတွင်းမှ အိမ်ထောင်စု ၆၃၂ စုအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ အသိပညာပေး ဟောပြောနိုင်ခဲ့ကြောင်း သိရသည်။

**ခိုင်ဇေယျ**

## စစ်ဘေးရှောင်ပြည်သူများအတွက် ငွေနှင့်အသုံးအဆောင်များ ထောက်ပံ့ပေးအပ်

**ဗန်းမော် ဖေဖော်ဝါရီ ၂၂**

ကချင်ပြည်နယ် ဗန်းမော်မြို့တွင် ရောက်ရှိနေသော စစ်ဘေးရှောင်ပြည်သူများအတွက် အဆိုပါပြည်သူများ နေထိုင်ရာ စစ်ရှောင်စခန်းများသို့ ကချင်ပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့ငွေ၊ ဆန်နှင့် လူသုံး အိမ်သုံး ပစ္စည်းများ ပေးအပ်ပွဲကို ဗန်းမော်မြို့ သာစည်ရပ်ကွက်ရှိ အေဒီ ၂၀၀၀ စစ်ရှောင်စခန်း၌ ဖေဖော်ဝါရီ ၂၀ ရက်က ကျင်းပခဲ့သည်။




ထောက်ပံ့ပွဲတွင် ကချင်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာသင်းလွင်က အမှာစကားပြောကြားပြီး အေဒီ ၂၀၀၀ စစ်ရှောင်စခန်းမှ ပြည်သူများအတွက် စခန်းတာဝန်ခံ ဦးလဇိန်အောင်ထံသို့ ငွေကျပ် ၇၅ သိန်း၊ ရောဘတ်စစ်ရှောင်စခန်းအတွက် စခန်းတာဝန်ခံ ဦးတန်ဂွန်းထံသို့ ငွေကျပ် ၇၅ သိန်း၊ ဖန်ခါးကုန်း စစ်ရှောင်စခန်းအတွက် စခန်းတာဝန်ခံ ဦးဇော်ဘောက်ထံသို့ ငွေကျပ် ၅၀ သိန်းကို ပြည်နယ်အစိုးရကိုယ်စား ပေးအပ်လှူဒါန်းသည်။ ထို့နောက် အေဒီ ၂၀၀၀၊ ရောဘတ်၊ နန့်လှိုင်၊ ရိုးကြီးရွာမ၊ တံခွန်တိုင်နှင့် မိုင်းခေါင် စစ်ရှောင်စခန်းများအတွက် စစ်ရှောင်စခန်းတစ်ခုလျှင် ဆန်အိတ် ၂၀ နှင့် အနွေးထည်များ၊ အဝတ်အထည်များကို စခန်းတာဝန်ခံ အသီးသီးထံသို့ ဝန်ကြီးက ပေးအပ်ခဲ့သည်။

ကချင်ပြည်နယ် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနက အိမ်သုံးပစ္စည်း ၃၂ မျိုးပါ Family Kit ပုံး ၄၂ ပုံး၊ ပြည်နယ် ကြက်ခြေနီတပ်ဖွဲ့က အိမ်သုံးပစ္စည်းလေးမျိုးပါပုံး ၄၂ ပုံး၊ မြစ်ကြီးနားမြို့ ပြည်သူ့ဆေးရုံမှ ကျန်းမာရေးဆေးပစ္စည်းများကို စစ်ဘေးရှောင်စခန်းများမှ တာဝန်ရှိသူများထံသို့ ပေးအပ်လှူဒါန်းခဲ့ကြသည်။ ထို့နောက် လူမှုရေးဝန်ကြီးနှင့်အဖွဲ့သည် ဟန်းတဲကျေးရွာအုပ်စု ဖန်ခါးကုန်းကျေးရွာရှိ တပ်ဦးဘုန်းတော်ကြီးကျောင်းသို့ရောက်ရှိပြီး ကျောင်းအတွက်လိုအပ်သော ဆန်အိတ် ၂၀၊ သင်္ကန်း ခြောက်စုံ၊ သွပ် အချပ် ၂၀၀၊ ဆေးပစ္စည်းရှစ်ဖာတို့ကို လှူဒါန်းခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## ကျေးရွာမြေသားရေကန်များ တူးဖော်လျက်ရှိ

**လောင်းလုံ ဖေဖော်ဝါရီ ၂၂**

တနင်္သာရီတိုင်းဒေသကြီး လောင်းလုံမြို့နယ်အတွင်းရှိ ကျေးရွာများမှ ဒေသခံပြည်သူများ သောက်သုံးရေလုံလောက်စွာ ရရှိရေးအတွက် မြေသားရေကန်များကို ၂၀၁၆-၂၀၁၇ ခုဘဏ္ဍာရေးနှစ် ပြည်ထောင်စုမွမ်းမံရန်ပုံငွေဖြင့် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက တူးဖော်ပေးလျက်ရှိကြောင်း သိရသည်။

မြေသားရေကန်များကို ဝေဒီကျေးရွာ၊ ကဒက်ငယ်ဆိပ်ကျေးရွာ၊ ကုန်းဇရပ်ကျေးရွာနှင့် သကျက်တောကျေးရွာများတွင် ကျေးရွာတစ်ရွာလျှင် တစ်ကန်နှုန်းဖြင့် တူးဖော်ပေးနေခြင်းဖြစ်ကာ ကန်အကျယ် ပေ ၁၀၀ ပတ်လည်နှင့် အနက် ခုနစ်ပေစီရှိကြောင်း၊ လောင်းလုံမြို့နယ်အတွင်းရှိ အဆိုပါကျေးရွာများသည် နွေရာသီတွင် ရေအလွန်ရှားပါးပြီး နှစ်စဉ် ရေလှူဒါန်းနေရသော ကျေးရွာများဖြစ်သည့်အပြင် မြေအောက်ရေ အခက်အခဲရှိခြင်း၊ အခြားရေအရင်းအမြစ် မရရှိနိုင်ခြင်းတို့ကြောင့် မိုးရေလှောင်ရန် မြေသားကန်များ တူးဖော်ပေးခြင်းဖြစ်ကြောင်း၊ ရေကန်များ တူးဖော်ပေးခြင်းဖြင့် ဝေဒီကျေးရွာရှိ အိမ်ခြေ ၇၀၀ နီးပါးမှ လူဦးရေ ၃၀၀၀ နီးပါး၊ ကဒက်ငယ်ဆိပ်ကျေးရွာရှိ အိမ်ခြေ ၁၄၀ ခန့်မှ လူဦးရေ ၆၀၀ နီးပါး၊ ကုန်းဇရပ်ကျေးရွာရှိ အိမ်ခြေ ၁၀၀ ကျော်မှ လူဦးရေ ၄၀၀ ကျော်၊ သကျက်တောကျေးရွာရှိအိမ်ခြေ ငါးရာနီးပါးမှ လူဦးရေ ၂၃၀၀ ကျော်အတွက် သန့်ရှင်းသောသောက်သုံးရေရရှိရန် အထောက်အပံ့ ဖြစ်လာမည်ဖြစ်ကြောင်း သိရသည်။

မြေသားရေကန်တူးဖော်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုများကို လောင်းလုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများ ဖေဖော်ဝါရီ ၂၀ ရက်က သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားခဲ့သည်။

**(ခရိုင် ပြန်/ဆက်)**

## တောင်သာမြို့နယ်၌ ရဲတပ်ဖွဲ့၏ ပြခန်းယာဉ်ဖြင့် မှုခင်းကျဆင်းရေး အသိပညာပေး

**တောင်သာ ဖေဖော်ဝါရီ ၂၂**




မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့၏ မှုခင်းအသိပညာပေးရေး ပြခန်းယာဉ်ဖြင့် တောင်သာမြို့နယ် ရုံးစည်ကြီးကျေးရွာ၊ တောင်သာမြို့ပေါ်ရပ်ကွက်များနှင့် တမိုက်သာကျေးရွာတို့မှ ဒေသခံပြည်သူများအား လှည့်လည်ပြသ အသိပညာပေးမှုကို ဖေဖော်ဝါရီ ၁၆ ရက်နှင့် ၁၇ ရက်က ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ပြခန်းယာဉ်ဖြင့် လှည့်လည်ပြသ ပညာပေးဟောပြောရာတွင် တောင်သာမြို့နယ် ရဲတပ်ဖွဲ့မှူးရဲမှူးမြင့်ဝေ၊ မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှ ယာဉ်တာဝန်ခံ ဒုရဲမှူးမျိုးလွင်၊ တောင်သာမြို့မရဲစခန်းမှူး၊ ရုံးစည်ကြီးနှင့် ကျောဇီနယ်မြေ စခန်းမှူးများက မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း၊ လူကုန်ကူးမှုများအကြောင်း၊ သက်ငယ်မုဒိမ်းမှုများအကြောင်းနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို ဟောပြောခဲ့ကြပြီး နံရံကပ်စာစောင်များ ပြသရှင်းလင်းခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့သည်။

**လင်းလက်ကြယ်(တောင်သာ)**

# ရေရှည်တည်တံ့သောစိုက်ပျိုးနည်းစနစ်(ဆင့်ပွား)သင်တန်းဖွင့်လှစ်



**ညောင်ဦး ဖေဖော်ဝါရီ ၂၂**
မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်ပြီး CARTC သင်တန်းကျောင်းမှ သင်ကြားပို့ချသော ရာသီဥတုပြောင်းလဲခြင်းနှင့် ရေရှည်တည်တံ့သော စိုက်ပျိုးနည်းစနစ် (ဆင့်ပွား)သင်တန်းကို ဖေဖော်ဝါရီ ၂၀ ရက်က ညောင်ဦးခရိုင်စိုက်ပျိုးရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် ညောင်ဦးခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သီးနှံပိုးမွှားကာကွယ်ရေးတာဝန်ခံ ဒေါ်ခင်သန်းမြင့်က ဆင့်ပွားသင်တန်းဖွင့်လှစ်ခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ ခရိုင် (မြေ၊ မျိုး) တာဝန်ခံများက သင်တန်းသား သင်တန်းသူများအနေဖြင့် ပို့ချသည့်သင်ခန်းစာများကို တောင်သူများထံ လက်ဆင့်ကမ်း မျှဝေပေးနိုင်ရေးအတွက် ဂရုတစိုက်လေ့လာသင်ယူကြရန် တိုက်တွန်းပြောကြားခဲ့သည်။

ထို့နောက် ခရိုင်သီးနှံပိုးမွှားကာကွယ်ရေးတာဝန်ခံက သင်တန်းသား သင်တန်းသူများအား CARTC သင်တန်းကျောင်းမှ ပို့ချသော စိုက်ပျိုးရေးဆိုင်ရာ ဘာသာရပ်များဖြစ်သည့် ကမ္ဘာကြီးပူနွေးလာရခြင်းအကြောင်းနှင့် ဖြစ်စဉ်များအကြောင်း၊ ရေရှည်တည်တံ့သော စိုက်ပျိုးနည်းစနစ်များအကြောင်း၊ သဘာဝပတ်ဝန်းကျင်ကို မပျက်ယွင်းစေသည့် စိုက်ပျိုးနည်းစနစ်များ၊ မြေဆီလွှာနှင့် ရေထိန်းသိမ်းနည်းစနစ်များ၊ ရာသီဥတုပြောင်းလဲမှု ဖြစ်စဉ်များနှင့် ဖြစ်ပွားရသည့် အကြောင်းရင်းများ စသည့်ဘာသာရပ်များကို သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

# မတ်ပဲပေါ်စပြုချိန် ဈေးကျနေ၍ တောင်သူများ တွက်ခြေမကိုက်ဖြစ်နေ

**ဖြူး ဖေဖော်ဝါရီ ၂၂**
ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်အတွင်းမှ ကျေးရွာအုပ်စု ၅၉ အုပ်စုရှိ တောင်သူများနှင့် ဖြူး၊ ကညွတ်ကွင်း၊ ဇေယျာဝတီမြို့တို့မှ တောင်သူလယ်သမားများ ဆောင်းရာသီသီးထပ်အဖြစ် စိုက်ပျိုးခဲ့သော မတ်ပဲများ ပေါ်စပြုချိန်တွင် ပဲဈေးကျနေသဖြင့် ဒေသခံတောင်သူများမှာ တွက်ခြေမကိုက်ဘဲ အဆင်မပြေဖြစ်နေကြကြောင်း သိရသည်။

"ကျုပ်တို့ တောင်သူတွေမှာ ဆောင်းသီးထပ် မတ်ပဲတွေကို မနှစ်ကလို ဈေးကောင်းရမယ်ထင်လို့ ကြိုးစားပမ်းစား စိုက်ခဲ့ကြရတာ။ ထွန်ယက်ခ၊ မျိုးစေ့ဖိုး၊ အပင်အားဆေး၊ အသီးအားဆေးနဲ့ ပိုးသတ်ဆေးတွေ ဝယ်ယူပက်ဖျန်းကြရတာ အကုန်အကျများကြပါတယ်။ အခု မတ်ပဲ ပေါ်ဦးပေါ်စဈေးနှုန်းက ပိဿာ ၃၀ ဆံ့ တစ်အိတ်ကို ကျပ် ၄၄၀၀၀ နဲ့ ရောင်းရပါတယ်။ မနှစ်က ဒီအချိန်မှာ မတ်ပဲ ပိဿာ ၃၀ ဆံ့ တစ်အိတ်ကို ကျပ် ၇၅၀၀၀ ပေါက်ဈေးရှိတော့ ဒီနှစ်အတွက် မတ်ပဲစိုက်ရတာ တွက်ခြေမကိုက်ပါဘူး"ဟု ကညွတ်ကွင်းဒေသ မြပဲခူးကျေးရွာအုပ်စု မြပဲခူးကရင်ရွာမှ တောင်သူတစ်ဦးက ပြောသည်။

ဖြူးမြို့နယ်အတွင်းမှ ကျေးရွာများတွင် ယခုနှစ် ဆောင်းရာသီ သီးထပ်သီးနှံအဖြစ် မတ်ပဲကို ဧက ၁၀၅၀၀၀ ခန့်အထိ စိုက်ပျိုးခဲ့ကြရာ ယခုအချိန်တွင် မတ်ပဲစိုက်ခင်းများမှာ ရင့်မှည့်နေကြပြီဖြစ်ပြီး စိုက်ခင်းအချို့မှာ စတင်ရိတ်သိမ်းနေကြပြီဖြစ်သည်။
**(ဖြူးမြင့်ဦး)**

# မီးဘေးကာကွယ်ရေးအတွက် မီးသတ်ရေငုတ်များကို လိုက်လံစစ်ဆေး

**ကျောင်းကုန်း ဖေဖော်ဝါရီ ၂၂**
ပူပြင်းခြောက်သွေ့သော နွေရာသီသို့ ရောက်ရှိလာပြီဖြစ်ရာ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် မြို့ပေါ်ရပ်ကွက်များရှိ မီးသတ်ရေငုတ်များကို တာဝန်ရှိသူများက ဖေဖော်ဝါရီ ၂၀ ရက်က လိုက်လံစစ်ဆေးခဲ့ကြောင်း သိရသည်။

မြို့နယ်အတွင်း အရေးပေါ်မီးလောင်မှု ဖြစ်ပွားလာပါက မီးငြိမ်းသတ်ရေးအတွက် ရေလုံလောက်စွာရရှိရန် လိုအပ်ပြီး ရေလုံလောက်စွာရရှိမှသာ မီးငြိမ်းသတ်နိုင်မည်ဖြစ်၍ မီးသတ်ရေငုတ်များကို လိုက်လံစစ်ဆေးခြင်းဖြစ်ကြောင်း၊ ကျောင်းကုန်းမြို့တွင် ရပ်ကွက်သုံးခုရှိပြီး အမှတ်(၁)ရပ်ကွက်တွင် မီးသတ်ရေငုတ်နှစ်ခု၊ အမှတ်(၂) ရပ်ကွက်တွင် မီးသတ်ရေငုတ် ၁၄ ခုနှင့် အမှတ်(၃)ရပ်ကွက်တွင် မီးသတ်ရေငုတ် သုံးခု စုစုပေါင်း ၁၉ ခုရှိကြောင်း မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးတင်ဝင်းက ပြောသည်။



အဆိုပါ မီးသတ်ရေငုတ်များအနက် အမှတ်(၂) ရပ်ကွက်အတွင်းရှိ ကျုံပျော်လမ်း၊ မီးသတ်ရုံးရှေ့ မဏိစည်သူလမ်းနှင့် အောင်သုခလမ်းတို့မှ ပြန်လည်ပြုပြင်တူးဖော်ထားသော ရေငုတ်များကို ကျောင်းကုန်းမြို့နယ် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ကော်မတီဝင်များဖြစ်သော မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မျိုးဝင်း၊ မြို့မရဲစခန်းမှူး ဒုရဲမှူးမြင့်အောင်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးခင်အောင်ဆွေ၊ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် မြို့မိမြို့ဖများက လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြခြင်းဖြစ်သည်။
**ဝင်းကြိုင်(ပြန်/ဆက်)**

## မှုခင်းသတင်းတိုများ

### ယာဉ်နှစ်စီးချိတ်မိပြီး ယာဉ်တိမ်းမှောက်မှုဖြစ်ပွား

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် လဲလူကျေးရွာအနီး နေပြည်တော်-ကံပြားလမ်းပေါ်၌ မြေသယ်ယာဉ်တစ်စီးက တစ်ဖက်ယာဉ်ကို ကျော်တက်ရာတွင် ယာဉ်ချင်း ချိတ်မိရာမှ ယာဉ်တိမ်းမှောက်မှု ဖေဖော်ဝါရီ ၂၀ ရက်က ဖြစ်ပွားခဲ့ကြောင်း သိရသည်။ ခရီးသည် ၁၀ ဦးခန့် တင်ဆောင်လာသော Bongo III ယာဉ်ငယ်ကို မြို့သစ်ဆောက်လုပ်ရေးပိုင် မြေသယ်ယာဉ်က ကျော်တက်စဉ် ယာဉ်ငယ်၏ ဝဲဘက်ရှေ့ခြမ်းကို ချိတ်မိသွားပြီး ယာဉ်ငယ်မှာ တိမ်းမှောက်ခဲ့ရာ ခရီးသည်များအနက် ခုနစ်ဦးမှာ ပွန်းပဲ့ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ မြေသယ်ယာဉ်မောင်းသူ ရဲတင့်အောင်အား မြို့သစ်မြို့မရဲစခန်း၌ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။
**ဇော်ဇော်(မြို့သစ်)**

### မိုးညှင်းမြို့နယ်၌ မိုင်းနင်းမိ၍ လူတစ်ဦးသေဆုံး

ကချင်ပြည်နယ် မိုးညှင်းမြို့နယ်တွင် တောင်သူတစ်ဦးသည် သစ်ဝါးခုတ်ရန်နှင့် သားကောင်ကိုင်းထောင်ရန်သွားစဉ် တောင်ပေါ်၌ မိုင်းနင်းမိသဖြင့် ဖေဖော်ဝါရီ ၁၉ ရက်က သေဆုံးခဲ့ကြောင်း သိရသည်။ မိုးညှင်းမြို့ အရှေ့စုရပ်ကွက်နေ ကိုကျော်ထွေး (ခ) မောင်ပြုံး (၄၃ နှစ်) သည် သစ်ဝါးခုတ်ရန်နှင့် သားကောင်ကိုင်းထောင်ရန်အတွက် ကျောက်ဖြူတောင်ပေါ်သို့ တစ်ဦးတည်းသွားရောက်စဉ် မိုင်းနင်းမိသဖြင့် ၎င်းတွင်ပါသောဖုန်းဖြင့် သူငယ်ချင်းဖြစ်သူအား အကြောင်းကြားခဲ့ကြောင်း၊ သူငယ်ချင်းဖြစ်သူက ကိုကျော်ထွေး၏ အစ်ကိုရင်းဖြစ်သူ ကိုကျော်မြင့်ထံ ထပ်မံအကြောင်းကြားသဖြင့် ကိုကျော်မြင့်နှင့် သူငယ်ချင်းများက အခင်းဖြစ်နေရာသို့ အမြန်သွားရောက်ခဲ့သော်လည်း ကိုကျော်ထွေးမှာ အသက်မရှိတော့ကြောင်း သိရသည်။

သေဆုံးသူအား မိုးညှင်းပြည်သူ့ဆေးရုံသို့ သယ်ဆောင်ခဲ့ပြီး ဖြစ်စဉ်နှင့်ပတ်သက်၍ မိုးညှင်းရဲစခန်းက ဆက်လက်စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။
**(ဝ၆၇)**

### မီးဖိုမီးကြွင်းမီးကျန်မှတစ်ဆင့် မီးလောင်မှုဖြစ်ပွား

မွန်ပြည်နယ် ရေးမြို့ အောင်မေတ္တာရပ်ကွက်၌ ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၄ နာရီ မိနစ် ၅၀ ခန့်က နေအိမ် မီးဖို မီးကြွင်းမီးကျန်မှတစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ အဆိုပါရပ်ကွက်နေ ဦးစိုးသိန်း (၄၈နှစ်)၏ နေအိမ်အနောက်ဘက် မီးဖိုဆောင်ရှိ မီးဖိုမီးကြွင်းမီးကျန်မှတစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့ရာ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များနှင့် ကျေးရွာနေပြည်သူများက ဝိုင်းဝန်းငြှိမ်းသတ်ခဲ့သဖြင့် ၁၅ မိနစ်ခန့်အကြာတွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ အိမ်ရှင် ဦးစိုးသိန်းအား ရေးမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။
**ကိုရဲ**

### မသင်္ကာ၍စစ်ဆေးစဉ် ဆိုင်ကယ်ခိုးယူလာသူအား ဖမ်းမိ

ရှမ်းပြည်နယ် မြောက်ပိုင်း သီပေါမြို့နယ် ကျင်သီတံတားပေါ်၌ မောင်းနှင်လာသော ဆိုင်ကယ်တစ်စီးအား ရဲတပ်ဖွဲ့က မသင်္ကာ၍ စစ်ဆေးရာမှ ဆိုင်ကယ်ခိုးယူမှု ပေါ်ပေါက်ခဲ့ကြောင်း သိရသည်။ သီပေါမြို့တွင် ဆိုင်ကယ်ခိုးယူခံရမှုများ ဖြစ်ပွားနေ၍ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဝင်း ခေါင်းဆောင်ပြီး မြို့မရဲစခန်းမှူးနှင့် နယ်ထိန်းတပ်ဖွဲ့ဝင်များက ခိုးမှုများဖော်ထုတ်နိုင်ရေးအတွက် စစ်ဆေးမှုများပြုလုပ်စဉ် ဖေဖော်ဝါရီလ တတိယပတ်က သီပေါမှကျောက်မဲဘက်သို့ မောင်းနှင်လာသော ဆိုင်ကယ်ကို မသင်္ကာ၍ ကျင်သီတံတား ရဲကင်း၌ စစ်ဆေးရာမှ ဆိုင်ကယ်မောင်းလာသူမှာ လားရှိုးမြို့နေ စိုးမင်းလတ်ဖြစ်ပြီး ဆိုင်ကယ်ကို သီပေါဆေးရုံ အရေးပေါ်ဌာနရှေ့မှ ခိုးယူခဲ့ခြင်းဖြစ်ကြောင်း ဝန်ခံသဖြင့် သီပေါရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။
**စိုင်း(သီပေါ)**

# ကျောင်းကုန်းမြို့၌ မြို့သန့်ရှင်းသာယာလှပစေရေးစတင်ဆောင်ရွက်

**ကျောင်းကုန်း ဖေဖော်ဝါရီ ၂၂**
ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် မြို့မဈေးကြီးတွင် ဈေးရောင်းချနေသော ဈေးသည်များ စည်းကမ်းမဲ့ စွန့်ပစ်ထားသောအမှိုက်ပုံမှာ နှစ်ပေါင်း ကြာမြင့်လာသဖြင့် မြစ်ကမ်းနားတွင် မြင်မကောင်းစွာဖြစ်နေသည်မှာ ဆယ်စုနှစ်များစွာ တည်ရှိနေခဲ့သည်။

ယခင် "အမှိုက်မပုံရ" ဆိုသော ဆိုင်းဘုတ်လေးမှာ အမှိုက်ပုံအောက် ရောက်မှန်းမသိ ရောက်ရှိသွားခဲ့သဖြင့် ဖေဖော်ဝါရီ ၂၀ ရက်တွင် မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များက မြို့သန့်ရှင်းသာယာလှပစေရေးအတွက် စည်းကမ်းမဲ့စွန့်ပစ်ထားသော အမှိုက်ပုံကြီးကို ရှင်းလင်းဖယ်ရှားနေကြောင်း သိရသည်။

လုပ်ငန်းခွင်သို့ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များမှ တာဝန်ရှိသူများသည် လုပ်ငန်းအမြန်ဆုံးပြီးစီးရေး ကွင်းဆင်းကြပ်မတ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။
**ဝင်းကြိုင်(ပြန်/ဆက်)**



# စာသင်ကျောင်းနှင့် ဆေးခန်းများတွင် ရေကန်များ တည်ဆောက်ပေးလျက်ရှိ

**ရေး ဖေဖော်ဝါရီ ၂၂**
မွန်ပြည်နယ် ရေးမြို့နယ်အတွင်းရှိ ကျေးရွာ သုံးရွာမှ စာသင်ကျောင်းများနှင့် ဆေးပေးခန်းများတွင် ဂါလန် ၁၅၀၀ ဆံ့ ရေလှောင်ကန်များကို နိုင်ငံတော်မှ ထောက်ပံ့ရန်ပုံငွေကျပ် ၄ ဒသမ ၅ သန်း အကုန်အကျခံ၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူတည်ဆောက်ပေးလျက်ရှိကြောင်း သိရသည်။

ရေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ(နည်းပညာ) ဦးမင်းထောစံက ရေကန်များကို ကမ်းနီကျေးရွာ၊ ဝယ်ပေါင်ကျေးရွာနှင့် ကျုံလောင်းရွာဟောင်းတို့တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူ၍ တည်ဆောက်ပေးလျက်ရှိရာ လက်ရှိပြီးစီးမှုအနေဖြင့် ကျုံလောင်းနဲ့ ဝယ်ပေါင်ကျေးရွာတွင် ၁၀၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ပြီး ကမ်းနီကျေးရွာတွင် ၈၀ ရာခိုင်နှုန်း လုပ်ငန်းပြီးစီးနေပြီဖြစ်ကြောင်း ပြောကြားသည်။ ရေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် မြို့နယ်အတွင်းမှ ကျေးလက်နေပြည်သူများ၏ လူမှုရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေး ရည်ရွယ်ကာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း၌ ကျေးလက်လမ်းလုပ်ငန်း ငါးခု၊ တံတားလုပ်ငန်း လေးခု၊ ရေပေးဝေရေးလုပ်ငန်း ၁၁ ခုတို့ကို ရန်ပုံငွေကျပ် ၇၉၃ ဒသမ ၅ သန်း အကုန်ကျခံ၍ ကျေးရွာ ၁၉ ရွာ၌ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။
**နေမျိုးထွန်း(ရေး)**

# အုန်နဲ့ချောင်းရွာ၌ ဆေးပေးခန်းအသစ် တည်ဆောက်ပြီး၍ ဆရာမချထားပေးရန် မျှော်လင့်

**ညောင်ဦး ဖေဖော်ဝါရီ ၂၂**

အုန်နဲ့ချောင်းရွာသည် ညောင်ဦးမြို့ အရှေ့ဘက် ၁၅ မိုင်ခန့်အကွာ၌ တည်ရှိပြီး ညောင်ဦးနှင့် မြင်းခြံကားလမ်းမဘေးအတွင်းဘက် ဧရာဝတီမြစ်နှင့် ကပ်လျက်ရှိသည်။ အဆိုပါကျေးရွာသည် အိမ်ခြေ ၄၅၀ ရှိကာ လူဦးရေ ၂၂၀၀ ကျော်ရှိသဖြင့် ဒေသခံပြည်သူများ ကျန်းမာရေး မကောင်းလျှင်သော်လည်းကောင်း၊ ကိုယ်ဝန်ဆောင်များ မီးဖွားရာတွင်လည်းကောင်း အခက်အခဲပေါင်းများစွာနှင့် ကြုံတွေ့ခဲ့ကြရသည်။ ထို့ကြောင့် ကျေးလက်ကျန်းမာရေး ဆေးပေးခန်းခွဲတစ်ခုချထားပေးရန် ဒေသခံများက လိုလားလျက်ရှိသည်။

"ကျွန်တော်တို့ရွာက တော်တော်ကြီးပါတယ်။ ကိုယ့်ကျေးရွာ ကိုယ့်ဆေးပေးခန်း ရှိသင့်ပါပြီ။ ညအချိန်မတော် မွေးလူနာရှိရင် တော်တော်ခက်ခဲပါတယ်။ သာမန် နှာစေး ခေါင်းကိုက်ရောဂါသည်တွေအတွက်လည်း ကျွမ်းကျင်ဆရာ ဆရာမတွေမရှိတော့ ပိုပြီး အခက်တွေ့ပါတယ်။ ဒါကြောင့် ဒီရွာကြီးမှာရှိတဲ့ဒေသခံတွေရဲ့ကျန်းမာရေးကို ဂရုတစိုက်နဲ့ တာဝန်ယူဆောင်ရွက်ပေးမယ့် ကျွမ်းကျင်ဆရာ ဆရာမတွေလိုပါတယ်" ဟု ရာအိမ်မှူး ဦးဘိုမောင်ကပြောသည်။

"ကျွန်တော်တို့ရွာက အများပြည်သူထည့်ဝင်ငွေ၊ လွှတ်တော်ရန်ပုံငွေနဲ့စုပေါင်းပြီး ဆေးပေးခန်းအဆောက်အအုံတစ်ခု ဆောက်လုပ်ပြီးခဲ့ပါပြီ။ ဒါကြောင့် ကျွမ်းကျင်ဆရာမတစ်ဦးချထားပေးဖို့ မျှော်လင့်နေကြပါတယ်"ဟု ဆယ်အိမ်မှူး ဦးကျော်မြင့်က ပြောပြသည်။

**ကျော်ဌေး(ညောင်ဦး)**



# စားသုံးရန်မသင့်သည့် အစားအသောက်များ ရောင်းချခြင်းမရှိစေရေး ကွင်းဆင်းဆောင်ရွက်

**ဗန်းမောက် ဖေဖော်ဝါရီ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ် မြို့မစည်ပင်သာယာရေး ဈေးအတွင်း ကုန်စုံဈေးဆိုင်များ၌ ပြည်သူများစားသုံးရန်မသင့်သည့် စားသောက်ကုန် ပစ္စည်းများ ရောင်းချခြင်းမရှိစေရေးအတွက် ခရိုင်အစားအသောက်နှင့် ဆေးဝါး ကွပ်ကဲရေးဆိုင်ရာဦးစီးဌာနနှင့် ခရိုင်စားသုံးသူကာကွယ်ပေးရေးဦးစီးဌာန၏ ညွှန်ကြားမှုဖြင့် မြို့နယ်စားသုံးသူကာကွယ်ပေးရေးဦးစီးဌာနနှင့် ပူးပေါင်းအဖွဲ့များသည် ဖေဖော်ဝါရီ ၂၀ ရက်က ကွင်းဆင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ထို့နောက် စားသုံးရန်မသင့်သည့် အချိုရည်ဘူးများ၊ ဂျယ်လီဘူးများ၊ ဆေးဆိုးပါရှိမှု ရှိမရှိ၊ ငရုတ်မှုန့်များ၊ ရက်လွန်လက်ဖက်ထုပ်များနှင့် အခြားစားသောက်ကုန်ပစ္စည်း များကို ဈေးကွက်အတွင်း ရောင်းချခြင်းမပြုရန် ခရိုင်အစားအသောက်နှင့် ဆေးဝါး ကွပ်ကဲရေးဆိုင်ရာဦးစီးဌာနမှ ဒုတိယကြီးကြပ်ရေးမှူး ဦးပြည့်စုံက အသိပညာပေး ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ကျော်စွာ(ဗန်းမောက်)**

# ရွှေတောင်မြို့နယ်တွင် ကတ္တရာလမ်းခင်း

**ရွှေတောင် ဖေဖော်ဝါရီ ၂၂**

ရွှေတောင်မြို့နယ်၌ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် စတုတ္ထသုံးလပတ်အတွင်း ဆောင်ရွက်လျက်ရှိသည့် ဒေသဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများအနက် ကြံခင်းတန်းလမ်း ကတ္တရာလမ်းခင်းကျင်နေမှုကို ဖေဖော်ဝါရီလတတိယပတ်က မြို့နယ်အမှုဆောင်အရာရှိ ဦးသန့်ဇင်ဦးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ တာဝန်ယူဆောင်ရွက်လျက်ရှိသော ကြီးကြပ်စစ်ဆေးရေးအဖွဲ့က လိုက်လံကြည့်ရှုခဲ့ကြောင်း သိရသည်။

**(၀၅၅)**

# တောက်တဲ့ချောင်းကူးသံကူကွန်ကရစ်တံတား ဆောင်ရွက်ပြီးစီးတော့မည်

**ပုဏ္ဏားကျွန်း ဖေဖေါ်ဝါရီ ၂၂**

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ်ရှိ ပန်းနီလာ-ရွှေနတ်ပြင်- ဦးရှည့်စွယ်- ခြသေ့-ဆင်ထိန်းကြီး-နာရီကန် ကျေးရွာများ ဆက်သွယ်ရေး လမ်းကြောင်းပေါ်ရှိ တောက်တဲ့ ချောင်းကူး သံကူကွန်ကရစ် တံတားမကြာမီတည်ဆောက်ပြီးစီးတော့မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ တံတားကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေကျပ်သန်း ၁၅၀ သန်းဖြင့် အလျား ပေ ၂၀၀၊ အကျယ် ၁၄ ပေ၊ အမြင့် ၄၁ ပေ ၆ လက်မဖြင့် အောက်ခြေပိုင်းကို တည်ဆောက်ခဲ့ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် နိုင်ငံတော် ထောက်ပံ့ရန်ပုံငွေကျပ်သန်း ၁၀၀ ဖြင့် ဆက်လက်ဆောင်ရွက်လျက်ရှိရာ သတ်မှတ်စံချိန်စံညွှန်းအတိုင်း ဆောင်ရွက်မှုရှိ/မရှိနှင့် သတ်မှတ်ကာလအတွင်း ဆောင်ရွက်ပြီးစီးနိုင်ရေးအတွက် ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းဝေနှင့် အဖွဲ့က ဖေဖော်ဝါရီ ၁၉ ရက်က စစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြခဲ့ကြသည်။



အဆိုပါတံတား ဆောက်လုပ်ပြီးစီးပါက ကျေးရွာခြောက်ရွာမှ ဒေသခံ ပြည်သူများသည် ရန်ကုန်-စစ်တွေ အဝေးပြေးလမ်းမကြီးနှင့် ချိတ်ဆက်ကာဒေသဖွံ့ဖြိုးရေးကို များစွာအထောက်အကူပြုနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**သူ(ပုဏ္ဏားမြို့)**

# မင်းပြားမြို့၌ လျှပ်စစ်မီး ၂၄ နာရီလင်းပြီ

**မင်းပြား ဖေဖော်ဝါရီ ၂၂**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန မင်းပြားမြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး လုပ်ငန်းမှ ပြည်သူများ လိုလားတောင့်တနေသော ၂၄ နာရီ လျှပ်စစ်မီးကို ရခိုင်ပြည်နယ်၏ စီးပွားရေးဖွံ့ဖြိုးစပြုနေသော မြောက်ဦးခရိုင် မင်းပြားမြို့နယ်သို့ ဖေဖော်ဝါရီ ၁၉ ရက် ညနေပိုင်းမှ စတင်ပြီး မဟာဓာတ်အားလိုင်းမှ စမ်းသပ်ထုတ်လွှတ်လျက်ရှိသည်။ အဆိုပါ လျှပ်စစ်မီးအား ရခိုင်ပြည်နယ်ရှိ အမ်း၊ မြောက်ဦး၊ ကျောက်တော်၊ ပုဏ္ဏားကျွန်း၊ စစ်တွေ၊ ကျောက်ဖြူမြို့များသို့ ထုတ်လွှတ်ခဲ့ပြီး ယခုဒုတိယသုတ်အနေဖြင့် မင်းပြားမြို့နယ်သို့ ဖေဖော်ဝါရီလမှစပြီး ဆက်လက်စမ်းသပ်ထုတ်လွှတ်လျက်ရှိသည်။

ယခင်က မင်းပြားမြို့နယ်၌ ဒီဇယ်မီးစက်ကြီးနှစ်လုံးဖြင့် တစ်နေ့ပျမ်းမျှ လေးနာရီသာ ညနေပိုင်းလျှပ်စစ်မီးကိုအသုံးပြုနိုင်ပြီး ယခုအခါ မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီး ၂၄ နာရီ အချိန်ပြည့်သုံးစွဲနိုင်မည်ဖြစ်၍ ပြည်သူများအနေဖြင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ပိုင်တစ်နိုင် အိမ်တွင်းမှု၊ စက်မှုလက်မှုလုပ်ငန်းများ လုပ်ဆောင်နိုင်ခြင်း၊ ကျောင်းသားကျောင်းသူများအတွက် ကျောင်းသင်ခန်းစာများ လေ့လာရာ၌ များစွာအထောက်အကူရ၍ ရခိုင်ပြည်သူလူထုတစ်ရပ်လုံး ဝမ်းသာပျော်ရွှင်နေကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## မီးလောင်လျှင်

(၁) ထွက်မပြေးပါနှင့်စိတ်ကိုတည်တည်ငြိမ်ထားပါ။
(၂) ကြိတ်မငြိမ်းပါနှင့်ပတ်ဝန်းကျင်သို့ အကူအညီတောင်းပါ။
(၃) နီးစပ်ရာမီးသတ်စခန်းသို့ အမြန်ဆုံးအကြောင်းကြားပါ။
(၄) ဝိုင်းဝန်း၍ ကြိုးစားငြိမ်းသတ်ပါ။
(၅) မီးသတ်တပ်ဖွဲ့နှင့်ပြည်သူများအချိန်မီ ပူးပေါင်းငြိမ်းသတ်နိုင်လျှင် မီးလောင်မှုကြီးမဖြစ်နိုင်ပါ။

**မီးသတ်ဦးစီးဌာန**





LaVilla
NGWE SAUNG
WEEKEND HOME @ငွေဆောင်
SEA VIEW VILLA တန်ဖိုး 50%
450 သိန်း ခန့်ပေးပြီး
APRIL-2018
တွင်အပန်းဖြေနိုင်ပြီ
ဂရမ်အမည်ပေါက်ရမည်ဖြစ်ပြီး စရန်ငွေ 9 သိန်းယူလာပြီး စာစာလာမှ Plot ရဖို့သေချာမယ်နော်
25,26-FEB-2017 ဦးဝိစာရလမ်း၊ ရွှေတိဂုံစေတီ၊အနောက်မုခ်ရှေ့ Myanmar Culture တွင်ရောင်းမည်။
ဦးဆုံး (30) ကို လက်ဆောင် မီးစက် & AIR-CON
iGREEN

**ရွှေကြေးစည် မှ ကျိုက်ထီးရိုး/ မော်တင်စွန်း**

▲ အလောင်းတော်ကဿပ၊ မုံရွာ၊ စစ်ကိုင်း၊ ကျောက်စိမ်း ဆက်၍ – မန္တလေး၊ ပြင်ဦးလွင်အနှံ့

▲ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ မွေတော်ကက္ကူ၊ ထမ့်စမ်းလှိုဏ်ဂူ ဆက်၍–(လွိုင်ကော်၊ ထီးဆဲခါး)(မန္တလေး၊ ပြင်ဦးလွင်)(ပုဂံ၊ ပုပ္ပါး)

▲ ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး၊ စွယ်တော်လေးဆူ၊ ပခုက္ကူ–သီဟိုဠ်ရှင်

▲ ပုဂံ၊ ညောင်ဦး၊ စွယ်တော်လေးဆူ၊ ပုပ္ပါး၊ ပခုက္ကူ၊ မန္တလေး၊ ပြင်ဦးလွင်၊ ကျောက်စိမ်းဘုရား

▲ ကျိုက္ခမီ၊ မော်လမြိုင်၊ စက်ဆဲ၊ ဘွားလပို့တောင်–(ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်)

▲ (မြဝတီ+မဲဆောက်)(အင်းတော်ကြီး၊ မန်းအောက်၊ ဇလုံတောင်၊ မြစ်ကြီးနား၊ မြစ်ဆုံ(၅)ရက်။ Mar3,10

အပတ်စဉ် သွားကြ

01-240860/01-372290 ဖေါ်ဖုံ 09-49282825,09-43202968,09-262784651

---

SH မြင့်သူထက် YU

လယ်/ အုပ်၊ ATEO PPTT

ဦးစီးအရာရှိ၊ စိမံကိန်းမှူး

သစ်ဗေဒ (သစ်အုပ်ကြီး တိ/ ဆေးကု)

နည်းပြ (ရာထူးဝန်)

နယ်စပ် စာရေး

၁၀ရက်ပြတ် ပုံမှန် ဝင်ခွင့်အား လုံးသင်သည်

နွေ(၃)လပြတ် ၈၊ ၁၀တန်း ပုံမှန်

စာအုပ်အခမဲ့ ၁၀တန်း ဘာသာရပ်ကျွမ်းကျင် ဆရာဖြစ် လက်ခံပြီ

တိုက် (၃၅) ၃ လွှာ၊ ၆၀ (၅၀)လမ်း (လှည်းတန်းဈေးနောက်လမ်း)၊ ရန်ကုန်။ ဖုန်း – ၀၁၅၂၃၀၁၇၊ ၀၉၇၃၀၀၈၇၁၉၊ ၀၉၂၆၃၇၀၄၀၀၅။

---

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 4H/3231 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)**

---

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 9K/5964 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ရွာသာကြီး**

---

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 8H/9719 Hline Thit L/T(HT-03),P/U(4×2)R ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းလွင် ၁၂/ရကန(နိုင်)၀၃၆၉၃၉ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့**

---









# အထူးဝမ်းမြောက်ဂုဏ်ယူစွာ ကြည်ညိုဂုဏ်ပြုအပ်ပါသည်

၂၀၁၇ ခုနှစ် ဇန်နဝါရီ ၄ ရက် (၆၉)နှစ်မြောက် လွတ်လပ်ရေးအခါတော်နေ့တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၇၊ အမှတ်စဉ် (၁) အရ နိုင်ငံတော်သမ္မတမှ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ မှော်ဘီမြို့နယ်၊ သန္ဓေပင်ကျေးရွာအုပ်စု၊ သံတံတားကျေးရွာ၊ သံတံတားရွာဦး ပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တသောဘိတ အား မဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်မြတ်ကို ဆက်ကပ်ခံယူရရှိတော်မူသည့်အတွက် ဆရာတော်၏ သာသနာပြု အဖွဲ့ဝင်အားလုံးတို့နှင့် ကျောင်းအကျိုးတော်ဆောင်တို့မှ လှိုက်လှိုက်လှဲလှဲအထူးဝမ်းမြောက် ဂုဏ်ယူစွာ ကြည်ညိုဂုဏ်ပြုအပ်ပါသည်။

**အစဉ်ရှိသေကြည်ညိုဂုဏ်ပြုလျက်**
**ဝေဠုဝန်တောရတရားရိပ်သာ သာသနာပြုအဖွဲ့**
**ဝါးနက်ချောင်းစံပြကျေးရွာ၊ ညောင်ကုန်းအပိုင်း၊ မှော်ဘီမြို့**

| | | |
|---|---|---|
| **နာယက** | - | **ဦးကျော်ငြိမ်း၊ ဒေါ်မာလာညွန့်** |
| **အတွင်းရေးမှူး** | - | **ဦးအောင်မိုး၊ ဒေါ်ချိုချိုအောင်** |
| **အလုပ်အမှုဆောင်အဖွဲ့** | - | **ဒေါ်ခင်အေးလွင်** |
| | | **ဦးဇော်လွင်မောင်နှမတစ်စု** |

**သီတဂူရွှေပြည်ဟိန်း စက္ခုဒါနဆေးရုံ မတ်လ ၄၊ ၅ (၇၆)ကြိမ်မြောက် မျက်စိခွဲစိတ်အလင်းဒါနပါဝင်လှူဒါန်းနိုင်**

ဖေဖော်ဝါရီလ ၂၅ ရက်တွင် စတင်လက်ခံ၍ မတ်လ ၄၊ ၅ ရက်များတွင် ၇၆-ကြိမ်မြောက် ဦးရေ (၉၆၄၀) ပြည့် မျက်စိခွဲစိတ်အလင်းဒါနပြုလုပ်မည်ဖြစ်ရာ မျက်စိဝေဒနာရှင် (၁)ဦးအတွက် ခွဲစိတ်ခြင်းအလှူတော်ငွေ ၄၀၀၀၀ိ/- ကို အလင်းဒါန အလှူရှင်အဖြစ်ခံယူကာ ကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဘဏ်စာရင်းသို့ ထည့်သွင်း၍ဖြစ်စေ၊ လှူဒါန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

လှူဒါန်းရန်ဌာန - **သီတဂူရွှေပြည်ဟိန်း စက္ခုဒါနဆေးရုံ၊ ရွှေပြည်ဟိန်းကျောင်း၊ ပြည်သာယာ၊ ရန်ကင်း။** (ကျိုက္ကဆံစုပါဝင်း၊ တာမွေလေး၊ သံလမ်းအနီး) ဖုန်း - ၀၁-၅၄၁၄၉၃၊ ၀၉-၇၃၀၅၆၅၆၉

ရွှေဂုံတိုင်ကမ္ဘောဇဘဏ် - **အရှင်စေမာသီရိလင်္ကာရ** (Account No. 007-50100701690301) ဘဏ်စာရင်းသို့ နီးရာဘဏ်၌ ထည့်သွင်း၍လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

**ယောဆရာတော်ကြီး၏ တိပိဋကဘွဲ့ရ(၃၂)နှစ်ပြည့် ကုသိုလ်ပွဲ ရိပ်သာကျောင်းတိုက်တည် (၁၉)နှစ်ပြည့် ဓမ္မအောင်ပွဲပူဇော်ပွဲ ပရိယတ္တိစာသင်တိုက်တည် (၆)နှစ်ပြည့် ဓမ္မအောင်ပွဲ ပူဇော်ပွဲနှင့် စာအောင်သံဃာတော်များအား ချီးကျူးဂုဏ်ပြုပူဇော်ပွဲဖိတ်ကြားလွှာ**

ရွှေဥမင်ဆရာတော်မှ ရွှေဥမင်ဓမ္မသုခတောရရိပ်သာကြီးကို တည်ထောင်တော်မူခဲ့၍ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ(ယော)ဆရာတော်ကြီးမှဦးစီးပဓာန နာယကအဖြစ် စီမံအုပ်ချုပ်တော်မူသော ရွှေဥမင်ဓမ္မသုခတောရ ရိပ်သာနှင့် ပရိယတ္တိစာသင်တိုက်၌ ယောဆရာတော်ကြီး၏ တိပိဋကဘွဲ့ရ (၃၂) နှစ်ပြည့် ကုသိုလ်ပွဲရိပ်သာကျောင်းတိုက်တည် (၁၉)နှစ်ပြည့် ဓမ္မအောင်ပွဲ ပူဇော်ပွဲ၊ ပရိယတ္တိစာသင်တိုက်တည် (၆)နှစ်ပြည့် ဓမ္မအောင်ပွဲနှင့် စာအောင် သံဃာတော်များအား ချီးကျူးဂုဏ်ပြုပူဇော်ပွဲဓမ္မဂုဏ်တော် ပူဇော်ပွဲအခမ်းအနားကို ၁၃၇၈ခုနှစ် တပေါင်းလဆန်း ၅ရက်၊ ၂-၃-၂၀၁၇ရက် (ကြာသပတေးနေ့) နံနက် ၈နာရီတွင် ပင့်သံဃာ ၁၅၀ ပါးနှင့် သီလရှင်ဆရာလေး ၇၅ ပါးတို့အား ဆွမ်းဆန်စိမ်းလောင်းလှူကြပါမည်။ နံနက် ၉နာရီတွင် တိပိဋကဓရ ယောဆရာတော်ကြီးမှရေစက်ချ အနုမောဒနာတရားချီးမြှင့်မည်ဖြစ်ပါ၍ ကျောင်းတိုက်၏ ပစ္စည်း(၄)ပါးဒါယကာ၊ ဒါယိကာမများ၊ ကုသိုလ်ရှင်များကြွရောက်၍ အနုမောဒနာ တရားစုပေါင်းနာယူ၊ ကုသိုလ်အမျှရယူကြပါရန် လေးမြတ်သော စိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

**ကျောင်းအကျိုးတော်ဆောင်အဖွဲ့**

**ဘားအံမြို့၊ အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း မြတ်ဆရာပူဇော်ပွဲ(ပဌမအကြိမ်)**

ဘားအံမြို့ အမှတ် (၂)အခြေခံပညာအထက်တန်းကျောင်း ပဌမအကြိမ် အာစရိယပူဇော်ပွဲကို ၂၀၁၇ခုနှစ် မတ် ၂၆ရက် (တနင်္ဂနွေနေ့)တွင် စည်ကား သိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါ ၍ ပူဇော်ခံဆရာကြီး ဆရာမကြီးများအားလုံး၊ ဂုဏ်ပြုခံဆရာကြီး ဆရာမကြီးများအားလုံး ရပ်နီးရပ်ဝေးမှ အထက (၂) ဘားအံတွင် ပညာသင်ကြားခဲ့ဖူးသည့် ကျောင်းသား ကျောင်းသူဟောင်းများ အားလုံး အလှူရှင်များအားလုံး မပျက်မကွက်တက်ရောက်ပေးပါရန် လေးစားစွာ ဖြင့် ဖိတ်ကြားအပ်ပါသည်။

**ဆက်သွယ်လှူဒါန်းလိုပါက-**

(၁) **အထက (၂) ဘားအံ ငွေစာရင်း (၀၀၄၇၆၀၀၂၀၀၀၀၀၄၁၈)**
**CB Bank No.2 BEHS TEACHER RESPECT FUND**
(၂) **ဦးစောမြရှင် ဖုန်း-၀၉-၇၉၃၆၃၉၆၉၄**
(၃) **စောမြင့်ဇော် ဖုန်း-၀၉-၅၆၆၁၉၆၁**
(၄) **ဒေါ်ဝင်းဝင်းသူ ဖုန်း-၀၉-၄၂၅၀၃၉၈၉၄**
(၅) **ဒေါ်နီနီအေး ဖုန်း-၀၉-၅၆၆၀၂၅၁**
(၆) **နန်းဖြူပွင့်ခိုင် ဖုန်း-၀၉-၇၉၂၈၀၁၆၇၂**
(၇) **ဦးမျိုးညွန့် ဖုန်း-၀၉-၇၉၄၆၇၄၃၅၅**

**အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ၊ ဘားအံမြို့**

## ဖခင်အမည်မှန်

ရှမ်းပြည်နယ်တောင်ပိုင်း၊ လွိုင်လင်မြို့၊ အထက(ခွဲ)၊ အလက(၂)၊ သတ္တမတန်းမှ မောင်မင်းထက်နောင်၏ဖခင်အမည်မှန်မှာ ဦးသော်မင်းနောင် ၁၃/မနတ(နိုင်)၀၀၀၁၄၁ ဖြစ်ပါကြောင်း။

**ဦးသော်မင်းနောင်**

## ပျောက်ဆုံးကြောင်း

ကျွန်တော်မောင်ဇော်နိုင်း ၈/တတက(နိုင်)၁၄၄၄၂၈ ၏ နိုင်ငံကူးလက်မှတ် အမှတ်(နံပါတ်မမှတ်မိ)သည်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါ ဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၆၅၅၇၈၀၉၉**

## မိဘအမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ အထက(၄) နဝမတန်း(B) မှမအိမြတ်မွန်၏ မိဘအမည်မှန်မှာ ဦးမျိုးဝင်းသန်း ၅/ဆလက(နိုင်)၀၄၇၆၇၃ နှင့် ဒေါ်နုနုဝင်း ၅/ကသန(နိုင်)၀၈၁၁၂၇ ဖြစ်ပါကြောင်း။ **ဦးမျိုးဝင်းသန်းနှင့်ဒေါ်နုနုဝင်း**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရှမ်းပြည်နယ်တောင်ပိုင်း၊ မိုင်းကိုင်မြို့နယ်၊ အမှတ် (၄)ရပ်ကွက်၊ အိမ်အမှတ် ၄/၇၊ စဝ်နော်ခမ်းလမ်းနေ နန်းငွေရီ ၁၃/မကန(နိုင်)၀၀၀၇၂၄ နှင့် နန်းငွေရည်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**နန်းငွေရီ(ခ)နန်းငွေရည်**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်အောင်သက်နိုင် ၈/မကန(နိုင်)၂၀၆၅၉၁ ၏ နိုင်ငံကူးလက်မှတ် အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၀၁၆၅၀၅၅၇**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၃ခ/၅၉၄၀ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ (မုံရွာ)**

## မိဘအမည်မှန်

မိုင်းကိုင်မြို့၊ အထက၊ နဝမတန်း(ခ)မှ မအောင်အောင်လှိုင်၏ မိဘအမည်မှန်မှာ ဦးဇော် အောင် ၁၃/မကန(နိုင်)၀၂၂၅၅၀ နှင့် ဒေါ်ကော်ရည်ရှန်း ၁၃/မကန(နိုင်) ၀၆၂၈၁၄ဖြစ်ပါကြောင်း။

**ဦးဇော်အောင်-ဒေါ်ကော်ရည်ရှန်း**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ချစ်ခိုင် ၈/ပဖန(နိုင်)၀၉၀၆၈၁ ၏ နိုင်ငံကူးလက်မှတ် အမှတ် (နံပါတ်မမှတ်မိ) သည်ပျောက်ဆုံးသွားပါသဖြင့် အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၈၉၁၃၇၃၄၃**

## ပျောက်ဆုံးကြောင်း

သရဖူစိုးမြင့်ကုမ္ပဏီမှ Nann Shwe Li Co,Ltd. မှတ်ပုံတင်အမည်ဖြင့် မော်တော်ဆိုင်ကယ်သွင်းကုန်လိုင်စင် MQIL 1 16-17 5872 13-10-2016/ID- 190550 01-11-2016 နှင့်တကွ 13-11-2016 ရက်တွင် 2B-3575 ကုန်ကားဖြင့် တင်သွင်းခဲ့ပါသည်။ ၎င်းမော်တော်ဆိုင်ကယ် သွင်းကုန်လိုင်စင် ID-190550 01-11-2016 သည် မန္တလေးမြို့တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဆက်သွယ်ရန်-၀၂-၂၂၈၀၆**

**ရခိုင်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီ(တက္ကသိုလ်များ-ရန်ကုန်) မောင်မယ်သစ်လွင် ကြိုဆိုပွဲနှင့် နောက်ဆုံးနှစ်ကျောင်းသား/ကျောင်းသူများဂုဏ်ပြုနှုတ်ဆက်ပွဲ**

## အခမ်းအနားဖိတ်ကြားလွှာ

၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် ရန်ကုန်မြို့ရှိ တက္ကသိုလ်အသီးသီး၌ ပညာသင်ကြားနေကြသော ရခိုင်ကျောင်းသား/ကျောင်းသူများ၏ မောင်မယ်သစ်လွင်ကြိုဆိုပွဲနှင့် နောက်ဆုံးနှစ်ကျောင်းသား/ကျောင်းသူများအား ဂုဏ်ပြုနှုတ်ဆက်ပွဲ အခမ်းအနားကို ရခိုင်ရိုးရာယိမ်းအကများ၊ ခေတ်ပေါ် ရခိုင်တေးဂီတ သီဆိုဖျော်ဖြေမှုများ၊ ရခိုင်အလှဘုရင်နှင့်အလှဘုရင်မ ရွေးချယ်ပွဲများဖြင့် အောက်ပါအစီအစဉ်အတိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပါ၍ တက္ကသိုလ်များမှ ရခိုင် ဆရာ/ဆရာမများနှင့် ကျောင်းသား/ကျောင်းသူများအားလုံး တက်ရောက်ချီးမြှင့်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ ၎င်းအခမ်းအနားတွင် ၂၀၁၇ခုနှစ် အတွက်ထုတ်ဝေသည့် ရခိုင်တန်ဆောင်မဂ္ဂဇင်း၊ အမှတ် (၂၂)ကိုလည်း စတင်ဖြန့်ဖြူးရောင်းချမည်ဖြစ်ပါသည်။

| | | |
|---|---|---|
| **နေ့ရက်။** | ။ | **၂၆-၂-၂၀၁၇ရက် (တနင်္ဂနွေနေ့)** |
| **အချိန်။** | ။ | **နံနက် (၉း၀၀)နာရီမှ ညနေ(၃း၀၀)နာရီထိ** |
| **နေရာ။** | ။ | **တက္ကသိုလ်များ၊ စိန်ရတုခန်းမ** |

## ဖခင်အမည်မှန်

အောင်လံမြို့နယ် ကျောက်စွယ်ကျိုးရွာ အလက(ခွဲ)ကျောင်းတွင် ပညာသင်ကြားနေသော ပဋ္ဌမတန်းကျောင်းသား မောင်စွမ်းထက်ကျော်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးမောင်လှိုင် ဖြစ်ပါသည်။ **ဦးမောင်လှိုင်**

## ဖခင်အမည်မှန်

အောင်လံမြို့နယ် ကျောက်စွယ်ကျိုးရွာ အလက(ခွဲ)ကျောင်းတွင် ပညာသင်ကြားနေသော အဋ္ဌမတန်းကျောင်းသား မောင်စိုးလင်းနိုင်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးသိန်းနိုင် ဖြစ်ပါသည်။ **ဦးသိန်းနိုင်**

## ခင်ပွန်းအဖြစ်မှမသက်ဆိုင်ပါကြောင်း

ဦးသန်းဦး ၃/မဝတ(နိုင်)၀၀၀၉၄၂ မြဝတီမြို့နေသူသည် အိမ်ထောင်ရေး ဖောက်ပြန်မှုကို ပြုလုပ်နေ၍ ကျွန်မဒေါ်နီလာ ၃/မဝတ (နိုင်)၀၀၉၇၄၄ မှ တရားဝင်အကြင်လင်မယားအဖြစ် ကွာရှင်းပြတ်စဲမှုများပြုလုပ်နိုင်ရန် ဦးသန်းဦး အား ၂၈-၁-၂၀၁၇ ရက်ဖြင့် မြန်မာ့အလင်းသတင်းစာမှ လာရောက်ဖြေရှင်း ဆောင်ရွက်ပေးပါရန် ကြော်ငြာခဲ့သော်လည်း လာရောက်ခဲ့ခြင်းမရှိသည့်အတွက် ဦးသန်းဦးအား ဆက်လက်ပေါင်းသင်းရန် ဆန္ဒလုံး၀(လုံး၀) မရှိသည့်အတွက် ခင်ပွန်းအဖြစ်မှ မသက်ဆိုင်ပါကြောင်းနှင့် မေးမြန်းစုံစမ်းနိုင်ပါကြောင်း။

**ဒေါ်နီလာ ၃/မဝတ(နိုင်)၀၀၉၇၄၄**

## အများသိစေရန်ကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၈)၊ နယ်မြေ(၃)၊ အကွက်အမှတ် ၁၁/ဃ မန်ဆူဘုရားကုန်း၊ ဦးပိုင်အမှတ် က/၁၆၃၊ ဧရိယာ ၀ဒသမ၁၆၆ဧကရှိ ဦးအားဖုန် အမည်ပေါက် မြေဂရန် အမှုတွဲအမှတ် ၆၉၈-၅/၂၀၀၃-၂၀၀၄ (A)အား ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ၁၀-၁၀-၂၀၁၆ရက်စွဲပါစာအမှတ် ၄/၆-၄(၁၁)/ဦး ၁(အထဉ)ဖြင့် ဦးပိုင်ခွဲစိတ်ခွင့်ပြုချက်အရ ဦးဇော်ဇော်နှင့် ဒေါ်ခင်မေလွင်တို့မှ ၀ဒသမ၀၈၃ဧက အသီးသီးခွင့်ပြုမိန့်ရရှိ၍ အမည်ပြောင်း ထပ်မံအသစ် လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိက ရက်(၂၀) အတွင်းခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးဇော်ဇော် ၁၃/လရန(နိုင်)၁၂၆၅၀၂**
**ဒေါ်ခင်မေလွင်၁၃/လရန(နိုင်)၁၃၀၆၈၉**

## အများသိစေရန်ကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၇)၊ နယ်မြေ(၄)၊ အကွက်အမှတ် (မောသီရိတိုးချဲ့-၁) ဦးပိုင် (၃၆၆)၊ ဧရိယာ ၀.၀၆၉ ဧကရှိ မြေဂရန်အမှုတွဲအမှတ် ၁၃၈-၅/၀၅-၀၆(A) ဦးကျော်လှ အမည်ပေါက်မြေဖြစ်ပြီး ခင်ပွန်းဖြစ်သူမှာ ၁၁-၂-၂၀၁၆ ရက်တွင် ကွယ်လွန်၍ ဇနီးဖြစ်သူ ဒေါ်ခင်မြင့်(ခ)လီပေါက်ကျိန်းမှ အမွေဆက်ခံပိုင်ဆိုင်စာချုပ်အမှတ် (၃၇၃ I /၂၀၁၆)ဖြင့် လွှဲပြောင်းပိုင်ဆိုင်ပြီး အမည်ပြောင်း ထပ်မံအသစ်လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ရက် (၂၀)အတွင်း ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဒေါ်ခင်မြင့်(ခ)လီပေါက်ကျိန်း၁၃/နမတ(နိုင်)၀၂၄၃၉၅**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1J/7847 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ဦးမောင်မောင်တင်(လားရှိုး)
### သတ္တုတွင်းအင်ဂျင်နီယာ
### အသက်(၆၅)နှစ်

လားရှိုးမြို့နေ(ဦးထွန်းပိုင်-ဒေါ်တင်အိ)တို့၏သား၊ ရန်ကုန်မြို့နေ (ဦးလှတင်-ဒေါ်ခင်ရွှေ)တို့၏သားသမက်၊ ဒေါ်နွဲ့နွဲ့တင်၏ခင်ပွန်း၊ မရည်မွန်အောင်၊ မသီရိထိုက်စံတို့၏ဖခင်သည် ၁၇-၂-၂၀၁၇ရက်(သောကြာနေ့)နံနက် ၀၀း၃၀ နာရီတွင် လားရှိုးမြို့ ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃နာရီတွင် လားရှိုးမြို့ ကြာကန်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ဈာပနကိစ္စအဝဝအား ကူညီဆောင်ရွက်ပေးပါသော ဦးလှကျော်မိသားစု၊ လားရှိုးသွေးနှင့် လူမှုကူညီရေးအသင်း၊ လားရှိုးမြို့မှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အထူးပင်ကျေးဇူးတင်ရှိပါသည်။]

ကျန်ရစ်သူမိသားစု

## ဒုတိယဗိုလ်မှူးကြီးတင်မိုးကျော်
### ကြည်း-၂၁၆၃၁
### အလုပ်သင်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၆)
### အသက်(၅၀)

ကရင်ပြည်နယ်၊ဘားအံမြို့နေ ဦးမြတ်ကျော်-ဒေါ်တင်ရီတို့၏သား၊ ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နေ ဦးသိန်းတန်-ဒေါ်စန်းစန်းတို့၏သားသမက်၊ ဒေါ်သဇင်ထိုက်၏ ချစ်လှစွာသောခင်ပွန်း၊ မောင်သူရိန်ကျော် (စတုတ္ထနှစ်၊ DSTA)၊ မောင်တင်ထွဋ်အောင်(တက္ကသိုလ်ဝင်တန်း၊ အထက-၂၊ မင်္ဂလာဒုံ)တို့၏မွေးသဖခင်ကျေးဇူးရှင်ဖြစ်သူ တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီးတင်မိုးကျော်သည် ၂၂-၂-၂၀၁၇ ရက် နံနက် ၃နာရီတွင် တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)၌ကွယ်လွန်သွားပါသဖြင့် ၂၄-၂-၂၀၁၇ရက် မွန်းလွဲ ၁နာရီတွင် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) ငြိမ်းအေးဇရပ်မှ မင်္ဂလာဒုံစစ်သင်္ချိုင်းသို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၆-၂-၂၀၁၇ရက်တွင် မင်္ဂလာဒုံနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
## ဟာဂျီအာမဒ်ဆွာလေကိုတဝါလ်
## (ခ)ဦးခင်မောင်
### မြန်မာ့စိုက်ပျိုးရေးဘဏ်
### (မန်နေဂျာ)(ငြိမ်း)
### အသက်(၈၁)နှစ်

ပရမတ္တ မဟာဝိပဿနာ အစ္စလာမ်သာသနာရေးအဖွဲ့ ဂိုဏ်းချုပ်ဆရာတော်ကြီး အလ်ဟာဂျ်စိုင်ယဒ် ဆွာလေအာမဒ်ဟိုစိုင်းကိုတဝါလ်(B.Sc) မြန်မာမွတ်စလင် အထက်တန်းကျောင်းအုပ်ဆရာကြီး(ငြိမ်း)-ဟာဂျီမ ဖွာသွေ့မာမူဆာအာကူကြီးတို့၏သား၊ ဟာဂျီဦးသိန်းမောင်-ဒေါ်မြမြတို့၏ သားသမက်၊ အလ်ဟာဂျ် ဦးသက်ထွန်း-ဟာဂျီမ ဒေါ်ရီရီတင်၊ ဦးဇော်ညွန့်-ဒေါ်မင်းမင်းသန်း (ရှီဇီ)တို့၏ဖခင်၊ မြေးခြောက်ယောက်၊ မြစ်တစ်ယောက်တို့၏ အဘိုးသည် ၂၁-၂-၂၀၁၇ရက် နံနက် ၅း၂၀နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ ညနေ ၅နာရီတွင် ဒါဖွာနာပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်တင်စိန်(ခ)ဒေါ်နီတာ
### ပြည်မြို့
### အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြင့်မိုရ်လမ်း၊ အမှတ် ၄၁နေ(ဦးဟုတ်လှိုင်-ဒေါ်နှင်းညွန့်)တို့၏သမီး၊ ပြည်မြို့၊ ရွှေဘုန်းပွင့်ဘုရားလမ်း၊ အမှတ် ၆နေ (ဦးမြင့်ဆွေ-ဒေါ်သန်းသန်း)တို့၏ ညီမ၊ ကိုစိုးမိုး၊ မစိုးစိုးအေး၊ ကိုစိုးမင်း-မသင်းသင်းအောင်တို့၏အဒေါ်၊ မဝိုင်ငြိမ်းချမ်း၊ မပြည့်ပြည့်မင်းတို့၏အဘွားသည်၂၁-၂-၂၀၁၇ရက်(အင်္ဂါနေ့)နံနက် ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ ညနေ ၅နာရီတွင် ပြည်မြို့ အေးငြိမ်းရာသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## မောင်နိုင်(ခ)ကိုဟန်နိုင်ဦး
### (Leeco,SAFE & Furniture Co.,Ltd)
### (မအူပင်)
### အသက်(၃၈)နှစ်

ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ယုဇနဥယျာဉ်မြို့တော်နေ ဦးဘိုအေး-ဒေါ်ခင်စန်းတို့၏သား၊ ဒလမြို့၊ သမ္မတကမ်းခြေရပ်ကွက်၊နှင်းဆီလမ်း၊အမှတ် ၆၆နေ (ဦးကြည်လှိုင်)-ဒေါ်အေးသွယ်တို့၏သားသမက်၊ (ကိုလှိုင်မြတ်)၏ညီ၊ မဝါဝါစန်း၊ ကိုဝင်းထွန်း-မစုလှိုင်ထွေးတို့၏အစ်ကို၊ မအေးအေးကြည်၏ခင်ပွန်း၊ မောင်သက်ထွန်းအောင်(VIII-A ဟာမိုနီ ကိုယ်ပိုင်အထက်တန်းကျောင်း၊ ဒလမြို့)၏ဖခင်သည် ၂၁-၂-၂၀၁၇ ရက်(အင်္ဂါနေ့) ည ၈း၃၀နာရီတွင် ဒလမြို့ နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၂-၂၀၁၇ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် အုံကြီးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်သန်းဝင်း(ခ)
## တူးတူး (မြိတ်)
### အသက်(၆၆)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ မင်္ဂလာလမ်း၊ အမှတ် ၃နေ(ဒေါက်တာဦးကျော်စိန်) - ဒေါက်တာဒေါ်ခင်ကြည်တို့၏သမီး၊ ဒေါက်တာမောင်မောင်နိုင်၏ဇနီး၊ ဒေါက်တာကျော်ခိုင်-ဒေါက်တာဝင်းဝင်း၊ ဒေါက်တာ Roland-ဒေါက်တာစပယ်ဖြူ၊ Capt သိန်းအင် - ဒေါ်စပယ်ခိုင်တို့၏အစ်မ၊ ကိုလင်းနိုင်တိုး၊ ကိုဇေယျာဖြိုးတို့၏မိခင်၊မကေသွယ်ခိုင်၊ မခိုင်ခိုင်ဇင်တို့၏ကြီးတော်သည် ၂၂-၂-၂၀၁၇ ရက် မွန်းလွဲ ၁၂း၂၅နာရီတွင် ကွယ်လွန်သွားပါ၍ ၂၆-၂-၂၀၁၇ရက် (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်တင်ထွေး (B.Ed)
### အထပြ(ငြိမ်း)
### အထက(၄)တာမွေ
### အသက်(၆၀)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မုန့်/တောင်ရပ်ကွက်၊ ကျွန်းတောလမ်း၊ အမှတ် ၁၁၅၊ (ပ/ထပ်-A)နေ (ကျိုက်လတ် ဦးမောင်တင်-ဒေါ်သန်းယုံ)တို့၏ သမီး၊ (ဦးအောင်ရင်)-ဒေါ်အေးမြင့်၊ (ဦးလှကြည်)၊ ဒေါ်တင်သန်း(အလပြ၊ ငြိမ်း၊ထ-၂၊စမ်းချောင်း)၊ဦးလှရီ(လ/ထ အင်ဂျင်နီယာ၊ငြိမ်း၊ လမ်းပုံထုတ်)တို့၏ ညီမ၊ ဦးမောင်မောင်သိန်း၊ ဦးရဲမြင့် (ဌာနစုမှူး၊ မြို့ပြ/မြေယာ၊ YCDC)-ဒေါ်ဌေးဌေးမာ၊ဦးမြအေး-ဒေါ်တင်တင်ကြည်(အမက-၁၈၊ လှိုင်သာယာ)တို့၏ အဒေါ်၊ မနှင်းမာမြင့်၊ မောင်သက်ထူးစံ၊ မပြည့်ပြည့်၊ မောင်ပြည့်စုံအောင်တို့၏ အဘွားသည် ၂၁-၂-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၂း၂၈နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့တွင်ပင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၂၇-၂-၂၀၁၇ရက် (တနင်္လာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးထင်ကျော်ဦး
### အသက်(၅၉)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ ရိပ်သာလမ်း၊ အမှတ် ၁၉၆နေ ဦးချစ်ညွန့်-ဒေါ်စောရီတို့၏သား၊ ဦးမြင့်ဆွေ-ဒေါ်ခင်စိန်တို့၏ သားသမက်၊ဒေါ်ခင်သီတာဝင်း၏ခင်ပွန်း၊ ကိုလှအေး-မမို့မို့ကျော်ဦး၊ ကိုစည်သူအောင်-မဆုမွန်ကျော်ဦး၊ ကိုဝေယံမင်းကျော်-မဆုရည်ကျော်ဦး၊ မောင်ဖြိုးကိုကိုကျော်ဦးတို့၏ဖခင်၊ မောင်ခန့်ဇော်အောင်၊ မောင်မင်းသူခန့်၊ မောင်ဟိန်းထက်ဇာနည်တို့၏အဘိုးသည် ၂၂-၂-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၅း၄၀နာရီတွင် သဃ်န်းကျွန်းစံပြဆေးရုံကြီး၌ကွယ်လွန်သွားပါသဖြင့် ၂၄-၂-၂၀၁၇ရက် (သောကြာနေ့) မွန်းလွဲ ၂း၃၀နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ညွန့်ညွန့်မူ (ညောင်တုန်း)
### ဆရာမ-ငြိမ်း၊ အထက(၁)လမ်းမတော်(စိန်ဂျွန်း)
### အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အရှေ့ကြို့ကုန်း (၁)လမ်းမြောက်၊ အမှတ် ၈၈၉/အေနေ (ဦးဘသောင်-ဒေါ်မမလေး)တို့၏သမီး၊ (ဦးဘမောင်-ဒေါ်သန်းရွှေ)တို့၏သမီးချွေးမ၊ဦးကျော်ငြိမ်း၏ဇနီး၊(ဦးတင်ဝင်း-ဒေါ်တင်အေး)၊(ဦးအောင်သန်း-ဒေါ်စန်းမေ)၊ (ဦးထွန်းရှိန်-ဒေါ်မြင့်မြင့်မူ)တို့၏ညီမ၊ (ဒေါက်တာကျော်လင်း-ဒေါ်ဖြူဖြူမြင့်)၊ (ဦးမြင့်သိန်း)-ဒေါ်စောတို့၏အစ်မ၊ (ဦးဇင်မောင်ငြိမ်း)-ဒေါ်ဝင်းဝင်းစိန်၊ ဦးသန့်ဇော်ငြိမ်း-ဒေါ်ဝင်းဝင်းခိုင်တို့၏မိခင်၊ ဒေါ်ဝါဝါငြိမ်း၊ မောင်ရဲမင်းသန့်ငြိမ်း၊ မအိမြတ်နိုးငြိမ်းတို့၏အဘွား၊ မတေးတျာဏီ၏အဘွားသည် ၂၁-၂-၂၀၁၇ရက်(အင်္ဂါနေ့)ည ၁၀း၄၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ၂၂-၂-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၅း၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။[ကွယ်လွန်သူအားရည်စူး၍ ၂၇-၂-၂၀၁၇ရက်(တနင်္လာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်အုန်းမြင့်(ခ)ကြူကြူ (တောင်ငူ)
### အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁၀)ရပ်ကွက်၊ ပါရမီလမ်း၊ အမှတ် ၄နေ (ဦးကြိုင်-ဒေါ်တင်ကြည်)တို့၏သမီး၊ (ဦးတင်အေး-ဒေါ်ခင်မေ)တို့၏ညီမ၊ ဦးမြင့်သိန်း-(ဒေါ်အေးအေး)တို့၏အစ်မ၊ ဦးသန်းလွင်-ဒေါ်တင်တင်သော်၊ (ဦးအောင်ဝင်း)-ဒေါ်လှလှဝေ၊ ဦးထွန်းအောင်-ဒေါ်မာလာကြည်၊ ဦးအောင်မိုး-ဒေါ်သန်းသန်းနု၊ ဒေါ်ခိုင်ခိုင်တို့၏အဒေါ်၊ ကိုမျိုးဦးမြင့်သိန်း-မဝါဝါခိုင်၊ ကိုအောင်ကိုဝင်း-မဝေဝေမြင့်သိန်း၊ ကိုသက်ဦးမြင့်သိန်း-မခင်မြတ်သဥ္ဇာထွန်း၊ ဗိုလ်မှူးဟိန်းညီညီဇော်-မခိုင်ခိုင်မြင့်သိန်းတို့၏ကြီးတော်သည် ၂၁-၂-၂၀၁၇ ရက်(အင်္ဂါနေ့)ည ၁၀း၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၂-၂၀၁၇ရက် (ကြာသပတေးနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

### ခရစ်တော်၌အိပ်ပျော်ခြင်း
## ဒေါ်တင်ဆွေ
### အမက(၁၇)မရမ်းကုန်း(ငြိမ်း)
### အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ နံ့သာမြိုင်ခြံ၊ သန့်ဇင်လမ်း၊ အမှတ် ၄၈နေ(ဆရာကြီး ဦးချစ်ထွန်း-ဒေါ်စောတင်)တို့၏သမီး၊ (ဦးစိန်မြင့်)၊ ဦးစန်းမောင်-(ဒေါ်ခင်ညွန့်ဝေ)၊ [ဒေါ်ခင်သိန်းဆွေ(စာရေးဆရာမ မလေးလုံ)]တို့၏ညီမ၊ ဒေါ်တင်တင်နု(လုံမလေးမဂ္ဂဇင်း)၊ ဒေါ်ကြေးမုံ-ဦးအောင်စိုးဆွေ၊ ယဉ်လှဝေ-ဦးဝင်းဗိုလ်၊ တင်လှမေ-ဒေါက်တာမောင်မောင်ခန့်(Australia)တို့၏အစ်မ၊ မောင်သိန်းအောင်၊ အောင်ချစ်ငြိမ်း၊ မြတ်ထွန်းစိုး၊ သက်ဟိန်းအောင်နှင့် တူ/တူမ လေးယောက်တို့၏ကြီးကြီးသည် ၂၂-၂-၂၀၁၇ရက် နံနက် ၇း၅၅နာရီတွင် ဝိတိုရိယဆေးရုံ၌ ခရစ်တော်တွင် အိပ်ပျော်သွားပါသဖြင့် ၂၃-၂-၂၀၁၇ရက်(ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ ကျောင်း၊ လမ်း၊ ပစ္စည်းလေးပါး ဒါယိကာမကြီး
## ဒေါ်မြရီ (စမ်းရတနာရွှေဆိုင်)
### ထားဝယ်မြို့
### အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အောင်မင်းခေါင်ဘုရားလမ်း၊ ဝင်ဒါမီယာ၊ အမှတ် ၃၆/စီနေ (ဦးညို-ဒေါ်ထွန်းရင်)တို့၏သမီး၊ ဦးကျော်သိန်း(ထားဝယ်)၏ဇနီး၊ (ဦးဝင်းနိုင်)-သီဟသုခမ္မသိင်္ဂီဒေါ်စန်းစန်း(Win & San Diamonds and Fine Jewellry)၊ ဦးဝင်းထွဋ်သန်း(Skyflying Co., Ltd)-ဒေါ်မာမာအေး (သိုက်စိန်ရတနာဆိုင်)၊ ဦးကျော်မင်းမင်းလတ်(ခ)ကိုစု(အဓိပတိသိုက်ကုမ္ပဏီလီမိတက်၊ ထားဝယ်)-ဒေါ်ကေမာခိုင်(သိုက်စိန်ရတနာဆိုင်)တို့၏ချစ်လှစွာသောမိခင်၊ မချမ်းငြိမ်းဆု၊ မဖူးပွင့်ခိုင်၊ မချောခိုင်ခိုင်ဆက်၊ မပိုးစန္ဒီသန့်၊ ကိုစွမ်းသီဟအောင်-မယမင်းခင်၊ မကေစုရတီဇော်(Year3/E-MISY)၊ မောင်ကျော်သံလွင်ဟိန်း(Year 1-MISY)၊ မောင်ဂေါ်ဦးစွမ်းတို့၏ ဘွားဘွားကြီးသည် ၂၁-၂-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၃နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၂-၂၀၁၇ရက် (စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၇-၂-၂၀၁၇ရက်(တနင်္လာနေ့) နံနက် ၉နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်တင်တင်ဦး
### B.E (CHEMICAL)
### အသက်(၆၇)နှစ်

ရန်ကုန်မြို့နေ(ဦးသိန်းလှိုင်-ဒေါ်အေးမှင်)တို့၏သမီး၊ (ဦးစုခွန်း-ဒေါ်ကျင်ရွှေ)တို့၏ချွေးမ၊ (ဦးအေးကို)၏ဇနီး၊ ဒေါ်တင်တင်လတ်-ဦးနေမျိုး၊ ဦးသူရ-ဒေါ်သန်းဝင်း၊ ဦးဇေယျတို့၏အစ်မ၊ ဦးခိုင်ကြီးစိုး-ဒေါက်တာဆွေဆွေအေး၊ ဒေါက်တာမျိုးမင်းသာတို့၏မိခင်၊ ခိုင်သံစဉ်အေး၏အဘွားသည် ၂၅-၁- ၂၀၁၇ ရက်(ဗုဒ္ဓဟူးနေ့) ည ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၁-၂၀၁၇ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းအားအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်အုန်းမြင့်
### အသက်(၆၂)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ မြို့မတောင်ရပ်ကွက်၊ သဇင်လမ်း၊ အမှတ် ၄/ခနေ(ဦးသာညွန့်-ဒေါ်ခင်မေ)တို့၏သမီး၊ (ဦးနေမျိုးအောင်)၊ (ဦးရွှေစိန် - ဒေါ်သန်းသန်းညွန့်)တို့၏ ညီမ၊ မောင်ကျော်မင်းဦး-မလှလှသိန်းတို့၏ အဒေါ်၊ ဦးထွန်းဝေ၏ဇနီး၊ မခိုင်မြတ်မြင့်၏မိခင်သည် ၂၁-၂-၂၀၁၇ရက် (အင်္ဂါနေ့)ညနေ ၃း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၂-၂၀၁၇ရက် မွန်းလွဲ ၁း၃၀နာရီတွင် အမိုးနီသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၂၇-၂-၂၀၁၇ရက် နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ခရစ်တော်၌အိပ်ပျော်ခြင်း
## ဦးထွန်းအောင်(ခ)အကျိန်း
### အသက်(၅၇)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အောင်သပြေလမ်း၊ အမှတ် ၆၆(မြေညီ)နေ (ဦးကျော်မြင့်)-ဒေါ်သန်းသန်းအေးတို့၏သား၊ ဒေါ်ကျင်မေ၏ချစ်လှစွာသောခင်ပွန်း၊ ကိုဇော်မျိုးထက်၊ မဖြူဖြူသင်း၊ ကိုဇော်ရဲအောင်တို့၏ချစ်လှစွာသောဖခင်၊ ဦးထွန်းရွှေ-ဒေါ်ပြုံးပြုံး(မမေထားနွယ်)၊ မမေနန်းနွယ်၊ ဆရာစောဂျွန် - မမေစန်းနွယ်တို့၏ အစ်ကိုသည် ၂၂-၂-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇း၁၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၄-၂-၂၀၁၇ရက် (သောကြာနေ့) နံနက် ၁၀နာရီတွင် ရေဝေးခရစ်ယာန် ဂိုဏ်းပေါင်းစုံသုသာန်၌ဝတ်ပြုဆုတောင်းပြီး သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးဝင်းမောင်(မန္တလေးအသင်း)
### လ/ထ ညွှန်ကြားရေးမှူး(ငြိမ်း)
### (စား/ထွေ ကော်ပိုရေးရှင်း၊ အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုဌာန၊ စီးပွား/ကူးသန်းဝန်ကြီးဌာန)
### အသက်(၈၃)နှစ်

မန္တလေးမြို့နေ (ရွှေပြည် ဦးဘတင်-ဒေါ်အုန်းသင်)တို့၏သား၊ (ဦးခင်မောင် -ဒေါ်အမာချို)၏ သားသမက်၊ သန်လျင်မြို့နေ Capt.မောင်မောင်အုန်း-ဒေါ်အေးအေးဝင်းတို့၏ဦးလေး၊(ဦးအောင်ကျော်ဆန်း)၊ ဦးချမ်းသာ(USA)-ဒေါ်နွယ်နွယ်(USA)၊ (ဦးကျော်စွာ)-ဒေါ်လှလှတင့်၊ မမီမီဝင်းဖေ၊ ကိုရဲရေအေး (UK)-မမြတ်သူဇာခင်(UK)၊ (ဦးစည်သူ)၊ ဦးစိုးလင်း-ဒေါက်တာနီလာဝင်း၊ ဒေါ်အေးမွန်ဝင်း(ညွှန်ကြားရေးမှူး၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ နေပြည်တော်)၊ ဒေါ်လှနုထွေး (ပါမောက္ခ၊ ဒဿနိကဗေဒဌာန၊ ပခုက္ကူတက္ကသိုလ်)၊ ဦးထွန်းအေး-ဒေါ်ဆုချင်း(Singapore)၊ မောင်သိုက်ထွန်း(ခ)ဘူးသီးတို့၏ဘကြီး၊ မြေး ၁၀ယောက်တို့၏ အဘိုးသည် ၂၂-၂-၂၀၁၇ရက် နံနက် ၁၀း၀၅နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၄-၂-၂၀၁၇ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူ တူ/တူမများ

### မြန်မာ့အသေးစားချေးငွေလုပ်ငန်းဝန်ထမ်းဟောင်းများအသင်း
## ဦးသက်တင်
### အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၆)ရပ်ကွက်၊ ပြည်သာယာ၊ ဘောက်ထော်၊ စွန်းလွန်းဂူကျောင်းလမ်းသွယ်၊ အမှတ် ၅/ခနေ ဦးသက်တင် (အသင်းဝင်အမှတ်-၈)သည် ၁၆-၂-၂၀၁၇ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၂-၂၀၁၇ ရက် နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

အမှုဆောင်အဖွဲ့

## ဦးသိန်းအေး
### ဘူမိဗေဒအရာရှိ(ငြိမ်း)
### (ဘ·ခ·ရ)
### အသက်(၇၂)နှစ်

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ ရှမ်းစုရပ်နေ(ဦးအေး-ဒေါ်အေးမှီ)တို့၏သား၊ ရန်ကုန်မြို့နေ (ဦးခင်မောင်-ဒေါ်စောရင်)တို့၏သားသမက်၊ ဒေါ်ထားရီ၏မောင်၊ ဒေါ်ခင်ခင်ဆွေ၏အစ်ကို၊ ကမာရွတ်မြို့နယ်၊(၈)ရပ်ကွက်၊ အမှတ် ၁၄၊ခြောက်လွှာနေ ဒေါ်ခင်လှသီ(ဘရေ၊ ငြိမ်း)၏ချစ်လှစွာသောခင်ပွန်း၊ ဦးသက်ဆွေ-ဒေါ်နွယ်နွယ်သိန်း၊ ဦးသင်းအောင်(ဘရေ)-ဒေါ်သူသူအေး(ဘရေ)၊ ဒေါ်ဇင်မီစုလှိုင်၊ ဒေါ်ကြွယ်ကြွယ်သိန်းအေး၊ ကိုရဲသိန်းဆွေတို့၏ ချစ်လှစွာသောဖခင်၊ မြေးသုံးယောက်တို့ ၏အဘိုးသည် ၂၂-၂-၂၀၁၇ရက် နံနက် ၇း၅၄နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၂-၂၀၁၇ရက် (သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင်ထွက်ခွာပါမည်။)[ကွယ်လွန်သူအား ရည်စူး၍ ၂၈-၂-၂၀၁၇ရက် (အင်္ဂါနေ့) နံနက်တွင်အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်လေးပု
### ကျောင်းဆရာမ(ငြိမ်း)
### အထက(၂)သာကေတ
### အသက်(၇၂)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့နယ်၊ သဖြုချောင်းကျေးရွာနေ (ဦးကတုံး-ဒေါ်လှရင်)တို့၏သမီး၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ရန်ပြေ (၂)လမ်း၊ အမှတ် ၈၁၃နေ ဦးစိန်အုန်း-(ဒေါ်တင်ကြည်)တို့၏ညီမသည် ၂၁-၂-၂၀၁၇ ရက် (အင်္ဂါနေ့) ညနေ ၆း၄၀နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၂-၂၀၁၇ရက်(ကြာသပတေးနေ့)ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

### ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဆရာတော် ဘဒ္ဒန္တသုစန္ဒမဟာထေရ်
### (ဗားကရာတောရကျောင်းတိုက် ဩဝါဒါစရိယ)
### သက်တော်(၈၆)နှစ်၊ သိက္ခာတော်(၆၆)ဝါ

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း(တောင်)ရပ်ကွက်၊ ဗားကရာတောရကျောင်းတိုက်ကြီး၏ ဩဝါဒါစရိယဆရာတော် ဘဒ္ဒန္တသုစန္ဒမဟာထေရ်သည် (၁၃၇၈ခုနှစ် တပို့တွဲလပြည့်ကျော် ၁၁ရက်) နံနက် ၇း၃၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၈ခုနှစ် တပို့တွဲလပြည့်ကျော် ၁၃ရက်) (သောကြာနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်၌ အန္တိမအဂ္ဂိဈာပနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့်ဒါယကာ၊ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။(ဗားကရာကျောင်းတိုက်မှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ခွာပါမည်။)

ဈာပနကော်မတီ

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးခင်မောင်ရီ (မကွေး)
### B.Sc (App,Phy). RL, H.G.P
### ပုဇွန်တောင်မြို့နယ်တရားသူကြီး ဥက္ကဋ္ဌ(ငြိမ်း)
### မြေတိုင်းဦးစီးဌာန၊ မြေတိုင်းဝန်ထောက်(ငြိမ်း)
### အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ (၂၀)ရပ်ကွက်၊ အဝေရာ ၁လမ်း၊ အမှတ် ၁၅၂၆/ကနေ ဒေါ်အေးအေးမြိုင်၏ခင်ပွန်း၊ ဦးကိုကိုနိုင်ကျော်-ဒေါ်မို့မို့ရီ၊ ဦးညိုဝင်း-ဒေါ်စန်းစန်းဝေ၊ ဦးညီဝင်း-ဒေါ်အေးမြင့်ခိုင်၊(မတင်စုခိုင်)တို့၏ဖခင်၊ မြေး ခြောက်ယောက်၊ မြစ် တစ်ယောက်တို့၏အဘိုးသည် ၂၀-၂-၂၀၁၇ရက် (တနင်္လာနေ့)နံနက် ၁၀း၁၅နာရီတွင် သျှင်ပါကူဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၆-၂-၂၀၁၇ရက်(တနင်္ဂနွေနေ့) တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးဝင်းမောင် (မန္တလေးအသင်း)
### လ/ထ ညွှန်ကြားရေးမှူး(ငြိမ်း)
### (စား/ထွေ ကော်ပိုရေးရှင်း၊ အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုဌာန၊ စီးပွား/ကူးသန်းဝန်ကြီးဌာန)၊ 24/7 အားကစားဂျာနယ်
### အသက်(၈၃)နှစ်

မန္တလေးမြို့နေ (ရွှေပြည် ဦးဘတင်-ဒေါ်အုန်းသင်)တို့၏သား၊ (ဦးခင်မောင်-ဒေါ်အမာချို)၏သားသမက်၊ သန်လျင်မြို့နေ (ဦးထွန်းဝင်း-ဒေါ်ခင်လှ)တို့၏ညီ၊ ဒါရိုက်တာ ဦးဝင်းဖေ-ဒေါ်ခင်မြိုင်၊ (ဦးတင်ဝင်း)-ဒေါ်ဇင်ငွေ၊ ဦးစိန်ထွန်း-ဒေါ်မြင့်မြင့်သန်းတို့၏အစ်ကို၊ ရန်ကုန်မြို့၊ ကျောက်မြောင်း၊ စိတ္တသုခလမ်း၊ အမှတ် ၁၈(ပထမထပ်)နေ ဒေါ်နွဲ့နွဲ့သန်း(လ/ထညွှန်ကြားရေးမှူး၊ ငြိမ်း၊ I.T စီးပွား/ကူးသန်း)၏ခင်ပွန်းသည် ၂၂-၂-၂၀၁၇ရက် နံနက် ၁၀း၀၅နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၂-၂၀၁၇ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ပါမောက္ခဆရာကြီး ဒေါက်တာမင်းသိမ်း (Ph.D)
### မြန်မာနိုင်ငံတွင် စပီရူလိုင်းနား စိမ်းပြာရေညှိကိုရှာဖွေတွေ့ရှိခဲ့သူ
### စက်ရုံမှူး(ငြိမ်း)၊ အမှတ်(၃)ဆေးဝါးစက်ရုံ(စစ်ကိုင်း)
### အသက်(၇၃)နှစ်

ရှမ်းပြည်နယ်၊ ကျောက်မဲမြို့နေ ဦးစံဘော်-ဒေါ်ညွန့်တို့၏မြေး၊ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့နေ ငွေနှင်းဖြူလက်ဖက်ပွဲရုံ ပွဲစားကြီး ဦးညီပု-ဒေါ်နှင်းယဉ်တို့၏သား၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ခရိုင်တရားသူကြီး ဦးတင်ထွေး-ဒေါက်တာသီတာဝင်း၊ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့နေ ဦးရွှေသွင်-ဒေါ်တင်တင်သောင်း၊ ဦးလှိုင်မြင့်-ဒေါ်လှမိုးသန့်တို့၏အစ်ကို၊ ရန်ကုန်မြို့နေ ဦးမြင့်ခိုင်(Chairman, Great International Group of Companies)-ဒေါက်တာနုနုဝင်း(President, June Group of Companies)၊ USA နေ ဒေါက်တာရဲမင်းအောင်(Chief Information Security Officer,USA)-ဒေါ်ရီရီလွင်တို့၏ဖခင်၊ မမြင့်မြတ်ဖွန်(ခ)June Lin၊ မောင်အောင်မြင့်မြတ်(ခ)Cole Lin၊ မောင်ဘုန်းမြတ်မင်း(ခ)Luke Lin၊ Daniel Aung တို့၏ဘိုးဘိုးကြီး၊ ဒေါ်ဖြူဖြူသန့်၏ ချစ်လှစွာသောခင်ပွန်းသည် ၂၂-၂-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၂-၂၀၁၇ရက် နံနက် ၁၀နာရီတွင် မန္တလေးမြို့၊ ၃၂×၃၃လမ်းကြား၊ ၈၁လမ်း၊ အမှတ် ၄၅၂ နေအိမ်မှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးမြင့်ဖေ အသက်(၇၃)နှစ်
### အထက(၁)မော်လမြိုင်ကျောင်းသားဟောင်း
### ခပေါင်းဆောင်-ကျောင်းသားဟောင်း
### လ/ထ ညွှန်ကြားရေးမှူး(ငြိမ်း)၊ သ/မဦးစီးဌာန(ရုံးချုပ်)

မွန်ပြည်နယ်၊ ဘီလူးကျွန်း၊ မုရစ်ကလေးနေ(ဦးဖိုးကြိုင်-ဒေါ်မြရွှေ)တို့၏သား၊ ပုသိမ်မြို့နေ(ဦးသိန်းမောင်-ဒေါ်သောင်းရင်)တို့၏သားသမက်၊ ဒေါ်အေးအေးနွယ်(ဆရာမ)၏အစ်ကို၊ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုမင်္ဂလာအိမ်ရာ(၂)၊ တိုက် ၁၂/၁၀၅နေ ဒေါ်ညိုညိုမောင်(ရုံးအုပ်၊ ငြိမ်း၊ ကုန်သွယ်/ကုန်တိုက်)၏ခင်ပွန်း၊ ဦးထွန်းဝင်းမြင့်(မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)-ဒေါ်မို့မို့၊ ဒေါ်ဝေဝေမြင့်(CCS)တို့၏ဖခင်၊ မောင်လင်းပြည့်အိမ်(CSL-Yangon Star)၊ မောင်တေဇာထွန်းဝင်းမြင့်(G-VIII၊ ပညာနန်းတော်)တို့၏အဘိုးသည် ၂၂-၂-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၉း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၂-၂၀၁၇ရက် (သောကြာနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

### ခရစ်တော်၌အိပ်ပျော်ခြင်း
## ဆလိုင်းထူးထူးနိုင်
### အသက်(၃၉)နှစ်

ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်၊ လယ်ပလုံကျေးရွာနေ (ဦးဒါးကုန်း-ဒေါ်မေတွဲ)တို့၏မြေး၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဦးဘအိုလမ်း၊ အမှတ် ၃၀/ဃနေ (ဦးပိုလို-ဒေါ်ခင်မေ)တို့၏မြေး၊ Thang Hmung (ဟားခါး)၊ Hre Hmung(တောင်ခရမ်း)၊Pa Tu(USA),Pa Pum(Newzeland)တို့၏တူ၊ ဦးကျော်ရွှေ၊ ဦးကျော်ငွေ၊ ဦးစိန်ဝင်း၊ ဒေါ်သန်းသန်းဝင်း၊ ဦးမြဝင်း၊ ဒေါ်ခင်ခင်အေး၊ ဒေါ်သင်းသင်းအေးတို့၏တူ၊ ဆလိုင်းဦးထူးအောင်(ခေတ္တ-Thailand)၏ညီ၊ ဆလိုင်းထူးထူးကျော်(မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)၊ မိုင်နှင်းနှင်းနွယ်(MKG Company)၊ ဆလိုင်းထူးထူးဟန်၊ ဆလိုင်းထူးထူးလိုင်ကုန်း (ခေတ္တ-မလေးရှား)၊ ဆလိုင်းထူးထူးထာပိန်လိန်း၊ မိုင်ဘွန်ထွေးတို့၏အစ်ကို၊ ဦးဟန်ထောင်-ဒေါ်သန်းသန်းအေးတို့၏ ချစ်လှစွာသောသားသည် ၂၁-၂-၂၀၁၇ရက် နံနက် ၁၁း၄၀နာရီတွင်ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၃-၂-၂၀၁၇ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေး ခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

# ရခိုင်ပြည်နယ် မောင်တောဒေသစုံစမ်းစစ်ဆေးရေးကော်မရှင်ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ အမေရိကန်နိုင်ငံ သံအမတ်ကြီး မစ္စတာ စကော့အလန်မာစီရယ်လ်အား လက်ခံတွေ့ဆုံ

စာ ➢ ၅





ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မြန်မာနိုင်ငံအမျိုးသားယဉ်ကျေးမှုဗဟိုကော်မတီ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်

# မြန်မာနိုင်ငံတစ်ဝန်း မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက်၌ ယဉ်ကျေးမှုနှင့် သဘာဝအမွေအနှစ်များ လက်ညှိုးထိုးမလွဲ ဂုဏ်ယူဖွယ်တည်ရှိနေ

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

မြန်မာနိုင်ငံ အမျိုးသားယဉ်ကျေးမှုဗဟိုကော်မတီ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်၍ အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် ဗဟိုကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတက နိုင်ငံတစ်ဝန်း မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက်၌ ယဉ်ကျေးမှုနှင့် သဘာဝအမွေအနှစ်များသည် လက်ညှိုးထိုးမလွဲ ဂုဏ်ယူဖွယ်တည်ရှိနေပါကြောင်း၊ ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းဝင် ပျူရှေးဟောင်းမြို့တော်များ၊ ကမ္ဘာ့မှတ်တမ်း အမွေအနှစ်စာရင်းဝင် မန္တလေး မဟာလောကမာရဇိန်ကုသိုလ်တော်ဘုရား ကျောက်စာများနှင့် မြစေတီ (ရာဇကုမာရ်) ကျောက်စာများသည် မြန်မာ့အမွေအနှစ်အဖြစ် ကမ္ဘာ့အလယ်တွင် ဂုဏ်ယူရပါကြောင်း၊

စာမျက်နှာ ၅ ကော်လံ ၁ ✻

# ရတနာပုံအသင်း အိမ်ကွင်း၌ အနိုင်ရ

**သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-စိုးညွန့်**

**မန္တလေး ဖေဖော်ဝါရီ ၂၂**

2017 AFC Cup ပြိုင်ပွဲ အုပ်စု(H) ပထမနေ့ကို ယနေ့ ညနေ ၅ နာရီက မန္တလာသီရိကွင်း၌ ကျင်းပရာ ရတနာပုံအသင်းက ဟုမ်းယူနိုက်တက်(စင်ကာပူ)ကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

ရာသီကြို စိတ်ကြိုက်ပြင်ဆင်ခွင့်မရခဲ့သော်လည်း ရတနာပုံအသင်းသည် အဖွင့်ပွဲတွင် နိုင်ပွဲရယူနိုင်ခဲ့ပြီး မျက်နှာပန်းလှခဲ့သည်။ သုံးသင်းအုပ်စုတွင် ကျရောက်နေသောကြောင့် ရတနာပုံအသင်းအတွက် နောက်တစ်ဆင့်တက်ရောက်ရန် ပွဲတိုင်းမှာ အရေးပါနေပြီး ယခုပွဲ အနိုင်ရလဒ်မှာ အရေးပါလာမည်ဖြစ်သည်။ ရတနာပုံအသင်းသည် ပထမပိုင်းတွင် တိုက်စစ်မှူး အောင်သူ သွင်းယူခဲ့သည့်ဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

ရတနာပုံအသင်းသည် အိမ်ကွင်း၌ အတောင့်တင်းဆုံး လူစာရင်းဖြင့် ပွဲထွက်ခဲ့ပြီး ရန်ပိုင်၊ အောင်သူ၊ ရဲကိုဦး၊ မျိုးကိုထွန်း၊ သိန်းသန်းဝင်း၊ ဝီလျံတို့ဖြင့် လူစုံခဲ့သည်။ ဟုမ်းယူနိုက်တက်အသင်းမှာလည်း နိုင်ငံခြားသားကစားသမားများ အပါအဝင် စင်ကာပူလက်ရွေးစင်ဂိုးသမား ဆန်နီတာဆန်က အသင်းခေါင်းဆောင်အဖြစ် ဆောင်ရွက်ခဲ့သည်။

စာမျက်နှာ ၅ ကော်လံ ၁ ■




ရတနာပုံနှင့် ဟုမ်းယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်နေစဉ်

# လူ ရှစ်ဦးသေဆုံးခဲ့သည့် အမြန်လမ်း ယာဉ်မီးလောင်မှုမှာ မတော်တဆဖြစ်ပွားသည့် ယာဉ်ပေါ့ဆမှုမျိုးဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

ရန်ကုန် - မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ် (၄/၂) မိုင်အနီး၌ ဖြစ်ပွားခဲ့သည့် လူရှစ်ဦးသေဆုံးခဲ့သော ယာဉ်မီးလောင်မှုဖြစ်စဉ်နှင့် ပတ်သက်၍ မတော်တဆဖြစ်ပွားသည့် ယာဉ်ပေါ့ဆမှုမျိုးဖြစ်သည်ဟု စစ်ဆေးပေါ်ပေါက်ခဲ့ကြောင်းနှင့် ယာဉ်မောင်း အောင်ခန့်ဇွဲမြန်မာ(ခ)အောင်ခန့်အား ရာဇသတ်ကြီးပုဒ်မ ၃၀၄-က အရ ဖေဖော်ဝါရီ ၂၀ ရက်က လှည်းကူးမြို့နယ် တရားရုံးသို့ တရားစွဲတင်ပြီးဖြစ်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ဇန်နဝါရီ ၂၁ ရက် နံနက် ၈ နာရီခွဲခန့်က လှည်းကူးမြို့နယ် အမြန်လမ်း မိုင်တိုင်အမှတ် (၄/၂)အနီး၌ နေပြည်တော်ဘက်မှ ရန်ကုန်ဘက်သို့ မောင်းနှင်လာသည့် ယာဉ်အမှတ် 9H/7167 Hiace ယာဉ်သည် ဘီးပေါက်ပြီး လမ်းလယ်ကျွန်း၌ ကာရံထားသော သံတန်းကို အရှိန်ဖြင့်ပွတ်တိုက်မိရာမှ

စာမျက်နှာ ၅ ကော်လံ ၂ ●

